www.burmeseclassic.com

# တိမ်ညိုတွေခါးတဲ့ည



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၈၂၄/၂၀၀၃ (၆) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၆၃၀/၂၀၀၃ (၆) |
| ပုံနှိပ်ထုတ်ဝေခြင်း | - ပထမအကြိမ်၊ ၂၀၀၃၊ ဇူလိုင်လ။ |
| ထုတ်ဝေသူ | - ဦးတင့်လှိုင် (သော်ကစာပေ) ၆၀၅၊ သုခမ္မာလမ်း၊ မြောက်ဥက္ကလာ။ |
| အဖုံးပုံနှိပ်တိုက် | - ဦးတင်မောင်ဝင်း (သင်းလဲ့ဝင်းပုံနှိပ်တိုက်) အမှတ် ၁၊ မိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်။ |
| အတွင်းပုံနှိပ်တိုက် | - ဦးဇော်မြင့်ဝင်း (ကာလာဇုံပုံနှိပ်တိုက်) အမှတ် (၁၇၈)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၅၀၀ ကျပ် |


# မြလွန်းချို (ဆေးတက္ကသိုလ်)

# တိမ် ညို့ တွေ ခါး တဲ့ ည



BURMESE CLASSIC .com


**ရွှေထီးမိုးစာပေ**

ဦးတင်အောင်၊

ဆိုင်အမှတ် (၄၀)၊ မြေညီထပ်၊ သံဈေးအနောက်၊

ကြွေပန်းအိုးအရောင်းဆိုင်

ဖုန်း - ၂၁၂၀၆၆၊ လိုင်းခွဲ - ၂၄၈


www.burmeseclassic.com

www.burmeseclassic.com

ဤဝတ္ထုပါ တစ်စုံတစ်ယောက်၏ အဖြစ်အပျက်သည် ပြင်ပ လူ့လောကရှိ အဖြစ်အပျက်များနှင့်တူနေပါက တိုက်ဆိုင်မှုသက်သက်သာဖြစ်ပါသည်။

ဤဝတ္ထုသည် စာရေးသူ၏ စိတ်ကူးသက်သက်ကို အတတ်ပညာဖြင့် ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။

ဤဝတ္ထုပါ စာအုပ်ဆိုင်များ၊ ပိုင်ရှင်နာမည်များအားလည်း ခင်မင်မှုနှင့် အသုံးပြုထားသည်ဟု ဝန်ခံအပ်ပါသည်။

၁၉-၁၁-၂၀၀၂

နံနက် (၈) နာရီ (၂၀) မိနစ်

❖ ❖ ❖ ❖ ❖



ဤဝတ္ထုပါ တစ်စုံတစ်ယောက်၏ အဖြစ်အပျက်သည် ပြင်ပ လူ့လောကရှိ အဖြစ်အပျက်များနှင့်တူနေပါက တိုက်ဆိုင်မှုသက်သက်သာဖြစ်ပါသည်။

ဤဝတ္ထုသည် စာရေးသူ၏ စိတ်ကူးသက်သက်ကို အတတ်ပညာဖြင့် ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။

ဤဝတ္ထုပါ စာအုပ်ဆိုင်များ၊ ပိုင်ရှင်နာမည်များအားလည်း ခင်မင်မှုနှင့် အသုံးပြုထားသည်ဟု ဝန်ခံအပ်ပါသည်။

၁၉-၁၁-၂၀၀၂

နံနက် (၈) နာရီ (၂၀) မိနစ်

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



ဒီကနေ့ညတော့ ကောင်းကင်မှာ ဘာမှမရှိဘူး ကိုကို····။

ကျွန်မရင်ထဲက ကောင်းကင်မှာတော့ ခါးသက်သက်အရသာက အရာအားလုံးကို ပိုင်စိုးထားတယ်။ ပြီးတော့ တိမ်တိုက်တွေ····။ အညိုရင့်ရောင်တိမ်တိုက်တွေ····။ အားလုံး ခါးနေတယ် ကိုကိုရေ။

◆ ◆ ◆ ◆ ◆

BURMESE CLASSIC .com



## အခန်း (၁)

မြေကြီးသည် သူ ကျွေးခဲ့ရသည့် ကျေးဇူးကြောင့်
သစ်ပင်ကို သူနှင့်မကွာ ချည်နှောင်ထား၏။
ကောင်းကင်ကား ဘာကိုမျှ တောင်းဆိုခြင်းမရှိ၊
သစ်ပင်ကို လွတ်လပ်ခွင့် ပေးထား၏။

ရာဘင်ဒြနတ်တဂိုး

www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

ကိုကို့ကို ကျွန်မချည်နှောင်ချင်တာတဲ့လားကိုကို။ မဟုတ်ဘူး။ တကယ်ကိုမဟုတ်ဘူး။ ကျွန်မက ကိုကို့အတွက် ကောင်းကင်တစ်ခု ဖြစ်ချင်ခဲ့တာပါ။

ကိုကိုမော့လာတဲ့အခါ ချွေးသိပ်ပေးနိုင်တဲ့ ကောင်းကင်တစ်ခု အဖြစ် ကျွန်မကိုယ်ကျွန်မ ပြဋ္ဌာန်းပြီးသားပါ။

တစ်နေ့နေ့မှာ ကိုကိုဒီလိုပြောရက်လိမ့်မယ်၊ ပြောထွက်လိမ့်မယ်လို့ ကျွန်မ မယုံမရဲနဲ့ မဖြစ်နိုင်ဘူးလို့ ထင်ထားခဲ့တာ····။

ကျွန်မက ရင်းနှီးထားခဲ့တာတဲ့လား ကိုကို။

ခန္ဓာကိုယ်ကို ရင်းနှီးကြတဲ့ တစ်ခြားတစ်ပါးသော မိန်းမတွေဟာ ငွေအတွက်ကြောင့် ဖြစ်ချင်ဖြစ်မယ်။



ဒါပေမယ့် ကျွန်မက ကိုကို့ကို ချစ်ခဲ့တာပါ။ လွတ်လပ်ခွင့် မှန်သမျှ ကိုကို့ကိုစားသုံးစေပြီး ကျွန်မက ကိုကို့ထံမှာ အကျဉ်းကျခံခဲ့တဲ့ မိန်းမပါ။

ကိုကို့ရဲ့ ပဥ္စလက်ဆန်တဲ့ နှုတ်ခမ်းတွန့်တွန့် အပြုံးကလေးကနေ ထွက်ကျလာတဲ့ စကားလုံးတွေကို သာယာနာပျော်ခဲ့တဲ့သူပါ။

တစ်လလေးထောင်နဲ့ စာအုပ်တန်းမှာ အကြွေးလိုက်သိမ်းရတဲ့ ကောင်မလေးတစ်ယောက်မှာလည်း ဘဝအတွက် အိမ်မက်တွေရှိခဲ့တာ ပါကိုကို။ အိမ်မက်ဆိုကတည်းက သိတယ်မဟုတ်လား။

အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ ကြင်နာသဘောကောင်းတဲ့ ယောက်ျားတစ်ယောက်၊ ငွေကြေးလည်းပြည့်စုံမယ်ဆိုရင် ကျွန်မက မှီနွဲ့ပစ်လိုက်ဖို့ဝန်မလေးခဲ့တာ ကိုကို့နဲ့တွေ့ပြီး တစ်နှစ်ခွဲကြာတဲ့အထိ ပေါ့လေ။

တစ်နှစ်ခွဲဆိုတဲ့ အချိန်ကာလဟာ လူတစ်ယောက်ရဲ့ အနေအထိုင် ပြောင်းလဲမှုတွေကို သေချာချိန်ထိုးပြနိုင်တဲ့ ညီမျှခြင်းတစ်ခုပါ။ ပြည့်စုံ ကြွယ်ဝဖို့ အိမ်မက်မက်ထားခဲ့တဲ့ မိန်းကလေးတစ်ယောက်မှာ နံပါတ် တစ် - ဆယ်တန်းအောင်ပြီး အဝေးသင်ပထမနှစ် အီကို ကျောင်းသူ ဖြစ်တာရယ်၊ နံပါတ်နှစ် - မျက်ခုံးနက်နက်၊ မျက်လုံးအိမ်ကျယ်ကျယ်၊ မျက်တောင် ရှည်ရှည်စင်းစင်းကလေးတွေနဲ့ အသားဝါဝင်းဖြူတာက လွဲလို့ သာမန် အရပ်သူတို့လိုပဲ ဘာမှထူးထူးခြားခြား အရည်အချင်း

www.burmeseclassic.com



မရှိပါဘူး။ ကျွန်မဟာ နိုင်ငံသိထင်ရှားကျော်ကြားတဲ့ စာရေးဆရာမ တစ်ယောက်မဟုတ်ဘူး ကိုကို။

ဒါပေမယ့် စကားလုံးတွေကို ခံစားတတ်တယ်။

ပြင်းရှတဲ့ ဓာတ်ကောင်စရိုက်ကို နှစ်သက်တယ်။

ဥပမာ - လက်ထပ်စာချုပ်ကို အယုံအကြည်မရှိတာတို့....။

လက်ထပ်ခြင်းကို အယုံအကြည်မရှိတာတို့....။

လက်ထပ်စာချုပ်ဆိုတာ စက္ကူတစ်ခုပဲ။ အသိသက်သေနှစ်ယောက်ပါမယ်။ သတို့သား၊ သတို့သမီးလက်မှတ်ပါမယ်။ ခြိမ်းခြောက်တာမဟုတ်ဘဲ ကိုယ့်သဘောနဲ့ကိုယ်လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း စာတစ်ပိုဒ်လောက်ပါမယ်။ ဒါပါပဲ။

အဲဒီလောက်လေးပဲ အပေါ်ယံကကြည့်ရင် မြင်မှာပေါ့ကိုကို။ ဟုတ်တယ်။ လက်ထပ်စာချုပ်ဟာ စက္ကူတစ်ခုပဲ။ စာရွက်တစ်ခုပဲ။

ဒါပေမယ့် လက်ထပ်စာချုပ်ဟာ လူကျင့်ဝတ်တွေကိုဖောက်ဖျက်တတ်တဲ့လူတွေရဲ့ မိုက်မဲယုတ်ကန်းမှုကို အတိုင်းအတာတစ်ခုအထိ အကာအကွယ်ပေးထားတာပါ။

မိန်းကလေးတစ်ယောက်မှာ ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်စာချုပ်တစ်ခုရှိရင် အဲဒီယောကျ်ားအပေါ်မှာ ကာမပိုင်ဆိုတဲ့သဘော၊ အဲဒီယောကျ်ားဟာ သူ့ဘဝဆိုတဲ့သဘော။

အဲဒီယောကျ်ားဟာ သူ့ကိုစိုးမိုးခြယ်လှယ်ပိုင်ခွင့်၊ သူကလည်း အဲဒီယောကျ်ားကို တစ်ဖန်ပြန်လည် စိုးမိုးခြယ်လှယ်ပိုင်ခွင့်၊



ဒါတွေဟာ မိန်းမနဲ့ယောကျ်ား ကြိုးနှစ်ကြိုးလိုပဲ။ တစ်ကြိုးနဲ့ တစ်ကြိုးလိမ်ကျစ်ပြီး ပြီးပြည့်စုံလှပတဲ့ လွန်းတင်ကြိုးတစ်ချောင်းဖြစ်သွားပြီ။

ဒီလိုမျိုး အဓိပ္ပါယ်တွေ ပျော်ဝင်နေတယ်ဆိုတာ လက်ထပ်စာချုပ်ရဲ့ ဝိဉာဉ်ပဲ။ မျက်နှာဖုံးနဲ့ အတွင်းဝိဉာဉ်တန်ဖိုးအများကြီး ကွာပါတယ်။ ဆောရီး ကိုကို။

အရာအားလုံးအတွက် ကျွန်မကြေကွဲဝမ်းနည်းပါတယ်။ ဖြစ်နိုင်ရင်လေ ကိုကို့ရှေ့က အငွေ့ပြန်ပြီး ကျွန်မလေ ကောင်းကင်ထဲက တိမ်အခိုးအငွေ့လေးတောင် ဖြစ်လိုက်ချင်တယ်။

မင်းတိမ်ညိုလို့အမည်ရတဲ့ လူတစ်ယောက်ရဲ့ရင်ထဲမှာ မိန်းမတွေနဲ့ပတ်သက်ပြီး ဘာကြောင့်ဒီလောက်ခါးသီးနေရသလဲဆိုတာ ကျွန်မလုံးဝတွေးမရခဲ့ဘူး။

ကိုကို့ရဲ့ အချစ်သင်္ချိုင်းတွေ အများကြီးပဲတဲ့။

ကိုကို့မှာ ချစ်သူတွေအများကြီးဆိုတဲ့သဘော။

ပြီးတော့ တစ်ယောက်နဲ့မှ လက်မထပ်ဖြစ်ဘူး ဆိုတဲ့သဘောပေါ့။ ရှိပါစေတော့ ကိုကို။

အမာအိမ်ဆိုတဲ့ ကျွန်မကိုလည်း ကိုကို့ရဲ့အချစ်သင်္ချိုင်းတွေထဲက တစ်ခုလို့သာ သတ်မှတ်ပြီးကျွန်မကို မြှုပ်နှံသင်္ဂြိုဟ်လိုက်ပါတော့ကွယ်။

ကိုကိုက ထက်ထပ်စာချုပ်ကို အယုံအကြည်မရှိသလို ကျွန်မက

www.burmeseclassic.com

www.burmeseclassic.com



လည်း လက်ထပ်စာချုပ် သဘောမကျတဲ့သူတွေရဲ့စရိုက်ကို နှစ်သက်ခဲ့တာပါ။

ဒါပေမယ့် ကျွန်မကိုယ်တိုင်က အတည်တကျ လက်ထပ်ပေါင်းသင်းခြင်းကိုပဲ ပြုကျင့်မယ့်မိန်းမတစ်ယောက်ပါ။

မိန်းမတွေရဲ့ ခိုးကိုးရာဟာ ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ဖြစ်တယ်။ ကျွန်မအတွက် ကိုကို့ရင်ခွင်ကတော့ အိမ်မက်ဆိုးတွေမက်ခဲ့ရတဲ့နေရာပါ။ အံ့သြစရာမကောင်းဘူးလားဟင်။

အဲဒီယောကျ်ားရဲ့ ရင်ခွင်ထဲမှာ အိမ်မက်ဆိုးတွေ ထပ်တလဲလဲမက်ခွင့်ကို ကျွန်မကိုယ်တိုင်ပဲ လိုလားတောင့်တခဲ့တဲ့အဖြစ်ကို…။

ကျွန်မက ကိုကိုလက်တဲ့စမ်းမြှားပစ်ကျင့်တဲ့ ပစ်မှတ်တစ်ခုသာဖြစ်ခဲ့တယ်။

တကယ်လည်း ကျွန်မက ပစ်မှတ်ဖြစ်ချင်ခဲ့တာပါ။ မြှားပစ်တဲ့လက်တစ်စုံက အကြင်နာတွေနဲ့ ပစ်လွှတ်ခြင်းကို ခံရမယ်ဆိုတဲ့ မျှော်လင့်ချက်ကလေးနဲ့ပေါ့။

ပစ်မှတ်ကလေးက သနားစရာပါ ကိုကိုရယ်။ မျှော်လင့်ထားတာက အကြင်နာတွေ။ တကယ်တမ်းရခဲ့တော့…အဆိပ်တွေ။

ပစ်မှတ်ကလေးက ညံ့တာကိုး ကိုကိုရဲ့။ မြှားပစ်လွှတ်တဲ့လက်တွေအကြောင်းပဲ စဉ်းစားအိမ်မက်ခဲ့ပြီး ဘယ်လိုမြှားတံပစ်လွှတ်မယ်ဆိုတာ မသိခဲ့ဘဲလေ။



တကယ်တော့ မြှားပစ်တဲ့လက်တွေထက် မြှားတံလေးက ပိုအရေးကြီးနေခဲ့တာကိုး။

❖ ❖ ❖ ❖ ❖

ကိုကိုရေ…။

ဦးတည်ရာမဲ့ ကျွန်မလမ်းလျှောက်နေတယ်။

ဗိုက်ထဲမှာ ကိုကို့ကိုယ်ပွားလေးကိုလွယ်လို့။ ကလေးလေးတော့ ချမ်းနေရှာမယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မမှာ အနွေးအင်္ကျီမပါခဲ့ဘူး။ ကလေးလေးက လေးလတောင်အသက်ရှိပြီ။

ကျွန်မစိတ်ထဲမှာ သူလေးကို သားကလေးလို့ပဲ ယုံကြည်နေမိတယ်။ သားကလေးဖြစ်မှပါပဲ။

သားကလေးဖြစ်မှ သူလေးဟာပစ်မှတ်ဘဝကိုမရောက်မှာ….

သမီးကလေးဆို ကျွန်မလို ပစ်မှတ်ဘဝရောက်နေဦးမယ်။ ဟော နှင်းငွေ့တွေက သည်းလာပြီ။

နံနက်လေးနာရီမို့ အအေးဓါတ်က သည်းသထက်သည်းလာပြီ။ ကားမီးရောင်တွေက နှင်းထုကိုခွဲပြီး တစ်ချက်တစ်ချက် ကျွန်မမျက်နှာကို လာထိုးမိတယ်။ မျက်လုံးတွေပြာပြီး ခဏမျက်လုံးမှိတ်လိုက်မှ အလင်းစူးတာ သက်သာသွားတယ်။

ဗိုက်အနည်းငယ်ပူနေတဲ့ ဆံပင်ကုတ်ဝဲနဲ့ ကောင်မလေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ဟာ နံနက်စောစော ဒီလိုပလက်ဖောင်းပေါ်မှာ လမ်းလျှောက်နေတာ တစ်ခြားသူတွေအတွက်တော့ အံ့ဩစရာပါ။

ကျွန်မဘယ်ကိုသွားရမလဲကိုကို။ ကိုကို့ဆီလား။ မဟုတ်ဘူး။ ကိုကို့ဆီက ကျွန်မထွက်ခွါခဲ့ပြီးပြီပဲ။

အင်း…ဒီလိုလည်းမဟုတ်သေးဘူး။ ကိုကိုက ကျွန်မကိုလက်ခံထားမယ်၊ မထားဘူး ဘာမှသေချာပြောခဲ့တာမှမဟုတ်တာ။

အေးလိုက်တာ…. လေတစ်ချက်ဝှေ့တိုင်း ကြက်သီးတွေဖြန်းခနဲထလာတယ်။ အအေးဓါတ်က ကျွန်မခန္ဓာကိုယ်ထဲထိ စိမ့်ဝင်လာသလိုပဲ။ ဗိုက်ထဲကသားလေးရေ….မေမေစိတ်မကောင်းပါဘူးကွယ်၊

မေမေဟာ ကိုယ့်တစ်နေရာစာအတွက် သားဖေဖေရင်ခွင်ထဲမှာနေရာခပ်သေးသေးလေးတောင် မရခဲ့ပါဘူး။ ဒါပေမယ့် မပူပါနဲ့။ ငါ့သားအတွက် မေမေ့ရင်ခွင်ရှိတယ်။

ကျွန်မတစ်ကိုယ်တည်း ပြုံးလိုက်မိပြန်တယ်။

ဒီအပြုံးမှာ ကြေကွဲမှုတွေ၊ ဝမ်းနည်းမှုတွေ၊ ဆုံးရှုံးမှုတွေနဲ့ ယှက်ဖောက်ထားတဲ့ အငွေ့ထူထူထဲထဲ လွှမ်းခြုံနေတာ ကျွန်မကိုယ်တိုင်ပဲသိတယ်။

ညက…။ ညကလေ….။ တကယ်ပါ….ညကမှပေါ့။

ကျွန်မဘဝလေး တစ်စစီပျက်စီးကြေမွခဲ့တာ။ အနာဂါတ်သည်ကိုကို့လက်ထဲမှာပင် အပိုင်းပိုင်းအစစ ဖြစ်နေခဲ့တာ။



"ကလေးရှိလာပြီဆိုမှတော့ ငါတို့လက်ထပ်ကြတာပေါ့"

ကျွန်မလိုချင်ခဲ့တာ ဒီအဖြေမဟုတ်ဘူး။ ဘုရားစူးရစေရဲ့ ကိုကို၊ ကျွန်မ ကျိန်တွယ်ရဲပါတယ်။ ကျွန်မလိုချင်ခဲ့တာ…..၊

"အမာရေ ကိုကိုတို့ လက်ထပ်ကြရအောင်"

ဒီလိုချစ်မြတ်နိုးစွာနဲ့ ကိုကို့အပြောကို ကျွန်မစောင့်နေခဲ့တာ။

"ဒီဇာတ်က မင်းစခဲ့တဲ့ဇာတ်ပဲ။ ဒါပေမယ့် ငါသိမ်းမှဖြစ်မယ်"

အံကြိတ်ပြီး ကိုကိုပြောခဲ့တာတွေ၊ ကိုကိုရယ်…၊ လက်ထပ်တယ်ဆိုတာ ဇာတ်သိမ်းခန်းလား၊ ဟင့်အင်း… ကျွန်မ ဒါဆိုရင်တော့လပ်မထပ်တော့ဘူး။

ကျွန်မ ကိုကို့ကို မချည်နှောင်တော့ပါဘူး။ ကျွန်မက ချစ်တဲ့ကိုကို့ကို လက်ထပ်စာချုပ်နဲ့ ချည်နှောင်ချင်တာလို့ ဘာကြောင့်များကိုကိုထင်ခဲ့တာလဲ။

ကိုကို့အပေါ်မှာ အမြဲတမ်းလိုက်လျောခဲ့တဲ့၊ ကြိုးစတွေတစ်စပြီးတစ်စဖြေလျှော့ခဲ့တဲ့၊ ကျွန်မက ကိုကို့ကို ချည်နှောင်ချင်ပါ့မလား။

ဒါပေမယ့် ကိုကို့ကို ချစ်ရဖို့ဟာ ကျွန်မအတွက် လိုအပ်ချက်တစ်ခုဖြစ်တယ်။ မချစ်ဘဲ မနေနိုင်ဘူး။

ဒါကြောင့်ပြောခဲ့တာပေါ့။ ကျွန်မက ကိုကို့အတွက် ကောင်းကင်တစ်ခုဖြစ်ချင်ခဲ့တာပါလို့။ ကိုကိုက ကျွန်မစိုက်ပျိုးခဲ့တဲ့ အချစ်သစ်ပင်ဖြစ်တယ်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ ဆက်သွားစရာ လမ်းတိုကလေးတွေ အများကြီးပဲ။ ကျွန်မ ဘယ်ကိုသွားရမလဲ။ ဟိုဘက်လမ်းကတော့ ဖြောင့်နေတာပဲ။ ဟိုဘက် ကူးဖို့ ကျွန်မခြေလှမ်းလှမ်းလိုက်တယ်။

ကျွန်မနားထဲမှာ အရှိန်ပြင်းပြင်းနဲ့ ကားဘရိတ်အုတ်သံကြားလိုက်ရတယ်။ ပြီးတော့ ခါးကိုအရှိန်ပြင်းပြင်းနဲ့ တစ်စုံတစ်ရာလာတိုက်တယ်။ ကျွန်မ မျက်လုံးတွေတာဒဂံအတွင်း ပြာဝေသွားတယ်။

ကျွန်မ အသက်ရှုကျပ်လိုက်တာ။ မျက်လုံးတွေလည်း ဖွင့်လို့လုံးဝမရတော့ဘူး။ ခါးကတော့တစ်အားနာတယ်။

"ကိုကို"

ကျွန်မနှုတ်က ခပ်တိုးတိုးကလေးထွက်လာတယ်။ ခန္ဓာကိုယ်ကတော့ ကတ္တရာလမ်းပေါ်မှာ။

အရုပ်ကလေးတစ်ရုပ် ကျိုးပဲ့သွားသလိုပဲ။ အခိုးအငွေ့ဖြစ်ချင်တဲ့ ကျွန်မ တစ်ကယ်အခိုးအငွေ့လေးဖြစ်သွားတယ်။ အခိုးအငွေ့တွေဟာ ပတ်ဝန်းကျင်တစ်ခွင်လုံးကို ဖုံးအုပ်လိုက်တယ်။ နှင်းခွဲတဲ့ အငွေ့တွေ ဖြစ်သွားတယ်။

အခိုးတွေကြားထဲမှာ ပထမဆုံးပေါ်လာတာက ဆိုင်းဘုတ်ကလေး တစ်ခု၊ မင်းတိမ်ညိုစာပေ။

အဖြူခံမှာ အနီရောင်စာလုံးကလေးတွေနဲ့။

❖ ❖ ❖ ❖ ❖



နယ်မြို့လေးဖြစ်တဲ့ ရေကြည်မြို့မှာ ကျွန်မက သာမန်မိန်းကလေး တစ်ယောက်လိုပဲ။ မိဘနှစ်ယောက်၊ မောင်လေးတစ်ယောက်နဲ့ ပုံမှန်ဘဝကို ဖြတ်သန်းခဲ့တယ်။ ရေကြည်ဟာ ဧရာဝတီတိုင်းရဲ့ မြို့တစ်မြို့ပါ။ ဘယ်နေရာကြည့်ကြည့် လယ်ကွင်းစိမ်းစိမ်းတွေနဲ့၊ အင်မတန်ကြည်နူးစေတယ်။ စိတ်ကိုလန်းဆန်းစေတယ်။

ကျွန်မက ရေကြည်အထက(၁)ကနေ ဆယ်တန်းအောင်ခဲ့တာ။ အဖေတို့မှာ လယ်ကေ အနည်းငယ်ပိုင်ဆိုင်တယ်။ အမေက အိမ်မှာ ကုန်စုံဆိုင်လေးဖွင့်တယ်။ မောင်လေးကတော့ အဖြူအစိမ်းဝတ်ကျောင်းသားလေးပေါ့။ ဆယ်တန်းအောင်တဲ့အထိ ကျွန်မမှာ ဘာမှထူးထူးခြားခြားချစ်ရေးချစ်ရာ မတွေ့ခဲ့ချေ။

ချစ်တတ်ရမှန်းလည်းမသိ။ ရည်းစားထားဖို့လည်း စိတ်မဝင်စား။ မိုးတွင်းဘက်ဆို ရေကြည်၊ ကျောင်းကုန်း၊ အသုတ်စတဲ့မြို့တွေဟာ ရေလွှမ်းမိုးမှုတွေကို အမြဲတမ်းခံရတဲ့မြို့တွေပါ။

ဆယ်တန်းအောင်တဲ့နှစ်မှာ ကံဆိုးတဲ့အဖြစ်အပျက်ကတော့ ကျွန်မတို့ လယ်တွေလုံးလုံးမြုပ်သွားပြီး စပါးတွေပျက်စီးသွားတာပါပဲ၊ လယ်ရေမြုပ်ရင် စပါးပင်အဖျားကလေးတွေသာ ကျန်နေခဲ့ပေမယ့် စပါးပင်တွေ မပျက်စီးပါဘူး။ ဒါပေမယ့် ဖြစ်ချင်တော့ စပါးပင်အဖျားတောင် မမြင်ရတော့အောင် ရေကြီးခဲ့တာ။

ရေကြည်မှာ မိုးတွင်းဆိုလှေနှင့်သွားရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့မှာ ကိုယ်ပိုင်ကားစီးကြသလိုပဲ။ ရေကြည်မှာ ကိုယ်ပိုင်လှေစီးကြတယ်။ အိမ်တွေဟာ အောက်ခြေမြင့်မြင့်ဆောက်ထားမှ၊ မြစ်ဘေးနားကပ်လျှက်အိမ်တွေဆို အိမ်ခေါင်မိုးပဲ မြင်ရတဲ့အထိ ရေမြုပ်ကုန်တာပဲ။ အဲဒီတော့ အိမ်ပိုင်ရှင်တွေအိမ်ပြောင်းပြေးရ။ ရေကျသွားမှ ပြန်နေကြနဲ့။

ကတ္တရာလမ်းတောင် ရေလွှမ်းလို့၊ အဲဒီနှစ်မှာတော့ လယ်တွေတော်တော်ပျက်သွားကြတယ်။ စီးပွားရေးအတက်အကျဆိုတာ ကံတရားနဲ့လည်းဆိုင်တယ်ဆိုတာ မျက်မြင်ကိုယ်တွေ့ပါ။ အဖေလည်း အဲဒီဒဏ်နှင့်စိတ်ဆင်းရဲကာ တော်တော်နဲ့ နလန်ပြန်မထူ။ အမေ့ကုန်စုံဆိုင်ကလေးရှိလို့သာ ထမင်းစားဖို့ရတာ။ မောင်လေးကတော့ ဘာသိမှာလဲ၊ ကလေးပဲ လုံချည်ကွင်းသိုင်းပြီးဆော့နေရရင် သူ့ဘဝကနိဗ္ဗာန်ပဲ။ ကျွန်မမှာသာအဖေလဲသွားတာကို စိတ်ဆင်းရဲပြီး အမေ့ကိုဈေးကူရောင်းပေးရင်း မိဘသောကကိုမျှဝေရတယ်။

အဝေးသင်လျှောက်ထားတဲ့ ဝင်ခွင့်လျှောက်လွှာရောက်လာတဲ့နေ့ကဆို ရင်ထဲမှာ ကတုန်ကရင်နဲ့။

"ခက်တော့တာပဲ သမီးရယ်၊ ကျောင်းစရိတ်ကို အမေမရှာတတ်တော့ဘူး"

"မပူပါနဲ့အမေရာ ရန်ကုန်က အန်တီလေးတို့ဆီမှာနေပြီး ရတဲ့အလုပ်တစ်ခုဝင်လုပ်မယ်။ ကိုယ့်စားစရိတ်နဲ့ကိုယ်ကျောင်းတက်ပါမယ်"



"သမီးရယ် လယ်တွေသာမပျက်စီးရင်...."

"ရပါတယ်အမေရယ်....ကံတရားပဲပေါ့"

ရန်ကုန်မှာ အမေ့ညီမ အန်တီလေးတို့က တာမွေမှာနေတယ်။ ကျွန်မ အန်တီလေးက သမိုင်းချည်စက်မှာ အလုပ်လုပ်၊ သူ့ယောက်ျားကတော့ ပရိဘောဂဆိုင်တစ်ခုမှာ အလုပ်သမား၊ သူတို့မှာရှိသော သမီးသုံးယောက်ရဲ့တာဝန်နဲ့ ပါးစပ်ပေါက်ငါးပေါက်တာဝန်ကို မနည်းရုန်းကန်ရှာနေရတာ။ ကျွန်မတစ်ကိုယ်စာအတွက် ကျွေးထားရန်မဖြစ်နိုင်။

"အန်တီလေးက ကျောတစ်နေရာစာပဲ ပေးနိုင်တယ်အမာ"

"ရပါတယ် အန်တီလေးရယ် အိပ်စရာနေရာရရင်တော်ပါပြီ"

ကျောပိုးအိတ်အပြာရောင်လွယ်ကာ မြို့ထဲကိုကိုယ့်ဘာသာကိုယ်အလုပ်ရှာထွက်တော့ သုံးဆယ့်တစ်လမ်းထဲက မင်းတိမ်ညိုစာပေမှာ ညနေပိုင်း အကြွေးသိမ်းရန် မိန်းကလေး သုံးယောက်အလိုရှိသည်။ ဆယ်တန်းအောင်၊ လစာလေးထောင်၊ အမာအိမ်ရဲ့ ဘဝအစပေါ့၊

❖ ❖ ❖ ❖ ❖

ကိုကို့ရဲ့ဆိုင်လေးဟာ တိုက်ခန်းတစ်ခန်းပါပဲ။ အပေါ်ထပ်မှာ အထပ်ခိုးလေးပါတယ်။ ကျွန်မရင်တထိတ်ထိတ်နဲ့ ဆိုင်ထဲဝင်သွား

www.burmeseclassic.com

www.burmeseclassic.com



တော့ ဆိုင်ထဲမှာကွန်ပျူတာရိုက်နေတဲ့ ကောင်လေး၊ ကောင်မလေးတွေ
ငါးယောက်ရှိတယ်။ တစ်ယောက်က

"ဘာကိစ္စရှိလို့လဲ" လို့ မေးတယ်။

"ဟို…အလုပ်ခေါ်တာတွေ့လို့"

"ကြွေးသိမ်းလား…"

"ဟုတ်…ဟုတ်ကဲ့"

"ခဏထိုင်စောင့်နော်…ဦးတိမ်ညို စက္ကူဆိုင်သွားတယ်၊ တော်
ကြာပြန်လာလိမ့်မယ်"

"ဟုတ်ကဲ့"

သက်ပြင်းတစ်ချက်ချလိုက်ပြီး ကော်ခုံအပြာလေးယူကာ ထိုင်
လိုက်တယ်။ တယ်လီဖုန်းနီညိုရောင်လေးတစ်လုံးရှိတယ်။ ကျွန်မခုံ
ပေါ်ထိုင်ပြီး သိပ်မကြာခင်ပဲ တယ်လီဖုန်းလေးက ဆူညံစွာမြည်လာ
တော့တယ်။

ကွန်ပျူတာတစ်ခုရှေ့ ကောင်လေးကထပြီး ဖုန်းကိုင်တယ်။

"ဟဲလို…ဟုတ်ပါတယ်။ မင်းတိမ်ညိုစာပေကပါ၊ ဪ ဟုတ်
ကဲ့။ ဦးတိမ်ညိုစက္ကူဆိုင်သွားပါတယ်။ ခဏကြာမှပြန်ဆက်ပါလား
ဪ ခင်ဗျာ…ဘယ်သူ၊ စိမ့်စိမ့် ဟုတ်ကဲ့ ပြောပေးပါ့မယ်။ စိတ်ချ
ပါ"

ကောင်လေးက ဖုန်းပြောပြီး သူ့ကွန်ပျူတာရှေ့ပြန်သွားထိုင်ပြီး



"ဦးတိမ်ညိုဆီဆက်တာ၊ စိမ့်စိမ့်တဲ့"

တစ်ခြားကောင်လေးတစ်ယောက်က

"အဆက်ဟောင်း…အဆက်ဟောင်း"

နောက်သူတို့ပြောနေကြတာ ကိုကို့ရဲ့ များပြားလှတဲ့ မိန်းကလေး
တွေအကြောင်းပါ။ ကိုကိုက သိပ်စွံဆိုပဲ။ နာရီဝက်ကျော်ကျော်လောက်
စောင့်ပြီးတော့ ဆိုင်ထဲကို လူတစ်ယောက်ဝင်လာတယ်။ ခါးမှာဖုန်း
လေးချိတ်လို့။ ကျွန်မကို မျက်ခုံးတစ်ချက်ကြုံ့ကြည့်တယ်။

"ဆရာ ဒီမှာ အလုပ်လုပ်ဖို့တဲ့"

ကောင်လေးတစ်ယောက်က ကိုကို့ကိုလှမ်းကြည့်ပြီးပြောတယ်"

"အေးအေး မင်းနာမည် ဘယ်လိုခေါ်လဲ"

"အမာအိမ်"

"ဇာတ်မင်းသမီးနာမည်ပဲ"

ကိုကိုက အဲသလိုမှတ်ချက်ချတယ်။

"မင်းပညာအရည်အချင်း"

"အမာဆယ်တန်းအောင်ပြီးပါပြီ"

"ကျောင်းမတက်ရသေးဘူးလား"

"အခုမှ ပထမနှစ်စတက်မှာပါ"

"ဪ…ဪ…ဘာမေဂျာလဲ၊ ဒေးလား…ဒစ်စတင့်လား"

"အဝေးသင်ပါ…အီကိုယူထားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာနေလဲ…"

"တာမွေမှာ"

"လစာက လေးထောင်နော်၊ ဒါနဲ့မင်းစိတ်ရှည်ပါ့မလား"

"ရှင်"

"စိတ်ရှည်ပါ့မလားလို့မေးတာ။ စာအုပ်ဆိုင်တွေကိုပတ်ပြီး စာအုပ်ဖိုးတွေတောင်းရမှာ လီပြီးပေးတဲ့ဆိုင်ရှိတယ်။ သွားတောင်းတိုင်း လူမတွေ့လို့ မောတဲ့ဆိုင်ရှိမယ်။ တစ်ချို့ဆိုင်က ရစ်တယ်။ တစ်ချို့ဆိုင်က စနေနေ့မှထုတ်ပေးတယ်။ ဒီတစ်ပတ်စနေမရရင် နောက်တစ်ပတ်စနေမှ ပိုက်ဆံရတယ်။ ပြီးတော့ ရတဲ့ပိုက်ဆံကို ဘောက်ချာနဲ့ ငါ့ကိုပြန်အပ်ရမယ်။ ဒါကြောင့်ကြွေးသိမ်းဆိုရင် အကျင့်စာရိတ္တနိုင်လုံမှဖြစ်မယ်"

ကျွန်မမျက်နှာ နီရဲသွားမယ်ထင်ပါတယ်။

"ကျွန်မ ငါးပါးသီလလုံပါတယ်"

"ငါက စည်းကမ်းတွေပြောပြထားတာပါ။ မင်းကိုမစွပ်စွဲပါဘူး။ အလုပ်ချိန်က ညနေသုံးနာရီက ငါးနာရီခွဲ၊ ပိတ်ရက်မရှိဘူး။ ဘယ်လိုလဲ လုပ်နိုင်ပါ့မလား"

"ဟုတ်ကဲ့"

"မင်းလိပ်စာရေးပေးခဲ့၊ မနက်ဖြန်ကစပြီး အလုပ်ဆင်းပေတော့"

"ရှင် … ကျွန်မတစ်ယောက်ထဲလား…"



"မဟုတ်ဘူး…နှစ်ယောက်ပါသေးတယ်။ ဟော ဆိုင်ရှေ့ကဆိုင်းဘုတ်အထဲသွင်းလိုက်ဦး ကြွေးသိမ်းဖို့ လူသုံးယောက်အလုပ်ပြီးသွားပြီ။ ကဲ…ဒါပဲ။ မင်းလိပ်စာရေးပြီး သွားနိုင်ပြီ"

ကျွန်မနှင့်အတူတူ အလုပ်လုပ်ရမယ့် ကောင်မလေးနှစ်ယောက်ကတော့ မြို့ထဲမှာတင် နေကြတာပါ။

တစ်ယောက်က ချိုချို၊ တစ်ယောက်က ဝတီ၊

နှစ်ယောက်လုံးက ကြွေးသိမ်းတဲ့အလုပ်ကို လွန်ခဲ့တဲ့ နှစ်ကလုပ်ဖူးကြတယ်ဆိုပဲ။ နောက်တော့အဝေးသင်စာမေးပွဲတွေဖြေရမှာနဲ့ ခဏထွက်လိုက်ကြတာ။ အစကတည်းက ဦးတိမ်ညိုဆီမှာ လုပ်ဖူးတဲ့သူက ဝတီ။ သူက ကိုကို့အကြောင်းကို ဖောက်သည်ချတယ်။

"ဦးတိမ်ညိုက အရမ်းအပေါက်ဆိုးတယ်။ ဒါပေမယ့်သဘောတော့ကောင်းပါတယ်။ ထစ်ခနဲရှိ လူရှေ့သူရှေ့မှာ အအော်ခံရတာတော့ဆိုးတယ်"

ကျွန်မကတော့ ရင်တုန်ပန်းတုန်နဲ့ အလုပ်စဆင်းတဲ့ရက်မှာ လက်ထဲက ဘောင်ချာလေးတွေကို သေချာဆုပ်ကိုင်ထားမိတယ်။ ဒီဘောင်ချာတွေဟာ ပိုက်ဆံတွေပဲမဟုတ်လား။

သုံးဆယ့်တစ်လမ်းက ကိုလတ်စာပေမှာ အားလုံးပေါင်း ဘောင်ချာ (၅) စောင်၊ ကိုလတ်ဆိုတာ ကျွန်မ မသိပါ။ ကျွန်မ ဆိုင်ရှေ့ကို ရပ်မိတော့ မျက်မှန်နဲ့လူက စာအုပ်ဝယ်မယ်လို့မှတ်ကာ မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာစာအုပ်လိုချင်လို့လဲ"

"ဟို စာအုပ်မဝယ်ပါဘူး"

လက်ထဲက ဘောင်ချာတစ်ထပ်ကြီးကို သူ့လက်ထဲထည့်ပေးတော့...

"အို..မင်းတိမ်ညိုဆီကပဲ" ဆိုကာ ဘောင်ချာမှာ ဂဏန်းတစ်ချို့ ရေးခြစ်ကာ ပိုက်ဆံရှင်းဖို့ "ကိုလတ်ရေ" ဟုလှမ်းခေါ်ရာ ကျွန်မမှာ အဲဒီလူကို မှတ်မိအောင်ကြည့်ထားရတယ်။ ဪ...ကိုလတ်ဆိုတာ ဆံပင်အနည်းငယ်ဖြူကာ အသားညို အရပ်ပုသူပဲ။ မှတ်ထားဦးမှ၊ သူက ဒီဆိုင်ပိုင်ရှင်ပေပဲ။

"ရောင်းပြီးသလောက် တစ်ဝက်ရှင်းပေးလိုက်တယ်"

"ဟုတ်ကဲ့"

သူလှမ်းပေးသော ပိုက်ဆံကို ပိုက်ဆံအိတ်ထဲ အသေအချာရေထည့်ရတယ်။ ပထမဆုံးနေ့ ပထမဆုံးကြွေးတောင်းသောဆိုင်သည် ကြွေးတောင်းရလွယ်ကူတာ စိတ်ချမ်းသာစရာပါ။

နောက်ပြီး မီလျှံနော။

ဆိုင်ထဲဝင်ပြီး စားပွဲမှာထိုင်နေသူကို ဘောင်ချာလှမ်းပေးတော့ ယူကြည့်ကာ "ဖိုးဇော် အပြင်သွားတယ်..မနက်ဖြန်မှလာခဲ့"တဲ့။

ဘောင်ချာတွေယူကာ ကလစ်နဲ့ညှပ်ပြီး နောက်တစ်ဆိုင်ဆီလှမ်းရတယ်။ ထိန်လင်း... ။ ပြီးတော့ မြိတ်၊ သုံးဆယ့်တစ်လမ်းက



အားလုံးတောင်းပြီးသွားပြီ။ မဟုတ်သေးပါဘူး။ တစ်ဆိုင်ကျန်သေးတယ်။ ရွှေပဒေသာ။

အဲဒီဆိုင်ထဲဝင်တော့ Hit Hop တေးဂီတသံက တော်တော်ဆူညံနေတာပဲ။ စားပွဲခုံမှာ ထိုင်နေတဲ့လူက လက်ကလည်းစည်းချက်နဲ့ကကာ ခေါင်းကလည်း တငြိမ့်ငြိမ့်နဲ့။

"ဘာလဲအစ်မ"

"ဘောင်ချာဒီမှာ"

"ဪ မင်းတိမ်ညိုကပဲ။ ဦးတိမ်ညိုကိုပြောလိုက်ပါဦး ကျွန်တော်သူနဲ့ စကားပြောစရာရှိသေးတယ်လို့"

"ဘယ်သူလို့ပြောလိုက်ရမလဲဟင်"

"အောင်ခိုင်"

"ဟုတ်ကဲ့"

ကျွန်မစိတ်ထဲမှာတော့ ဦးအောင်ခိုင်ဆိုတဲ့ လူ့အစားခေါင်းတွေမူးနောက်နေတာပဲ။ သူပဲ ကနိုင်တယ်။ လက်တစ်ဘက်က ပိုက်ဆံထုတ်ပြီး တစ်ဘက်နဲ့ ရေနေတာတောင် ခေါင်းကရှေ့တိုးနောက်ငင်နဲ့။

သုံးဆယ့်တစ်လမ်းထဲပြီးတော့ Central Hotel ကိုပတ်ပြီး သုံးဆယ့်နှစ်လမ်းထဲဝင်ရတယ်။ ပထမဆုံးတောင်းရတာက ကိုကျော်သိန်းအပေ။

ကျွန်မကို ငွေရှင်းပေးတာ ကိုကျော်သိန်းပဲ ထင်ပါရဲ့။ ပိုက်ဆံ

www.burmeseclassic.com

www.burmeseclassic.com



ရေရင်း သူမျက်နှာပေါ်ဝဲကျသောဆံပင်တွေကို လက်နဲ့တစ်ချက်သပ်တင်လိုက်သေးတာ ကျွန်မမျက်စိထဲရယ်စရာကောင်းလှပါတယ်။ ဒီလူကြီး တော်တော်နွဲ့တာပဲ။ နောက်ပြီး နှစ်ခွန်စာပေ။ စိုးမိုးစာပေ။ နေစေးစာပေရောက်တော့ ကိုနေစေးက "ဒီနေ့ သိပ်ရောင်းမကောင်းဘူး ညီမလေး။ မနက်ဖြန်မှယူနော်"

"စားမလား...ထုပ်မလားဟေ့" အဲဒါကတော့ သုံးဆယ့်နှစ်လမ်းထဲက အသုတ်သယ်ဝတုတ်တုတ်အဒေါ်ကြီးရဲ့အော်သံပါ။ သူ့အဲသလိုအော်လိုက်တော့ စေတနာဖြိုးစာပေက အလုပ်လုပ်တဲ့ ကောင်လေးတွေက စပြီးလိုက်အော်ကြတယ်။

"စားမလား..ထုပ်မလားဟေ့"

ဒီအသုတ်သယ်ကတော့ သုံးဆယ့်နှစ်လမ်းရဲ့ တစ်ခုတည်းသောအသုတ်သယ်ပါ။ စာအုပ်ဆိုင်တွေက မှာစားကြတာများတယ်။

ဒီနေ့အဖို့ ကျွန်မတောင်းရမှာ ကုန်သွားပြီ။

❖ ❖ ❖ ❖ ❖

ပိုက်ဆံတွေကို ရေလိုက်၊ ဘောင်ချာကိုကြည့်လိုက်နဲ့ လယ်ဂျာစာအုပ်ထဲရေးမှတ်နေတဲ့ ကိုကို့ကိုကျွန်မ တိတ်တိတ်ကလေးမတ်တတ်ရပ်ငေးမောနေခဲ့မိတယ်။ ကိုကို့မျက်နှာဟာ ချောမောတဲ့ယောက်ျား



လို့ပြောရလောက်အောင် ဘာတစ်ခုမှမရှိပါဘူး။ နှာခေါင်းချွန်တယ်။ နှုတ်ခမ်းပါးတယ်။ ပြီးတော့ အဲဒီအချိန်တုန်းက ကိုကိုက စီးကရက်သောက်နေသေးတယ်။ စီးကရက်ကို နှုတ်ခမ်းသားနှစ်ခုနဲ့ဖိပြီး အသာလေးပိုက်ဆံရေနေတဲ့ ပုံစံဟာ သိပ်ကြည့်ကောင်းတာတော့ အမှန်ပဲ။

"ဟိုလေ ဦးတိမ်ညို"

ကိုကိုကမော့ကြည့်တယ်။ ဘာလဲလို့မေးဆတ်ပြတယ်။ စကားသံနဲ့မမေးဘူး။ ကိုကိုဟာ အမူအယာနဲ့ စကားပြောတတ်တဲ့ ယောက်ျားတစ်ယောက်ပဲ။ ပခုံးတွန့်တာတို့၊ ခေါင်းငဲ့တာတို့၊ မျက်လုံးကိုမှေးစင်းပြီး ကြည့်တာတို့နဲ့ စကားဆိုတတ်တယ်။

"ရွှေပဒေသာက ကိုအောင်ခိုင်က ဦးတိမ်ညိုနဲ့ စကားပြောစရာရှိတယ်တဲ့.."

ကိုကိုခေါင်းတစ်ချက်ဆတ်ပြတယ်။ ဒါပဲ။ ဘာမှဆက်မပြောဘူး။ ကိုကို့ပါးစပ်က စီးကရက်ကလေးကတော့ အငွေ့တလူလူထွက်လို့။

ပိုက်ဆံတွေရေပြီးတော့ ကိုကိုက ကျွန်မကို ပြန်နိုင်ပြီလို့အဓိပ္ပါယ်ပေါက်တဲ့ လက်ဝါးထောင်ပြတယ်။

ဒီတော့ ကျွန်မကလည်း အလိုက်သိရတာပေါ့။

"ပြန်ပါဦးမယ်"

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



အမှတ်တရတွေများလာပြီးမှ အချစ်တစ်ခုဖြစ်ပေါ်လာတာလား ကျွန်မတော့ သေချာနားမလည်ပါဘူး ကိုကို။

ကျွန်မရဲ့နေ့ရက်တွေထဲမှာ ညနေပိုင်းအချိန်တွေကတော့ ခြေသလုံးတောင့်အောင် လမ်းလျှောက်ရတာပါပဲ။

ပိုက်ဆံတွေကို မပျောက်အောင်လည်း သတိထားရတယ်။ ပန်းဆိုးတန်းစာပေလောကမှာ စာအုပ်ဖိုးသွားတောင်းရင်း ဂျေဒိုးနတ်စ်ကို အမြဲကျွန်မကြည့်မိတယ်။ ဂျေဒိုးနတ်စ်ဆိုတာ တီဗွီမှာကြော်ငြာတာပဲမြင်ဖူးတယ်။ တစ်ခါမှကျွန်မအထဲကို မရောက်ဖူးဘူး။ ဒါဘာဆန်းလို့လဲကွယ်။

လက်လုပ်လက်စား မိန်းကလေးတစ်ယောက်ဟာ တစ်လလစာလေးထောင်ကျပ်အတွက် ခြေသလုံးတောင့်အောင် လမ်းလျှောက်နေရတဲ့အချိန်မှာ စမတ်ကျကျ သရီးကွာတားနဲ့ ကိုယ်ကျပ်အင်္ကျီလေးတွေဝတ်တဲ့ ကောင်မလေးတွေကတော့ ကောင်လေးချောချောလေးတွေနဲ့တွဲပြီး ဂျေဒိုးနတ်စ်ဆိုင်ထဲမှာ မုန့်တွေစား၊ အအေးသောက်၊ ရယ်လို့မောလို့။ အလုပ်ဝင်ပြီး ငါးရက်မြောက်နေ့ညနေမှာတော့ ဂျေဒိုးနတ်စ်ထဲမှာ ကိုကိုနဲ့မိန်းမတစ်ယောက် ထိပ်ဆုံးစားပွဲမှာ ထိုင်နေတာတွေ့တယ်။

ကိုကိုကတော့ ကျွန်မကိုတွေ့မှာမဟုတ်ပါဘူး။

ကိုကို့မျက်လုံးထဲမှာ ကိုကို့ရှေ့က ဘလောက်စ်အင်္ကျီဝတ်ထားတဲ့၊



အသားဖြူဖြူ ခပ်တောင့်တောင့်၊ ဆံပင်ကျောလည်လောက်ရှိတဲ့ မိန်းမပဲမြင်မှာပေါ့။ တစ်လောကလုံးက သူတစ်ယောက်တည်းကိုပဲ ကိုကိုမြင်မှာ။

ကျွန်မ အဲသလိုတွေးပြီး ကျွန်မမှာတော့ အဲသလိုချစ်သူတစ်ယောက် ဘာကြောင့်မရှိတာလဲလို့ တွေးမိပြန်တယ်။ ကျွန်မက ခရောင်းလမ်းကိုနင်းပြီးဘဝကို ဖြတ်ကျော်ဖို့မွေးဖွားလာရတဲ့ မိန်းကလေးတစ်ယောက်ပဲ။ ကျွန်မမှာ အချစ်ကိုစိတ်ကူးယဉ်လို့မဖြစ်နိုင်သေးဘူး။

အသက်ဆယ့်ရှစ်နှစ်အရွယ်ကောင်မလေးက ကိုကို့ကို သူစိမ်းမိန်းကလေးတစ်ယောက်နဲ့ စတင်မြင်တွေ့ရကတည်းက ရင်ထဲမှာလှုတ်ခတ်ခဲ့တဲ့သူပါ။ ကျွန်မလေ....ကိုကို့ကြောင့်...ရင်စခုန်တတ်ခဲ့ပြီ။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ဘာမှန်းမသိတဲ့ ဒီမွေးရပ်ဟာ
ကိုယ့်နှလုံးသားကို တမ်းတစိတ်နဲ့
နာကျင်ကိုက်ခဲစေခဲ့တယ်။

ရာဝိမြနတ်တခိုး



ပိုက်ဆံလေးထောင်နဲ့ ရန်ကုန်မှာ ရပ်တည်လို့မရခဲ့ဘူး။ ကျောင်းမှာကလည်း ဆရာမတစ်ယောက်တစ်ဘာသာ လာဝင်သင်တိုင်း နုတ်စ်တွေအတွက် ငါးရာပေးရတယ်။ တစ်ဘာသာတည်းမဟုတ်တော့ ကျွန်မစိတ်ညစ်ရတာပေါ့။ အလုပ်တစ်ခု ထပ်လုပ်ရဦးမှာပေါ့။

ဘာများလုပ်ရဦးမလဲ၊ ကျွန်မအလုပ်ခေါ်ကြော်ငြာတွေ အမြဲဖတ်ရတယ်။ အင်း…ဒီခေတ်မှာ အလုပ်တစ်ခုရဖို့ ကွန်ပျူတာတတ်ရမယ်။

အင်္ဂလိပ်၊ ဂျပန်၊ တရုတ် အဲဒီသုံးဘာသာထဲက တစ်ခုခုတော့ တတ်ထားမှ၊ ကွန်ပျူတာသင်တန်းက အခြေခံတင် သုံးသောင်းခွဲလောက်ကုန်မယ်။ ဘာသာစကားသင်တယ် ဆိုတာကလည်း ဘယ်ဘာသာပဲဖြစ်ဖြစ်၊ တစ်နှစ်ခွဲနှစ်နှစ်လောက်တော့ ကြိုးကြိုးစားစား စိတ်ရှည်လက်ရှည် သင်ဦးမှ။

အလုပ်တစ်ခုရဖို့အတွက် ရင်းနှီးမြှုပ်နှံရမှာမနည်းပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဈေးမှာ အဲသလောက်ထိ ငွေကြေးမရှိပါ။

ဘဝရဲ့ ရပ်တည်မှုဟာ နယ်ကနေတစ်ကိုယ်တော်စွန့်စားထွက်လာတဲ့ ကျွန်မလိုမိန်းကလေးတစ်ယောက်အတွက် အတော်ပဲခက်ခဲလှပါတယ်။ ဝတီကိုပြောပြတော့။

"ဦးတိမ်ညို ကွန်ပျူတာနောက်တစ်လုံး ထပ်ထည့်မယ်ပြောနေတယ်။ အမာပြောကြည့်ပါလား"

"အမာမှ ကွန်ပျူတာမရိုက်တတ်တာ"

"သင်ပေါ့အမာရဲ့၊ ကွန်ပျူတာစာရိုက်တာများ ဦးနှောက်သုံးစရာမလိုဘူး၊ တစ်လလောက်ဆိုတတ်တယ်"

"အဲဒါဆို လစာဘယ်လောက်လောက်ရမလဲဟင်"

"တစ်မျက်နှာကို ကော်မရှင်စားနဲ့ပေးတာ။ အမာရိုက်နိုင်ရင်ရိုက်နိုင်သလောက်ရတယ်။ တစ်လကို နှစ်သောင်းလောက်တော့အောက်ထစ်ပဲ"

"နှစ်သောင်းတောင်"

"အင်း"

"ဖြစ်နိုင်ပါ့မလား"

"မင်းတိမ်ညိုမှာ အပ်ကုန်တွေအများကြီးအမာရဲ့....နင်ဝတ္ထုတွေလည်း လက်ရေးစာမူအတိုင်းဖတ်ရဦးမယ်။ အရိပ်ထဲမှာလည်း နေရဦးမယ်။ ညနေကျမှ အကြွေးလိုက်သိမ်းပေါ့"



"ဟင် ဦးတိမ်ညိုက လုပ်နိုင်းပါ့မလား"

"ပြောကြည့်ပါ..ဦးတိမ်ညိုက အရမ်းဘဝနားလည်တာ။ ကိုယ်ချင်းစာတတ်ပါတယ်"

"ဟုတ်လား"

"ဟိုဘက်လမ်းက ပန်းကမ္ဘာ သိတယ်မဟုတ်လား"

"သိတယ်...သိတယ်"

"အဲဒါ ဦးတိမ်ညိုရဲ့ အမျိုးတွေပေါ့"

"အဲဒါနဲ့ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ ဦးတိမ်ညိုက မကွေးကတက်လာပြီး ရန်ကုန်မှာအလုပ်လာလုပ်တာ။ အဲဒီ ပန်းကမ္ဘာစာအုပ်ဆိုင်က ဦးတိမ်ညိုအမေရဲ့အစ်ကိုအရင်း ခေါက်ခေါက်။ ဦးတိမ်ညိုအမေက အဲဒီအိမ်မှာ အောက်ခြေသိမ်း လုပ်ရသလို ဦးတိမ်ညိုကလည်း ဆိုင်မှာအောက်ခြေသိမ်းလုပ်ရတာ။ ဦးတိမ်ညိုအမေလည်း လူပင်ပန်းတဲ့ဒဏ်နဲ့ ဆုံးသွားတဲ့အချိန်မှာ သူတို့က ဦးတိမ်ညိုကိုနှင်ချလိုက်တာ။ ပန်းကမ္ဘာစာပေဒီလောက် အောင်မြင်လာတာ ဦးတိမ်ညိုကြောင့်ဆိုတာ စာအုပ်တန်းကလူတွေ အားလုံးသိတယ်။ အဲဒီမှာ ဦးတိမ်ညို ခြေမဲ့လက်မဲ့နဲ့ လမ်းဘေးပလက်ဖောင်းမှာ ခုံတစ်လုံးနဲ့ ဘောင်ချာတစ်အုပ်ချပြီး ဘဝကိုစခဲ့တာ။။

စာအုပ်တိုက်တော်တော်များများကသူ့ကို စာအုပ်အကြွေးတွေချ

www.burmeseclassic.com

www.burmeseclassic.com



ပေးတာ။ အဲသလို စာအုပ်တိုက်ကြီးတွေက သူ့ကို အကြွေးပေးတာ။ အဲဒီအနေ အထားကနေ ဒီနေ့ သူ့ စာအုပ်ဆိုင် ပိုင်တယ်။ ကွန်ပျူတာ ငါးလုံး ထောင်နိုင်တယ်။ မြန်မာပြည်ရဲ့ အကြီးဆုံးစာအုပ် ကိုယ်စား လှယ်ထဲမှာ ဦးတိမ်ညိုလည်း ပါတယ်"

"ဟုတ်လား...သူက အရမ်းတော်တာပဲနော်"

"တော်တာပေါ့၊ ရန်ကုန်နဲ့ မြန်မာပြည်အလယ်ပိုင်း စာအုပ်ဖြန့်တာ ဦးတိမ်ညိုလေ၊ တောင်ကြီးမှာ မီလျှံနှာစာပေ၊ ဂံဂါနဒီစာပေ၊ ရန်ကုန်မှာတော့၊ ကိုစောဦးက အကြီးဆုံးပဲ။ မန္တလေးမှာ ထွန်းဦး စာပေ၊ နဂါးစာပေ၊ မော်လမြိုင်မှာ ကိုကျော်ကျော်၊ အဲဒါ စာအုပ်ဖြန့်တဲ့ လူတွေပဲ။ ဦးတိမ်ညိုက လက်ဖဝါး ခြေဖဝါးကနေ ဒီအခြေအနေ ရောက်ခဲ့တာ။ ဒါကြောင့် သူကဘဝအရမ်း နာတယ်။ သူ့အပေါက်ဆိုး တာလည်း မပြောနဲ့လေ။ ငါဆို တစ်ခါက အကြွေးမတောင်းဘဲ ဆိုင်တစ်ဆိုင်မှာထိုင်ပြီး လေပမ်းနေတာ သူနဲ့ ပက်ပင်းကိုတိုးတာ၊ ငါ့ကိုအော်လိုက်တာလည်း မပြောပါနဲ့၊ အလုပ်ကို အလုပ်နဲ့တူအောင် မလုပ်ဘူး။ ပျင်းတယ်၊ ဘာညာနဲ့ ငါလည်းသူပြော တာမှန်တော့ ငြိမ်ခံနေရတယ်။ ဒါပေမယ့် ငါစာမေးပွဲဖြေဖို့ စာမေးပွဲ ကြေးနဲ့ ကျူရှင်လခတစ်သောင်းကို သူထုတ်ပေးတယ်။ ပြီးမှ လစာထဲက တစ်လငါးရာစီ ပြန်ဖြတ်တယ်။ စီးပွားကတော့ ဘာရှာသလဲ မမေးနဲ့။ အရမ်းလည်းစေ့တယ်။ ငွေကို ဘယ်ကရှာရမလဲ ချောင်းနေတာ။



ဒါကြောင့် မိန်းမတွေကလည်း သူ့ကိုအရမ်း ကပ်ကြတယ်။ သူက ကပ်တာမဟုတ်ဘူး"

"ဒါပေမယ့် မိန်းမကျွေကပ်တိုင်း သူ ပြန်ရှုပ်တာတော့ မကောင်း ပါဘူး။ ကိုယ်ချင်းစာရမှာပေါ့"

"သူ့မှာ မိန်းမနဲ့ပတ်သက်တဲ့ အတိတ်ရှိပုံရတယ် အမာရဲ့"

"ဟုတ်လား..သူ့မှာမိန်းမရှိတာလား"

"ဟင့်အင်း...ငါလည်းသေချာမသိဘူး"

"အမာကတော့ သူ့ကိုကြောက်တယ်။ အခုအလုပ်ကိစ္စကို ဝတီ ပြောပေးပါလား"

"အမာပဲပြောပါဟာ ဝတီကိုသူမျက်နှာကြောသိပ်မတည့်ဘူး"

"ဘာလို့လဲ"

"အမာမသိဘူးလား၊ ဝတီကသူ့အကြွေးတွေရှိလို့ ဒီအလုပ်ကိုပြန် ဝင်လုပ်တာ။ ဝတီအိမ်ရှင်မဂျာနယ်မှာ ကိုညိုရင်တို့နဲ့ အလုပ်အတူတူ လုပ်မလို့..."

"ကိုညိုရင်ဆိုတာ ဝတ္ထုတွေ၊ ဆောင်းပါးတွေ ရေးတဲ့ တစ်ယောက်လား"

"ဟုတ်တယ်။ သူနဲ့ဝတီက အိမ်ချင်းနီးတယ်။ ခင်လည်း ခင် တယ်။ ဂျာနယ်ကအလုပ်လည်းများတယ်လေ။ ပြီးတော့ မင်းသား မင်းသမီးတွေ စာရေးဆရာမတွေနဲ့ အင်တာဗျူးရတာ၊ ရုပ်ရှင်ဆိုလည်း

www.burmeseclassic.com



အထူးပွဲတွေ မလွတ်တမ်းကြည့်ရတာ။ ဝတီကသိပ်ဝါသနာပါတာ
စာပေလောကထဲမှာ စာနယ်ဇင်းဆရာမလုပ်ဖို့က ဝတီ့ရည်မှန်းချက်ပဲ
ဒီလောကက ဝါသနာပါမှလည်း လုပ်လို့ဖြစ်တာ။ အဲဒါ အလုပ်
ထွက်မှာမို့လို့ ဦးတိမ်ညိုက မျက်နှာကြီး မှုန်နေတာလေ····"

"ဟင် ဝတီအလုပ်ထွက်တော့····ချိုချိုနဲ့အမာနှစ်ယောက်
တည်း"

"ချိုချိုက မနက်ပိုင်းမှာ ဂျာနယ်တစ်ခုရဲ့ ဘာသာပြန်မှာလုပ်တယ်
လေ။ အချိန်ပိုင်းပေ့ါ။ တစ်လခြောက်ထောင်ပဲရတာ။ ချိုချိုကအင်္ဂလိပ်
စာ တအားဝါသနာပါတာ။ သူက ဘာသာပြန်စာရေးဆရာမလုပ်ချ
တာ။ ဒါကြောင့်သူလည်း ဒီအလုပ်မှာ ကြာရှည်မြဲမယ် မထင်ဘူး"

ကျွန်မ စိတ်တွေညစ်ညူးလာပြီး ခေါင်းကုတ်တော့ ဝတီကရယ်
တယ်။

"ရန်ကုန်မှာ အလုပ်တစ်ခုကနေတစ်ခု ပြောင်းလုပ်ရတာ
အမာရဲ့၊ လိုအပ်ရင် နှစ်လုပ်သုံးလုပ်တောင်လုပ်ရတယ်။ ငါတို့တွေ
နယ်ကလာတဲ့မိန်းကလေးတွေဆိုတော့ ပိုကြိုးစားရတယ်။ မျက်စိ
နားရောဖွင့်ထားရတယ်။ ဒါမှ ကိုယ့်ဘဝရပ်တည်မှုအတွက် လ
ကောင်းကောင်းရမှာ။ ပြီးတော့ငါက နယ်မှာအမေနဲ့ခြေတစ်ဘက်မသ
တဲ့အစ်မပဲကျန်ခဲ့တာ။ သူတို့ကို ပိုက်ဆံပို့ပေးရတယ်လေ။ အချိန်တို
မှာ ကိုယ့်မိသားစုရဲ့ ဆင်းရဲချို့တဲ့တာကို ခေါင်းထဲထည့်ထားပြီးအလု



ကောင်းကောင်းကိုရှာရတာပဲအမာ။ မင်းရန်ကုန်ပါးဝရင်နားလည်လာ
ပါလိမ့်မယ်။ ကိုယ့်အားကိုယ်ကိုးရင်ကိုး မကိုးရင် ကျောထောက်
နောက်ခံ ကောင်းတဲ့ယောကျ်ားကောက်ယူ ဒါပဲရှိတယ်။ ကိုယ့်ဘဝ
တော့အဆုံး မခံနဲ့။ ယောကျ်ားယူပစ်ဖို့က အလုပ်ရဖို့ထက် ပိုခက်တယ်
အမာ။ ရန်ကုန် သားတွေကလည်း မိန်းမကို ပေသီးနဲ့ရွေးနေကြတာကွ။
ဒီတော့ ကိုယ့်အားကိုယ်ကိုး··"

ဝတီက ကျွန်မထက်အများကြီး ပိုရင့်ကျက်တယ်။ သူကအဝေး
သင်နောက်ဆုံးနှစ်ဖြေထားပြီးပြီ။ ဘွဲ့တစ်ခုမကြာခင်ရတော့မယ်။
ရန်ကုန်ကိုရောက်နေတာ ငါးနှစ်လောက်ရှိပြီဆိုတော့ တော်တော်လည်း
နံ့နံ့စပ်စပ်ရှိနေပြီ။ ချိုချိုကတော့ မျက်မှန်ပါဝါထူထူကြီးတပ်လို့ အားရင်
dictionary တစ်အုပ်နဲ့။ စကားနည်းနည်း။ ရည်မှန်းချက်ကြီး တယ်။
ကျွန်မကရော···။

ကျွန်မက ခုမှမအူမလည်နဲ့ တောင်ပြေးမြောက်ပြေးရမလိုပါပဲ။

ကိုကို့ကိုစကားစပြောဖို့က ကျွန်မအတွက် တော်တော်ခဲယဉ်းပါ
တယ်။ ကျွန်မပြောမှာက အလုပ်အကြောင်းလေ။

လစာနည်းတဲ့ အလုပ်အကြောင်း အလုပ်ရှင်ကိုပြောဖို့က အလုပ်
သမားအတွက် ဒီလောက်ခက်ခဲတာ အံ့ဩစရာမကောင်းပါဘူး။
ခက်တာက ကိုကို့ရှေ့ရောက်ရင် လျှာကိုတံတွေးနဲ့ဆွတ်လိုက်ပြီးတွေး
မျိုချလိုက်နဲ့ စကားဘယ်ကစရမှန်းမေ့သွားတော့တာ။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက ဘောင်ချာထုတ်ပေး၊ ဘောင်ချာသိမ်း၊ ငွေသိမ်း၊ စာရင်းစစ်၊ လယ်ဂျာထဲသွင်း၊ သူ့အလုပ်သူလုပ်ပြီး ကျွန်မကိုအရေးလုပ်တာမှမဟုတ်တာ။

ကျွန်မကလည်း ခေါင်းကုတ်၊ မျက်မှောင်ကြုတ်ပြီး စာရင်းစစ်နေတဲ့ ကိုကို့ကိုကြည့်နေရုံနဲ့ပဲ အလုပ်ကိစ္စက မပြောဖြစ်ခဲ့ဘူး။ ဒါပေမယ့် ချိုချိုက ကျွန်မအတွက်ကူညီပါတယ်။ ချိုချိုပြောလို့ သူ့ကျွန်မအခက်ခဲကိုသိသွားတယ်။

ဒီတစ်ခါတော့ ချိုချို့ကို ကျေးဇူးတင်ရမယ်။ သူကစကားနည်းပေမယ့် အလုပ်လုပ်ရင် ထိထိရောက်ရောက်လုပ်တဲ့မိန်းမမျိုး၊ ရှေ့လျှောက် သူ့ဆီကနေထိုင်နည်းတွေ သင်ယူရဦးမယ်။

စကားနည်းတဲ့မိန်းမတွေက စကားများတဲ့မိန်းမတွေထက် ပိုတော်တတ်ပါတယ်။

"မင်းခဏထိုင်ဦး ငါပြောစရာရှိတယ်"

ကြွေးသိမ်းပြီး ငွေပြန်အပ်တုန်း ကိုကိုကအမိန့်ပေးတယ်။ ကျွန်မရင်တုန်လိုက်တာ။ ဘာများမိန့်တော်မူဦးမှာပါလိမ့်။

တော်တော်လေးကြာတဲ့အထိ သူပိုက်ဆံရေတာကို ထိုင်စောင့်ရတယ်။

သူ့အလုပ်တွေပြီးစီးသွားတော့မှ စီးကရက်တစ်လိပ်ကောက်မီးညှိပြီး ကျွန်မကို စေ့စေ့ကြည့်တယ်။



"မင်းက နယ်ကဆို"

"ဟုတ်ပါတယ်"

"ဘယ်ကလဲ"

"ရေကြည်"

"ရေကြည်ဆိုတော့ ဧရာဝတီတိုင်းကပေါ့"

"ဟုတ်ကဲ့"

"အခုဒီမှာ ဘယ်သူနဲ့နေတာလဲ"

"အန်တီလေးတို့နဲ့..."

"အန်တီလေးဆိုတာက...."

"ကျွန်မအမေရဲ့ညီမပါ"

"မင်း ကွန်ပျူတာကို စိတ်ဝင်စားလား"

"အမှန်အတိုင်းပြောရရင်...လက်နဲ့တောင်မထိဖူးဘူး၊ ရန်ကုန်ရောက်မှ မြင်ဖူးတာပါ"

"ငါမေးနေတာ စိတ်ဝင်စားလားဆိုတာမေးတာ"

"ကျွန်မနဲ့ မနီးစပ်တာ ပြောပြနေတာပါ"

"မင်းကွန်ပျူတာရှေ့စာရိုက်ရမှာ မငြီးငွေ့ဘူးလား"

"ရပါတယ်။ ဖြစ်အောင်လုပ်မှာပေါ့"

"ကောင်းပြီလေ။ ငါမနက်ဖြန် ကွန်ပျူတာအသစ်တစ်လုံးထပ်ဝယ်လာပေးမယ်။ မင်း ကိုတိုးဆီကနေ စာရိုက်တာသင်ရမယ်။ ပြီးရင် တစ်မျက်နှာ တစ်ဆယ်နှုန်းနဲ့ ရိုက်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ကျေးဇူးတင်ပါတယ်"

"မလိုဘူး…မင်းကိုငါအလုပ်ခိုင်းနေတာ အလကားပိုက်ဆံပေးနေတာမဟုတ်လို့ ငါ့ကိုကျေးဇူးတင်စရာမလိုဘူး"

ကျွန်မ ကိုကို့ကိုဘာမှပြန်မပြောရဲဘဲ ကြည့်နေတုန်း။

"ဟော..မောင်" ဆိုတဲ့အသံနှင့် မိန်းမတစ်ယောက် ကိုကို့အနားမှာလာရပ်တယ်။ ဒီနေ့မိန်းမက ဟိုနေ့ကမိန်းမမဟုတ်ဘူး။ အခုမိန်းမက ဆံပင်ကအဖျားတွေကို စတက်တွေကောက်ထားတယ်။ ထမီစကပ်နဲ့ ကိုယ်ကျပ်အင်္ကျီနဲ့။ ရှိုက်ကြီးဖိုငယ်အသွယ်သွယ်ကို ယောကျ်ားတွေဖြစ်မှားချင်အောင်ကို ဝတ်ပြထားတာ။ သူ့ကိုယ်သူကောက်ညှင်းထုတ်အတိုင်းပဲ။

"ခိုင် ဘယ်ကပြန်လာတာလဲ"

"စာအုပ်လာဝယ်တာ"

"ဟုတ်လား..ဘာစာအုပ်လဲ"

"သမိန်ပေါ့သွပ်"

ကျွန်မ မရယ်မိအောင် ထိန်းချုပ်ထားလိုက်ရတယ်။ ကိုကိုက ကျွန်မမျက်နှာပြုံးစိစိကို မြင်သွားပုံရတယ်။

"ကဲ..ပြန်တော့" လို့ နှင်တယ်။

ကျွန်မက ဘာမှန်းမသိသေးတဲ့ အရာတစ်ခုကို အနားမှာထားပြီး ရှုံးသွပ်ချင်ပေမယ့် အခြေအနေမပေးရင်တော့ လှည့်ပြန်မှာပေါ့။

❖ ❖ ❖ ❖ ❖



ညဘက်ရောက်တော့ အိပ်ရာထဲမှာ တလိမ့်လိမ့်နှင့်။

ကျွန်မ ကိုကို့နှုတ်ခမ်းလေးကို စိတ်ကူးနဲ့ပုံဖော်ကြည့်တယ်။ စကားပြောရင် သိပ်ချစ်စရာကောင်းတဲ့ကိုကို၊ ဘယ်ဘက်အပေါ်နှုတ်ခမ်းကလေးက တွန့်လို့။

စီးကရက်ငွေ့တွေ ခပ်ပါးပါးဖုံးနေတဲ့ မျက်ဝန်းမှေးမှေးလေးကိုလည်း ကျွန်မချစ်တာပါပဲ။

ကိုကိုက ကွမ်းအရမ်းဝါးသေးတယ်။ ဖြူဖွေးတဲ့ ကိုကို့အသားနဲ့ လိုက်ဖက်တဲ့ အင်္ကျီအရောင်ဖျော့ဖျော့ကလေးတွေ ဝတ်တတ်တာတော့ စတိုင်လ်ထင်ပါရဲ့။ ပြီးတော့ခစ်ပိုမီးခြစ် ငွေရောင်လေး။

အမှတ်တရတွေများလာရင် ဘာတွေဖြစ်လာတတ်သလဲကိုကို။ အခုထိတော့ ရိုးသားစွာ ကျွန်မတို့ ကင်းဝေးနေကြတုန်းပါပဲ။ မိန်းမအမျိုးမျိုးကိုချစ်တတ်ရအောင် ကိုကို့မှာအသည်းဘယ်နှစ်ခုရှိနေပါလဲ။ ကျွန်မ မမေးရဲပါ။

ကိုကိုက အနားကပ်လာတာနဲ့ ပင့်ကူအိမ်ထဲ တိုးဝင်တဲ့အကောင်ကလေးတွေကို ပင့်ကူကဖမ်းစားသလိုပေါ့။ တစ်ယောက်ကိုမှ အလွတ်မပေးတော့ဘူးလား။ ကိုကို့အသက်က သုံးဆယ်ကျော်လောက်ပါပြီ။ ခုချိန်ထိ မိန်းမတစ်ယောက်ကိုပဲ ဘဝပါပုံပေးပြီး ဘာကြောင့်အတည်တကျအိမ်ထောင်နဲ့ ဖြစ်မနေတာလဲ။

စိတ်ဝင်စားပေမယ့် ကျွန်မ အဖြစ်မှန်တွေကို မတွေ့လှန်ရဲပါဘူး။ သတ္တိမရှိပါဘူးကိုကို။

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ရဲ့အတိတ်မှာ ချစ်ခဲ့တဲ့အချစ်တွေကို ကျွန်မသိဖို့သတ္တိမရှိပါဘူး။ ကျွန်မအိပ်တော့မယ်။ ကိုကို အိမ်မက်လှလှမက်ပါစေ။ ဒါပေမယ့် မိန်းမတွေနဲ့ကင်းတဲ့ အိမ်မက်ပဲဖြစ်ပါစေ။

ကိုကိုရေ..ကျွန်မလေ ကိုကို့ရဲ့အိမ်မက်များကိုတောင် ပိုင်စိုးသူဖြစ်ခဲ့ချင်ပါရဲ့။ အဲဒီလောက်ထိ ရူးမိုက်ချင်ခဲ့ပါရဲ့။

ကိုတိုးက ကျွန်မကိုစိတ်ရှည်လက်ရှည်နဲ့ ပြပေးပါတယ်။ **Computer Fornt** တွေမှာ မြန်မာလိုပါ ပါတော့ ရိုက်ရတာ နှစ်ပါတ်နဲ့တင် တတ်တယ်။ နေးတော့ နေးတာပေါ့။

သင်စတုန်းကတော့ မောက်စ်ကိုကလစ်နှစ်ခါလုပ်တာ။ တစ်နေရာလောက်ကိုကျင့်ယူရတယ်။ စက်ကိုမကိုင်ဘဲထားတာ။ ငါးမိနစ်ကြာသွားရင် စခရင်မှာ အင်မတန်လှတဲ့ ဝက်ဘာလမ်းကြောင်းလေးတွေပေါ်လာတယ်။ ကျွန်မသဘောတကျနဲ့ အဲဒီဝက်ဘာတွေကို ထိုင်ကြည့်နေတတ်တယ်။

စာရိုက်တော့ ပထမဆုံး ဝတ္ထုတွေရိုက်ရတယ်။ မင်းသီသစ်ဝတ္ထုတွေကို ကျွန်မသိပ်ကြိုက်တော့ မင်းသီသစ်ဝတ္ထုရိုက်ရင်းဖတ်ဖြစ်တယ်။

ပြီးတော့နိုကိုမီကိုး၊ ဓာပြည့်ရတနာ၊ မာလာ၊ ချမ်းသာ၊ ဒေါင်းနွယ်ဆွေရဲ့ ပြန်လည်ရိုက်နှိပ်ခြင်း။

ဦးတိမ်ညိုက နိုကိုမီကိုနဲ့ ခင်သတဲ့။ အရမ်းသဘောကောင်းသတဲ့။ ဘက်ဆဲလားတွေရဲ့ စာအုပ်တွေလည်း ရိုက်ရတယ်။



စာရေးဆရာတွေထဲမှာ လက်ရေးအလှဆုံးကတော့ နောင်ဝင်းထွန်းပဲ။ ဆရာဆွေမြင့်ရဲ့ ဘာသာပြန်တွေလည်း ဖတ်လို့ကောင်းမှကောင်း။

စေတနာစာပေက အပ်တဲ့ စာမူတွေလည်း ဖတ်ရတယ်။ ကျွန်မက ဝတ္ထုတစ်အုပ်ကို လေးငါးဆယ်ပေးပြီး ငှါးမဖတ်နိုင်ဘူး။

ဒီတော့ကာ စာရိုက်တဲ့အလုပ်ဟာ ကျွန်မအတွက် နိဗ္ဗာန်တစ်ခုပဲ။

တစ်နေ့ကို အစကတော့ ဆယ်ရွက်လောက်ပဲပြီးတယ်။ နောက်ပိုင်းမှာ တော့များလာပါတယ်။

စာထိုင်ရိုက်ရတဲ့အခါ ဝမ်းချုပ်တယ်။ ဇက်ကြောလည်းတက်တယ်။ နံနက် ကိုးနာရီဆို ဆိုင်ကိုကျွန်မရောက်ပြီ။ အထပ်ခိုးလေးမှာပဲနေတဲ့ ဦးတိမ်ညိုက တံခါးဆင်းဖွင့်ပြီး-

"ဝီရိယရှိတယ်" လို့ချီးကျူးလိုက်ရင်တော့ အဲဒီတစ်နေ့လုံးဟာ ပီတိတွေဖြာနေတော့တာပဲ။

တစ်မနက်မှာတော့ ကျွန်မက နာရီစောပြီး ဆိုင်ကိုနာရီဝက်လောက်စောရောက်သွားတယ်။ တံခါးလာဖွင့်ပေးတဲ့သူက ဦးတိမ်ညိုမဟုတ်ဘူး။ ကျွန်မဘယ်တုံးကမှ ဦးတိမ်ညိုအနားမှာ မမြင်ခဲ့ဖူးတဲ့အမျိုးသမီးတစ်ယောက်။ တကယ့်ကို အိမ်ရှင်လိုပဲ။ ကျွန်မဆိုင်ထဲရောက်ပြီး သိပ်မကြာခင် အဲဒီမျိုးသမီး ပြန်သွားတယ်။ ကိုကိုက လိုက်ပို့တယ်။

ရင်ထဲမှာတော့ ဘာကြောင့်မှန်းမသိဘူး။ သိပ်ကမ်းနည်းတယ်။ ကိုကိုရယ်....။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားကောင်းဆိုတာ အလကားရတဲ့ပစ္စည်းတိုင်းကို မသုံးကြပါဘူး။

◆ ◆ ◆ ◆ ◆

ကျွန်မပြောပြတာကို နားထောင်ပြီး ဝတီကမှတ်ချက်ချတယ်။

"သိပ်မထူးဆန်းပါဘူး"

"အမှာ့အတွက်ကတော့ ဒါအံ့ဩစရာကောင်းနေတယ်ဝတီ၊ အမာတို့မြို့မှာ ဒီလိုမျိုးတွေမရှိဘူး။ မြို့က ကျဉ်းတော့ စီခနဲ ဘာဖြစ်တယ်ဆိုတာနဲ့ ချက်ချင်းသိတယ်။ ပြီးတော့ ဒီလိုကိစ္စမျိုး တွေကို ရှက်ဖို့ကောင်းတယ်လို့ ယူဆထားတယ်။ ဦးတိမ်ညိုက မျက်နှာတစ်ချက်တောင် မပျက်ဘူး"

"ယောက်ျားလေးကတော့ ဘာဖြစ်မှာလဲအမာ။ တစ်ရွေးသားမှ လျော့တာမဟုတ်ဘူး။ မိန်းမတွေစည်းဖောက်လို့ဖြစ်ကြတာပဲ။ နှစ်ဦးစလုံးမှာအပြစ်ရှိတာပေါ့။ ဒါတွေက ရိုးရာစည်းကမ်းတွေနဲ့လည်းဆိုင်တယ်။ လူတွေက စည်းကိုမလိုက်နာချင်ကြတော့ဘူး။ ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်ကြတော့ဘူး။ ဒါမဖြစ်သင့်ဘူး။ အမျိုးစင်တစ်ယောက်ရဲ့ တန်ဖိုးကဘာနဲ့မှဝယ်လို့မရဘူး။ လူ့ခန္ဓာကိုယ်မှာ အင်္ဂါတစ်ခုခု ဆုံးရှုံးသွားရင် အစားပြန်ထိုးလို့ရတယ်။ ဦးနှောက်တောင်မှ အစားထိုး



ဖို့နိုင်ငံခြားမှာ လုပ်နေကြပြီ။ ဒါပေမယ့် တရားဝင်မဟုတ်တဲ့နည်းနဲ့ အမျိုးရည်ပျက်ရင်တော့ ဘာနဲ့မှအစားထိုးလို့ရမှာမဟုတ်ဘူး။ ပြန်ဝယ်ထည့်လို့ရတဲ့ပစ္စည်းမဟုတ်ဘူး။ ဝတီကတော့လေ ခေတ်နောက်ကျတယ်ပဲပြောပြော။ ကိုယ်လက်ထပ်တဲ့ယောက်ျားဆီမှာပဲ ကိုယ့်ဘဝကို ပေးအပ်မယ်။ လက်ထပ်စာချုပ်နဲ့ လက်ထပ်ထားတာတောင် ယောက်ျားတွေကစိတ်ချရတာမဟုတ်ဘူးအမာ နင့်ကိုဝတီသတိပေးရဦးမယ်"

ကျွန်မ ဝတီစကားကြောင့် မလုံမလဲဖြစ်သွားတယ်။

ကိုကို့ကို သဘောကျနေတာ ဝတီများရိပ်မိနေပြီလားပေါ့။ ဒါပေမယ့် ကျွန်မက ဘာမှလုပ်တာမှ မဟုတ်တာနော်။ ကိုကိုကလည်း အနုတ် စုတ်ဂုတ်စုတ် ကောင်မလေးကို ခေါင်းထဲထည့်ပါ့မလား။ ဝေးပါသေးတယ်။ အခြေအနေတွေက မိုးနဲ့မြေ။ ဒါပေမယ့် နှင်းဆီပန်းဘယ် လောက်ဈေးကြီးကြီး မဝယ်နိုင်ပေမယ့် အနားက ဖြတ်သွားရင်း သူ့မွှေးရနံ့ကို ရှူရှိုက်ခွင့်တော့ လူတိုင်းမှာ ရှိသလိုပဲ။

ကျွန်မအတွက် ကိုကိုက အင်မတန်စွဲမက်စရာကောင်းတဲ့ ချိုအီပြင်းရှတဲ့ ရနံ့တစ်ခုပဲလေ။ ကျွန်မကတော့ အဲဒီရနံ့ထဲမှာ မူးယစ်ရီဝေလို့။ ထွက်လည်း မပြေးချင်ပါဘူးကိုကို။ ကိုကိုနဲ့ မနီးမဝေးမှာ ကျွန်မ ဘာသာ ရူးသွပ်နေတာတော့ အပြစ်မရှိပါဘူးကွယ်။

"ဘာလဲဟင် ဝတီ"

"အမာက ဝတီထက်ငယ်ပါတယ်။ ဝတို့ညီမလေးလိုပဲ ဝတီသ

www.burmeseclassic.com

www.burmeseclassic.com



ဘောထားတယ်။ ပြီးတော့ နယ်ကလာပြီးကြိုးစားတဲ့ ဘဝတူတွေချင်း ဆိုတော့ အမှာကို မတော်တာတွေ့ရင် ဝတီပြောမှာပဲ"

"ရပါတယ် ဝတီ ပြောပါ"

"ဦးတိမ်ညိုကိုတော့ သတိထားစေချင်တယ်"

"ရှင်"

"ဘာဖြစ်နေလို့လဲ။ ဘာလုပ်နေလို့လဲ ဆိုတာတွေထက် တကယ်လို့ဆိုတဲ့ Conditional (အခြေအနေ)ဖြစ်ခဲ့ရင် တစ်ခုခုဖြစ်လာခဲ့ရင်၊ နောင်တရစရာကိစ္စတွေ ဖြစ်လာနိုင်တယ် အမာ"

"ဝတီ အမာဘာမှမလုပ်ဘူး… အဲဒါကိုတော့ယုံတယ်မို့လား ဟင်"

ဝတီက ကျွန်မကိုသနားငဲ့ညှာစွာ တစ်ချက်ငဲ့ကြည့်တယ်။ ပြီးတော့ ခေါင်းတစ်ချက်ညိမ့်တယ်။ နောက်စကားဆက်ပြောတယ်။

"ဝတီသိပါတယ်။ ငါသိပါတယ်ညီမလေးရယ်…ဦးတိမ်ညိုက ဘွဲ့ရ၊ အလုပ်အကိုင်နဲ့ အိမ်ထောင်ဖက်အဖြစ် စိတ်ကူးယဉ်လို့ကောင်းတဲ့လူတစ်ယောက်ပါ။ ငါတို့တွေက အရွယ်ငယ်တော့ လေးစားမှာပဲ။ လေးစားတာရဲ့နောက်ကွယ်မှာ တွယ်ငင်တာတွေရှိလာနိုင်တယ်။ အထင်ကြီးတာနဲ့ အချစ်ဆိုတာ သိပ်ကိုနီးစပ်တဲ့အိမ်နီးချင်းတွေပဲ။ ဦးတိမ်ညိုမှာ တစ်ခုကလွဲပြီး ကျန်တာတွေကလေးစားစရာတွေချည်းပဲ။ ဒါပေမယ့် အဲဒီတစ်ခုက မိန်းမတွေအတွက် အရေးကြီးနေတယ်။ ဘာလဲ ဆိုတော့ သူကမိန်းမတွေကို လုံးဝတန်ဖိုးမထားဘူးအမာ"

ဝတီက သက်ပြင်းငွေ့ငွေ့ချတယ်။ ပြီးတော့ ကျွန်မ မထင်မှတ်ထားတဲ့ စကားတစ်ခွန်းကိုပြောတယ်။

"ဝတီလည်း မင်းတိမ်ညိုစာပေမှာ အလုပ်စဝင်တော့ ဦးတိမ်ညိုကိုတိတ်တိတ်လေး သဘောကျဖူးတယ်သိလား…"

ကျွန်မရင်တွေ ဒိုင်းခနဲဆောင့်ခုန်သွားတယ်။

"ဒါပေမယ့် သူက မိန်းမတွေကို ငွေနဲ့ လိုက်လျော့ရင် ရတဲ့ သူတွေလိုပဲ သဘောထားခဲ့တယ်"

❖ ❖ ❖ ❖ ❖

လစာကောင်းတော့ အမေတို့ဆီ ကျွန်မငွေပို့နိုင်ပါတယ်။ အန်တီလေးတို့ကိုလည်း တစ်လသုံးထောင်ပေးနိုင်တယ်။ မနက်စာထမင်းကို ကြုံရာစမူစာသုပ်၊ လက်သုပ်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ စတာတွေနဲ့ဖြေရှင်းပြီး ညစာကိုတော့ အန်တီလေး စေတနာနဲ့ချန်ထားတဲ့ ထမင်းတစ်ပန်းကန်နဲ့ ဟင်းတစ်တုံးလောက်ကိုမျိုချပြီး တစ်နေကုန်ခါးညောင်းခံ ညနေစောင်းခြေသလုံးတောင့်၊ ညကျတော့ အိမ်မှာ တောင်မမက်နိုင်ဘူး။

ကျောနဲ့ဖျာကပ်တာနဲ့ အိပ်တော့တာ တစ်မျိုးတည်းပဲ။ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တစ်လေမှာ အန်တီလေးသမီးတွေက ဝတ္ထုစာအုပ်တွေငှါးဖတ်လို့ ပိုက်ဆံအပိုကုန်တာကို အန်တီလေးက ရင်ဖွင့်ရင် အိုက်ငိုက်ငိုက်နဲ့ နား ထောင်ရသေးတယ်။

လက်လုပ်လက်စားတွေ ဝတ္ထုငှါးဖတ်ဖို့က တော်တော်စွန့်စားရတဲ့ အလုပ်ပါ။ ကျွန်မကြွေးသိမ်းဘဝနဲ့တုန်းက ဝတ္ထုစာအုပ်တွေကြားထဲနေ ပြီး မဖတ်ရဘူး။ ဆိုင်တွေနဲ့မခင်တော့ မဖတ်ရဲသေးဘူးလေ။ နောက်ပြီး ဦးတိမ်ညိုတွေလို့ အအော်ခံရမှာလည်း ကြောက်သေးတယ်။ ဝါသနာ ပါတဲ့မိန်းကလေးပဲ။ ဝတ္ထုမြင်ရင်တော့ဖတ်ချင်တာပေါ့။

အခုစာရိုက်တော့မှ ဝတ္ထုမထွက်ခင် ဖတ်ရတာပေါ့။ ဝတ္ထုစာ အုပ် လက်ရေးစာမူကနေ ပုံနှိပ်စာမူဖြစ်ဖို့ အနည်းဆုံး လေးလ၊ အများဆုံး တစ်နှစ်အထိ ကြာတတ်တယ်။

တစ်လတစ်အုပ်ထွက်နိုင်တယ်ဆိုတာ စက်လိုရေးနိုင်မှဖြစ်မှာ စာရိုက်တဲ့လူကတော့ တန်တာပေါ့။ ပိုက်ဆံမကုန်ဘဲ ဝတ္ထုဖတ်ရတယ် တစ်ခါတစ်လေမှာ နာမည်ခံစာရေးဆရာတွေရဲ့ စာအုပ်တွေလက် ရေးသုံးလေးမျိုးနဲ့ လာတတ်တာလည်းတွေ့ရပါတယ်။ လုံးဝမရေးဘဲ ဝယ်ထည့်ပြီးနာမည်ခံတဲ့ စာရေးဆရာတစ်ချို့ကိုတော့ အံ့သြမိတယ်။

အင်း ငွေကိုသူများဦးနှောက်ဖောက်စားပြီး ရှာနေကြပါလား၊ လက်လုပ်လက်စားတွေရဲ့ မရှိမဲ့ရှိမဲ့ငွေကို သွေးစုပ်နေကြပါလား။ အချို့ တွေကတော့ တရွှေ့ရွှေ့နှင့်ကုန်နေတာပဲ။



ကျွန်မလည်း ခါးညောင်း၊ ခြေသလုံးတောင့်နဲ့ ပိုက်ဆံရဖို့အလုပ် လုပ်နေရတာ စိတ်ကူးယဉ်ဖို့တောင် အချိန်မရဘူး။

"သမီး အမေတို့တစ်အိမ်လုံး ဝမ်းလျှောရောဂါဖြစ်နေကြတယ်။ ခွင့်တစ်ပတ်လောက်ယူပြီး ပြန်လာခဲ့ဦး"

အမေ့ဆီကစာရတော့ ကျွန်မသိပ်ပူပန်သွားတယ်။ ရေကြီးခြင်းရဲ့ နောက်ဆက်တွဲက လူတွေဝမ်းလျှောတာပါပဲ။

ရေကြီးတဲ့အချိန်တုန်းက အိမ်သာတွေမြုပ်တော့ အညစ်အကြေး တွေက ရပ်ကွက်ထဲကလမ်းတွေထဲပြန့်၊ ရေတွင်းထဲဝင်၊ ရေပိုက်ပေါက် တွေထဲဝင်၊ နောက်ဒီရေကိုပဲသောက်ဖို့၊ ဟင်းချက်ဖို့ သုံးကြတော့ အညစ်အကြေးတွေကပါလာတဲ့ ရောဂါပိုးတွေက ဝမ်းလျှောစေတာ ပေါ့။ အစုလိုက်အပြုံလိုက် ဝမ်းလျှောကြတာ ရေကြီးပြီးရင် ဖြစ်တတ် တဲ့နောက်ဆက်တွဲပါပဲ။ မိဘတွေနေမကောင်းဘူးဆိုတော့ ကျွန်မပြန်ကို ပြန်ရမယ်။ ပြန်ဖို့ ဦးတိမ်ညိုကိုခွင့်တောင်းရဦးမယ်။ စကားကိုလိုတာ ပဲပြောပြီး ဝတ္ထုသတိပေးသံကို ခေါင်းထဲထည့်ထားတဲ့ ကျွန်မဟာ ဦးတိမ်ညိုနဲ့ တတ်နိုင်ရင် မျက်နှာချင်းတောင် မဆိုင်ချင်ဘူး။

ကျွန်မက

"ပြောစရာရှိလို့ပါ" လို့ စကားစလိုက်တာနဲ့ သူကလယ်ဂျာအပ် ပိုက်ဆံစာရင်းသွင်းနေတာကနေ မော့ကြည့်ပြီးမေးဆတ်ပြတယ်။ ဒါဘာလဲလို့ အသံတိတ်မေးတဲ့သဘော။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ပြန်ချင်လို့"

"ဪ နယ်လား"

"ဟုတ်ကဲ့"

"ဘယ်နှစ်ရက်လောက်ကြာမလဲ"

"တစ်ပါတ်"

"ဘာ"

သူ့အော်လိုက်တဲ့အသံဟာ ကျွန်မကိုရော၊ ဆိုင်ထဲမှာအလုပ်လုပ်နေတဲ့လူတွေကိုပါ အထိတ်တလန့်ဖြစ်သွားစေပါတယ်။

"ကျွန်··ကျွန်မပြောတာ ဘာမှားသွားလို့လဲဟင်"

"နေပါဦး မင်းကတစ်ပါတ်တောင် ဘာသွားလုပ်မှာလဲ"

"ရှင်"

"အေးလေ တစ်လမှာ လေးပတ်ရှိတယ်။ တစ်ပတ်တောင်အိမ်ပြန်ပြီး ဘာလုပ်မှာလဲ။ မင်းအလုပ်မလုပ်တော့ဘူးလား။ မိန်းမတွေဘယ်တော့မှ အချိုးမပြေဘူး။ ထစ်ခနဲရှိအကြောင်းပြပြီး အလုပ်ကခွင့်ယူဖို့ပဲစဉ်းစားနေတယ်။ ကျွန်မသိပ်ဒေါသထွက်သွားသလို ရှက်သွားတယ်။ ကျွန်မက အလေနပ်တော အိမ်ပြန်ချင်တာ ကျနေတာပဲ။ ရှပ်အင်္ကျီအိတ်ကပ်ထဲက အမေရေးပေးလိုက်တဲ့စာကို သူ့ရှေ့ဖြန့်ပြလိုက်တယ်။ သူကဖတ်ကြည့်ပြီး-

"ဪ···ဒီလိုဆိုတော့လည်းပြန်ပေါ့၊ ဒါပေမယ့် တစ်ပါတ်ထက်တော့ ပိုမကြာစေနဲ့"



"ကျွန်မ အလုပ်သမားမှန်း ကျွန်မသိပါတယ် ဦးတိမ်ညို"

ပြောပြီး လှည့်ထွက်ခဲ့တယ်။

ဝတီပြောပြတာဟုတ်မှာ။ ဒီလူဟာ မိန်းမတွေကိုငွေဝယ်ကျွန်တွေလိုသဘောထားတယ်ဆိုတာ။

ပြောလိုက်တာများ လူကိုနှစ်ပြားမတန်။ အေးပေါ့လေ သူ့အလုပ်သမားပဲ။ ကျွန်မပထမဆုံးအကြိမ်သူ့ကိုတော်တော် စိတ်နာသွားပါတယ်။

ရေကြည်ကိုသွားဖို့ ရန်ကုန်-ကျုံပျော်ကားလက်မှတ်ဝယ်ရတယ်။ ရေကြည်မရောက်ခင် လမ်းတစ်လျှောက်မှာ ရေတွေကြီးနေတုန်းပဲမို့။ ဒီနှစ်မိုးနှောင်းဟာ လူတော်တော်များများရဲ့ အိမ်မက်တွေကို ဖျက်ပစ်လိုက်နိုင်တာအသေအချာပဲ။ သဘာဝတရားကို ဘယ်သူမှချုပ်ကိုင်လို့မရ။ အိမ်ရောက်တော့ ကျွန်မဘယ်လိုမှ ထင်မထားခဲ့။ အမေဆုံးပြီ။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

သူတို့သည် ပျက်စီးသွားသည့်အသိုက်အမြုံကို ကျေးဇူးတင်ကြ

၏ အကြောင်းမှာကား သူတို့၏လျောင်အိမ်သည် လှပလုံခြုံသော

ကြောင့်တည်း။

ရာဇဝင်မြနတ်တရိုး



တစ်ပါတ်ပဲအချိန်ရတဲ့ ကျွန်မဟာ ဖအေသေဆုံးသွားတဲ့အတွက် သောကပရိဒေဝမီးကိုပိုက်၊ မအေနဲ့မောင်ကလည်း ဝမ်းသွားနေတုန်း ဆိုတော့ စိတ်မချပေမယ့် အလုပ်ကဘာဝဖြစ်နေတဲ့အခါ ကိုယ့်ကံကြမ္မာကိုပဲ ကိုယ်ဆဲဆိုရင်း ရန်ကုန်ပြန်လာခဲ့တယ်။

"မင်း ကတိတည်သားပဲ"

ကျွန်မ မဲ့ပြုံးပြုံးမိတယ်။ ကတိ…။ ဒီအတွက် ကျွန်မဘာများရ လို့လဲ။ စွန့်ခွါခဲ့ရတာတွေပဲရှိနေတယ်လေ။

ကျွန်မအိမ်ကိုစိတ်မချဘူး။ ကိုယ်ခံအားကျ၊ စိတ်ဓါတ်ကျနေတဲ့ အဖေဆုံးသွားခဲ့ရတာ ကျွန်မဖြေမဆည်နိုင်သေးဘူး။

ကျွန်မငိုချင်နေတယ်။ ဒါပေမယ့် မျက်ရည်ကမထွက်ဘူး။ ရင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ တင်းကျပ်ပိတ်ခဲနေတယ်။ ပြီးတော့ ဦးတိမ်ညိုကိုလည်း မုန်းနေမိတယ်။ ခရီးသွားခါနီး သူကတောက်ကဆလုပ်လို့ ဒီလိုကြေကွဲမှုနဲ့တွေ့ရတာ။ သူသာ ချောချောချူချူ ခွင့်ပေးရင် ကျွန်မစိတ်ဆင်းရဲပြီး ပြန်လာရမှာမဟုတ်ဘူး။ ဒါပေမယ့် ဆိုင်လည်းမဆိုင်လောက်ပါဘူး။ ဖြစ်မယ့်အချိန်တွေဖြစ်ပြီး ပျက်မယ့်အချိန်ပျက်တာ လောကမှာတာပဲ။

သူကဘောင်ချာတွေ တစ်ထပ်ကြီးထုတ်ပေးတယ်။ ပြီးမှ

"ဒါနဲ့ မင်းအိမ်သားတွေရော နေကောင်းသွားပြီလား"လို့မေးတယ်။

ကျွန်မစိတ်ကိုတင်းပြီး ဖြေလိုက်ပါတယ်

"မနေ့ကပဲ အဖေ့ကိုသင်္ဂြိုဟ်လိုက်တယ်"

"ဟာ…"

သူကျွန်မကိုကြည့်လိုက်တဲ့ မျက်လုံးတွေဟာသနားကြင်နာမှုတွေနဲ့အပြည့်။ ကျွန်မတကယ်ငိုချင်လာပြီ။ ထိန်းထားသမျှ လွှတ်ချလိုက်တယ်။ သူ့ရှေ့မှာမျက်ရည်ကျရမှာစိုးလို့ လက်ကိုင်ပုဝါနဲ့ အမြန်သုတ်ပေမယ့် မျက်ရည်တာကျိုးခဲ့ပြီ။

သူက ခုံတစ်လုံးကိုဆွဲယူပြီး ကျွန်မကိုထိုင်ခိုင်းတယ်။

"မင်းငါ့ကို ဘာလို့စောစောမပြောသလဲ အမာ"

ကျွန်မ ခေါင်းကိုတွင်တွင်ခါယမ်းပြီး ဘာမှပြန်မပြောခဲ့ပါဘူး။ ကိုကိုက စောစောကနဲ့တစ်ခြားစီ နူးညံ့တဲ့အသံနဲ့။



"ရော့…ရော့…နှပ်ချီးတွေသုတ်လိုက်ဦး" ဆိုပြီး တစ်ရှူးတစ်ထုပ်ချပေးတယ်။

အထဲက တစ်ရှူးတွေတစ်ခုထုတ်လိုက်၊ နှစ်ချီးညှစ်လိုက်၊ မျက်ရည်သုတ်လိုက်နဲ့၊ တစ်ရှူးတစ်ထုပ် မလောက်ဘူး။

ကိုကိုက နောက်တထုပ် ထပ်ချပေးတယ်။ နောက်တစ်ထုပ်လည်းကုန်တာပဲ။ တစ်ရှူးနှစ်ထုပ်ကုန်မှ ငိုရတာ နည်းနည်းရပ်သွားတယ်။ သက်သာသလိုလည်းရှိသွားတယ်။

"ဒီနေ့ ကြွေးမသိမ်းနဲ့တော့…ဟုတ်ပြီလား။ အခုမင်း စကားပြောလို့ရပြီလား"

"ဟုတ်ကဲ့"

"အိမ်မှာ ဘယ်သူတွေရှိသေးလဲ"

"အမေနဲ့ မောင်လေး"

"သူတို့ရော နေကောင်းရဲ့လား"

"ဟင့်အင်း"

"ဝမ်းလျှောကြတာပဲလား"

"ဟုတ်တယ်"

"အခြေအနေတော်တော်ဆိုးသလား"

"ကျွန်မပြန်လာတဲ့အထိတော့ မကောင်းသေးဘူး"

"ဒါဆို မင်းပြန်သင့်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မပြန်ချင်ပါတယ်။ ဒါပေမယ့် ပိုက်ဆံကရှိသေးတယ်"

"ငါကူညီမှာပေါ့"

သူကငွေတစ်သောင်းကို ကူငွေအဖြစ်ပေးတယ်။

"မယူပါရစေနဲ့ ဦးတိမ်ညို"

"မင်းမှာ အခက်ခဲရှိနေတယ်"

"ကျွန်မအိမ်ကို နောက်တစ်ပါတ်လောက်ပြန်ရင် အလုပ်ထုတ်မစ်မှာလား အဲဒါပဲသိချင်တယ်"

"ငါလူစိတ်ရှိပါတယ်ကွ…မင်းဒီငွေကိုယူသွားအမာ၊ ဒါမင်းအတွက် လောလောဆယ်သုံးလို့ရတယ်။ မင်းအဖေအတွက်ငါတကယ် စိတ်မကောင်းပါဘူး။"

ကျွန်မသူ့ကို စူးစူးဝါးဝါးပဲ ပြန်ကြည့်နေဖြစ်တယ်။

ကျွန်မတွေးရင်းနဲ့ မျက်ရည်ကျလာပြန်တယ်။

"ကျွန်မ မပြန်တော့ပါဘူး"

"ဘယ်လို ဖြစ်ရတာလဲ"

"ကျွန်မပြန်မယ်ဆိုရင် ဒီပိုက်ဆံကို အတင်းပေးမှာပဲမို့လား၊ မလိုချင်ပါဘူး ဦးတိမ်ညို၊ ကျွန်မအဖေသေသွားတာ စိတ်ဆင်းရဲလို့မဝသေးဘူး၊ ကြွေးမဆပ်နိုင်မှ ဒုက္ခပိုရောက်မယ်"

"ဒါ မင်းကိုချေးတာမဟုတ်ဘူး ပေးတာ"

"ပေးတာမို့မယူချင်တာ၊ သူများပေးတဲ့ဟာ အလကားမယူချင်ဘူး"



"မင်းကို အလဟာသပေးနေတာမဟုတ်ဘူး အမာ၊ မာန်ဆိုတာရှိသင့်တဲ့နေရာမှာပဲထားတာကောင်းတယ်။ ငါမင်းကို အလုပ်ရှင်တစ်ယောက်အနေနဲ့ ပြောတာ…"

"ကောင်းပြီလေ… ဒါဆိုကျွန်မက အလုပ်သမားတစ်ယောက်အနေနဲ့ ကိုယ့်တာဝန်ကိုသိပါတယ်။ ဟေး…အဲဒီဘောင်ချာတွေ ကျွန်မအကြွေးသွားတောင်းမယ်"

သူ့ရှေ့မှာ ချထားသော ဘောင်ချာအထပ်လိုက် ကျွန်မလက်ထဲရောက်တာနဲ့ ဆိုင်ထဲကမပြေးရုံတမယ် ထွက်ခဲ့တယ်။ ကျွန်မကို မသနားပြပါနဲ့လား ကိုကို။

ကျွန်မက မာကျောကြမ်းတမ်းတဲ့ စူးတစ်ခက်ပဲ ဖြစ်ချင်ခဲ့တာ။ ဖြူဖွေးနူးညံ့ပြီးထိတာနဲ့ ကြွေသွားတော့မတတ် ဖယောင်းပန်းမျိုးမဖြစ်ချင်ဘူး။

ဒါပေမယ့် ကိုကို့ဆီက မသထာရေစာ အကြင်နာလေးတွေကိုရတာနဲ့ ကျွန်မပျော့ညံ့သွားလိမ့်မယ်။ ကျွန်မ မိုတွယ်ဖို့မျှော်လင့်ချက်ထားလာမိလိမ့်မယ်။

ရှောင်တော့မယ်ကိုကို။

ဒါဟာ အဖြစ်သင့်ဆုံး လမ်းတစ်ခုပဲမဟုတ်လား။ တစ်ခါတစ်ရံမှာ မဖြစ်ချင်ပေမယ့် ဖြစ်သင့်တာတွေနဲ့ ဘဝကိုတည်ဆောက်ရတတ်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါပေမယ့် မဖြစ်ချင်တာတွေနဲ့လည်း ဘဝကိုပုံသွင်းမိလျက်သားဖြစ်နေတတ်တာတော့ ကျွန်မမသိခဲ့ဘူးပေါ့ကိုကို။

◆ ◆ ◆ ◆ ◆

ချိုချိုတစ်ယောက် ဒီကနေ့ပဲ အလုပ်ကအပြီးထွက်သွားပြီ။ ဝတီနဲ့ ကျွန်မကို သုံးဆယ့်တစ်လမ်းထိပ်က စမူဆာသုပ်တစ်ယောက်တစ်ပွဲစီကျွေးပြီး ချိုချိုကရင်ဖွင့်တယ်။ ပုလင်းဖင်လိုထူတဲ့မျက်မှန်အောက်က ချိုချို့မျက်လုံးတွေကတော့ ရဲရင့်နေတုန်းပါပဲ။ ချိုချိုကအနာဂတ်ကို သေချာပေါက်ရှာရဲ၊ ရောက်အောင်သွားရဲတဲ့ မိန်းမမျိုး။

"ငါဖြစ်ချင်ခဲ့တာ စာရေးဆရာမပါ။ စာရေးတာတောင် ရိုးရိုးအချစ်၊ အကြမ်းတွေမရေးချင်ဘူး။ ဘာသာပြန်တွေရေးချင်တာ။ ဆရာကြီးမြကို သိပ်ရူးသွပ်ခဲ့ဘူးတာ။ ခုတော့ အိပ်မက်လေး အကောင်အထည်ဖော်နိုင်တော့မယ်"

"ဆရာကြီးမြဆိုတာ ဘယ်သူလဲဟင်"

"အမာရယ် ဘာသာပြန်မှာ ဆရာကြီးက သိပ်မများဘူး၊ အထောက်တော်လှအောင်၊ အောင်ခန့်၊ မြသန်းတင့်၊ ရွှေဥဒေါင်း၊ အဲဒါတွေကိုနင်မသိရင် စာအုပ်တန်းထဲ ဘာလာလုပ်တာလဲ၊ ဆရာကြီးမြဆိုတာ မြသန်းတင့်ပေါ့၊"



"အမာစာအုပ်အများကြီး မဖတ်ဖူးသေးဘူး။ ဝတ္ထုတွေလောက်ပဲဖတ်တာ"

"ဒီနေ့ထွက်တဲ့ ဝတ္ထုတွေဖတ်ရုံနဲ့ နင်လူမဖြစ်သေးဘူး အမာ၊ ဆယ်ကျော်သက်ဦးနှောက်ပဲရှိမယ်"

ဝတီက ပစ်ပစ်နှစ်နှစ်ဝေဖန်ပါတယ်။

"ဒါနဲ့ ချိုချိုက လစာဘယ်လောက်တဲ့လဲဟင်"

"တစ်သောင်းတဲ့"

"မနည်းဘူးလားဟင်"

"နည်းတာပေါ့...ဒါပေမယ့် ငါစာအုပ်ထုတ်ဖို့ကိစ္စလည်းရှိသေးတယ်။ အဲဒါက ကြိုတင်ငွေရဦးမယ်"

"ဟုတ်လား ဘယ်လောက်လောက်ရလဲ"

"ဆယ်အုပ် အလကားပေးရမယ်တဲ့ဟာ..."

"ဟင် ဘာသာပြန်ကို ဆယ်အုပ်အလားကားပေးရမှာလား.."

"မဟုတ်ဘူး အမာကလည်း ဘူးမလုံ့နားမတွေ့နဲ့ ငါကဖြစ်ချင်တာ ဘာသာပြန်စာရေးဆရာမ ဒါပေမယ့် ပိုက်ဆံကျတော့ လုံးချင်းရေးတာပိုရတယ်"

"ဒါဆို ချိုချိုက အခုလုံးချင်းရေးမှာပေါ့..."

"ဟုတ်တယ်...စာချုပ်ချုပ်ရဦးမယ်"

"ဘယ်နှစ်အုပ်စာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အုပ်တစ်ရာ"

ကျွန်မရင်ဘတ်ကိုဖိထားပြီး မယုံနိုင်ဟန်နဲ့ ထပ်မေးမိတယ်။

"အုပ်တစ်ရာတောင်"

"အေးလေ..တစ်လတစ်အုပ်ထွက်မှာဆိုတော့ တစ်နှစ်မှာတင် ဆယ့်နှစ်အုပ်ဖြစ်နေပြီ"

"ချိုချိုရေးနိုင်ပါ့မလား"

"ချစ်ကြိုက်ကွဲညားကတော့ နှစ်ပါတ်နဲ့ပြီးပါတယ် အမာရဲ့"

ဝတီက သက်ပြင်းတစ်ချက်ချကာ -

"ချိုချို ဘက်ဆဲလားဖြစ်မှ ငါအင်တာလာဗျူးမယ် အဲဒီလိုဖြစ်ဖို့ မျှော်လင့်ရတာပဲ ဟုတ်လားချိုချို"

"မသေချာပါဘူး ဝတီ၊ အထွက်မှာတင် ဒလိမ့်ခေါက်ကွေးမကျနိုင်ဘူးလို့ ဘယ်သူအာမခံပေးမှာလဲ"

ကျွန်မတို့သည် ယုံကြည်ချက်လျှောင်အိမ်ကလေးတွေနဲ့ ရန်ကုန်ကို စွန့်စားလာရောက်ကြသူများဖြစ်သည်။

ကျောတစ်နေရာစာရယ်၊ အလုပ်တစ်ခုရယ်။

ဒီနှစ်ခုကိုဖက်တွယ်ပြီး ရန်ကုန်မြို့မှာ နေသားတကျဖြစ်အောင် ကြိုးစားရဦးမယ်။ ဖော်ဝင်းရှိန်သီချင်းထဲကလိုပေါ့။ မြို့ထဲလမ်းမပေါ် ကားရောင်စုံများစွာ တစ်စီးမှကိုယ်မပိုင်ပါ။ ခုတော့ အသက်ရှူရတာတောင်မဝချင်။

❖ ❖ ❖ ❖ ❖



အမေနဲ့မောင်လေးဆီက သက်သာတဲ့အကြောင်း နောက်တစ်ပါတ်မှာ လူကြုံနဲ့စာလက်ခံရရှိခဲ့ပါတယ်။ ရင်ထဲမှာ အဲဒီစာကြောင့် စိတ်တော်တော်အေးသွားတယ်။ အိမ်အတွက် စိတ်အေးသွားတော့ အလုပ်ခွင်မှာ အဆင်မပြေမှုကလေးတွေ လာတွေ့ရတယ်။

"ဒီမှာ ကြည့်"

ကျွန်မရှေ့ကို ဖလင်တစ်ချပ်ချပေးတယ်။ ဦးတိမ်ညိုမျက်နှာဟာ ဒေါသကြောင့် တော်တော်လေးနီရဲနေတယ်။ ကျွန်မဖလင်ကို ထောင်ကြည့်ပြီးပြန်မေးတယ်။

"ဘာဖြစ်လို့လဲ ဦးတိမ်ညို"

"ဘာဖြစ်ရမှာလဲကွ.. အလုပ်ကိုအလုပ်နဲ့တူအောင်ပဲ လုပ်တာပဲ ငါကြိုက်တယ်အမာ ဒီဖလင်ထဲမှာ အမှားတွေအများကြီးပဲ"

"အဲဒါ ကျွန်မမှားတာမဟုတ်ဘူး။ Customer ကမှားတာ သူ့ဟာသူသေချာစစ်ရမှာစစ်ပြီး ပြီးရောဆိုပြီး ကျွန်မကိုဖလင်ထုတ်ခိုင်းတယ်"

"သေချာလား"

"ကိုတိုးကိုမေးကြည့်ပါ"

ကိုတိုးကပါ သူ့ကွန်ပျူတာရှေ့ကနေထပြီး ဦးတိမ်ညိုကို -

"ဟုတ်ပါတယ်ဆရာ--ကျွန်တော်ရှိပါတယ်။ အဲဒီတုန်းကအအေသေချာပြန်စစ်ခိုင်းပါတယ်"

"ဒါဆိုလည်းပြီးရော။ ကဲ ကိုယ့်နေရာကို ပြန်ကြတော့"

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရှင်နဲ့အလုပ်သမားမှာ ကွာခြားချက်တွေအရမ်းများပါတယ်။ အလုပ်ရှင်နောက်ကျရင် ဘယ်သူ့အအော်မှမခံရဘူး။

အလုပ်သမားနောက်ကျတော့ တစ်နေကုန်မျက်နှာအောက်ချထား ပေတော့။

အခုလည်း ဦးတိမ်ညိုက သူမှားမှန်းသိပေမယ့် ခပ်တည်တည် နဲ့ ဟိန်းဟောက်သေးတယ်။ ကျွန်မကို အဖေ့အတွက် ကူငွေမယူတာနဲ့ ပတ်သက်ပြီး တော်တော်ကြည့်မရပုံပါပဲ။ မာနဆိုတာ ရှိအပ်တဲ့နေရာ မှာစဲထားတာကောင်းတယ်လို့ ပြောကတည်းကသိသာပါတယ်။

ပထမဖလင်ကိစ္စ ကျွန်မအမှားမဟုတ်ပေမယ့် ဒုတိယပါဋ္ဌီစာလုံး တွေမှားတဲ့အခါမှာတော့ ကျွန်မအမှားမို့ တော်တော်ကြီးအအော်ခံရပါ တယ်။ Costomer ကဘုန်းကြီးဖြစ်နေတော့ ဦးတိမ်ညိုကို တားယူရတဲ့ အထိပါပဲ။

"ဒကာကြီးရယ်··အဲ့ဒီလောက် ဒေါသမကြီးပါနဲ့"

လူအများရှေ့မှာ··

"Stupid"လို့ အဆဲခံရတာ အတော်နာစရာကောင်းပါတယ်။ အဆူခံရတဲ့ညက ကျွန်မအိပ်ရာထဲမှာ တစ်ညလုံးငိုနေမိတယ်။ အလုပ် တောင်ထွက်ပစ်ဖို့အထိ စိတ်ကူးမိတယ်။ သူဒေါသသိပ်ကြီးရင် လူကို ကြက်ကလေး ငှက်ကလေးများလို လည်ချိုးပစ်မလားတောင် မသိဘူး လို့ စိတ်ပေါက်ပေါက်တွေးမိတယ်။ အန်တီလေးကတော့ ဆုံးမပါ တယ်။



"သမီးရယ် သူ့ဒွေးဆိုတော့ ဒီလိုပဲပေါ့။ သူကငွေရှင်ပဲ။ သမီး များတော့ သူ့အလုပ်မှာ ထိခိုက်မှာပေါ့၊ ကိုယ်ကသူ့အလုပ်သမားပဲ။ အလုပ်သမားဆိုတာ အလုပ်ရှင်ရဲ့ အအော်အငေါက်တင်ခံရတာ ဘုရား မတာပဲသမီးရဲ၊ ယုတ်မာတဲ့အလုပ်ရှင်နဲ့မတွေ့လို့တော်သေးတယ်မှတ်။ တော်ကြာ···လစာထဲက ဖြတ်တာတို့၊ အလုပ်ထုတ်ပစ်တာတို့၊ ဖြစ်နေ ဦးမယ်အမာ"

ကျွန်မအငိုရပ်သွားတဲ့အခါကျတော့မှ စဉ်းစားမိတယ်။

ကိုကိုဟာ သူများရဲ့လက်အောက်ခံဘဝက ဒီအခြေအနေထိ ရောက်လာတယ်ဆိုသေးရဲ့။ ဘာလို့များ လက်အောက်ခံအလုပ်သမား ဘဝကို မစာနာနိုင်ရပါလိမ့်။

အလုပ်သမားဆိုတာ ဓါးမနောက်ပိတ် နှင်းပြားဘဝပါကိုကို။ ဒါပေမယ့် အလုပ်သမားမရှိဘဲ ဘယ်လိုမှ အလုပ်ရှင်တွေ ရပ်တည်လို့ မရဘူး။ ဟုတ်တယ်မဟုတ်လား။ အလုပ်သမားတွေ အလုပ်လုပ်နေလို့ အလုပ်ရှင်တွေ ထမင်းစားနေရတာမဟုတ်လား။

ဘာပဲဖြစ်ဖြစ် အားလုံးပြီးသွားတဲ့အခါကျတော့ ကိုကို့ကို အပြစ် မမြင်တော့ပါဘူး။

အချစ်ဆိုတာ သိပ်ဆန်းကြယ်တဲ့အရာပဲကိုကို။ ဆိုးသွမ်းမှုတွေကို တောင် ချစ်မြတ်နိုးစရာလိုထင်ရအောင် ထင်ယောင်ထင်မှားဖြစ်စေ တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလေ ကျွန်မရဲ့ အသိုက်အမြုံကို တံခါးမှာမေ့သွားခဲ့ပြီး တစ်ခါတစ်ရံ မက်မောလောက်အောင် ဖြားယောင်းတတ်တဲ့။ ကိုကို့ မျက်ဝန်းတွေထဲမှာ အိပ်မောကျတတ်ခဲ့ပြီပဲ ကိုကို။

❖ ❖ ❖ ❖ ❖

စာရိုက်ရတဲ့နေရာမှာ ပါဠိတွေရိုက်ရတာ သိပ်စိတ်ညစ်စရာကောင်းတယ်။ ကျွန်မမှားထားတဲ့ ပါဠိပါဌ်ဆင့်တွေက အများကြီးပဲ။ ဒါတွေကို ပြန်ပြင်ဖို့အတွက် သူများတွေ ည ခုနှစ်နာရီ မထိုးခင် ပြန်ကုန်ကြပေမယ့် ကျွန်မကတော့ ဆက်ရိုက်နေရတယ်။

"အမာ.."

"ရှင်"

စာရိုက်နေရာကနေ၊ ကိုကို့ကို ကျွန်မတစ်ချက်မော့ကြည့်မိတော့ ခပ်ရှုးရှူးအနံ့က နှာခေါင်းထဲတိုးဝင်လာတယ်။ ဒါ အရက်နံ့ပဲဖြစ်မှာပါ။

"ငါ နင့်ကိုနည်းနည်း မေးချင်လို့"

"ဟုတ်ကဲ့"

"နင့်အသက် ဘယ်လောက်ရှိပြီလဲ"

"ဟင်"



"ငါမေးတာ ရိုးရိုးသားသားမေးတာ"

"ဟို..ဆယ့်ရှစ်"

"သြော်...."

ပြီးတော့ ဘာမှမပြောတော့ဘဲ သူ့စားပွဲမှာ သွားထိုင်တယ်။

"လောကကြီးမှာ အဓိကဘာလဲအမာ နင်သိလား"

"ကျွန်မအတွက်တော့ စားဝတ်နေရေးပေါ့ ဦးတိမ်ညို"

"အင်း စားဝတ်နေရေး ဟုတ်တယ်။ အဓိကကတော့ စားဖို့ပဲ၊ စားဖို့အတွက် ရှာနေကြတဲ့လူတွေပဲ"

"ကျွန်မ နက်ဖြန်မှ ဆက်ရိုက်တော့မယ် ရမလား"

"ဘာဖြစ်လို့လဲ ငါနဲ့နှစ်ယောက်တည်းမို့လို့လား"

"အင်း"

"ငါစကားပြောချင်နေလို့ပါဟာ...မရိုက်နဲ့တော့၊ ဒါပေမယ့် မပြန်နဲ့ဦး ငါနဲ့စကားပြောရအောင်"

"ကျွန်မ နောက်ကျနေပြီ"

"နင် ငါ့ကိုမယုံတာလား"

"အဲသလို မပြောပါဘူး"

"ငါ နင်နဲ့စကားပြောချင်နေတာ၊ လာဦး ခဏပဲ နာရီဝက်လောက် စကားပြောကြမယ်။ ပြီးရင် နင့်အိမ်ကို ကားငှါးပြီး လိုက်ပို့ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



“ရပါတယ် ဦးတိမ်ညို”

အဲဒီနောက် ကိုကိုက မျက်နှာကျက်ကိုမော့ကြည့်ပြီး ခပ်တိုးတိုး စပြောတယ်။ ကိုကို့အသံတွေက ကျွန်မအသည်းနှလုံးအထိ ဖောက်ဝ သွားခဲ့တယ်။

“ငါ့ကို နင်ကတော့ထင်မှာပဲ၊ ငါဟာ ငွေဂုဏ်သိပ်မောက်တယ် သိပ်အော်တတ်တယ်။ စိတ်တိုတတ်တယ်၊ ဟုတ်တယ်။ တစ်ခုမှမမှ ဘူး။ သိလားအမာ။ ဒါတွေက ငါ့ပင်ကိုယ်စိတ်မဟုတ်ဘူး။ ငါ့က ဒီလိုပြုကျင့်တတ်အောင် လူတွေကပဲသင်ပေးလိုက်တာ။ နင့်မှာအ အဖေမရှိတော့ဘူး။ နင်နဲ့ငါဘဝတူပဲ။ ငါ့အဖေကတော့ ငယ်ငယ် ကလေးတည်းက ဆုံးသွားခဲ့တာ။ ငါတောင် မသိလိုက်ဘူး။ အဖေ တာ ဖြူမှန်းမည်းမှန်းမသိတဲ့ မွေးကင်းစမှာဆုံးသွားတာ။ မသိရ မခံစားရဘူးအမာ။ အဲဒါ လက်ခံလား။ ထားပါတော့။ ငါသိတတ် စအချိန်မှာ ငါ့အမေထပ်ဆုံးသွားတယ်။ အဖေအမေဆိုတာ ဘယ်နည် နဲ့မဆို ကိုယ့်ထက်အရင်သေနိုင်တဲ့သူတွေပါ။ ဒါပေမယ့် ငါခွင့်လွှတ လို့မရဘူး။ ငါပြောတာတွေ နင်နားလည်မှာမဟုတ်ဘူး။ တွေ့စက တည်းက နင့်မျက်နှာလေးက ကလေးလေးလိုပဲအမာ။ ဒါကြောင့်န ကိုတော့ဖြောင့်တယ်လို့ငါယူဆခဲ့တယ်။ နင်အလုပ်ကြိုးစားအမာ။ ဒ မှာအလုပ်တွေကို ပိုင်းကူမယ့် မန်နေဂျာတစ်ယောက်လောက်တော ထားမယ်စိတ်ကူးတယ်။ နင် ဒီအလုပ်တွေ အကုန်လုပ်ဖူးမှ သူများက



စီမံခန့်ခွဲနိုင်မယ်။ ငါအော်တယ်ဆိုတာ နင်ကောင်းစေချင်လို့၊ နင့်မှာ ဘယ်သူ့ကိုမှ အောက်ကျမခံဘူးဆိုတဲ့ မာနရှိတယ်။ အဲဒါဆက်ထိန်း ထား။ မိန်းမတွေက အောက်ကျခံချင်ကြတယ်။ ပိုက်ဆံရှိတဲ့ယောကျ်ား ဆိုပိုဆိုးသေးတယ်။ မယားငယ်ဖြစ်ချင်ဖြစ်ပစေ”

“အဲဒါ မိန်းမတိုင်းမဟုတ်ဘူး”

“ငါကလည်း ဘာပြောလို့လဲ”

“ဒါပေမယ့် ကျွန်မကမိန်းမပဲ မိန်းမထိရင် နာရမှာပေါ့”

“အေး နင်ပြောတာလည်းဟုတ်ပါတယ်။ ဒါပေမယ့် မိန်းမတွေ ကယောကျ်ားတွေထက် ငွေပိုပြီးကြိုက်တယ်။ အဲဒါ နင်ငြင်းမလား။ မိန်းမတွေက တိုက်နဲ့လည်းနေချင်တာပဲ။ ကားလည်းစီးချင်တာပဲ။ အဝတ်အစားလှလှလေးလည်း ဝတ်ချင်တာပဲ။ အဲဒီလိုနေချင်မှာပေါ့ အဲသလိုနေနိုင်တဲ့အဆင့်အတန်းကို ယောကျ်ားတွေကပဲရှာနိုင်တာ။ ဒီတော့ မိန်းမတွေက အဲဒီလိုယောကျ်ားတွေကိုပဲကပ်ကရော”

“ဦးတိမ်ညို ကျွန်မပြန်တော့မယ်”

“နေ··နေဦး ငါလိုက်ပို့ပေးမယ်အမာ”

“ရပါတယ်။ ရှစ်နာရီ ဆယ့်ငါးပဲရှိသေးတယ်။ တာမွေနဲ့မြို့ထဲ နီးနီးလေး၊ ၁၀၅-စီးရင်ရတယ်။ နေခဲ့တော့”

အပြန်လမ်းမှာ ကားကတစ်အားကျပ်တယ်။ အလုပ်ပြန်တဲ့မိန်းက လေးတွေကို စတီးလ်ချိုင့်နဲ့လွယ်အိတ်တွေနဲ့တွေ့ရတယ်။ ကိုယ့်အိမ်

www.burmeseclassic.com

www.burmeseclassic.com



အတွက် တစ်ထောင့်တစ်နေရာကနေ ပိုက်ဆံရှာပေးနေကြတဲ့ မိန်းက
လေးတွေ။ ဘယ်သူကကော ဒီကားကျပ်တာကိုခံချင်ပါ့မလဲ။ ဒီတော့
ကိုယ့်ပိုင်ကားလေးစီးချင်ရှာမှာပေါ့။ လူတွေရဲ့အိမ်မက်ဟာ ကားနဲ့တိုက်
ရွှေနဲ့ငွေပဲ မဟုတ်လား။

"ရှေ့တိုးပေးကြပါ…အပေါက်မှာလာပိတ်မနေနဲ့ အလယ်ခေါ
မှာ ရပ်လို့ရသလောက်ရပ်ကြပါ။ ဒီအပေါက်နဲ့လုပ်စားနေတာ ချော
ချောင်ချိချိစီးချင်ရင် ကိုယ်ပိုင်ကားဝယ်စီး"

စပယ်ယာရဲ့အသံက ငှက်ဆိုးထိုးသံလိုပဲ။ နားထဲမှာကန့်လန့်
လိုင်းကားစီးရင် ငရဲပြည်အရှင်လတ်လတ် ရောက်ရသလိုပဲ။ စပယ်
ယာက ငရဲသားနဲ့တူတယ်။

ကိုယ်ပိုင်ကားကို လူတိုင်းမစီးနိုင်တာသိရက်သားနဲ့ အဲဒီလိုစကာ
မျိုးပြောတာ ဟုတ်ကိုမဟုတ်။

❖ ❖ ❖ ❖ ❖

"ပြီးပြီလားအမာ"

ရိုက်လက်စ စာတွေကနေ ကျွန်မမျက်နှာလွှဲလိုက်ပြီး မေးလိုက်
တယ်။

"ဘာရိုက်ချင်လို့လဲ ဦးတိမ်ညို"



"ငါ့ကို ဒီလိပ်စာကဒ်ကလေး လုပ်ပေးပါဦး"

လိပ်စာကဒ်က အခုလက်ရှိ နာမည်တက်ဆဲ စာရေးဆရာမတစ်ယောက်ရဲ့လိပ်စာကဒ်၊ ဆေးတက္ကသိုလ်ကိုအားကျ၍ စီးပွားရေးတက္ကသိုလ်ဟူ၍ ကလောင်နောက်မှာထည့်ထားသည်။

ဦးတိမ်ညိုဒီလောက်ပျာယာခတ်နေရင်တော့ ဒီစာရေးဆရာမဟာ ငယ်လည်းငယ်ရမယ်။ ချောလည်းချောရမယ်။ ကိုတိုးက ကျွန်မကို ခပ်တိုးတိုးလှမ်းပြောပြတယ်။

"အဲဒါလည်း ဦးတိမ်ညိုအဆက်မဖြစ်တဖြစ်ပဲလေ"

"ဟုတ်လား"

ရင်ထဲမှာ စစ်ခနဲနာတယ်ကိုကို။ ဒါပေမယ့် ကျွန်မက 'ဘာမှ' ဆိုတဲ့စကားတွေနဲ့ ပတ်သက်တဲ့မိန်းကလေးပါ။ ယောက်ျားတစ်ယောက်ကို ရူးသွပ်တာလူသိသွားမှာလည်းစိုးတယ်။ 'ဘာမှ' မဆိုင်။ 'ဘာမှ' မဟုတ်။

"ပြီးပြီ ဦးတိမ်ညို"

"အေး…အေး၊ ဒီညနေထိမပြီးရင် ငါဆူခံရဦးမယ်"

ကျွန်မကိုကျတော့ အမြဲအော်ငေါက်တဲ့ကိုကို့မှာ တိုကို့ကိုဆူမယ့်လူတော့ရှိသေးတာပဲ။ ကိုကိုကပြီးတာနဲ့ အပြင်အမြန်ထွက်သွားတယ်။ ကျွန်မခါးကညောင်းလို့ တစ်ချက်ခါးဆန့်လိုက်တော့ ကိုတိုးက

"အမာ ဆိုင်ရှေ့ခဏထွက်ပြီး မျက်လုံးကစားလိုက်…ဟိုဘက်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆိုင်ကျော်မှာ ကားအဖြူလေးရပ်ထားတယ်။ အဲဒါစာရေးဆရာ
တတိုင်းမွေး(စီးပွားရေးတက္ကသိုလ်)ရဲ့ကားပေါ့။ အဲဒီဆိုင်ကသူဖွင့်ထား
တာလေ။ အဲဒီထဲ ဦးတိမ်ညိုဝင်သွားလားသေချာကြည့်"

"ဘာလုပ်ဖို့လဲ"

"ဟ..သူအဲဒီတတိုင်းမွေးနဲ့တွေ့ရင် ညနေထိဆိုင်မလာတော့ဘူး
ငါလည်း ငါ့ကောင်မလေးသွားကြိုချင်လို့"

"အခုမှ အစောကြီးရှိသေးတယ်"

"ဟာ...သူ့ကိုအလုပ်ဖျက်ခိုင်းပြီး ရုပ်ရှင်ကြည့်ချင်ကြည့်မှာဟ
ဦးတိမ်ညိုမရှိရင် ငါလစ်လို့ရတယ်"

ကျန်တဲ့ ကွန်ပျူတာရိုက်နေတဲ့သူတွေက ကိုတိုးကိုကြည့်ပြီးရယ်
နေကြပါတယ်။ အင်း... အတွဲရှိတဲ့လူများ အားကျလိုက်တာနော်

ကျွန်မ ဆိုင်အပြင်ထွက်ကြည့်တော့ ဟုတ်တာပေါ့။ ဆံပင်ကျေ
လောက်ထိရှည်တဲ့ ပိန်ပိန်ရှည်ရှည် ကောင်မလေးတစ်ယောက်
ဦးတိမ်ညို ကားအဖြူလေးဘေးမှာ နောက် ဦးတိမ်ညိုကားမောင်းပြ
ကောင်မလေးကတက်ထိုင်တယ်။ သူတို့ စိတ်အေးလက်အေးစကား
ပြောရတဲ့နေရာ သွားကြမှာပေါ့။

တတိုင်းမွေးတဲ့။

မကြာခင်မှာ နာမည်ဒီထက်ပိုကြီးလာစရာအလားအလာတွေရှိတဲ့
မိန်းကလေး။ နာမည်နဲ့လိုက်အောင် ပြည့်စုံကြွယ်ဝမှုတွေမွေးလို့။



"ဟုတ်တယ်ကိုတိုး.. ဦးတိမ်ညိုပါသွားပြီ"

"သေချာလား"

"သေချာပါတယ်။ ဦးတိမ်ညိုကားမောင်းပေးတာဆရာ"

"အေးပေါ့...သူနဲ့တတိုင်းမွေးက ယူဖို့အထိဖြစ်သွားနိုင်တယ်"

"ကြိုက်တာမကြာသေးဘူးလား"

"ဦးတိမ်ညိုက ဖိုးစွံ၊ မကြိုက်ဘဲနဲ့..သူ့နားကောင်မလေးကမ
ကပ်ဘူးဟ"

"ဪ"

ကျွန်မကတော့ ဘယ်အထိတစ်ကိုယ်တည်း ခရီးဆက်ရမှာပါ
လိမ့်။ တစ်နေကုန် စာရိုက်ရတာ အပျက်တွေသိပ်များတာပဲ။ ဖလင်
တွေလည်း မှန်မမှန်ပြန်စစ်ရဦးမယ်။ တစ်လမှာဒီလောက်ခါးချိုတာ
တောင် ငွေက ခါးချိုအောင်မရ။

ပိုက်ဆံတာမတ်နဲ့ ငါးကြင်းခေါင်းတက်ကိုင်လို့ ဘယ်ရမလဲ"

❖ ❖ ❖ ❖ ❖

ဝတီနဲ့ကျွန်မ ဒီနေ့ညနေ ပန်းဆိုးတန်းလမ်းဘက် ကြွေးသိမ်းတော့
အတူတူသွားရတာမို့ ဝတီ့ကို တတိုင်းမွေးအကြောင်း ပြောပြဖြစ်တယ်။

"တတိုင်းမွေးက ဝတီတို့ကျောင်းကပဲ ဝတီနဲ့တစ်နှစ်ထဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား တော်တာပေါ့နော်ဝတီ…ငယ်ငယ်ရွယ်ရွယ်နဲ့ စာရေးနိုင်တာ"

"အမာ…နင်အတော်တုံး၊ အင်း အဲသလိုမပြောသင့်ဘူး။ ဗဲရီး ဗဲရီးတုံး၊ အတော်ကြီးကိုတုံး သိလား"

"ဘာဖြစ်လို့လဲ"

"ဟဲ့…တတိုင်းမွေးသွားမေးကြည့် မာန်အောင်ပီယျူဆိုတာသိလား ဧယျူဆိုတာသိလား၊ မြမျိုးလွင်သိလား၊ သော်တာဆွေဘယ်နှစ်အုပ် ဖတ်ဖူးလို့လဲလို့။ တတိုင်းမွေးက ပိုးဇာနဲ့သမိန့်ပေါသွပ်လောက်ဖတ်တဲ့ မိန်းမ။ ဝတ္ထုတစ်အုပ်မပြောနဲ့ တစ်မျက်နှာတောင်ရေးတတ်တာမဟုတ်ဘူး"

"ဒါဆို…"

"နာမည်ခံစာရေးဆရာမပေါ့"

"ဩော်…."

"ဒါမျိုးတွေလည်းရှိတာပဲအမာ…. နင်ကလေ …လူတွေကို သိပ်အထင်ကြီးတာပဲ"

"အဲဒီတတိုင်းမွေးက ဦးတိမ်ညိုနဲ့ယူမှာတဲ့"

"ငါတော့မထင်….."

"ဘာလို့လဲဝတီ"

"တတိုင်းမွေးအဖေက အင်မတန်ငွေမက်တဲ့လူကြီး။ အလယ်ဘ



လောက်မှာ တတိုင်းမွေးစတ္တုဆိုင်ရှိတယ်လေဟာ အဲဒီလူကြီးပိုင်တာ ပေါ့။ ဦးတိမ်ညိုနဲ့အဲဒီလူကြီးနဲ့ သိပ်မတည့်ဘူး။ တတိုင်းမွေးနာမည် ရလာအောင် ဦးတိမ်ညိုပဲ ရှဲဒိုးတွေရှာပေးတာ။ လောလောဆယ်တော့ တွဲနေတာပေါ့ဟာ။ ယူဖြစ်ဖို့ထိတော့ မဖြစ်နိုင်ဘူး။ တတိုင်းမွေးက လည်း အရမ်းကိုရှုပ်တာ။ ပိုက်ဆံချမ်းသာရင်ပြီးရော အဲသလို ယောကျ်ားတွေနဲ့ ခံယူချက်ထားပြီးတော့ကိုရှုပ်တာ။ ဦးတိမ်ညိုကဖြောင့် ဖြောင့်ကြီး ဆန့်ကျင်ဘက်ပဲ"

ဝတီကအဲသလိုပြောနေချိန်မှာ ကျွန်မကဂျေဒိုးနတ်စ်ဆိုင်ထဲလှမ်း ကြည့်လိုက်မိတယ်။ ထိပ်ဆုံးစားပွဲမှာ ဦးတိမ်ညိုနဲ့တတိုင်းမွေး။

"ဝတီ ဆိုင်ထဲမှာ သူတို့အတွဲ"

"ဟုတ်ပါရဲ့ အသက်ရှည်ကြဦးမယ်။ အမာ နင်ဆိုင်ထဲဝင်ပြီး အအေးသောက်မလား"

"ငါ…ဟင့်အင်း"

"ငါတိုက်မှာပါ အမာရဲ့"

"ဟင့်အင်း ရတယ်….နောက်မှသောက်မယ်"

ကိုကိုနဲ့ မိန်းမတစ်ယောက်ရှိနေတဲ့ ဆိုင်ထဲကိုမဝင်ချင်ပါဘူး။ မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက် ပြောင်းသွားတာတောင် ကိုကို့ လူမလဲသေးဘူး။ ရှိရှိသမျှအသည်း ကိုကိုခွဲလို့ ကုန်ပါဦးမလားသွယ်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

အချစ်သည် ခွင့်လွှတ်ခြင်းဖြင့်

ပြစ်ဒဏ်စီရင်ခြင်းပြု၏။

ကြောက်မယ်ဖွယ် တိတ်ဆိတ်ခြင်းဖြင့် အလှကို

ဒဏ်ရာရအောင် လုပ်ခဲ့၏။

ရာဗိန္ဒြာနတ်တာဂိုး



ဒီအတိုင်းဆိုရင်တော့ ပတ်သက်လာစရာအကြောင်းမရှိဘူးလို့ထင်ရတယ်ပေါ့ကိုကို။ ကိုယ့်လမ်းကိုလျှောက်ခဲ့ကြတဲ့လူတွေပဲမဟုတ်လား။ ဒါပေမယ့် တစ်ခါတစ်လေမှာ ဟောကိန်းတွေတောင်လွဲမှားတတ်သေးတယ်။ ကိုကိုနဲ့အတွင်းကျကျပတ်သက်တဲ့မိန်းမတိုင်းဟာ တစ်ခုခုလွဲမှားနေလို့သာဖြစ်တယ်။

ကျွန်မကတော့ မိုက်မဲတယ်လို့ မယူဆခဲ့ချင်ဘူး။ ဟုတ်တယ်။ တွေဝေမိန်းမောမှုနဲ့ ကျွန်မဟာ ကိုကိုရဲ့လှောင်အိမ်ထဲ ခုန်ဆင်းခဲ့တဲ့ ရှူးရှူးမိုက်မိုက် ကောင်မလေးတစ်ယောက်ပါကိုကိုရယ်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



ခုတလောရာသီပြောင်းလို့ တုတ်ကွေးတွေ့သိပ်ဖြစ်တယ်။ ကျွန်မက အရင်တစ်ခေါက်ဖြစ်ပြီးသွားခဲ့တာမို့ ခုတစ်ခေါက်တော့မဖြစ်တော့ဘူး။ တစ်နှစ်မှာ တုတ်ကွေးဟာ နှစ်ကျော့ပြန်လာတတ်တယ်။ နွေက မိုးအကူး။ မိုးကဆောင်းအကူး။

အခုအချိန်က မိုးကဆောင်းအကူးလေ။ မနက်ခင်းခပ်စောစောမှာပဲ နှင်းတွေတွေ့ရတယ်။ ရန်ကုန်ဆောင်းဟာ နွေနဲ့ဘာမှမထူးဘူး။ ပူတယ်။ အနွေးအကျီအသုံးမဝင်ဘူး။

တုပ်ကွေးမိလို့ ကျွန်မပျူတာရိုက်တဲ့လူတွေ အလုပ်မဆင်းနိုင်တော့ လူကောင်းဖြစ်တဲ့ ကျွန်မကပဲအလုပ်ဆင်းရတယ်။

တစ်ညနေမှာ ဆိုင်ထဲဝင်လာကတည်းက ကိုကို့မျက်နှာကို ကျွန်မသတိထားမိတယ်။ နှမ်းဖတ်နေတယ်။ မျက်လုံးတွေလည်းရဲလို့။ နှာကလည်းချေလိုက်တာ။ ကိုကိုတုပ်ကွေးမိနေပြီ။

"အမာ နင်ငါ့ကို တစ်ခုကူညီမလား"

"ဘာလဲ ဦးတိမ်ညို"

"ငါ ရေနွေးပူပူလေးသောက်ချင်လို့"

"ရေနွေးတည်ပေးရမှာလား ရပါတယ်"

ကိုကိုက ပက်လက်ကုလားထိုင်မှာ မှီထိုင်ပြီးကွေးကွေးလေးမျက်လုံးမှိတ်နေတယ်။ ကျွန်မရေနွေးတည်ပြီးစာပြန်ရိုက်လို့ လေးမျက်နှာလည်းရောက်ရော ရေနွေးအိုးက ဆူသံကြားရလို့ ခလုတ်ထပိတ်တယ်။



"ဦးတိမ်ညို ရေနွေးရပြီ"

ကိုကို ကျွန်မကို လက်အသာထောင်ပြပေမယ့် မျက်လုံးမဖွင့်နိုင်တော့ဘူး။ ကျွန်မ သူ့နဖူးပေါ်လက်တင်စမ်းလိုက်တော့ အဖျားကတော်တော်ကြီးနေပြီ။

"ဦးတိမ်ညို ဖျားနေပြီ ဘာဆေးသောက်ထားလဲ"

"ဟင့်အင်း"

"ကျွန်မ ဆေးထွက်ဝယ်လိုက်ဦးမယ်နော်··အပေါ်ထပ်မှာလှဲရင်ကောင်းမယ်"

"ငါခြေလက်တွေ မသယ်ချင်တော့ဘူး"

"ဒါဆိုလည်း ဒီမှာပဲနေလေ။ ကျွန်မ ဆေးသွားဝယ်ပြီး ပြန်လာမယ်။"

လမ်းထိပ်ကဆိုင်မှာ Pyroxicanနဲ့ Actifed ဝယ်ပြီး အမြန်ဆိုင်ကိုပြန်လာခဲ့တယ်။ အဖျားကတော်တော်ကြီးနေတာမို့ Pyroxican နှစ်လုံးနှင့် Actifedတစ်လုံးကို သောက်ခိုင်းရတယ်။ ကျွန်မတုပ်ကွေးဖြစ်တုန်းက ဒီဆေးတွေနဲ့ပျောက်တာလေ။

"အပေါ်မှာ သွားလှဲပါဦးတိမ်ညို အောက်မှာအေးတယ်"

"အမာ ငါ့ကိုတွဲပို့ပေးနိုင်မလား"

"ရှင်"

"ငါ တကယ်မထူနိုင်တော့ဘူးအမာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဒီအချိန်မှာ ဂုဏ်သိက္ခာဆိုတာ လွှင့်ပစ်လိုက်တော့မယ် ကိုကို။ အခုအချိန်မှာ ကျွန်မမျက်စိရှေ့မှာ ကျွန်မရဲ့ကျေးဇူးရှင်လည်းဖြစ်။ အလုပ်ရှင်လဲဖြစ်၊ ချစ်တဲ့သူလည်းဖြစ်တဲ့ လူတစ်ယောက်အဖျားတက်နေတာမဟုတ်လား။

"ကျွန်မပခုံးကို တွဲလိုက် ဦးတိမ်ညို"

ကျွန်မနဲ့ ကိုကိုဟာအသက်ထက်ဝက်လောက်ကွာတယ်။ ဒါပေမယ့်နေမကောင်းတဲ့အချိန်မှာတော့ ကိုကိုဟာယောက်ျားရင့်မာကြီးမဟုတ်တော့ဘူး။ သနားစရာကောင်းတဲ့ သိုးကလေးတစ်ကောင်နဲ့တူနေတယ်။ ကျွန်မပခုံးပေါ်ကို ကိုကို့လက်ဖဝါးတွေလာထိတဲ့ခဏမှာပဲ အသားတွေရှိန်းတိန်းတိန်းဖြစ်သွားတယ်။ အပေါ်ထပ်ကိုရောက်တော့ ကိုကို့အခန်းရဲ့ခမ်းနားကြီးကျယ်မှုက သေသပ်နေတာတွေ့ရတယ်။ အခန်းသုံးခန်းရှိပြီး ရှေ့ဆုံးကဧည့်ခန်း၊ အလယ်မှာ အိပ်ခန်း၊ နောက်ဆုံးမှာ အိမ်သာနဲ့ မီးဖိုချောင်။

အိပ်ခန်းထဲရောက်တော့ ခုတင်ပေါ်ကို တွဲတင်ပေးရတယ်။ အဖျားတွေသိပ်ကြီးနေတာမို့ ရေခဲသေတ္တာထဲကနေ ရေခဲတုံးကလေးတွေထုတ်ပြီး နောက်ဖေးချောင်က ဇလုံတစ်လုံးထဲထည့်။ ကျွန်မရဲ့လက်ကိုင်ပါဝါကလေးနဲ့ ရေခဲအုပ်ပေးဖို့ပေါ့။

"ဦးတိမ်ညို ကျွန်မ ရေခဲအုပ်ပေးမယ်နော်"

"မင်းကောင်းမယ်ထင်တာသာလုပ်တော့အမာ မင်းဒီညအပြန်နောက်ကျနေဦးမယ်"



"ရပါတယ်....ကျွန်မအိမ်ဘေးကိုဖုန်းဆက်ပြီးမှာလိုက်ရင်ရတယ်"

"အေး..အေး..ကျေးဇူးပါပဲကွာ"

မိန်းကလေးတစ်ယောက် အပြင်မှာညအိပ်ညနေ နေဖို့ကျွန်မအန်တီလေးတို့က ခွင့်ပြုမှာမဟုတ်ပါဘူး။ လိုအပ်ရင် ကိုကို့ကိုဒီည စောင့်ပေးချင်တယ်။ ဒါဟာ သန့်စင်တဲ့ယုယခြင်းပါကိုကို။ အဖျားကြီးနေတော့ တစ်ယောက်တည်းလည်း မထားခဲ့နိုင်ပါဘူး။ ကျွန်မကလည်းစ်ခွါမသွားရက်ပါဘူးကိုကို။

ကျွန်မ ကိုကို့ကိုရေခဲအုပ်ပေးရင်း ကိုကိုက...

"ဒီအပေါ်ကဖုန်းနဲ့ပဲဆက်လေ အမာ" လို့ခွင့်ပြုတယ်။

"ကျေးဇူးပါပဲ ဦးတိမ်ညို"

အိမ်ဘေးကဖုန်းကိုခေါ်ကြည့်တော့ အန်တီလေးလာကိုင်တယ်။ ဘယ်လိုအကြောင်းပြရမလဲ စဉ်းစားနေတုန်းမှာ အန်တီလေးက...

"အမာလား အန်တီလေးတို့ ခြောက်နာရီခွဲရထားနဲ့ မန္တလေးကိုသွားကြမလို့။ အဲဒါ အိမ်သော့ခတ်ခဲ့မယ်။ အမာကိုယ့်သော့နဲ့ကိုယ့်ဝင်တော့"

"ဘာကိစ္စလဲ အန်တီလေး"

"ဟင်း..အလတ်မလေ၊ ကောင်လေးရှိ တဲ့ မန္တလေးကိုလိုက်သွားလို့၊ သူ့အတွက်ကတော့ မဟာစွန့်စားခန်းကြီးပေါ့ အမာ..မိဘတွေ

www.burmeseclassic.com

www.burmeseclassic.com



မှာသာ အရက်ကွဲရတာ။ အခု လိုက်သွားကြမယ်။ ဟိုရောက်လို့ အချိန်မှီတော့လည်း ပြန်ခေါ်လာခဲ့တာပေါ့အေ"

"သူက ဘယ်အချိန်ကတည်းက သွားတာလဲ"

"နေ့လည် ရထားနဲ့.."

"ဒါဆိုမှီနိုင်သေးတာပေါ့"

"ဟုတ်တယ်။ သူစာရေးထားခဲ့တယ်လေ။ ဒါကြောင့်မှီရာရထား နဲ့လိုက်တာ"

"ဟုတ်ကဲ့.. အန်တီလေး အမာဒီနေ့ညကိုးနာရီလောက်မှစာရ ကိ တာပြီးမှာမို့ စိတ်ပူမှာစိုးလို့"

"အမာကလိမ္မာပြီးသား..သမီးအန်တီလေးစိတ်ချမယ်နော် မနက်ဖြန်ညကျမှ ပြန်ရောက်မယ်ထင်တယ်"

အန်တီလေးဖုန်းချသွားတော့ ကျွန်မစိတ်ထဲက အစိုင်အခဲကြီးပေ သွားသလိုပဲ။ ကျွန်မရဲ့မေတ္တာကနေ ရောင်ပြန်ဟပ်တာပဲပေါ့ကိုကို

"နေရတာ သက်သာရဲ့လား ဦးတိမ်ညို"

"အရမ်းအေးတယ်အမာ"

ကျွန်မ စောင်တစ်ထည်ခြုံပေးလိုက်တယ်။ ရေခဲပတ်အုပ်ပေးရင် အပူချိန်က တစ်ဖြည်းဖြည်းကျလာတယ်။ ညရှစ်နာရီလောက်မှာတော့ ကိုကိုလုံးဝ အိပ်မောကျသွားပြီ။

ကိုကိုအိပ်မောကျသွားမှပဲ ကျွန်မလည်းသက်ပြင်းငွေ့ငွေ့ချ



တော့တယ်။ ကိုကို့ခုတင်ဘေးက ခုံပုလေးပေါ်မှာ ငုတ်တုတ်ငိုက်ရင်း ကျွန်မညလုံးပေါက်ခဲ့တယ်။ မနက်သုံးနာရီမှာ အဖျားကျသွားတဲ့ ကိုကို က ကျွန်မကို -

"ဗိုက်ဆာတယ် အမာ"တဲ့။

ကျွန်မ ကွေကာအုပ်တစ်ထုပ်ဖျော်၊ ပေါင်မုန့်နှစ်ချပ်ကိုမီးကင်ပြီး ထောပတ်သုတ်လိုက်တယ်။ ကိုကိုက ခုတင်ပေါ်မှာပဲထိုင်ပြီးစားနေ တာကိုကြည့်ရင်း ကျွန်မအိမ်ကအမေနဲ့မောင်လေးကိုသတိရလိုက်တာ။

အိမ်ကအမေတို့ ဒီလိုမျိုးစားနိုင်မှာမဟုတ်ဘူး။ စားနိုင်လည်းနှ မြောပြီးစားမှာမဟုတ်ဘူး။ ကျွန်မဒီတစ်ခါငွေပို့ရင် အမေ့အတွက်ကွေ ကာအုပ်အထုပ်ကြီးတစ်ထုပ်ပို့မယ်စိတ်ကူးမိတယ်။

ကိုကိုစားပြီးတဲ့ပန်းကန်တွေကို စားပွဲပေါ်တင်ထားပြီး

"ချွေးထွက်နေပြီ အဝတ်လဲပါလား ဦးတိမ်ညို၊ ချွေးတွေကိုသေ ချာချွေးသုတ်ပြီး အင်္ကျီမြန်မြန်လဲဝတ်လိုက်ပါ"

ကျွန်မက ပန်းကန်တွေယူပြီး နောက်ဖေးချောင်ဝင်ခဲ့တယ်။ အဲဒီ လောက်ထိတော့ လုပ်မပေးရဲဘူးကိုကို။

ပန်းကန်တွေဆေး၊ သူနေရာ သူပြန်ထားပြီး အခန်းထဲပြန်ဝင်လာ ချိန်မှာတော့ ကိုကိုကအဝတ်လဲပြီးပြီ။ ကျွန်မကို

"ကျေးဇူးဘယ်လိုတင်မှန်းမသိဘူးအမာ။ လာထိုင်ဦး။ မင်းအခုလို ဒီမှာညအိပ်တော့ မင်းအိမ်ကလူတွေတစ်မျိုးထင်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း စိုးရိမ်တာပဲ။ ဒါပေမယ့်တစ်အိမ်သားလုံး ဒီည မန္တလေးတက်သွားကြတယ် ဦးတိမ်ညို"

"ဟုတ်လား မင်းကိုဆူနေမှာစိုးလို့"

"ဒီကိစ္စက ကြိုတင်ကြံရွယ်ထားတာမှ မဟုတ်တာဘဲ။ ဒါပေမယ့် လူသိမခံတာကောင်းပါတယ်"

"ဘာဖြစ်လို့လဲ အမာ"

"ကျွန်မက ဦးတိမ်ညိုဆီ ညလာအိပ်တတ်တဲ့ မိန်းကလေးတွေ လိုမဟုတ်ဘူးလေ"

"အမာ"

"ကျွန်မ ဘယ်လောက်ပဲရိုးသားတယ်ပြောပြော။ လူတွေကယုံမှာ မဟုတ်ဘူး ဦးတိမ်ညို၊ ကျွန်မကို အစဉ်အလာစည်းကမ်းနဲ့ပဲ ပေသီးတွက်ပြီး တန်ဖိုးတွက်ထုတ်ကြမှာ။ အဲသလိုအထင်လည်းမခံနိုင်ဘူး၊ ကျွန်မ အမေသိရင်လည်း သိပ်စိတ်ဆိုးလိမ့်မယ်။ မနက်ကျရင် အလုပ်ကို စောရောက်နေတယ်လို့ပဲ သူများတွေသိစေချင်တယ်"

"ကောင်းပြီလေ··မင်းဘယ်လိုမှ အထင်မခံစေရပါဘူး··ဘာပဲဖြစ်ဖြစ် ဒီတစ်ညကျေးဇူး မင်းကိုငါဆပ်ပါရစေ"

"ငွေကြေးလိုချင်လို့ ကျွန်မလူနာစောင့်ပေးတာမဟုတ်ဘူး ဦးတိမ်ညို၊ ကျွန်မအခကြေးငွေနဲ့ စောင့်တဲ့နာ့စ်မ မဟုတ်ဘူး"

"ဆောရီးအမာ ငါတောင်းပန်ပါတယ်"



"အခုသက်သာသွားရင် ကျွန်မအောက်ထပ်က ကုလားထိုင်မှာ သွားဆင်းအိပ်တော့မယ်"

"နေဦးလေ··စောင်ယူသွားဦး"

"ရတယ် ကျွန်မ သူများစောင်မခြုံတတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ရွံလို့"

ကိုကို့မျက်နှာမည်းသွားတယ်။ ကျွန်မအဟုတ်ရွံတာ။ မိန်းမဘယ်နှစ်ယောက်မှန်းမသိ ခြုံခဲ့တဲ့ဒီစောင်မှာ အညစ်အကြေးတွေ စွန်းထင်းနေမှာပါပဲ။ ပြီးတော့ အဲဒီအမျိုးအစားစုံလင်တဲ့မိန်းမတွေကရော ဒီစောင်ကို ခြုံမှာပဲလေ။

ဒီစောင်က တကယ့်မေတ္တာမှန်နဲ့ ချစ်တဲ့မိန်းကလေးတစ်ယောက်အဖို့ မသတီစရာပါ ကိုကိုရယ်။

◆ ◆ ◆ ◆ ◆

အိပ်မက်ထဲမှာ နှင်းတွေခပ်သဲသဲကျလို့။ ကျွန်မတစ်ကိုယ်လုံးလည်း ခိုက်ခိုက်တုန်လို့။ အဲဒီအချိန်မှာ ဘယ်ကပေါ်လာမှန်းမသိတဲ့ မြွေကြီးတစ်ကောင် မြွေမှအကြီးကြီးပဲ။ ကျွန်မကိုတည့်တည့်စိုက်ကြည့်နေတယ်။ ပြီးတော့ကျွန်မကို တစ်ရစ်ချင်းရစ်ပတ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



အသားကိုနွေးတေးတေးအရာတစ်ခုထိလိုက်တာမို့ ဆတ်ခနဲမျက်လုံးဖွင့်ကြည့်လိုက်တော့ ဦးတိမ်ညို။

“ရှင် ဘာလာလုပ်တာလဲ”

“မိုးလင်းနေပြီ အမာ ခုနစ်နာရီခွဲနေပြီ”

“ဩော်..ဟုတ်လား”

ကျွန်မကိုယ်ပေါ်မှာ ခြုံထားပေးတာ သားဘက်အပြာရောင်အကြီးကြီး။

“ဟို မင်းကစောင်ကိုရှုံတယ်ဆိုလို့ ဒါသားဘက်အသစ်စက်စက်၊ ငါတစ်ခါမှ မသုံးရသေးဘူး”

“ဘယ်တုန်းက လာခြုံပေးတာလဲ”

“မင်းအိပ်ပျော်သွားတာနဲ့ ခြုံပေးထားတာ နို့မို့ မင်း အအေးပတ်မယ်”

“ရပါတယ်”

“ငါ သွားတိုက်သွားပွတ်တံ အသစ်တစ်ချောင်း ဝယ်ထားတယ်။ ရေချိုးချင်လည်း ချိုး၊ ထမီရေလဲစရာတော့ မရှိဘူး။ ပုဆိုးအဟောင်းတော့ ရှိတယ်။ ဒါပေမယ့် မင်းက ရှုံတတ်တယ်မို့လား”

“ကျွန်မ မျက်နှာပဲ သစ်ပါ့မယ်။ ဒီနေ့ အိမ်ကို စောစောပြန်ချင်တယ် ရမလား”

“ရပါတယ် မင်းသဘော”

❖ ❖ ❖ ❖ ❖



ဝတီ့ကို အဲဒီအကြောင်းပြောပြတော့ ရင်ဘတ်ဖိနှားထောင်နေတယ်။

“စွန့်စားခန်းပဲအမာ။ နင်မို့သာငါယုံရတာ”

“ငါလည်း တစ်ခြားသူဆို ဘယ်ပြောရဲမလဲဝတီ။ ငါ့အဒေါ်အိမ်က အကြောင်းကြောင်းကြောင့် ငါအိမ်ပြန်မအိပ်တာသိရင် နင့်အဆောင်ကို လိုက်အိပ်တယ်လို့ပြောပေးပါ”

“ဒါကရိုးရိုးသားသားကိစ္စပဲ..ငါကူညီမှာပေါ့..ရပါတယ်။ ဒါပေမယ့် နောက်တစ်ခါတော့ အရဲမကိုးနဲ့နော်”

“အေးပါဟယ် ဒီတစ်ခါသူအရမ်းဖျားနေလို့ပါ”

“ဦးတိမ်ညိုက တစ်ခါတစ်လေကျတော့ အံ့သြစရာကောင်းတယ်အမာ”

“အင်း..”

“ဘာပဲဖြစ်ဖြစ် အခြေအနေတွေနီးစပ်လာရင် မကောင်းဘူး”

“အင်းပါ ဝတီရဲ့”

“အင်းပါလို့ပြောရုံနဲ့ မပြီးဘူးအမာ၊ တစ်ခါတစ်လေ သူတမင်ဖန်တီးတာမဟုတ်ဘဲနဲ့ အခြေအနေတွေက တွန်းပို့တာမျိုးသိပ်ကြောက်စရာကောင်းတယ်”

ကျွန်မ ဝတီ့ကိုမေးလိုက်ချင်တယ်။

ကိုကို့ကိုချစ်အောင် ဘယ်အခြေအနေကမှ တွန်းပို့တာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



သလို အမာတမင်ဖန်တီးယူခဲ့တာလည်းမဟုတ်တာကျတော့ ဘယ်လို ခေါင်းစဉ်တပ်မလဲ။

အလိုအလျောက်ဖြစ်စဉ်တွေဟာ ကြောက်စရာအကောင်းဆုံးပဲ ကိုကို။

◆ ◆ ◆ ◆ ◆

ကိုကို သုံးရက်လောက်နဲ့ နေပြန်ကောင်းသွားပြီး ကျွန်မကကြေး သိမ်းတဲ့အလုပ်ကို မလုပ်ချင်ရင်မလုပ်ဖို့ ပြောလာခဲ့တယ်။

"ရပါတယ် ဦးတိမ်ညို၊ တစ်နေကုန်ထိုင်နေရတာ ညနေဘက်ကျတော့ အညောင်းပြေတာပေါ့။ ပြီးတော့ တစ်ချို့ဆိုင်တွေက ကျွန်မနဲ့ တော်တော်ခင်နေပြီ။ ဒါပေမယ့် သွားတိုင်းမတွေ့တာက ပန်းကမ္ဘာ စာပေက ကိုဇော်ပဲ"

"ဒီကောင်က ဘောလုံးပွဲတအားဝါသနာပါတာ။ Central မှာ ဘောလုံးပွဲသွားကြည့်ချိန်နှင့် အမာသွားတဲ့အချိန် တိုးလို့ဖြစ်မှာပေါ့"

"ဆယ်ခါမှာ ကိုးခါလောက်မတွေ့တာတော့ ဘောလုံးပွဲကြောင့်တော့ မဟုတ်နိုင်ပါဘူး"

ကိုကိုက ကျွန်မရဲ့ အကွက်ကျကျဖေဖန်မှုကို ပြုံးနေတယ်။ စိတ်လိုလက်ရပြုံးတဲ့အခါ ကျွန်မငေးကြည့်ရတတ်တယ်။ ဘယ်ဘက် အပေါ် နှုတ်ခမ်းကလေးက တွန့်ပြီးအရမ်းချိုအိတဲ့ အပြုံးမျိုး။



ရှောင်လေ၊ တိုးလေ၊ ကျွန်မတော့ . . ကိုကိုနဲ့ပတ်သက်တဲ့ အသေး စိတ်ကလေးတွေကအစ ကျွန်မကိုဆွဲငင်တတ်ခဲ့ပြီသိရဲ့လား။

"အမာ ငါ့မင်းအတွက်ပေးစရာရှိလို့"

"ဟင် ဘာအတွက်လဲ"

"စာအုပ် တစ်ဒါဇင်ပါ မင်းလိုတာသုံးလို့ရတယ်။ ကျောင်းတက် ရတာ အဆင်ပြေတယ်မို့လား"

"ပြေပါတယ် . . ကျောင်းတက်ရင်ပိုက်ဆံကုန်တယ်။ စာမေးပွဲ နီးရင်လည်း သင်တန်းက တစ်သောင်းခွဲတဲ့"

"ဘွဲ့တစ်ခုတော့ ရအောင်ယူလေကွာ"

"တစ်ခါတစ်လေကျရင် ကျွန်မစဉ်းစားတယ်။ ကျွန်မဘဝကရေ သေလိုပဲ။ ကျောင်းတက်ရတော့လည်း အဝေးသင်။ အချိန်တန်ရင် ဘွဲ့တစ်ခုတော့ရမယ်။ ဒီအလုပ်ကလည်း ဘယ်အချိန်ထိလုပ်ရမယ် မသိဘူး"

ကျွန်မက ညည်းညည်းညူညူပြောပြနေမိတော့ ကိုကိုကအသာ နားထောင်နေတယ်။

"တစ်ခါတစ်လေကျရင် ထီသိန်းသုံးရာ အရမ်းပေါက်ချင်တာပဲ။ ဒါပေမယ့် ထီထိုးဖို့ငွေကျတော့ နှမြောပြန်ရော . . . ."

"ထီထိုးတာ မသေချာပါဘူး . . ဒါပေမယ့် ငါဆိုတစ်လကိုတစ် သောင်းခွဲလောက် ထီထိုးဖြစ်တယ်။"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက တစ်စောင်ခြောက်ဆယ်တောင် မထိုးနိုင်ပါဘူး။ ပေါက်တော့ပေါက်ချင်တာပေါ့"

"မင်းအသက်အရွယ်တုန်းက ငါလည်းထီပေါက်ချင်ခဲ့တယ်"

"ထီပဲ ဘယ်သူမပေါက်ချင်တာများရှိလို့လဲ ဦးတိမ်ညို ဟားဟား"

"ပေါက်ချင်တာတော့ ထားပါတော့။ ငါဆို မင်းအရွယ်တုန်းက ထီပေါက်ခဲ့ရင် ဘဝက တစ်ဆစ်ချိုးပြောင်းသွားမှာ အခုကျတော့ ထီပေါက်လည်း သိပ်ပြီးပြောင်းလဲတာမရှိဘူး။ ပေါက်လို့ရမယ့်ငွေကို ကိုယ်ရှာနိုင်နေတော့ တန်ဖိုးလည်းမထားဘူး။ မျှော်လည်းမမျှော်လင့်ဘူး။ အဲဒါလူတွေအများကြီး ပေါက်မဲတစ်မဲကိုနှိုက်သလိုပဲ"

" ဒါပေမယ့် ဦးတိမ်ညို ထီထိုးနေတုန်းပဲမဟုတ်လား"

"အင်း ငါ့အတွက်ထီထိုးတာနဲ့ မိန်းမတစ်ယောက်ကို ချစ်ဖို့ကြိုးစားတာ အတူတူပဲ"

ကိုကို့စကားကြောင့် ကျွန်မကိုကို့မျက်နှာကို သေချာကြည့်မိတယ်။ ကိုကို့မျက်နှာမှာ ဝေခွဲမရမှုတွေ၊ နားလည်ရခက်တဲ့ ခံစားမှုတွေ ခြယ်မှုန်းထားသလိုပဲ။ မိန်းမတစ်ယောက်ကို ချစ်ဖို့ကြိုးစားနေတာတဲ့လားကိုကို။ ကျွန်မအမြင်မှာတော့ ကိုကိုက ငါးကန်ထဲကငါးတွေကို ရေခွက်တစ်ခွက်တည်းနဲ့ ပါနိုင်သမျှပါအောင် သိမ်းကြုံးခပ်နေတာလို့ပဲမြင်တယ်။



" မင်းမှာ မရှိဘူးလား။ အတွဲလေးဘာလေးပေါ့"

ရုတ်တရက်မေးလိုက်တဲ့မေးခွန်းဟာ ကျွန်မအတွက်ဖြေဖို့သိပ်ခက်တယ်။

"ဘာဖြစ်လို့မေးတာလဲ ဦးတိမ်ညို"

"အင်း..ဒီလိုပါပဲ...."

"ကျွန်မက ရန်ကုန်ရောက်နေတာ ခြောက်လကျော်ပဲရှိသေးတယ်။ ရန်ကုန်အထာမညက်သေးဘူး။ ပိုက်ဆံရှိမှ ပျော်စရာကောင်းတာပါ ဦးတိမ်ညိုရာ။ ရည်းစားနဲ့လျှောက်လည်ဖို့ ပိုက်ဆံတော့ ကျွန်မမရှာနိုင်သေးဘူး။ ကိုတိုးကိုတော့ အားကျတာပေါ့"

ကိုတိုးက ကျွန်မကိုမျက်စောင်းလှမ်းထိုးကာ နောက်တယ်။

"ကိုယ့်ဟာကိုယ် မစွံဘူးဆိုမစွံဘူးလုပ်ပါ။ ဦးတိမ်ညို ကိုယ့်တပည့်လေးစွံသွားအောင် အဆောင်လေးဘာလေး ပေးလိုက်ပါဦး"

"ငါအဆောင်ပေးလိုက်မှ ငါ့အလုပ်ကပါထွက်ပြီး လင်နောက်လိုက်ပြေးနေဦးမယ်။ ဒီအတိုင်းထားတာပဲ ကောင်းမယ်ထင်တယ်။ အလုပ်သမားတွေက ဖင်မမြဲဘူးကွ ကိုတိုးလည်းကွန်ပျူတာဖိုးစုနေတယ်မို့လား"

"စုတာလေးတွေက ရုပ်ရှင်ကြည့်လိုက်၊ လျှောက်လည်လိုက်နဲ့ ပွဲပွဲပါသွားတာ။ အခုထိ Mouse ဖိုးတောင် မဖြစ်သေးဘူးဗျာ"

လူတွေအားလုံး ကိုတိုးရဲ့အပြောကြောင့် ဝိုင်းရယ်ကြတယ်။ စီးပွား

www.burmeseclassic.com

www.burmeseclassic.com



ရေးဆိုတာ လူနှစ်ယောက်လက်ထပ်ဖို့ အဓိကကျတယ်လေ။

အချစ်ဆိုတာက အိမ်ထောင်ရေးမှာချည့်သည်ပဲ။ မိဘမုန့်ဖိုးလေး ထိုင်သုံးပြီးကျောင်းတက်ရင်း ရည်းစားထားရတာတော့ အပူအပင်မှမရှိဘဲ။ ပျော်စရာပေါ့။ ဒါပေမယ့် ယောကျ်ားက ပိုက်ဆံရှာ၊ မိန်းမကအိမ်ထောင်ထိန်းသိမ်း ဒီလိုမျိုးတကယ့်ဘဝထဲ ခုန်ဆင်းပြီဆိုရင် ရင်ခုန်တာ ဘယ်နားမှာ ကျကျန်ခဲ့မှန်းတောင် သိမှာမဟုတ်ဘူး။ ကျွန်မအဖေဆို အမေနဲ့ ညားကတည်းက လုပ်လိုက်ရတဲ့အလုပ်၊ လူတစ်ယောက်လုပ်စာနဲ့ အိမ်တစ်အိမ်လုံးပါးစပ်ပေါက်စားဖို့မဖြစ်နိုင်ဘူး။ မိန်းမတွေလည်း စီးပွားရှာရတာပေါ့။

ကလေးမွေး၊ စီးပွားရှာ၊ လူမှုရေးလည်းမလွတ်၊ ဒါကြောင့်ဒီနေ့ခေတ်မိန်းမတွေ တစ်ဖြည်းဖြည်းရှေ့တန်းရောက်လာတာ အံ့သြစရာမရှိပါဘူး။

ကျွန်မမျက်စိထဲမှာတော့ ချိုချိုလည်းရဲရင့်တယ်။ ဝတီလည်း ထက်မြက်တယ်။ ကိုယ့်ကိုကိုယ်ယုံကြည်မှုရှိပြီး ဘဝကိုအဆန်လှော်၊ ပန်းတိုင်တွေတစ်ခုပြီးတစ်ခုကျော်ဖြတ်။ ကျွန်မကတော့ ပန်းတိုင်ဘယ်မှာမှန်းမဝေခွဲနိုင်သေးပေမယ့် ပန်းတိုင်စာပေကိုတော့ စာအုပ်ကိုစွဲနဲ့ နှစ်ရက်ခြားသုံးရက်ခြား သွားနေရတာပါပဲ။

◆ ◆ ◆ ◆ ◆



အန်တီလေးက သံသယတွေလက်နေတဲ့ မျက်လုံးတွေနဲ့ ကျွန်မကို ကြည့်ပြီးနောက်တစ်ခေါက်ပြန်မေးတယ်။

"အမာ အဲဒီညက ဘယ်မှာသွားအိပ်လဲ"

"ကျွန်မ ဝတီ့အဆောင်မှာလိုက်အိပ်ပါတယ်အန်တီလေး။ မယုံရင် ဝတီ့ကိုဖုန်းလှမ်းဆက်မေးကြည့်ပါ"

ပိပိရိရိလိမ်နိုင်ပြီလို့ထင်ပေမယ့် ရင်တွေခုန်နေတုန်းပဲ။

"အင်း အလတ်မအရှုးထကာ ရှင်းနေရတုန်းမို့ မမေးမိတာ။ အမာ အဲဒီညက အိပ်ပြန်အိပ်မအိပ် အိမ်ဘေးကိုသေချာမှာခဲ့တာ သူတို့က အမာပြန်လာတာမတွေ့ဘူးလို့ ပြောတဲ့အချိန်မှာ အန်တီလေးဘယ်လောက်ခေါင်းကိုက်ရတယ်မှတ်သလဲ"

"အမာ မဟုတ်တာမလုပ်ပါဘူး အန်တီလေး"

"ဝတီက အဆောင်ငှါးနေတာလား"

"ဟုတ်ကဲ့ ··နယ်ကလာတဲ့မိန်းကလေးတွေချည်း လေးယောက်စုနေတာပါ"

"ကိုယ့်သမီးတွေတောင် ထိန်းလို့မရတော့ သူများသမီးကိုမထိန်းချင်တော့ဘူးအမာ"

"ရှင် ···· အန်တီလေး"

"ဟုတ်တယ်။ အလတ်မကိုပဲကြည့်။ ယောကျ်ားလေးတာမဖြစ်နိုင်ပါဘူးလို့ငြင်းနေတဲ့ကြားက သူကလိုက်ဖြစ်အောင်လိုက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခု အန်တီလေးတို့အရက်ကွဲရတာပဲရှိတယ်။ သူ့အတွက်ကတော့ အရက်ကွဲတယ်လို့ ယူဆမှာမဟုတ်ဘူး။ အသည်းကွဲရတယ်လို့ပဲထင်မှာ။ သူ့ဘဝမှာ ဒီယောကျ်ားအချစ်မခံရတာ ကံဆိုးလှချည်ရဲ့လို့တွေးနေမှာ..မိဘတွေပါးစပ်ပေါက်ထဲ ပုံမှန်ထမင်းထည့်ပြီး ဖင်ကပုံမှန်ထွက်ဖို့ ဘယ်လောက်လှည့်ပတ်နေရသလဲမသိဘူး။ သိအောင်လည်း မကြိုးစားဘူး။ စိတ်လည်းမဝင်စားဘူး''

''အန်တီလေး သိပ်ခေါင်းကိုက်တယ်။ ဒီတော့အမာ ခေါင်းလွှဲတယ်၊ လက်ရှောင်တယ်လို့မထင်နဲ့သမီးရယ်၊ အဆင်ပြေရင် အဲဒီဝတီတို့အဆောင်မှာပဲ ပြောင်းနေလို့ဖြစ်မလား''

ကျွန်မကိုတောင်းဆိုနေတာထက် ... ဒါအမိန့်ပေးနေတာထင်ရှားပါတယ်။ ရင်ထဲမှာရုတ်တရက် ကိုယ့်စာရိတ္တကို အပွန်းပဲ့ခံလိုက်ရပြီဆိုတာ သိလို့သိပ်စိတ်ဆိုးတယ်။ ရန်ကုန်မှာ နောက်ကြည့်ကျော ရှေ့ကြည့်ရင်ဘတ်ဆိုတာကို သိရက်သားနဲ့ ဒီလိုမျက်နှာလွှဲခဲပစ်လုပ်ရက်လိုက်တာလို့လည်း နားလည်မိတယ်။ ကျွန်မသွားလေသူအဖေ့ကိုသတိအရမ်းရတယ်။

ဪ...အဖေတစ်ယောက်ရဲ့ အရိပ်ဟာ ဘယ်လောက်ထိတန်ဖိုးကြီးမားသလဲဆိုတာ အခုကျွန်မ နားလည်ရပြီ။ စီးပွားပျက်တဲ့ဒဏ်ရယ်၊ ရောဂါရယ် အဖေဘယ်လောက်ထိတောင် ခံစားပြီးမှ မချိမဆန့်အသက်ထွက်ခဲ့ရသလဲဆိုတာ ကျွန်မအခုမှသေချာကိုယ်ချင်းစာမိပြီ။



အဖေသာရှိမယ်၊ လယ်တွေလည်းရောင်းမပြုတ်ဘူးဆိုရင် ကျွန်မဟာ မိဘပို့တဲ့ပိုက်ဆံကိုသုံးပြီး ဘဝဆိုတာ ပျော်စရာကောင်းတယ်လို့ ယူဆချင်ယူဆမိနေမယ့် ခပ်ပေါ့ပေါ့ကောင်မလေးတစ်ယောက်ဖြစ်နေမှာ။

''ကျွန်မကို အချိန်ပေးပါဦး အန်တီလေး''

''အလတ်မကို မန္တလေးက သူ့အဖေအမျိုးအိမ်မှာ လောလောဆယ်ထားခဲ့တယ်အမာ။ သူဒီကို နောက်သုံးရက်နေရင် ပြန်လာလိမ့်မယ်''

''သူက ကျွန်မဒီမှာရှိနေတာကိုပါ အပြစ်တင်လို့လား အန်တီလေး''

''အန်တီလေးကို မမေးပါနဲ့အမာ ကိုယ့်သမီးကိုလည်းနိုင်အောင် မဆုံးမရဲဘူး။ အန်တီလေးက နီးရာဓါးကို ကြောက်နေရတာပါ အမာရယ်''

❖ ❖ ❖ ❖ ❖

''အခြေအနေတွေက ဒီလိုဖြစ်လာပြီဝတီ''

''ငါတို့ဆီမှာ နေတာကဖြစ်ပါတယ်။ နင်တစ်လငါးထောင်ပေးရမယ်အမာ။ စားစရိတ်နဲ့ဆို နင်ခါးချိအောင်လုပ်ရမယ်''

ကျွန်မခေါင်းမော့ပြီး အသက်ရှူသွင်းလိုက်တယ်။ အလုပ်လုပ်ရတာများဆန်းသလား။

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမလုပ်တတ်၊ မကိုင်တတ်နဲ့ ဘဝပျက်၊ အလွယ်လိုက်တဲ့ မိန်းကလေးတွေနဲ့စာရင် ကျွန်မကအပုံကြီးသတ္တိရှိပါတယ်။ ဒီထက်ပို ပြီးသတ္တိရှိဖို့ ဘဝကိုရင်ဆိုင်နိုင်ဖို့ ကျွန်မကြိုးစားရဦးမယ်။ ဘယ်တော့ မှာ ခြေမဲ့လက်မဲ့ဘဝနဲ့ ရေကြည်ကိုပြန်မသွားဘူး။ ကျွန်မဟာ လောက ကြီးကို အပြုံးမပျက်ရင်ဆိုင်သွားနိုင်ခဲ့တဲ့ အဖေ့ရဲ့သမီးဖြစ်တယ်။ ရသလောက်နဲ့ ရောင့်ရဲတတ်တဲ့ အမေ့ရဲ့သမီးဖြစ်တယ်။ ကျွန်မဟာ မောင်လေးအတွက် မီးရှူးတန်ဆောင်းလည်းဖြစ်တယ်။ မောင်လေးရဲ့ စိတ်ထဲမှာ သူ့အစ်မဟာ ခြသေ့်တစ်ကောင်လိုရဲရင့်ပြီး ဘဝမှာဘာ အခက်အခဲကိုပဲတွေ့တွေ့ မဆုတ်မနစ်ရင်ဆိုင်တတ်တဲ့ ခွန်အားရှိသူဖြစ် ရမယ်။

ငယ်ရွယ်တဲ့သူတွေဟာ သူတို့ရဲ့အစ်မ၊ အစ်ကိုတွေကို အများ ကြီးအတုယူတတ်သတဲ့။ မောင်လေးတွေဟာ အစ်မတွေကိုများသော အားဖြင့် ပိုချစ်ပြီးအတုနိုးတတ်တယ်။

"အလုပ်ကတော့ လုပ်ရမှာပဲဝတီ ငါမကြောက်ပါဘူး"

"ပြီးတော့ သူစိမ်းတွေနဲ့နေရတာ သည်းခံရမယ်အမာ။ ငါတို့ လေးယောက်စုနေတာ ကိုယ့်ထမင်းကိုယ်ချက်စားကြတာ။ ဒါပေမယ့် ကိုယ့်ဆီကိုသူများယူသုံးတာ။ ကိုယ့်ဆန်ကိုသူများခပ်ချက်တာ၊ ဒါမျိုး တွေကြုံလာရင် သည်းခံစိတ်မွေးရမယ်။ ချိုချိုကတော့ နင်သိပြီးသား ပဲ။ အပြင်ပန်းကြည့်ရင် ချိုချိုကအေးတာယ်။ ပေါင်းရသင်းရခက်တယ်



အမာ။ သူကရည်မှန်းချက်အရမ်းကြီးတော့ ညလုံးပေါက် စာရေးတယ်။ ခြင်ထောင်ချပြီးတော့ကိုရေးတာ။ လူတွေဆူရင် လုံးဝမကြိုက်ဘူး။ စကားပြောရင်လည်း ဒုံဒိုးပဲ။ ဟန်ဆောင်ပန်ဆောင်မပြောဘူး။

သူများ ငါ့စကားကြောင့် ဘယ်လိုခံစားရမယ်ဆိုတာလည်း လုံးဝ မစဉ်းစားဘူး။ ကောင်းတာကတော့ အကျင့်မယုတ်ဘူး။ မကောက် ကျစ်ဘူး။ ငါပိုက်ဆံလိုရင် သူ့နားကပ်လေးပေါင်ပေးတာ ခဏခဏပဲ။ အင်း နောက်နှစ်ယောက်မှာ တစ်ယောက်က သဲလ်မာ၊ အင်္ဂလိပ်စာ ဝုဏ်ထူးတန်းနဲ့ ဒုတိယနှစ်တက်နေတာ။ သဲလ်မာက အလှတစ်အား ကြိုက်တယ်။ စကားကိုလည်း မဆင်မခြင်ပြောတတ်တယ်။ တက္ကသိုလ်ကဘွဲ့တစ်ခုခုနဲ့ ရိုင်းရိုင်းပြောရရင် လင်ဖမ်းချင်တဲ့မိန်းမ လို့ပြောရမှာပဲ။ လိုချင်တာကလည်းခေါင်၊ မှန်းတာကလည်း ခေါင်၊ အခုအချိန်ထိတော့ လည်တယ်လည်တယ်ပဲ။ သဲလ်မာက အိမ်ရှင်မဂျာ နယ်မှာလုပ်တယ်။ နောက်တစ်ယောက်က ရှယ်လီ။ အဝေးသင်ပထဝီ တက်နေတာ။ တတိယနှစ်ရောက်ပြီ။ သူကသိပ်လှတယ်။ ရှုပ်တယ်။ ယောကျ်ားလေးတွေနဲ့လည်းအရမ်းရောတယ်။ ချိုချိုနဲ့ရှယ်လီက ရန် ဘက်ပဲ။ တစ်ခါတစ်ခါသူတို့သတ်ရင် ငါတို့မှာကြားထဲက ဘယ်လို မျက်နှာနှင့်နေရမှန်းတောင်မသိဘူး။

ရှယ်လီက သဘောကောင်းတယ်။ ဆိုးတာက စကားကိုဟိုစကား ဒီပို့ ဒီစကားဟိုပို့လုပ်တတ်တယ်။ သီချင်းလည်းအရမ်းကြိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဩဘ် ရှယ်လီကစားသောက်ဆိုင်မှာ သီချင်းဆိုတယ်လေ။ ရှယ်လီက အဆိုတော်အရမ်းဖြစ်ချင်တာ။ အားရင်သီချင်းကျင့်နေတာ။ ချိုချိုက ခြင်ထောင်ချပြီး စာရေးတာ။ စာရေးဆရာမနဲ့ အဆိုတော်ဖိုက်တင်ပေးတာမဆန်းပါဘူး။ ဒါပေမယ့် ငါတို့အားလုံးရိုးသားကြတယ်အမာ။ ရှယ်လီလည်းရှုပ်တာမှန်တယ်။ ဘယ်တော့မှကိုယ့်ခန္ဓာကို အထိအပွန်းမခံဘူး"

ကျွန်မသည် အသိုက်အမြုံတစ်ခုမှ ထွက်ရတော့မည်ဖြစ်၍ စိတ်မါတ်များမာကျောကာ လတ်ဆတ်သစ်လွင်နေတယ်။

လောကစံဆိုတာ ဘာများကြောက်စရာရှိလို့လဲကွယ်။ ကံဆိုးတာရှိရင်လည်း ကျွန်မပြုံးပြီးခံယူတတ်ရမယ်။ ကံကောင်းတာရှိရင်လည်း ကျွန်မပြုံးပြီးခံယူတတ်ရမယ်။

ကျွန်မလေ အနှောင်အဖွဲ့တွေရှုပ်ထွေးရာက တစ်ကောင်တည်း အမြင့်ကိုပျံတက်လာတဲ့ ငှက်ကလေးတစ်ကောင်လိုပဲ။

အသည်းနှလုံးဟာ လတ်ဆတ်သစ်လွင်နေလို့....။ ကျွန်မကို ကြိုးစားဖို့ ခွန်အားများပေးပါ ကိုကို။ ကိုကိုလည်း တစ်ချိန်တုန်းက ကျွန်မလိုပဲ ဘဝရဲ့အနိမ့်ပိုင်းမှာ စုန်ချည်ဆန်ချည်သွားခဲ့ရတဲ့ ခရီးသည် တစ်ယောက်မဟုတ်လား။

◆ ◆ ◆ ◆ ◆



"တော်တယ်အမာ..မင်းကိုငါ့အလုပ်မှာ ညီမလေးတစ်ယောက်လိုပဲ ငါကူနိုင်းပါ့မယ်"

ကိုကိုဟာ ကျွန်မအတွက် လမ်းပြကြယ်တစ်ပွင့်ဆိုလည်းဟုတ်ခဲ့တယ်။ ကျွန်မကတော့ ပိုးစုန်းကြူးလေး တစ်ကောင်ပေါ့ကိုကို။

အကောင်လေးက ပိစိလေး။ ဒါပေမယ့် ကျွန်မအာရုံထဲမှာ အလင်းရောင်တွေရှိနေတယ်။ အနာဂတ်ဆိုတာရှိနေတယ်။

ကျွန်မကို ကိုကိုကမ်းပေးခဲ့တဲ့လက်ဟာ နှောင်းတစ်မြွေမြွေမဖြစ်ခင်တော့ အင်မတန်ခွေးထွေးခဲ့တာပဲ ကိုကို။ သိလား....။

အမာအိမ်ဘဝမှာ ကိုကို့ရဲ့ ကမ်းလက်တစ်ဘက်တည်းနဲ့ပဲ လုံလောက်တယ်လို့ ထင်ခဲ့မိတဲ့အထိ ကိုကိုက ကျွန်မကိုလွှမ်းမိုးခဲ့တယ်။ ကျွန်မ စိတ်နှလုံးမှာ ခိုဝင်နေတဲ့ ဖြူစင်တဲ့အလှကို ကိုကိုက မါးနဲ့တစ်လှာချင်းလှီးမထုတ်ခဲ့ခင်အထိပေါ့။ ကျွန်မက ချစ်သူကိုအဆုံးစွန်ထိ ခွင့်လွှတ်နိုင်ခဲ့တဲ့ မိန်းမတစ်ယောက်ပါကိုကို။ အဲဒါတွေက ကိုကို့ကို အပြစ်ပေးခဲ့တာမဟုတ်ဘူး။ **ကိုကို့အတွက် ကျွန်မအချစ်ဟာ အပြစ်ဒဏ်မဟုတ်ခဲ့ဘူး။ အပြစ်ကို ခွင့်လွှတ်ခြင်း၊ အပြစ်မှ ဖြေလွှတ်ခြင်းမျှသာဖြစ်တယ် ကိုကို။**

ကျွန်မဟာ ကိုကို့ရဲ့ တရားသူကြီးဖြစ်ချင်ခဲ့တာမဟုတ်ဘူး။ ဒါပေမယ့် ဘယ်လောက်ကြေကွဲဝမ်းနည်းဖို့ကောင်းသလဲကိုကို။ ကိုကို့ကို ကျွန်မက တရားခံရှာတာတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုစွပ်စွဲခဲ့တဲ့စကား။ ကိုကို့ကိုဘာမဆို အထက်က အမိန့်ပေ စေခိုင်း၊ အနိုင်ကျင့် ဆိုးသွမ်းခဲ့တာမျိုး ကျွန်မဘယ်နှစ်ခါများ ကျ လွန်ခဲ့လို့လဲကိုကို။ တရားသူကြီးမဖြစ်ချင်တဲ့ မိန်းမတစ်ယောက်ဟာ ဘာကြောင့်လဲ။ အကြောင်းပြချက်က ရိုးရိုးလေးပဲ။ ကျွန်မရဲ့ချစ်သူက တရားခံမရှာချင်ဘူး။

အချစ်ခံရတာကို တရားခံရှာရတယ်လို့ သတ်မှတ်တာကတော့ ရက်စက်လွန်းပါတယ် ကိုကို။

ဘယ်တုန်းကများ ကိုကို့အပေါ်ကို ကိုကို့ထက်အစွမ်းကုန်ချ တတ်၊ လိုက်လျောတတ်တဲ့ မိန်းမတစ်ယောက်ကို ဖေးဖေးမမတွေ့ တာရှိခဲ့လို့လဲ။ ရှိစေတော့ကိုကို။

အချစ်ဟာ ရက်စက်ခြင်းဆိုရင်လည်း ကျွန်မက အဲဒီရက်စက် ခြင်းတွေကိုရင်နဲ့အမျှ အပြည့်အဝခံယူလိုက်ပါမယ်။

ကမ္ဘာဦးအစကတည်းက မိန်းမများဟာ ပေးဆပ်ခြင်းဖြ ယောကျ်ားတွေအတွက် အသက်ရှင်ခဲ့ကြတယ်။ ငြင်းဦးမလားကိုကို ကဲ ဒါဆိုမေးမယ်။

ဘယ်တုန်းကများ ယောကျ်ားတစ်ယောက် မီးဖွားရင်းသေဆုံ သွားတာ ကြားခဲ့ဘူးလဲ ပြောပါဦး။

မိန်းမတွေဟာ အချစ်ကိုခံယူဖို့အတွက် လက်ထပ်ခဲ့ကြပေမယ့် နောက်ဆုံး သူတို့ကသာ ချစ်တတ်တဲ့သူတွေဖြစ်သွားကြတယ်။



သဘာဝတရားရဲ့ အရှိကိုအရှိအတိုင်း လက်ခံတတ်အောင် ကျွန်မ ကြိုးစားနေထိုင်ဖို့ နှလုံးသားထဲကနေ လည်ချောင်းအထိ လျှံတက်လာ ခဲ့တဲ့နာကျင်မှုတွေကို ခံစားဖျောက်ဖျက်ခဲ့တယ်။

နောက်ဆုံးကျွန်မ အသက်နဲ့ရင်းပြီး တစ်စုံတစ်ရာကို ကျွန်မသိ ခဲ့ရတယ်။

ကျွန်မအချစ်ဟာ ကိုကို့ခြေထောက်တွေကို ရစ်ပတ်သိုင်းနှောင် ချင်တဲ့၊ ဝန်တိုတဲ့၊ ဝန်ပိတဲ့အချစ်မဟုတ်ဘူး။

ကျွန်မကို ကျွန်မလည်း အံ့ဩမိတယ်။ ဘာကြောင့်.... ဘာကြောင့်များ....။

ကျွန်မအပေါ် အဆုံးစွန်ထိ ရက်စက်တတ်တဲ့ လူတစ်ယောက်ကို ချစ်နေရလဲကွယ်။ သေချာတာက ကျွန်မကလည်း ဓဝရဲ့အဆက်အနွယ် မိန်းမတစ်ယောက်ပဲ မဟုတ်လားကိုကို။ ဒီတော့ ရယူခြင်းဖြင့် ကြီး ထွားရင့်သန်တဲ့ ကိုကို့အတွက် မြေစာပင်ဖြစ်ရတာ မဆန်းဘူး။ မဆန်းပါဘူးကိုကို။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

စိတ်ကူးများသည် ပိုးစုန်းကြူး
အမှောင်ထဲတွင် တစ်လက်လက်ပြိုးပြက်နေသည့်
အသက်ဝင်နေသော အလင်းရောင်၏
အစက်အပြောက်ကလေးများသာ ဖြစ်ပါ၏။

ရာဇဝင်မှတ်တမ်း



××××ငါလည်း ငါ့အိမ်ပြန်တော့မည်××××
×××× နင်လည်း နင့်အိမ်ပြန်တော့မည် × × ×
× × × အချိန်ဗေယာနဲ့တွေ....× × ×
× × × အချိန်ဗေယာနဲ့ချစ် × × ×
× × × အချိန်ဗေယာနဲ့ ခွဲခွါရဦးမည်။

ရှယ်လိုအသံက သိပ်ကောင်းတယ်။ အသံရောရုပ်ရော ခေတ်စကားနဲ့ပြောရရင်ရှယ်ပဲ။ ထူးရှယ်ပေါ့။ ဆံပင်က ဝှတ်ဝဲလောက်ကို ဖြောင့်ဖြောင့်စင်းစင်း မည်းနက်နေတာပဲ။ မျက်ခုံးက ပါးပါးကွေးကွေးလေး၊ ခုံးမျက်စ သုံးရက်လ ဆိုတာမျိုး၊ နှုတ်ခမ်းက နီနီထွေးထွေး၊ ပုံကျပန်းကျ ထူထူအိအိလေး။ အရပ်က ငါးပေကိုးလက်မ နည်းတဲ့အရပ်မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်တစ်ခါ လှေကျောင်းခန်းလုပ်တဲ့ရှယ်လီ ဗိုက်သားမှာအဆီလုံးဝမရှိတာ မဆန်းလှပါဘူး။ အရပ်မြင့်မြင့်။ ရှိုက်ကြီးဖိုင်ယယ်တွေဟာ သူ့နေရာနဲ့သူ၊ အဝတ်အစားကလည်း ဒီဖိုင်းအသစ်မှန်သမျှ သူ့ကိုယ်ပေါ်မှာ ရက်နောက်မကျဘူး။ အသံချိုချို၊ ခေါင်းလေးတစ်ခါခါနဲ့၊ ရှယ်လီ့ဘေးမှာ ပုရိသတွေဝိုင်းနေတာ ကျွန်မအတွက်တော့ လှတဲ့ပန်းလေးတစ်ပွင့်နားမှာ ပျားတွေဝိုင်းအုံနေသလိုပဲ။ ရှယ်လီက ကောလင်းသူ၊ အသားကဝါဝင်းနေတာ။

"လီလို့မှာ မိဘတွေမရှိတော့ဘူးအမာရဲ့၊ လီလီကမောင်နှမခြောက်ယောက်ထဲမှာ အကြီးဆုံး၊ ကိုယ့်ကိုကိုယ်မထိန်းရင် ဘယ်သူမှထိန်းပေးမှာမဟုတ်ဘူး။ ဒီတော့ ကိုယ့်ဦးနှောက်နဲ့ကိုဆင်ခြင်ရတယ်"

"လီလို့အောက်က ငါးယောက်ရှိသေးတာပေါ့"

"အင်း..အဲဒီငါးယောက်စာ ပါးစပ်ပေါက်အတွက် လီလီတစ်ယောက်တည်းကြိုးစားရတာ အမာရဲ့..."

"လီလီက တော်တယ်"

"အဲသလိုတော့မဟုတ်ဘူးပေါ့အမာရယ်။ ဘဝကိုဒီကွေ့ရောက်ရင် ဒီတက်နဲ့လှော်၊ ဟိုကွေ့ရောက်ရင် ဟိုတက်နဲ့လှော်တာပေါ့။ လီလီငယ်ငယ်တုန်းက ကျောင်းဆရာမလုပ်ချင်တာ။ အဖြူအစိမ်းကလေးဝတ်လို့။ ကြိမ်ခြင်းတောင်းလေးနဲ့။ ဆံပင်နောက်တွဲလေးထုံး ကြိမ်လုံးကလေးကိုင်ပြီး ကလေးတွေကိုစာသင်ပေးချင်တာ"



လီလို့မျက်လုံးကလေးတွေက အတိတ်ကို သတိရသွားပုံနှင့် အရည်ကြည်တွေရစ်ဝိုင်းလာတယ်။ နှုတ်ခမ်းကလေးတွေတောင် တုန်ရီလာတယ်။

"မမျှော်လင့်ဘဲ ဒယ်ဒီနဲ့မာမီက ကားမှောက်ဆုံးသွားတော့ လီလို့အိမ်မက်တွေလည်း သူတို့နှင့်အတူ ရေသဖြိုဟ်လိုက်ရတာပါပဲကွယ်။ အဲဒီတုန်းက လီလီကဆယ်တန်း တက်စပဲရှိသေးတာ။ လီလီတို့မှာ ဟိုဘက်ဆွေမျိုး၊ ဒီဘက်ဆွေမျိုး အားမကိုးရဘူး။ ဒယ်ဒီကအရမ်းရှုပ်တယ်လေ။ မာမီက ဒယ်ဒီရဲ့နောက်ဆုံးမယားပေါ့။ မာမီတို့ဘက်က ဒယ်ဒီ့လိုလူရှုပ်နဲ့ ယူတာသဘောမတူဘူး။ ဆွေပြတ်မျိုးပြတ်ထားခဲ့ကြတာ။

ဒယ်ဒီ့ဘက်ကလည်း မာမီ့ကိုဒယ်ဒီ့မယားတစ်ယောက်အနေနဲ့ အသိအမှတ်ပြုတာမဟုတ်ဘူး။ မိဘတွေဆုံးတော့ လီလီတို့မှာ အိမ်လေးတစ်လုံးပဲကျန်ခဲ့တယ်။ အငယ်ဆုံးညီမလေးကမှ သူငယ်တန်းပဲရှိသေးတာ။ ပြီးတော့ လီလို့အောက်တစ်ယောက်ကျော်ကမောင်လေးက ဒယ်ဒီတို့ကားမှောက်တုန်းကပါသွားတာ အသက်မသေဘဲ ခြေထောက်နှစ်ချောင်းလုံး ပေါင်က ဖြတ်ပစ်လိုက်ရတယ်ဆိုပါတော့အမာ"

ကျွန်မရင်ထဲမှာ လီလို့စကားတွေကိုနားထောင်ပြီး ဆို့နင့်လာတယ်။ လူ့ဘဝမှာ မြသသနှာနဲ့ကင်းတာ ဘယ်သူမှ မရှိပါလားလို့ သံဝေဂရမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမောင်လေးကိုလည်း လီလို့မှာသနားချစ်နဲ့ အရမ်းအလိုလိုက်ရတယ်။ အခုအိမ်မှာ အိမ်ဖော်တစ်ယောက်ငှားထားတယ်။ အမှာကိုကြွားရဦးမယ်။ လီလို့အောက်ကညီမလေးက စက်ဘပူမှာနာစ့်သင်တန်းသွားတက်နေတာ"

"ဟုတ်လား"

"သူက တစ်ဘက်ကလည်း အလုပ်လုပ်တယ်။ သူနဲ့လီလီနဲ့နှစ်ယောက်တက်ညီလို့ ကျန်တဲ့လေးယောက် ပြည့်ပြည့်စုံစုံနေနိုင်တာပေါ့။ လီလို့အလုပ်ကလည်းဝင်ငွေကောင်းတယ်။ ပန်းကုံးတစ်ကုံးကို ထောင့်ငါးရာနဲ့တစ်ညမှာ အောက်ထစ်ဆယ်ကုံးလောက်ရရင် လီလို့အတွက် မဆိုးဘူးလေ။ နောင်ရေးအတွက် ဘဏ်မှာအပ်သင့်တာလေး အပ်၊ ကလေးတွေအတွက် ရွှေကလေး ဘာလေးလုပ်၊ ပြီးတော့ စားဖို့ပိုက်ဆံခွဲထားရတာပေါ့။ မောင်နှမတွေအားလုံးတော်တယ်။ လေးယောက်မြောက်မောင်လေးက ဆယ်တန်းကို ဂုဏ်ထူးငါးဘာသာထွက်ထားတာလေ။ သူ့ကျောင်းစရိတ်ကို သူ့ဖာသာ စာသင်ပြီးရှာတယ်။ ကြိုးစနေလေရဲ့"

"လီလီတို့က ယောကျ်ားလေး ဘယ်နှစ်ယောက်ပါလဲ"

"အလယ်နှစ်ယောက်က ယောကျ်ားလေးတွေ၊ တစ်ယောက်က စောစောကဖိုက်ဒီထွက်ထားတာလေ။ နောက်တစ်ယောက်က မစွမ်းမသန်ပေါ့ကွယ်။ ဒါပေမယ့် လက်မှုလုပ်ငန်းနဲ့ သူလည်းသူ့ကိုယ်သူ



ဘဝအညွန့်မတုံးအောင် ကြိုးစားသင်နေတယ်။ လီလီက ကြက်သားအုပ်မကြီးကို စောင့်ကြည့်ရသလိုပဲအမာရဲ့။ သူတို့လေးတွေရဲ့ အနာဂါတ်အတွက် လီလို့မှာ တာဝန်ရှိတယ်။ လီလီကအကြီးဆုံးသမီး၊ မိဘတွေမရှိတော့ သူတို့လေးတွေအတွက် လီလို့က အဖေဆိုလည်းဟုတ်၊ အမေဆိုလည်းဟုတ်၊ လီလီမှတာဝန်မယူရင် အကုန်လုံးမိဘမဲ့ကျောင်းရောက်ကုန်မှာပေါ့။ အဲသလိုအဖြစ်မခံနိုင်ပါဘူး။ လီလို့အသက်နဲ့ခန္ဓာမြဲနေသမျှ သူတို့လေးတွေထမင်းမငတ်စေရဘူး"

ကျွန်မအတွက်တော့ လီလို့ရဲ့အားမာန်တွေဟာ အတုယူစရာပါပဲ။ ရန်ကုန်မှာ ဒီလိုဘဝအတွက်၊ မိသားစုအတွက်၊ ညီအစ်ကိုမောင်နှမအတွက် ကြိုးစားရုန်းကန်ရပ်တည်နေတဲ့ လီလီတို့လို ရိုးရိုးသားသားမိန်းကလေးတွေ အများကြီးပါ။ ညဘက်ဆလိုက်မီးရောင်အောက်မှာ ခန္ဓာကိုယ်လေးကိုနွဲ့ရမ်းပြီး သီချင်းကိုဈာန်ဝင်အောင်ဆိုတတ်တဲ့ လီလီတို့လို မိန်းကလေးတွေကို တစ်ချို့ကအပျော်ဖြေခံတွေလိုတန်ဖိုးမထားတာလည်းရှိကြရဲ့။ တစ်ချို့က ပေးလားဝါးလားနဲ့ ပြောင်လားနောက်လားလုပ်ကြရဲ့။ တစ်ချို့ကတော့ အဆိုတော်သစ်တွေကို လှည့်လည်ရှာဖွေတတ်တဲ့ တေးသံသွင်းပိုင်ရှင်ပရိုဂျူဆာတွေ။

လီလီတစ်ယောက် စီးရီးထုတ်ဖို့အထိ ရည်မှန်းချက်ကြီးပါတယ်။ ကျွန်မကိုခေါ်လို့ လီလို့ဆိုင်ကို တစ်ခါလိုက်သွားပြီး လိုက်ကြည့်မိပါတယ်။ ပြိုတီတီအကြည့်တွေ၊ စားတော့ဝါးတော့မတတ် စူးစိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်တဲ့ ရှမ္မက်နိုးတွေနဲ့ မျက်လုံးတွေအောက်မှာ လီလီတို့တွေဟာ ကရုပ်လေးတွေပါပဲ။

ဘဝဆိုတဲ့ ကြိုးဆွဲရာကနေကြတဲ့ ရာဇဝင်နဲ့ ကရုပ်လေးတွေ။ သူတို့မှာ ဘဝအမောတွေရှိမယ်။ သောကတွေရှိမယ်။

ဒါပေမယ့် စားပွဲတစ်ဝိုင်းကတောင်းတဲ့ သီချင်းတိုင်းကို ပြုံးပြီး အားသွန်ခွန်စိုက်ဆိုပြကြတယ်။

တစ်ချို့ကတော့ ဆန္ဒနဲ့ဘဝကို မိုက်မိုက်မဲမဲလဲလှယ်ကြတာလည်း ရှိလိမ့်မယ်။ တစ်ချို့ကတော့ ရိုးရိုးသားသားနဲ့ကို စီးပွားရှာကြတယ်။ အမျိုးမျိုးပေါ့လေ။

သေချာတာက သီချင်းတစ်ပုဒ်ပြီးတိုင်း တီးတဲ့လက်ခုပ်သံတွေထဲမှာ ရိုးသားတဲ့လက်ခုပ်သံဆိုတာ နည်းပါလိမ့်မယ်။

ဝတ်ကျေတန်းကျေတီးတာမျိုးတော့ များပါလိမ့်မယ်။

"လီလီ့အစား မောလိုက်တာကွယ်"

"လီလီကလည်း အမော့အစားညောင်းတယ်"

"ကျွန်မက သီချင်းကလေးနားထောင်ပြီး တစ်ချောက်ချောက်နဲ့ စာရိုက်ရတာ။ ကျွန်မမှာ ရိုးသဲ့သဲ့လုပ်ခံရတာမျိုးမရှိဘူးလေ၊ ဒီလို မိန်းကလေးတွေကို အဆင့်နိမ့်တွေးတတ်ပြီး ဆက်ဆံတတ်တဲ့လူမျိုးတွေနဲ့ စကားပြောဆက်ဆံရတာမရှိဘူးလေ" လီလီ့ကို ကျွန်မတွေးတာလေးပြောပြတော့....။



"မစိုးရိမ်ပါနဲ့အမာ လီလီတို့က နာမည်တစ်လုံးနဲ့ ဒီလောကမှာ သီချင်းဆိုတာ Smile Word က ရှယ်လီဆိုတာ သီချင်းသည်စစ်စစ်လို့ လူတွေနားလည်ပြီးသားပါကွာ။ တစ်ခုပဲကွာတယ်။ ကိုယ်တို့က ညဦးပိုင်းမှာသီချင်းဆိုတယ်။ သူတို့က တစ်နေကုန်အလုပ်လုပ်တယ်။ ဒါပဲကွာတယ်။ ကိုယ်တို့က အလုပ်ကိုအလုပ်နဲ့တူအောင် လုပ်တဲ့သီချင်းသည်။ ဒါပေမယ့် အမြင်မှားစရာလေးတွေကတော့ ဘယ်လောကမှာမဆိုရှိတာပဲလေ။ အတုနဲ့အစစ်ဆိုတာ ရေရှည်မှာခွဲလို့ရပါတယ်ကွာ"

လီလီပြောပြလို့ ဦးတိမ်ညိုဟာ လီလီရဲ့ပရိသတ်တစ်ယောက်မှန်း ကျွန်မသိခဲ့ရတယ်။ ပိုက်ဆံတွေပိုတဲ့ ကိုကိုဟာလီလီ့ကိုပန်းကုံးတွေ အမြဲစွပ်သတဲ့။

◆ ◆ ◆ ◆ ◆

"ရှယ်လီနဲ့ . .အမာတော်တော်ခင်လား"

ကျွန်မက ကိုကို့အမေးကို ဘယ်လိုဖြေရမှန်းတောင် မသိတော့ဘူး။

"ကျွန်မနဲ့ လီလီတွေ့တာ တနင်္ဂနွေလိုနေ့မျိုးပဲရှိပါတယ် ဦးတိမ်ညို၊ ဘာဖြစ်လို့လဲ"

"ဒီလိုကွာ ကိုယ့်သူငယ်ချင်းတစ်ယောက်က လီလီ့ကိုသဘောကျ

www.burmeseclassic.com

www.burmeseclassic.com



နေတယ်" ဟုတ်ရဲ့လားလို့ ကျွန်မမေးချင်လိုက်တာ။ အဲဒီသူငယ်ချင်းဆိုတာက ကိုကိုပဲမဟုတ်လား။

"အဲဒါဘာဖြစ်လို့လဲ ဦးတိမ်ညို"

"လီလီက မာနကြီးတယ်နော်"

"အင်း"

"တော်တော်တော့ လှတယ်"

"အဲဒီတော့ ဦးတိမ်ညိုသူငယ်ချင်းက သဘောကျတာပေါ့"

ကိုကိုက မျက်နှာမထားတတ်သလို တစ်ချက်ရယ်တယ်။

"လီလီ့ကို ကြိုက်တဲ့လူကတော်တော်များတာကွ"

"လီလီက ဦးတိမ်ညိုအကြောင်းလည်း ပြောပြပါတယ်"

"အန်"

"သြော်··ဘာမှမဟုတ်ပါဘူး။ ဦးတိမ်ညိုက သူ့ကိုပန်းစည်းပေးတတ်တဲ့အကြောင်းပါ"

ကိုကိုသဘောကျတဲ့ မိန်းကလေးတွေဟာ တစ်နေရာစီမှာ ကျော်ကြားမှုတစ်ခုစီတော့ရှိကြတာပဲ။ တတိုင်းမွှေးဆိုတဲ့ စာရေးဆရာမလေးကလည်း ကိုကိုနဲ့ ကျွန်မတို့ မျက်စိနောက်အောင်တွဲတာပါပဲ။ သူကတော့ အလျှုရှင်မှန်းသိအောင် မဏ္ဍပ်တိုင်တက်ပြချင်တယ်။ ဆိုင်ထဲလာပြီး ဟိုလူ့ကို ဟိုဟာနိုင်း၊ ဒီလူ့ကိုဒီဟာနိုင်းနဲ့ ကျွန်မတောင်သူခိုင်းတဲ့ ကဗျာလေးတစ်ပုဒ်ရိုက်ပေးရသေးတယ်။



ရင်နာစရာပါကိုကို။ သူရိုက်ခိုင်းတဲ့ကဗျာက ကိုကို့ကိုပေးဖို့ကဗျာလေ။ ကဗျာခေါင်းစဉ်ကကိုယ့်ရင်ကိုကိုယ့်မြှားပြန်စူးတဲ့ ကောင်မလေးတစ်ယောက်အကြောင်းတဲ့။

သူတစ်ယောက်တည်း မြှားစူးတာမဟုတ်ဘူးဆိုတာတော့ တတိုင်းမွှေးသိမယ်မထင်ပါဘူး။ ကျွန်မကတော့ အချိန်တိုအတွင်းမှာပဲ ကိုယ့်ရင်ကို မြှားပြန်စူးခဲ့တဲ့ မိန်းမတစ်ယောက်ပါ။ တတိုင်းမွှေးက ကိုကို့ဆီတစ်ခါတစ်လေ နေ့လည်စာထမင်းလာစားတယ်။

အဲဒီအခါမျိုးမှာ ကိုကို့ကို သူထမင်းခွံ့ကျွေးတတ်တယ်။ ကိုတိုးတို့ကကြည့်ပြီးမသိမသာရယ်ပေမယ့် ကျွန်မကတော့မရယ်နိုင်ပါဘူး။

ကိုကိုက အနေခက်တဲ့မျက်လုံးတွေနဲ့ လှမ်းကြည့်တတ်တယ်လေ။ မညှိုငင်ချင်ပါနဲ့တော့ကိုကို။ အဲဒီအကြည့်တွေဟာ ကျွန်မအတွက်တော့ သေရှာပို့တဲ့ အမိန့်ပြန်တမ်းတွေလိုပဲ။ မနက်စောစော ကျွန်မဆိုင်ကိုရောက်လာတတ်ရင် ကိုကို့အတွက်ရေနွေးကြမ်းခါးခါးလေးကျိုပြီး သုံးဆယ့်တစ်လမ်း အလယ်ဘလောက်က ဆီထမင်းဝယ်၊ ကိုကိုစားဖို့ အဆင်သင့်လုပ်ပေးတတ်တာ။ ညဘက်ဆိုင်က နောက်အကျဆုံးပြန်တာ ကျွန်မပဲမို့ ကိုကို့အတွက် ညစာထမင်း၊ ဟင်းကို တစ်ခြားသူတွေမရိပ်မိအောင် ကိုကိုကိုယ်တိုင်လည်း မတော်တဆမှုပဲလို့ထင်အောင် ကျွန်မပြင်ဆင်ထားတတ်တာ။ ဒါတွေဟာ ကိုကို့ကို အနေခက်စေသလားကွယ်။

www.burmeseclassic.com

www.burmeseclassic.com



လီလီကတော့

"လီလီ့စာရင်းထဲမှာ ဦးတိမ်ညိုမပါဘူး" လို့ အတိအလင်းဝန်ခံရှာတယ်၊ ပြီးတော့ "မင်းဦးတိမ်ညိုကိုများ စွဲလန်းနေသလားအမာ" လို့လည်းမေးရှာတယ်။ "စွဲလန်းနေရင်တော့ ဖျောက်ဖျက်ပစ်အမာ။ မဖြစ်နိုင်ဘူး။ ကိုယ့်သေတွင်းကိုယ်တူးမိသလိုဖြစ်မှာပဲ" တဲ့။

ကျွန်မက ကိုကိုပေးထားတဲ့ ဗလာစာအုပ်ကလေးတွေကို မရေးရက်ဘဲသိမ်းထားပေမယ့် ချိုချိုက-

"ငါဝတ္ထုရေးတာ စာအုပ်ကုန်သွားလို့ တစ်အုပ်လောက်ချေးပါအမာ" လို့ပြောပြီး စာအုပ်ဆွဲယူသွားတုန်းကလည်း မပေးချင်ပေမယ့် ပေးလိုက်ရတာပဲ။ ချိုချိုက သူ့လုံးချင်းဝတ္ထုတွေ နိုဝင်ဘာမှာစထွက်မှာမို့ အားသွန်ခွန်စိုက်ခြင်ထောင်ချပြီးရေးတာ သဲလ်မာက-

"ဒီစာရေးဆရာမတော့ ခြင်ထောင်ချပြီးရေးတယ်။ ကေနွှအမှောင်ထဲမှာ ရေးတဲ့စာတွေက အမှောင်စာပဲဖြစ်မှာပဲ" လို့၊ လီလီက မိုက်ခရိုဖုန်းနဲ့ ဘယ်သူ့ကိုမှ အားမနာတမ်း သီချင်းကျင့်၊ တစ်နေ့ကုန် အင်တာဗျူးကိစ္စနဲ့ လျှောက်သွားတဲ့ဝတီက သူ့ခြေထောက်တွေကို ပရုပ်ဆီလိမ်း၊ ကျွန်မက ကျွန်မဘေးကဖုန်းအဖြူလေးကို ဘယ်အချိန်မှာများ ထမြည်ပြီး ကျွန်မဆီ ကိုကို ဆက်မလဲ မျှော်လင့်။

တစ်ခါမှတော့ ကိုကိုမဆက်ခဲ့ဘူး။ ဖုန်းမြည်တိုင်း၊ လီလီ၊ ဒါမှမဟုတ်သဲလ်မာရဲ့အဆက်တွေ၊ ဝတီ့ဂျာနယ်တိုက်က လမ်းညွှန်တာတွေ၊



ချိုချို့ဆီသူ့ပတ်ဘလစ်ရှာက စာများများရေးဖို့ပြောတာတွေ။ ဒါတွေပဲ ဖုန်းကကျွန်မနဲ့နီးပြီး အဝေးကြီးဝေးနေတော့တာ။

သဲလ်မာက အိမ်ရှင်မဂျာနယ်မှာလုပ်တာမို့ တစ်ပါတ်တစ်ခါဂျာနယ်ထွက်ဖို့ တော်တော်ပင်ပန်းပါတယ်။

ဒါပေမယ့် ဘယ်လောက်ပင်ပန်းပစေ၊ သဲလ်မာဆီက ရေမွှေးနံ့နှင့် နှုတ်ခမ်းက ဆိုးဆေးကတော့ ဘယ်တော့မှမပျက်။ သဲလ်မာလောက်အလှကြိုက်တာလည်း ကျွန်မ မတွေ့ဖူးဘူး။

ညဘက်ဆို သခွါးသီးတွေအကွင်းလိုက်လှီး၊ ခရမ်းချဉ်သီးတွေလည်းပါရဲ့၊ အမှုန့်ဖြူဖြူတွေလည်းပါရဲ့၊ အဲဒါတွေရောပြီး မျက်နှာမှာအုပ်ရတာအမော၊ နှုတ်ခမ်းကိုလည်း အတော်ကြီးဂရုစိုက်ရှာတာ။

သဲလ်မာနှုတ်ခမ်းတစ်ခါဆေးဆိုးရင် ဘုရားရှူး၊ တစ်နာရီလောက်ကြာတယ်။ တစ်လိပ်ရှစ်ဆယ်တန် တစ်ရှူးအလိပ်တစ်လိပ်ဟာ သဲလ်မာနှုတ်ခမ်းနီဆိုးတာနဲ့ပဲ တစ်ပတ်မခံ။ ဆိုးဆေးကိုလည်း အကောင်းစားရယ်ဗလွန်တို့၊ မေဘယ်လင်းတို့ လော်ရီရယ်တို့၊ နောက်ပြီးရစ်ကထုတ်တဲ့ Visible Difference အလှကုန်တွေ၊ Body Care (ခန္ဓာကိုယ်လိမ်းသောကရင်ခ်) Eyecare (မျက်စေ့ပတ်ဝန်းကျင်လိမ်းသောကရင်ခ်) ၊ ရေမွှေးဆိုလည်း ကျွန်မကအဓိတာနတီလောက်ပဲသိတာ။ သဲလ်မာနဲ့ကျမှ ပြင်သစ်က ရေမွှေးအကောင်းစားတွေ တွေ့ဖူးတော့တယ်။ Guerlain, Alain Delon, Ming De Dynasty, Givenchy,

www.burmeseclassic.com

www.burmeseclassic.com



Christian Dior -, Gucci, Hermes, တကယ့်အကောင်းစားတွေ…။

နောက်မှသိတာက သဲလ်မာမှာသင်္ဘောသား ရည်းစားတစ်ယော
နှင့် ပြင်သစ်မှာအလုပ်သွားလုပ်တဲ့ ရည်းစားတစ်ယောက်ရှိတယ်
ပဲ။

အဲဒီနှစ်ယောက်လုံးဆီက မိန်းကလေးအသုံးအဆောင်ပစ္စည်းဖြ
တဲ့၊ အလှကုန်တွေ၊ ရေမွှေးတွေ၊ နောက် စီဒီတွေ၊ လက်ဆွဲကွန်ပျ
တာကလေးတစ်လုံးတောင် လက်ဆောင်ရသေးတယ်။

သဲလ်မာက မန္တလေးသူ၊ အိမ်ကိုဘာမှပြန်ထောက်စရာမလိုတေ
ရှာရသမျှပိုက်ဆံက အဝတ်အစားဖိုးနဲ့တင်ကုန်တာ။

သူ့ရည်းစားသင်္ဘောသားပို့လိုက်တဲ့ Concrod Mariner တံဆိ
မိန်းမပတ်နာရီအနက်ကလေးကို ကျွန်မတို့ဝိုင်းပြီးသွားရေ ကျရတယ်
ဒိုင်ခွက်ပတ်ပတ်လည်မှာ စိန်ပွင့်ကလေးတွေစီလို့။ ဆွစ်ဇာလန်နိုင်ငံ
ထုတ်၊ ဒေါ်လာနှစ်ထောင်နီးပါးတန်တယ်။ သဲလ်မာလက်ဖြူဖြူကလေ
နှင့် နာရီလေးကသိပ်လိုက်ဖက်တယ်။

"သဲလ်မာရယ်…နင်ဒီလောက်ရည်းစားတွေများတာ တစ်ခါ
ထိပ်တိုက်ရင်ဆိုင်တာမျိုးမရှိခဲ့ဘူးလား"

"ဟင့်အင်း…သဲလ်မာက မန္တလေးတစ်ယောက်၊ ရန်ကုန်တ
ယောက်၊ အဲသလိုနယ်ခြားပြီးတော့ထားတာ။ ဘယ်လိုမှမဆုံနိုင်တ
လောက ကလူတွေနဲ့ဆိုတော့ အဲသလိုတော့မကြုံဖူးဘူး"



"ဘယ်သူ့ကိုရွေးမှာလဲ"

"ပြောရခက်တယ်။ ခုချိန်ထိ သဲလ်မာက ရွေးနေတုန်းပဲ"

နောက်မှကျွန်မသိတာက သဲလ်မာရဲ့ အမေကအိမ်ထောင်နှစ်ဆက်
ဆိုပဲ၊ ပထမယောကျ်ားဘာမှ ဖြစ်ဖြစ်မြောက်မြောက် မရှိတဲ့ပွဲစား
ယောင်ယောင်၊ သဲလ်မာအမေကယူပြီး သိပ်မကြာခင်မှာကွဲသွားတယ်။
နောက် ကလေးသုံးယောက်အဖေ မုဆိုးဖိုတစ်ယောက်နဲ့ လက်ထပ်ပြီး
မှ သဲလ်မာတစ်ယောက်တည်းမွေးတာ။ သဲလ်မာအဖေကလည်း
သင်္ဘောကပ္ပတိန်ကြီး၊ သဲလ်မာက သူ့အဖေရဲ့ အရင်မယားနဲ့ရတဲ့
ကလေးတွေနဲ့ မတည့်ဘူး။ သူ့အိမ်မှာနေရင် အဲဒီကလေးတွေနဲ့ အမြဲ
ရန်ဖြစ်တယ်။ ကလေးတွေဆိုပေမယ့် အကုန်သူ့ထက်ကြီးတယ်။
သဲလ်မာက အနှိမ်ခံလိုဖြစ်နေတော့ ကိုယ့်ဟာကိုယ်နေမယ်ဆိုပြီး
ရန်ကုန်မှာအဆောင်နေရင်းကျောင်းလာတက်တာ။

"သဲလ်မာကို သူတို့ကဘယ်လိုပြောကြတယ်ထင်လဲအမာ။
သဲလ်မာက မာမီ့လိုပဲ ငွေကိုကြည့်ပြီးလင်ယူမှာတဲ့။ မာမီလည်းဒါ
ကြောင့်မိထွေးဘဝရောက်ရတာတဲ့။ သူတို့လိုလင်ကောင်းသားကောင်း
ရပ့်မလားဆိုပြီး စိန်ခေါ်ကြတယ်။ ဒီတော့ သဲလ်မာလင်ရွေးတာအပြစ်
လား။ သဲလ်မာအတွက် ငွေကအရေးမကြီးဘူး။ ပညာကအရေးမကြီး
ဘူး။ အရေးကြီးတာ သဲလ်မာအတွက် သူတို့ထက်သာတဲ့လင်ရဖို့ပဲ"

သဲလ်မာက ခံစားချက်ကို ဦးစားပေးတဲ့မိန်းမမျိုး။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း တန်ဖိုးရှိ အလှကုန်တွေနဲ့ခန္ဓာကိုယ်ကို ပြင်ဆင်ပြ
ကျော့ကွင်းကိုလှသထက်လှအောင် ယက်လုပ်နေတဲ့မိန်းမဖြစ်နေတာ
မဆန်းပါဘူး။

သဲလ်မာရဲ့ပစ္စည်းတွေကိုကိုင်ကြည့်ပြီး သွားရေကျရတဲ့ကျွန်မ
ဝတီ့ကို ချိုချိုကတော့ ဒီလိုဆုံးမဩဝါဒပေးတတ်တယ်။

"ကိုယ့်အရည်အချင်းနဲ့ကိုယ် ရှာလို့ရတဲ့ဟာကိုပဲ တန်ဖိုးထားကြ
စမ်းပါ။ မိန်းမဆိုတာ လင့်ရဖို့လောက်ပဲ တွေးထားရင် ခပ်ညံ့ညံ့ခ
တိမ်တိမ် မိန်းမမျိုးပဲ ဖြစ်သွားမှာပေါ့။ မှတ်ထား…လူမှာကိုယ့်ခွ
အားနဲ့ ရှာလို့ရတဲ့ငွေက အသန့်စင်ဆုံးပဲ။ အလှဆိုတာ အရေပြားတ
ထောက်စာတင် အဲဒီအလှနဲ့တန်ဖိုးဖြတ်လို့မရဘူး။ အဲသလိုဝတ်ချ
စားချင်စိတ်ပေါက်လာရင် မိန်းကလေးတွေဒုက္ခရောက်မယ်"

ရှယ်လီကတော့ လက်မခံ။

"လီလီဆို ဘယ်လိုလုပ်မလဲချိုချို၊ ခုချိန်ထိ လီလီမှဲ့တစ်ပေါက်
မစွန်းသေးဘူး။ ကိုယ်ကောင်းရင်ခေါင်းမရှေ့ပါဘူးကွာ။ ပတ်ဝန်းကျ
ဆိုတာ ချီးမွမ်းခုနှစ်ရက်၊ ကဲ့ရဲ့ခုနှစ်ရက်။ အဲဒါချိုချိုတို့လီလီတို့
ဂေါတမဘုရားရှင်က ကိုယ်တိုင်ဟောထားတာပဲ"

နောက်ကွယ်မှာတော့ သဲလ်မာကနှာခေါင်းရှုံ့တယ်။

"စာရေးဆရာမတွေက ဒီလိုပဲ။ လေကျယ်တယ်။ ဘာမှဟုတ
တာလည်းမဟုတ်ဘူး။ သူတို့ကိုယ်သူတို့ သွေးနားထင်ရောက်နေကြ



တာ။ ကမ္ဘာ့ထိသိတဲ့ စာရေးဆရာမများ ခုထိလက်ချိုးရေလို့မပြည့်
သေးဘူး။ ဂျာနယ်ကျော်မမလေးနဲ့ ခင်မျိုးချစ်ပဲကမ္ဘာကသိတာ။ အခု
နောက်ပေါက်တွေ ဘယ်သူများကမ္ဘာ့စာပေကို တိုးနိုင်လို့လဲ။ ချိုချိုက
သိပ်ကြီးကျယ်တာပဲ။ အရှိကိုအရှိအတိုင်းမမြင်ဘူး။ သူ့နဲ့စကားပြောရင်
အင်တာနက်တို့ ဝက်ဘ်ဆိုက်တို့၊ စီဒီဗင်တို့၊ ဂေါဂင်တို့မပါရင်မပြီး
ဘူး။ အဲဒါကြောင့်လည်း သူမစွံတာကြည့်ပါလား။ စာရေးဆရာမတွေ
က စိတ်ကူးယဉ်လွန်ပြီး အပျိုကြီးဖြစ်တတ်တယ်တဲ့သိလား"

ဘာပဲဖြစ်ဖြစ်၊ ပြဿနာအဖုအထစ်ကလေးတွေနဲ့ပဲ အဆောင်ဟာ
ပျော်စရာပါ။ နေမကောင်းရင်တော့ ချိုချိုကပြုစုတတ်တယ်။ တစ်ည
လုံးစာရေးတဲ့သူမို့ တစ်ယောက်နေမကောင်းဖြစ်ရင် ချိုချိုက လူနာ
စောင့်။

ဝတီကဟင်းချက်ကောင်းပြီး ကျွန်မကမုန့်မျိုးစုံလုပ်စားတာ ဝါသ
နာထုံတယ်။ ပိတ်ရက်ကလေးတွေမှာဆို ကျွန်မလုပ်တဲ့မုန့်ပဲသရေစာ
လေးတွေစားပြီး ဟိုအကြောင်း၊ ဒီအကြောင်းရောက်တတ်ရာရာပြော
ကြ။

ကျွန်မတို့ဟာ ပိုးစုန်းကြူးကလေးတွေပါ။ ဒါပေမယ့် ကိုယ်ပိုင်
အလင်းရောင်ကိုယ်စီတော့ ရှိကြတာပဲလေ။

❖ ❖ ❖ ❖ ❖

"သံယောဇဉ်မပြတ်ဘူး…သံယောဇဉ်မပြတ်ဘူး…ဟူး…ဟူး"

www.burmeseclassic.com

www.burmeseclassic.com



ဆုရှိသင်းပါရဲ့အသံက ရှတတလေး။ ကျွန်မနားထဲကို စာသား
လှလှလေးက တိုးဝင်လာတယ်။ ကိုကိုကတော့ စားပွဲပေါ်မှာခေါင်း
မှောက်ပြီး ငြိမ်နေတယ်။ တစ်ဆိုင်လုံးလည်းတိတ်လို့၊ ဘယ်သူမှမရှိ
တော့ဘူး ကျွန်မတို့နှစ်ယောက်တည်း။

"အမာ..."

ရုတ်တရက်ကိုကို့ခေါ်သံကြောင့် ကျွန်မလန့်သွားတယ်။ "ရှင်
ကိုကို" လို့ထူးမိတော့မလို့ ပါးစပ်ကိုမနည်းဘရိတ်အုပ်ထားရတယ်

"မင်း တတိုင်းမွေးကို ဘယ်လိုမြင်လဲ"

"ဘာကို ဘယ်လိုမြင်ရမှာလဲ ဦးတိမ်ညို"

"တတိုင်းမွေးကို မိန်းမချင်း ဘယ်လိုမြင်လဲလို့မေးတာ"

"အင်း....ချစ်ဖို့ကောင်းပါတယ်"

"လက်ထပ်ဖို့ ဘယ်လိုမြင်လဲ"

"ကျွန်မကို ဘယ်လိုမြင်စေချင်သလဲ ဦးတိမ်ညို"

ကျွန်မ ဘာကြောင့်ဒီလိုမေးမိသလဲ မစဉ်းစားတတ်တော့ဘူး

"အမာ..."

ကျွန်မကို ကိုကိုခပ်ငေးငေးစိုက်ကြည့်နေတယ်။

"ပြောလေ ဦးတိမ်ညို"

"မင်းစိတ်ထဲမှာ ကိုယ်မလုပ်ချင်ဘဲ လုပ်နေရတဲ့ခံစားမှုမျိုး
လားဟင်"

BURMESE CLASSIC .com



အို ဘယ်လိုမေးလိုက်တာလဲကိုကို။ ကိုယ်မလုပ်ချင်ဘဲလုပ်နေရ
တဲ့ခံစားမှုမျိုးရှိတာပေါ့။ ကျွန်မ ကိုကို့ကိုတစ်ခြားမိန်းမတွေနဲ့တွေ့တိုင်း
မျက်နှာလွှဲပြီး မေ့ပစ်ချင်တယ်။ ဖြစ်နိုင်ရင်ကိုကို့ကို ဘယ်မိန်းမတွေ
နဲ့မှ မပတ်သက်စေချင်ဘူး။ ဒါပေမယ့် ကျွန်မဘာမှမတတ်နိုင်ခဲ့ဘူး
လေ။ ကျွန်မဘာမှမပြောတော့ ကိုကိုထပ်မေးတယ်။

"အခု မင်းအသက်ဆယ့်ကိုးကျော်သွားပြီ။ ငါ့ဆိုင်ကိုရောက်တာ
တစ်နှစ်ကျော်သွားပြီ။ မင်းဒုတိယနှစ်ကျောင်းသူတစ်ယောက်လည်းဖြစ်
နေပြီ။ ခုချိန်ထိမင်းကိုကြည့်ရတာ ဖြူစင်နေတုန်းပဲ"

"ဟက်...ဟက်...ကျေးဇူးတင်ပါတယ်ဦးတိမ်ညို ကျွန်မကို
အဲသလိုထင်တဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ငါ့စကားမဆုံးသေးဘူးအမာ"

ကျွန်မကိုကို့မျက်နှာကို အထိတ်တလန့် လှမ်းကြည့်လိုက်မိတယ်။
ဘုရားရေ ကိုကို့မျက်ဝန်းတွေဟာ ကျွန်မရင်ထဲကို ဖောက်ထွင်းကြည့်
နေသလိုပါပဲလား။ ကျွန်မ မျက်လွှာကမန်းကတန်းချမိတယ်။ ကိုကိုသိ
နေခဲ့လည်း ဘာမှမပြောပါနဲ့လား ကျေးဇူးပြုပြီးပြန်တော့လေ၊

"မင်းဟာငါ့အမေနဲ့သိပ်တူတယ်"

"ရှင်..."

"ငါ့အမေလိုပဲ အပြုအစုအယုအယတော်တယ်။ အခြောစရာ
ကောင်းတာက ငါတို့စောစောမတွေ့ခဲ့ကြတာပဲ။ မင်းတို့မင်းအမေမွေး

www.burmeseclassic.com

www.burmeseclassic.com



တာနောက်ကျသွားတယ်။ တစ်နည်းအားဖြင့် မင်းရန်ကုန်ရောက်တာ နောက်ကျသွားတယ်။"

"ဦးတိမ်ညို ဘာတွေပြောနေတာလဲဟင်..ကျွန်မဘာမှနားမလည်ဘူး"

"ဟန်မဆောင်တတ်ဘဲနဲ့ မကြိုးစားစမ်းပါနဲ့အမာ"

ကျွန်မဖိုင်တွေသိမ်းပြီး ကွန်ပျူတာကိုပိတ်လိုက်တယ်။

"ကျွန်မပြန်တော့မယ်"

"မပြန်ရဘူး"

"ဦးတိမ်ညို"

"ကိုယ့်ကိုမင်းကိုယ်ချင်းစာပါဦးကလေးရယ်..မင်းကိုယ့်ကို နားလည်တယ်မဟုတ်လား"

ကိုကိုက ကျွန်မကိုရင်ခွင်ထဲဆွဲပွေ့တယ်။ ရုတ်တရက်ကျွန်မ တစ်ကိုယ်လုံး ကျဉ်စက်နဲ့တို့လိုက်သလို သတိလစ်သွားမတတ်။

"မဟုတ်သေးဘူး မဟုတ်သေးဘူး ဦးတိမ်ညို တစ်ခုခုတော့ မှားနေတယ်"

"မမှားဘူး..ကိုယ့်ကိုမင်းချစ်နေတာကိုယ်သိတယ်"

"ဒါပေမယ့် ကျွန်မကတတိုင်းမွေးမဟုတ်ဘူး ဦးတိမ်ညို အလွယ်တကူခြေလို့ရတဲ့ပန်းတွေထဲမှာ ကျွန်မ မပါဘူး"

ကျွန်မကို ရင်ခွင်ထဲဆွဲသွင်းထားရာကနေ ကိုကိုအလန့်တကြား လွှတ်လိုက်တယ်။



"မင်းဘယ်လိုပြောလိုက်တယ် အမာ"

"ကျွန်မကို ဘယ်တော့မှ လျှော့မတွက်ပါနဲ့ ဦးတိမ်ညို တတိုင်းမွေးကိုညီးငွေ့ရင် နောက်တစ်ယောက်ဆိုတာကို ရှင်ရှာလို့ရပါတယ်။ ဒါပေမယ့် အဲဒီနောက်တစ်ယောက်ဟာ အမာအိမ်မဟုတ်ဘူး။ ကျွန်မက ယောက်ျားကောင်းမောင်းမတစ်ထောင်ဆိုတဲ့စကားကို အယုံအကြည်မရှိဘူးရှင့်။ တစ်ပင်မှာတစ်လုံးတည်းသီးတဲ့ နာနတ်သီး။ ဒါပေမယ့် ခဏခဏသီးတာကျွန်မတွေ့နေတာပဲ။ ကိုယ့်ကိုကိုယ်အထင်မကြီးပါနဲ့ ဦးတိမ်ညို ကျွန်မသွားတော့မယ်"

ကျွန်မကို ပါးစပ်အဟောင်းသားနဲ့ ငေးကြည့်နေတဲ့ကိုကို့ကို ကျော်နိုင်းခဲ့ရတာ မလွယ်ပါဘူး။

ဒါဟာခဏစိတ်လှုပ်ရှားမှုပါ။

ဟုတ်တယ်မဟုတ်လား။ အကျပ်အတည်းတစ်ခုနဲ့ ကိုကိုကြုံနေရမယ်။ တတိုင်းမွေးနှင့်ပတ်သက်မှာတော့သေချာတယ်။ ဒီအကျပ်အတည်းကိုဖြေရှင်းဖို့ ကျွန်မကိုငါးစာလုပ်ပစ်ချင်တဲ့သဘော။

❖ ❖ ❖ ❖ ❖

"နှင်မှုန်တာပေါ့အမာ"

မိန်းကလေးလေးယောက်လုံးဟာ ကျွန်မကိုရောက်ခံတဲ့အကြည့်

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ အဲသလိုပြောကြတယ်။ သဲလ်မာကရေတစ်ခွက်ခပ်ပေးပြီ…

"ရော့ သောက်လိုက်အမာ ရင်တုန်နေတာယ်မို့လား"

ရေခွက်ကိုလှမ်းယူပြီး မော့ချလိုက်ပေမယ့် ကျွန်မရင်တုန်မပြေသေးဘူး။ ပြီးတော့ အကြောင်းပြချက်မရှိဘဲနဲ့ မျက်ရည်တွေထွက်ကျလာတယ်။

ချိုချိုက "ဒါနင့်ကိုသူစမ်းသပ်တာဖြစ်မှာပါ"လို့ သတ်မှတ်တယ်။

"ယောက်ျားတွေကဒီလိုပဲဟ၊ ပထမနည်းနည်းရှေ့တိုးကြည့်တယ်။ အိုကေရင် စုံးစမြုပ်စပဲ"

"အရေးထဲမှာ ချိုချိုကလည်း နှင့်ဝတ္ထုထဲကစကားတွေအပြင်မှာလာပြောမနေနဲ့ အမာမငိုနဲ့။ ဒါငိုစရာမဟုတ်ဘူး။ အမာမှာပွန်းပဲ့နစ်နာသွားတာ ဘာမှမရှိဘူး။ လီလီ့လောက်အမာအဖြစ်မဆိုးပါဘူးကွယ်"

အားလုံးရဲ့မျက်ဝန်းများ လီလီ့ထံသို့စုပြုံသွားကြတယ်။ လီလီကဘယ်သူ့ကိုမှမကြည့်ဘဲ ကြမ်းပြင်သာကြည့်ပြီး အတိတ်ကသူ့ရဲ့အကြောင်းကိုပြောပြတယ်။

"တစ်ခါတုန်းကပေါ့ လီလီအဲဒီတုန်းက ဆိုင်မှာဝင်လုပ်စပဲရှိသေးတယ်။ အခုဆိုင်မဟုတ်ဘူး။ တစ်နေ့အပြန်မှာ ကားတစ်စီးလိုက်လာတယ်"



ပြောရင်းနဲ့ လီလို့မျက်လုံးတွေရဲလာကာ….

"အထင်မှားခံရအောင် လီလီဟာပျက်စီးနေတဲ့မိန်းကလေးတစ်ယောက်မဟုတ်ဘူး…ဒါပေမယ့်လီလီအဲသလိုပြုမူခံခဲ့ရတယ်"

"အို…"

"ဘုရား…ဘုရား"

"လီလီ"

ကျွန်မ လီလို့ရဲ့လက်ကို အသာဖမ်းဆုပ်ကိုင်လိုက်တော့ ကျွန်မလက်ခုံပေါ်ကို လီလို့မျက်ရည်တစ်စက်က ပေါက်ခနဲလာကျတယ်။ လီလီငိုနေတယ်။

"အဲဒီနောက်ပိုင်း လီလီအဲဒီဆိုင်က ပြောင်းလိုက်တယ်။ ခုချိန်ထိ ကိုယ့်ကိုကိုယ်သန့်စင်အောင် နေထိုင်ခဲ့တယ်။ ဒါပေမယ့် လီလီကိုယ့်အကြောင်းကို ပြန်မတွေးရဲခဲ့ဘူး။ စိတ်နာလွန်းလို့၊ တစ်ရွှေခြောက်နေသလိုပဲ။ ဒါပေမယ့် လီလီဘယ်တော့မှ လက်ထပ်မှာမဟုတ်ဘူး။ လီလို့ကိုအတိတ်က အမြဲနှိပ်စက်နေတယ်။ အဲဒီအဖြစ်အပျက်ပြီးတဲ့နောက်မှာ လီလီဖျားတယ်။ အဲဒီတုန်းက ချိုချိုပဲ ပြုစုခဲ့တာလေ။ လီလို့ကိုယ့်ကိုကိုယ် ကာကွယ်နိုင်သလောက်ကာကွယ်ခဲ့ပေမယ့် လီလီဘာမှမတတ်နိုင်ခဲ့တဲ့ အဲဒီအဖြစ်အပျက်ကြောင့် မင်းတို့တွေမသိအောင် လီလီအမြဲငိုခဲ့ရတယ်။ ယောက်ျားတွေဟာ မိန်းမတွေကို အဲဒါအတွက်ပဲ အလိုရှိကြတယ်လို့တောင် လီလီခံယူချက်ထားမိတဲ့အထိ ပြောင်းလဲ

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တယ်။ လီလီဘယ်တော့မှ ယောက်ျားတွေကိုမယုံဘူး။ အပေါ်ယံ အနေနဲ့တော့ ရည်းစားများတယ်။ ဒါပေမယ့် ဘယ်တော့မှလီလီနောက် တစ်ကြိမ် အဲဒီအဖြစ်အပျက်မျိုးထပ်မကြုံအောင် ဂရုစိုက်ခဲ့တယ်"

"အဲဒီလူက ဘယ်သူလဲဟင်"

သဲလ်မာက မေးဖြစ်အောင်မေးတော့ လီလီက....

"ဆိုင်ရှင်ပဲ" လို့တိုးသိမ်စွာရေရွတ်ရင်းမျက်ရည်ကျတယ်။

"လီလီဘယ်တော့မှ မတွေးမိအောင်နေခဲ့တာ အခုအမာ့ကြောင့် ပြန်တွေးမိတယ်။ အမာ မငိုနဲ့။ ငိုလို့ဘာမှထူးလာမှာမဟုတ်ဘူး။ လီလီ့ထက် အမာ့ကအများကြီးအခြေအနေကောင်းတယ်။ အဲဒီလူ ဒီလို ကြမ်းတတ်ရင် သူ့ဆီမှာအလုပ်မလုပ်နဲ့ပေါ့"

ငြိမ်သက်နေတဲ့ ဝတီဆီကနေသက်ပြင်းချသံခပ်လေးလေးနဲ့အတူ

"ငါတစ်ခါတုန်းက ပြောခဲ့ဘူးတယ်မဟုတ်လားအမာ။ ဦးတိမ်ညိုဟာ မိန်းမတွေကို ငွေနဲ့ပေးဝယ်လို့ရတဲ့ ငွေဝယ်ကျွန်လို သဘောထားပါတယ်လို့။ တတိုင်းမွေးနဲ့လည်းတစ်ခုခုပဲ။ တွဲလာတာလည်း ကြာပြီလေ"

"အိုးဂေါ့စ် ကြာရင်အဲသလိုပဲလား"

သဲလ်မာဆီက ဘုရားတသံထွက်လာတယ်။ ချီချီက

"ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့အတွက် ငါတို့မှာဥပဒေရှိတယ်။ A woman even has the right to get rid off



the person who attempts to against her will တဲ့။ မိန်းကလေးတွေရဲ့ စိတ်ဆန္ဒက ကိုယ့်ကိုကိုယ်ကာကွယ်ဖို့အဓိကကျပါတယ်။ ကိုယ့်စိတ်ကို သာနိုင်အောင်ထိန်း ဒါပဲ"

❖ ❖ ❖ ❖ ❖

ညအိပ်ရာဝင်တော့ သဲလ်မာက ကျွန်မနဲ့လာကပ်အိပ်တယ်။ ပြီးတော့တိုးတိုးလေးမေးတယ်။

"အမာ အဲဒီလူကို ချစ်များနေသလားဟင်"

"ဘာဖြစ်လို့လဲ သဲလ်မာ"

"အမာငိုနေလို့ပေါ့"

"ဘယ်လို"

"သာမန်မိန်းမတစ်ယောက်အတွက် ရင်ခွင်ထဲဆွဲသွင်းခံရတာဟာ ဒေါသပဲထွက်စရာရှိတယ်။ ငိုစရာမဟုတ်ဘူး။ ငိုတယ်ဆိုတာ ဝမ်းနည်းလို့ပဲ။ ကိုယ့်ကိုတန်ဖိုးမထားရက်လေခြင်းလို့တွေးပြီးငိုတာ ဟုတ်တယ်မို့လား"

"မသိချင်စမ်းပါနဲ့သဲလ်မာရယ်"

"သဲလ်မာက ကိုယ်ချင်းစာလို့ပါအမာ ..ကဲ..ကဲ အိပ်တော့"

စာရေးဆရာမက တစ်ချောက်ချောက်နဲ့ ဘာတွေထရှာမှန်းမသိ

www.burmeseclassic.com

www.burmeseclassic.com



၍ ကျွန်မအိပ်မရ။ မိုးလင်းခါနီးလေ မနက်ဖြန်မနက် ဘယ်လိုများ ကိုကိုနဲ့ ရင်ဆိုင်ရမလဲတွေးပြီး ကြောက်လာလေပဲ။

◆ ◆ ◆ ◆ ◆



## အခန်း (၆)

မုန်တိုင်းရဲ့ လွတ်လပ်မှုနဲ့
ညှာတံရဲ့ အနှောင်အဖွဲ့ဟာ
အကိုင်းအခက်တွေ လှုပ်ယမ်းကခုန်နေတဲ့ကြားမှာ
လက်ချင်းတွဲနေကြလေရဲ့

ရာဇဝင်မြနှတ်တာပိုး

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကျွန်မဆီ ရောက်လာဖို့ ကြိုးစားတာဟာ မုန်တိုင်းတစ်ခုလို့ပဲ အရှိန်ပြင်းတယ်။ ကျွန်မရဲ့အားနည်းတဲ့ ဖြူစင်မှုကိုဖဟိုပြုပြီး ကိုကို့ရဲ့သဘောထားတွေဟာ တစ်နာရီမိုင်ဘယ်လောက်နှုန်းသတ်မှတ်ရမှန်းတောင်မသိဘဲ မြန်မြန်ဆန်ဆန်ရွေ့လျားခဲ့တယ်။ တတိုင်းမွေးကတော့ ကိုကို့ဘဝထဲက ပုံမှန်မဟုတ်တဲ့ထွက်ခွါခြင်းမျိုးနဲ့ ပျံသန်းသွားခဲ့ပြီ။

ဘယ်သူမှအကျယ်တဝင့်မသိလိုက်တဲ့ တတိုင်းမွေးရဲ့ ဘာကြောင့်သေဆုံးရသလဲဆိုတဲ့ အကြောင်းရင်းကတော့ Septic Abortion တဲ့လေ။ ကလေးပျက်ကျရင်းပိုးဝင်တာ။ ကိုတိုးကပြောပြလို့ ဝတ္တီဆီ ကနေ့သိရတဲ့အခါတုန်းက ကျွန်မတစ်ညလုံးစကားမပြောနိုင်ဘဲ ငိုင်တွေနေမိတယ်။



သနားစရာကောင်းလိုက်တာလို့ ရင်ထဲမှာထပ်ခါတလဲလဲရေရွတ်မိတယ်။ တရားခံဘယ်သူလဲလို့ အော်မေးစရာမလိုဘူး။

ဘယ်သူနဲ့တွဲခဲ့တယ်ဆိုတာ အားလုံးအသိ။ ဘာကြောင့် ရှတ်တရက် ကောက်ကာငင်ကာ ဆေးရုံမှာ ဆုံးသွားရသလဲဆိုတာ လူတွေမသိတာ။ ဖျားလို့ပေါ့လေ။ တစ်ကိုယ်လုံးဝါထိန်လို့ပေါ့လေ။ အသည်းယောင်လို့လို့၊ ငှက်ဖျားလို့လို့။

"ဒါ နှင့်ကိုသတိပေးနေတာတွေပဲအမာ"

ဝတ္တီအသံကအေးစက်လှတယ်။

"ငါတတ်နိုင်သလောက်ရှောင်မှာပါကွယ်"

ဒါပေမယ့် ပိုးဖလံလေးတွေ မြင်ဖူးတယ်မဟုတ်လား။ မီးမှန်းသိရက် နဲ့ တိုးဝင်နေတတ်တာ။ ကျွန်မရဲ့ကိုကိုက မီးမှမီးတောက်ကြီး ဒါပေမယ့် ကျွန်မကသစ်ရွက်တစ်ရွက်ဖြစ်ခဲ့တယ်။ မီးနဲ့တွေ့တော့ ပြာဖြစ် သွားတော့တာပဲပေါ့။

❖ ❖ ❖ ❖ ❖

"ကိုယ်....အမာ့ကိုဘယ်လိုတောင်းပန်ရမလဲမသိဘူး"

"ရပါတယ်။ ဒါပေမယ့် နောက်တစ်ခါဆိုတာတော့ မရှိသေးဘူးပေါ့ ဦးတိမ်ညို"

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ်....မှန်ပါတယ်။ အမောမှန်ပါတယ်။ မှားတာက ကိုယ်ပဲ"

ကိုကိုသိပ်ပိန်ကျသွားတယ်။ ပြီးတော့ကွမ်းတွေလည်းဝါးလို့ သွားတွေကနီရဲပြီး ရွံ့စရာသိပ်ကောင်းတယ်။ ကွမ်းဝါးတဲ့လူတွေက ကျွန်မနားမလည်တာ။ ကွမ်းမှာဘာအရသာများရှိလို့လဲ။ ဆေးပါရင် မူးမယ်။

စားရင်းနဲ့တစ်ပျစ်ပျစ်တွေးချလို့ ကဏ္ဍရာလမ်းလည်းညစ်ပတ်သေး တယ်။ မြို့တော်အင်္ဂါနဲ့လည်းမညီဘူး။ ပိုက်ဆံလည်းကုန်သေးတယ်။ ကွမ်းဝါးထားတဲ့ သွားတွေဟာသိပ်ရွံစရာကောင်းတယ်။ အခန့်မသင့် ရင် လျှာပေါက်မယ်။ ကျွန်မကြားဖူးတာက ထုံးကိုလက်နဲ့ကော်စား တဲ့လူကြီးတစ်ယောက်ဆို လျှာပြတ်ကျတယ်တဲ့။ လျှာကင်ဆာဖြစ်တာ၊ ကွမ်းစားရင်သွားဖုံးကင်ဆာဖြစ်ဖို့၊ ဆီးကျောက်တည်ဖို့ အခွင့်အလမ်း ပိုများတယ်။ ကွမ်းစားတဲ့လူတွေ သွေးတိုးနှလုံးပိုဖြစ်တယ်။

"ဦးတိမ်ညို ဘာလို့ ကွမ်းစားတာလဲ"

"ဒီလိုပါပဲ စိတ်ညစ်လို့"

"စိတ်ညစ်တိုင်း ကွမ်းစားရလား"

"အမော မကြိုက်ဘူးလား"

"ကျွန်မ ကွမ်းစားတဲ့လူတိုင်းမကြိုက်တာပဲ။ အိမ်မှာဆိုအမေလေ အားကြီးကွမ်းစားတယ်။ အစ်နဲ့တည်ပြီးစားတာ။ ဘာမှလည်းအာဟာ ရမဖြစ်ဘူး။ ကျွန်မနဲ့တော့တစ်ရန်ပဲ"



"ကွမ်းစားတာ ခံတွင်းရှင်းတယ်အမောရဲ့"

"ထင်လို့ပါ တစ်ခုခုစားပြီး ပလုပ်ကျင်းလည်း ခံတွင်းရှင်းတာ ပဲ"

ကိုကိုက ကွမ်းတံတွေးကိုပျစ်ကနဲ ဆိုင်ရှေ့ထွက်ထွေးတယ်။ အင်း ဒီလိုစည်းကမ်းမရှိတဲ့လူတွေများလာရင် ပိုညစ်ပတ်မယ်။

တစ်ဆိုင်လုံးကလူတွေ ကျွန်မကို ကိုကိုတယုတယဆက်ဆံတာ လေးတွေသတိထားလာမိတယ်။ အပြင်ကနေပြန်လာရင် ကြံရည်ဝယ် လာတတ်တာတို့၊ အမောရေ ညနေကျရင် ဘာချက်ပေးပါဦးတို့၊ ဒါတွေ ဟာ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးလွန်းတဲ့အထိမ်းအမှတ်လေးတွေ ပေါ့။ ဝတီကတောင်..

"ငါတောင်အံ့သြနေတယ်။ သူနင့်ကိုများ ကြိုက်နေသလားမသိ ဘူး"

"ငါက ဟင်းချက်ကောင်းလို့ဖြစ်ပါလိမ့်မယ်ဟာ။ ငါ့လိုမိန်းက လေးမျိုးကို သူခဏသာယာတာပဲရှိမှာပါ"

"အင်း..ယုံတော့မယုံနဲ့ဦး"

ကိုကို့ဆီမှာ မိန်းမတွေနဲ့အဆက်အဆံ လုံးဝကျဲသွားတယ်လေ။ ကျွန်မဖွင့်မပြောပေမယ့် စိတ်ချမ်းသာတာပေါ့။

ဝတီကအဆောင်ပြန်ရောက်ရင် ကိုကို့အကြောင်းတွေ ပေါ်လ်မာ ကို့ကိုဖောက်သည်ချတယ်။ ချိုချိုကမျက်မှန်ထူကြီးပင့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"အမှာမျက်နှာကလေးက ခုတစ်လောပိုကြည်လာသလိုပဲ။ အမေ ဦးတိမ်ညိုကို စိတ်ညွတ်နေပြီ။ ဒါပေမယ့် စောပါသေးတယ်အမ ရယ်"

"အင်းပါ ချိုချိုရဲ့"

"သဲလ်မာကတော့ အမာစိတ်ချမ်းသာရင်ပြီးတာပဲ ကိုယ်အကြ ပေးလို့လွဲသွားရင် နောက်ကျမှကိုယ့်အပြစ်မကင်းဖြစ်နေဦးမယ်"

"အို လီလီကတော့ အမာနဲ့ဦးတိမ်ညိုသဲဘောမတူဘူး အမာက ရေစစ်တောင်မရှိဘူး အပျိုစစ်စစ်၊ ဟိုကရှုပ်ထားပွေထားတာ မနည်း ဘူး၊ အမှာလိုဖြူဖြူစင်စင်ကောင်မလေးနဲ့ မဖြစ်ပါဘူး။ ဝတီနော် နင်ကအနီးကပ်နေတာ အမာတစ်ခုခုဖြစ်ရင် နင့်အပြစ်ပဲ"

အားလုံးထဲမှာ ကျွန်မကအငယ်ဆုံးမို့ အချစ်ဆုံးပဲ။

ချိုချို့ဝတ္ထုစဖြန့်တဲ့နေ့ကဆို ကျွန်မတို့ရှေ့တိုက်မှာ အကုန်ပုတီးစိပ် ကြတယ်။ ချိုချိုကတစ်အားကြိုးစားတာဆိုတော့ အားလုံးကဖြစ်စေ ချင်ကြတယ်။ ဝတီနဲ့ ကျွန်မတို့စာအုပ်သိမ်းကြတော့ ချိုချို့စာအုပ်တွေ ဈေးကွက်မှာအများကြီးပုံနေတာတွေ့တယ်။

"ဘာလို့လဲမသိဘူးနော် အပေါင်းထဲရောက်နေတယ်။"

ကျွန်မ ကိုကို့ကိုမနေနိုင်စွာမေးမိတယ်။

"ချိုချို့ထုတ်ဝေသူမဟုတ်တာလေ"

"ဘာဖြစ်လို့လဲဟင်"



"စာရေးဆရာအသစ်ဆို ဟိုအရင်တုန်းကပထမအုပ်မှာတင် နှစ် ထောင်ရိုက်တယ်။ တစ်အုပ်သုံးလေးကျပ်ဝယ်ဖတ်နိုင်တယ်လေ။ အခု ကျတော့ စထုတ်ရင်အုပ်ရေငါးရာပဲ။ ပိုရိုက်လို့မရဘူး။ ငါးရာမှ နှစ် ရာလောက်ကုန်ရင်အဲဒီစာရေးဆရာ လုပ်စားလို့ရတယ်။ ငါးရာထက်ပို ရိုက်ပြီး အပေါင်းချပစ်တာ စာရေးဆရာဘယ်တော့မှစောင်ရေမတက် ဘူး"

"ရှင်..."

"ထုတ်ဝေသူဘက်ကတော့ လုပ်စားလို့ရတယ်။ တစ်အုပ်တစ် အုပ်ကို အရင်းကျေမှာပဲလေ။ ပရိသတ်ဘက်ကြည့်တော့ ဆိုင်တွေက အပေါင်းကိုပဲစောင့်တော့မှာပေါ့။ ဒါကြောင့်စာရေးဆရာအသစ်တင် ရင် ဘယ်တော့မှအပေါင်းမချရဘူး။ အပြတ်ရိုက်ရတယ်။ ချိုချိုက ဖြစ်မှာမဟုတ်ဘူး"

"ဘာလို့လဲ ဦးတိမ်ညို၊ မကောင်းလို့လား"

"သူ့လက်က ရောင်းတန်းဝင်ပါတယ်။ ဒါပေမယ့်ထုတ်ဝေသူ ကမကောင်းဘူး ကြည့်ပါလား။ မျက်နှာဖုံးကလည်းညံ့။ အတွင်းစာ ရွက်သားကလည်း ဘားပြာအညံ့စားနဲ့။ အဖုံးကိုပလပ်စတစ်လည်း မလောင်းဘူး။ ဈေးကလည်းအသစ်နဲ့အပေါင်းသုံးဆကွာတယ်။ ချိုချို တော့လိမ့်မှာပဲ"

"ဦးတိမ်ညိုဘာလို့စာအုပ်မထုတ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ခေါင်းစားတယ်။ ဖြန့်တာကရှင်းတယ်။ ကုန်သလောက်ပဲ။ ကိုယ့်ပစ္စည်းမဟုတ်တော့ မကုန်မှာမပူရဘူး။ ဖြန့်ခပိုက်ဆံတောင်ရသေးတယ်။ စာအုပ်ဖြန့်ချီရေးက နားအအေးဆုံးပဲ။ ကြွေးသိမ်းတင်ချက်ပဲ။ ဒါကလည်း တောင်းတတ်ရင်ရတယ်။ ထုတ်ဝေသူဆိုတာအင်မတန်စိတ်ရှည်ရတယ်။ ငါကစိတ်အဲဒီလောက်ထိမရှည်ဘူး။ ကလောင်အသစ်တစ်လက်ဖြစ်ဖို့ကလည်း မလွယ်ဘူး။ အဟောင်းရပ်စ်တာများရင် ဘက်ဆဲလားတွေတောင် စောင်ရေကျတယ်"

ကျွန်မမှာ ချိုချိုအတွက်စိတ်မကောင်းဖြစ်ရတယ်။ ကိုယ့်အတွက်ပဲကိုယ်ကြည့်တဲ့ ထုတ်ဝေသူနဲ့သွားတွေ့တာကိုး။

❖ ❖ ❖ ❖ ❖

"ငါ့စာအုပ် အခြေအနေဘယ်လိုလဲ ဝတီ"

"အင်း...ငါ့ကိုမမေးနဲ့ အမာပြောပြလိုက်လေ"

"နင်သည်းခံရမယ်ချိုချို အောင်မြင်ဖို့လွယ်လွယ်နဲ့မရဘူး"

"အင်း..ဟုတ်တာပေါ့ ငါကလည်းစိတ်လောလွန်းတယ်"

ချိုချိုကိုတော့ မပြောဘဲကျွန်မတို့ပဲကြိတ်ပြီး စိတ်မကောင်းဖြစ်ကြရတယ်။ လီလီကမှတ်ချက်ချတယ်။

"အမြင့်မှန်းထားတာကြောင့်လည်းပါတယ်။ သိပ်အမြင့်ကြီးမှန်းထားတော့ ဒီလိုပဲအကျနာတာပေါ့"



တစ်အုပ်ကနေနှစ်အုပ်၊ နှစ်အုပ်ကနေသုံးအုပ်၊ ဘာမှထူးခြားမလာဘူး။ အဟောင်းဆိုင်မှာပုံတုန်းပဲ

"နင်ဘယ်နှစ်အုပ်စာချုပ်ထားလဲချိုချို"

"အုပ်တစ်ရာ ဒါပေမယ့်အခုပတ်ဘာလစ်ရှာကဆက်မထုတ်တော့ဘူးတဲ့"

"နောက်ဆုံးငါးအုပ်ထိ ချိုချိုဖြစ်မလာဘူး"

သဲလ်မာက-

"ချိုချိုနင့်ကလောင်နာမည်ကြောင့်လား"

"ဘာဖြစ်လို့လဲ"

"တစ်ချို့က ကလောင်နာမည်ကြောင့်မဖြစ်တာ။ ဘာပဲဖြစ်ဖြစ်နင့်ကလောင်နာမည် မဦးချိုကိုပြောင်းလိုက်ပာ။ ရဲရင့်မိုးတိမ်လို့ပေး"

သဲလ်မာကသူ့ပါးစပ်ထဲရှိတဲ့ နာမည်ကိုကောက်ရွတ်ပြ၊ အဲဒါကိုပဲ ချိုချိုက တကယ်ကလောင်ယူပြီး ရေးပြန်ရာနောက်ထပ်ပတ်တစ်လစ်ရှာတစ်ယောက်နဲ့မှာ ချိုချိုအောင်မြင်သွားတော့တာ။

စောင်ရေ လေးရာတောင်ကုန်တယ်တဲ့။

ငါးရာမှာလေးရာကုန်တော့ တစ်ကျော့ပြန်ချိုချိုလုံးချင်းလောကမှာ သရုပ်ဖူဆောင်းတော့မယ်ဟု အားလုံးကမျှော်လင့်ထားခဲ့ကြတယ်။

ခက်တာက နောက်ထုတ်ဝေသူကလည်း ဆယ်အုပ်အလကားတောင်းပြန်ရာ ချိုချိုအခက်တွေ့ပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"အမာရယ် ဟိုစာပေနဲ့ထုတ် ဆယ်အုပ်အလကားပေး၊ ဒီစာပေနဲ့ထုတ် ဆယ်အုပ်အလကားပေးနဲ့ တကယ်လည်းဖြစ်လာရော ငါ့မှာရေးစရာတောင် ကုန်မယ်ထင်တယ်"

ချိုချိုက တစ်အုပ်ပြီးတစ်အုပ်အောင်မြင်လာချိန်မှာ ကျွန်မတို့ကို သူ့ဘဝအကြောင်းရင်ဖွင့်ပြတယ်။ ပေါင်းရသင်းရခက်တဲ့ချိုချိုမှာလည်း သနားစရာကောင်းတဲ့ အတိတ်တစ်ချို့ရှိခဲ့တယ်။

"ငါ့မှာဖအေဘယ်သူ၊ မအေဘယ်သူ တိတိကျကျမရှိခဲ့ဘူး။ ငါသိတတ်စကတည်းက ငါ့ကြီးဒေါ်နဲ့ပဲနေရတယ်။ ပြီးတော့ငါ့မှာ ညီမလေးတစ်ယောက်လည်းရှိတယ်။ ကြီးဒေါ်ကအပျိုကြီး။ ထစ်ခနဲရှိရင် အမှောင်ခန်းထဲငါ့ကိုပိတ်ထားပြီး အပြင်ကသော့ခတ်ထားတာပဲ။ ငါ့မှာလေ အမှောင်ကိုကြောက်လွန်းလို့ သူစိတ်ဆိုးအောင်ဘာမှမလုပ်ရဲဘူး။ နှစ်တိုင်းပထမမရရင်လည်း အမှောင်ခန်းထဲပိတ်လှောင်ထားတာပဲ။ ဒါကြောင့် လူတွေနဲ့နေရမှာ ကြောက်လာတယ်။ ငါကပေါင်းရသင်းရခက်တယ်တဲ့။ ဟုတ်တယ်။ ဘယ်သူနဲ့ပဲဖြစ်ဖြစ် ငါမှားသွားရင် အမှောင်ထဲမှာ ငါထမင်းငတ်နေရဦးမယ်။ ဒါကိုငါကြောက်တယ်။ ငါလေ ဆယ်တန်းအထိ ဘယ်သူနဲ့မှ ရဲရဲစကားမပြောခဲ့ဘူး။ ပါးစပ်က စကားတစ်လုံးထွက်ရင် ဘာများဖြစ်တော့မလဲလို့ပဲ စိုးရိမ်ပူပန်ခဲ့တယ်"

"နင့်ကြီးဒေါ်က ရှူးနေတာကျနေတာပဲ"



"ဟဲ့သဲလ်မာ အဲ့ဒီလိုမပြောရဘူး"

လီလီက လှမ်းဟန့်တယ်။

"ငါက အဲဒီလောက်ထိ စိတ်ပိုင်းဆိုင်ရာမှာ ထိခိုက်ခဲ့သလို ငါ့ညီမလေးကတော့·····ငါ့ညီမလေးကတော့ ဆိုက်ကိုဖျူရိုးဆစ်"

"ဘာ ချိုချို ဆိုက်ကိုဖျူရိုးဆစ် ဟုတ်လား"

ဝတီက ထိတ်လန့်တကြားမေးတယ်။

ချိုချိုက ခေါင်းညိတ်ပြပြီး ငိုနေတော့တယ်။

ကျွန်မတို့ငါးယောက်ထဲမှာ ချိုချိုဟာမျက်ရည်အခက်ဆုံး၊ ဆိုက်ကိုဖျူရိုးဆစ်ဆိုတာ ဘာမှန်းမသိပေမယ့် ချိုချိုဒီလောက် ဝမ်းပမ်းတစ်တနည်းငိုရတာကြောင့် အဲဒါဟာမကောင်းဆိုးဝါး နာမည်ပဲလို့ ကျွန်မတော့ထင်တယ်။ လီလီကဝတီကိုလှမ်းမေးတယ်။

"ဆိုက်ကိုဖျူရိုးဆစ်ဆိုတာ ဘာလဲဝတီ"

"စိတ်ဆင်းရဲမှုသိပ်များပြီး မျိုသိပ်ထားရတဲ့ သူတွေမှာဖြစ်တဲ့ အရိုးပျော့ရောဂါတစ်မျိုးပေါ့။ ဒါပေမယ့် အဲဒီလိုမသန်မစွမ်းဖြစ်တာကိုပဲ သာယာနေတတ်ကြတယ်။ သိပ်ကိုသနားစရာကောင်းတဲ့ ရောဂါမျိုးပဲ။ ချိုချိုမငိုနဲ့တော့ တိတ်···တိတ်"

"ဒါကြောင့်ငါအရမ်းအောင်မြင်ချင်တာ။ ငါ့ညီမလေးကို နိုင်ငံခြားမှာ ဆေးသွားကုနိုင်ဖို့ ငါ့မှာပိုက်ဆံလိုတယ်"

"ချိုချို လီလီလေ အရင်တုန်းက ချိုချိုကို အလှမ်းကျယ်တယ်လို့ ထင်ခဲ့မိတယ်။ ခုတော့လီလီမှားလည်းပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်"

"ဒါနဲ့ နှင့်ညီမလေးက ဘယ်အရွယ်ရှိပြီလဲချိုချို" ကျွန်မကမေး တော့ "အပျိုပေါက်"လို့ပြန်ဖြေတယ်။ ပြီးတော့ထပ်မျက်ရည်ကျ တယ်။

"ညီမလေးက တစ်ကျောင်းလုံးမှာ ပထမရခဲ့တာ။ ဆယ်တန်း မှာလည်း အောင်ဒီထွက်တယ်"

"ဟာ ... နမြောစရာကြီး"

"ဟုတ်တယ် အခုလက်နှစ်ဘက်စလုံး လုံးဝဆန့်လို့မရတော့ဘူး။ ခြေထောက်တစ်ဘက်လည်း ဒရွတ်တိုက်ဆွဲနေတယ်"

"နှင့်ကြီးဒေါ်ရော"

"သူလည်းခုမှ နောင်တတွေရနေတယ်"

ကျွန်မစိတ်ထဲမှာ ချိုချိုညီမလေးကို ပုံဖော်ကြည့်မိတယ်။ သနာ စရာလေးပဲ။ ကိုယ်လက်အင်္ဂါမသန်မစွမ်းတော့ဘဲ စိတ်ရောဂါဖြစ်နေရ သူလေး။ ဒါကြောင့်ချိုချို အင်္ကျီလှလှလေးတွေ၊ ခေါင်းစည်းကြိုးလ လှလေးတွေဝယ်ပြီး အိမ်ပြန်သွားတတ်တာကိုး။

"ငါ့ညီမလေးကလေ ဆံပင်ဒခေါက်ခွက်ထိရှည်တယ်။ အသာ ကဖွေးဆွတ်နေတာ အရမ်းချောတယ်"

ချိုချိုစကားအဆုံးမှာ ကျွန်မအမေးချင်ဆုံးမေးခွန်းကိုမေးမိတယ်

"နှင့်တို့မိဘတွေက ဘယ်ရောက်သွားလို့လဲချိုချို"



"နှင်တော်တယ်အမာ။ အဲဒါငါ့အသိချင်ဆုံးမေးခွန်းပဲ။ ကြီးကြီး ကိုမေးရင် ငယ်ငယ်တုန်းကဆို အမှောင်ခန်းထဲထည့်ပိတ်ခံရလွန်းလို့ ကြောက်ပြီးမမေးရဲတော့ဘူး။ ပြီးခဲ့တဲ့ အခေါက်အိမ်ပြန်တုန်းက ငါကြီး ကြီးကိုမေးခဲ့တယ်။ ငါတို့မိဘတွေဘယ်သူလဲလို့ ..."

ကျွန်မတို့အားလုံး အသက်မရှူရဲ၊ ချိုချိုကြီးဒေါ်ဘယ်လိုဖြေမှာပါ လိမ့်။ အဖြေကလုံးဝမထင်ထားခဲ့သောအဖြေ။

"ငါ့အမေက ကြီးကြီးကိုယ်တိုင်ပဲ"

လီလီ့လက်ထဲက Life Style မဂ္ဂဇင်းပြုတ်ကျသွားတယ်။ သဲလ်မာ က အသက်ရှူဖို့တောင် မေ့သွားတယ်။ ကျွန်မနဲ့ဝတီကတော့ တအံ့ တသြချိုချိုကိုငေးမောလို့။

"ငါလေ..ကြီးကြီးလိမ်နေတယ်လို့တောင် ထင်မိတယ်။ ဒါပေ မယ့် မဟုတ်ဘူး တကယ်ပဲ။ ကြီးကြီးက ငါနဲ့ညီမလေးရဲ့အမေတဲ့ လေ"

◆ ◆ ◆ ◆ ◆

"အမာနေမကောင်းဘူးလား"

ကျွန်မကို ကိုကိုက ဂရုတစိုက်နဲ့ မေးရှာပါတယ်"

"ကောင်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာလေးကနွမ်းနေလို့"

"ဒီလိုပါပဲလေ…စိတ်ထိခိုက်စရာတွေကြားရတော့ ဒီလိုပဲပေါ့"

"အဆောင်မှာ ဘယ်သူဘာဖြစ်ပြန်ပြီလဲ"

"ဟင့်အင်း…"

"အမာ ဒီည ကိုယ်အမာနဲ့စကားအေးအေးဆေးဆေးပြောချင်တယ်။ အဆောင်လိုက်ပို့လို့ရမလား။"

"ဝတ္တီကိုမေးလိုက်ဦးမယ်"

"ဟာကွာ…"

"ဝတ္တီက ကျွန်မထက်ကြီးတယ်လေ…သူ့စကားကိုနားထောင်ရမှာပေါ့"

တကယ်တော့ ကိုကိုနဲ့လမ်းအတူတူယှဉ်လျှောက်ရမယ့်အရေးဟာ ကျွန်မအတွက် ရင်ခုန်စရာသိပ်ကောင်းပါတယ်ကွယ်။ ဝတ္တီကိုပြောပြတော့….

"သူခြေငြိမ်နေတာအားလုံးအသိပဲ။ အမာ လူကြီးလူကောင်းလိုဆက်ဆံရင်တော့ နင်လည်းကောင်းကောင်းပြန်ဆက်ဆံပေါ့။ ရုတ်ရုတ်လုပ်ရင် ငါ့တုတ်နဲ့တီးပစ်လိုက်မယ်။ မကျေနပ်ဘူး။ ချိုချို့အမေဇာတ်လမ်းနားထောင်ပြီးကတည်းက မကျေနပ်ဘူး"

ဘာပဲဖြစ်ဖြစ် ညနေခင်းမှာတော့ ကိုကိုနဲ့ကျွန်မ ဆူးလေလမ်းမကိုဖြတ်ပြီး ကျွန်မတို့နေတဲ့ ပုဇွန်တောင်ရေကျော်ကိုလမ်းလျှောက်ပြန်



ခဲ့ကြတယ်။ ကားကြပ်ကြပ်ကြီးထဲ တိုးစီးပြီးပြန်ကြတဲ့လူတွေကိုကြည့်ပြီး ကိုကိုက

"ကို ငယ်ငယ်တုန်းက ကားတိုးစီးရမှာ တော်တော်ကြောက်တယ်။ တစ်ခါတုန်းက အမေနဲ့ကိုယ်ကွဲသွားတာကိုး· အမေကမှတ်တိုင်မှာမဆင်းမိဘဲ ကိုယ်ကယောင်ပြီးဆင်းမိတယ်"

"ဦးတိမ်ညိုအမေတော့ တော်တော်စိတ်ပူသွားမှာပဲ"

"အင်းပေါ့ နောက်မှတ်တိုင်မှာ ပြန်လာရှာတော့တွေ့ပါတယ်"

ကိုကိုကစကားကို ဖြည်းဖြည်းသက်သာပြောလေ့ရှိတယ်။ ပြီးတော့ ကျွန်မမျက်နှာကို အရှိန်းစူးစူးစိုက်စိုက်ကြည့်တတ်တယ်။

"ဦးတိမ်ညိုကို ကျွန်မမေးစရာရှိတယ်"

"မေးလေ"

"တတိုင်းမွေးဆုံးသွားတာ ဦးတိမ်ညိုကြောင့်လား"

ကိုကို့မျက်နှာ ကွက်ခနဲပျက်တယ်။

"ဘာတွေလာမေးနေတာလဲကွာ"

"ကျွန်မသိမှဖြစ်မယ်။ ကျွန်မအတွက်အရေးကြီးတယ်"

"ဘာဖြစ်လို့လဲအမာ"

"ကျွန်မချစ်သူဟာ လူမဆန်တဲ့လူတစ်ယောက်မဖြစ်စေရဘူး"

"ကိုယ့်ကို လူမဆန်တဲ့လူလို့ မင်းစွပ်စွဲချင်တာလား"

"မဟုတ်ပါဘူး ဦးတိမ်ညို"

www.burmeseclassic.com

www.burmeseclassic.com



"တတိုင်းမွေးဆိုတာ ပတ်သက်ခဲ့ပြီးသွားပြီ။ Let it be gone ထားခဲ့လိုက်တော့ အနာဂါတ်မှာ သူနဲ့ပတ်သက်စရာဘာမှမရှိတော့ဘူး"

"ဟုတ်တယ် သူသေသွားပြီ။ ကျွန်မစိတ်ထဲမရှင်းတာ သုံ့နဲ့ ဦးတိမ်ညို ဘာကြောင့်လက်မထပ်ဖြစ်သလဲ အဲဒါပါပဲ"

"အဲဒါကတော့ လက်မထပ်ချင်လို့ပေါ့"

"ဘာဖြစ်လို့လဲ"

"လက်ထပ်တာကို ကိုယ်မယုံဘူး။ လက်ထပ်စာချုပ်ဆိုတာ စက္ကူတစ်ရွက်ပဲ။ အဓိကလိုအပ်တာ လူနှစ်ယောက်သစ္စာရှိဖို့ပဲ။ သစ္စာမရှိရင် ဘာမှလုပ်လို့မရဘူး"

"မဟုတ်သေးဘူး ဦးတိမ်ညို လက်ထပ်စာချုပ်ဆိုတာ မိန်းမသားတွေကို အကာအကွယ်ပေးတယ်"

"အဲဒါဆို အမာနဲ့ကိုယ်စကားဆက်မပြောသင့်တော့ဘူး"

"ဘာဖြစ်လို့လဲ ဦးတိမ်ညို"

"ကိုယ်တို့အယူအဆချင်းမတူဘူး။ ဒီတော့ပြဿနာတက်မယ်။ ကိုယ်အမာနဲ့ပြဿနာ အတက်မခံနိုင်ဘူး။ ကိုယ်ချစ်ဖို့ကြိုးစားနေတဲ့ မိန်းကလေးကို စိတ်ကောက်အောင်မလုပ်ရဘူးတဲ့"

"ဒီစကားမျိုးတွေက ဦးတိမ်ညိုအတွက် မဆန်းတော့ဘူးလေ"

"မခနဲ့နှင့်....မခနဲ့ပါနှင့်အမာ ကိုယ်ကမင်းငြင်းလိုက်မယ်ဆိုရင် ချစ်သူအိမ်အမိုးနောက် လပျောက်သလိုဖြစ်သွားလိမ့်မယ်"



"ဟားဟာ့...ဦးတိမ်ညိုရယ်စရာအတော်ပြော"

"ကိုယ် အမာဘေးနားမှာနေချင်တယ်"

"အင်း"

"ကိုယ်အမာ့မျက်နှာကို တွေ့ရင်စိတ်ချမ်းသာတယ်"

"အင်း"

"ကိုယ့်ကိုအမာအဖြေပြန်ပေးပြီ"

"အင်း"

"တကယ်နော်"

"အန်...စောစောက ဘာပြောလိုက်တာလဲ"

"ပြောပြီးသွားပြီလေ အမာ...ဒါပဲခုချိန်ကစပြီး ကိုယ်နဲ့အမာ"

"အို...တော့်ပါတော့ ကလေးကလားတွေ"

❖ ❖ ❖ ❖ ❖

ယောကျ်ားတစ်ယောက်ရဲ့အကြင်နာဟာ ဘယ်အချိန် အတိုင်းအတာထိခံမလဲ။ အဲဒါကို ထွက်ထုတ်လို့ရမယ့်ပုံသေနည်းကို နယူတန် ဘာကြောင့် တွက်ထုတ်မသွားပါလိမ့်။ အိုင်းစတိုင်းလည်း မေ့သွားတယ်ထင်တယ်။

ဒါမှမဟုတ် အဲဒီပုံသေနည်းဟာ အမြဲတမ်းတစ်ဝက်လျော့သွား

www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ Half Life သီအိုရီလိုမျိုးနဲ့တူနေလို့ ရူပဗေဒနဲ့ သင်္ချာပညာရ
တွေက တမင်ထားခဲ့တာနဲ့တူပါရဲ့။

အစတုန်းကတော့……။

အစတုန်းကတော့ အချစ်နဲ့စခဲ့တယ်။ အဲဒီအချစ်ဟာ အင်မတ
စိတ်ရှည်သီးခံတတ်တယ်။ ရင်ခုန်စရာလေးတွေပေးတတ်တယ်။ ဆိုး
နဲ့လိုအင်မတန်ကောင်းတယ်။ အိမ်မက်လှလှတလေးတစ်ခုမှာ ရွှေမ
သမီးလေးဖြစ်နေသလိုပဲ။ အဲဒါကြောင့် အချစ်ကိုဂုဏ်ယူဖွယ်ကော
တဲ့ အရာတစ်ခုလို့ ကျွန်မ လွဲမှားစွာယုံကြည်မိခဲ့တဲ့အထိပဲ။

❖ ❖ ❖ ❖ ❖

ကျွန်မက ကိုကိုနဲ့ကြိုက်သွားပြီလို့ အဆောင်မှာကြေငြာလိုက်
အခါ စောစောတုန်းက လက်ဖက်သုတ်ပန်းကန်ထဲက ခွန်းတစ်ချော
ကိုလုပြီး စားနေ၊ ရယ်နေတဲ့အသံတွေ၊ ကြက်ပျောက်၊ ငှက်ပျော
ပါပဲ။

အားလုံးဆီက သဘောတကျလက်ခံလိမ့်မယ်လို့ ထင်မထားတ
လည်း ရှိပေမယ့် အားလုံးကကျွန်မကို သနားစရာကောင်းတဲ့ ကော
မလေးလို ကြည့်နေတဲ့အခါကျတော့ ရင်ထဲမှာအောင့်သွားတယ
ပထမဆုံး သတိဝင်ပြီးစကားပြောတာသဲလ်မာ။



"ဟုတ်လား…မမြန်လွန်းဘူးလားအမာ"

"မြန်တယ်…အင်း ဟုတ်တယ်သဲလ်မာ အမာလေ…"

ကျွန်မဆက်မပြောနိုင်တော့ဘူး…ချိုချိုကတော့…

"တကယ်ဆို အကဲခတ်ဖို့ အချိန်တွေအများကြီးယူပြီးမှ အဖြေ
ပေးသင့်တယ်အမာ ဦးတိမ်ညိုကယုံချင်စရာ ဘာများရှိလို့လဲ"

လီလီက သူ့လက်ထဲက လက်ဖက်သုတ်ဇွန်းကိုခတ်လက်စက
နေ ပစ်ချလိုက်ပြီး အခန်းထောင့်က ကုလားထိုင်ပေါ်မှာ သွားထိုင်
တယ်။

"ငါတော့နှမြောတယ်"

လီလီက အဲသလိုရေရွတ်ပါတယ်။ လီလီ့စကားက မြားတစ်စင်း
လိုပဲ ကျွန်မကိုလာထိတယ်။ ကျွန်မမှားသွားပြီဆိုတာ သိလိုက်တယ်။
ကျွန်မထိန်းသိမ်းထားသင့်တယ်။ မဖြစ်စလောက်အကြင်နာလေးတွေ
ကြောင့် ရေစီးကမ်းပြိုမဖြစ်သင့်ဘူး။ လီလီက ဆက်ပြောတယ်။

"အမာ့ကိုလေ ငါ့ညီမလေးနေရာမှာဆို ဒီလိုလူမျိုးနဲ့ကြိုက်လို့
ငါရိုက်ပစ်မိမယ်ထင်တယ်။ အခုငါရိုက်လို့မသင့်တော်ဘူး။ နင်သူ့
အကြောင်းကို မျက်မြင်လည်းတွေ့တယ်။ နားနဲ့လည်းကြားတယ်။
ဒါနဲ့တောင် နင်ဘာလို့ မိုက်သေးတာလဲအမာ။ နင့်ကိုနင်အခုသူ့ရဲ
ကောင်းမကြီး လုပ်ချင်လို့လား။ အရူးထနေတယ်"

တစ်ချိန်လုံးငြိမ်နားထောင်နေတဲ့ ဝတီကတော့ ဘာမှကိုဝင်မပြော

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ သူ့လက်ထဲက ကြက်သွန်ဖြူတစ်ဥကို သဲသဲမဲမဲနွှာနေသလိုမျိုးနဲ့ အာရုံလွှဲထားတယ်။

ချိုချိုက-

"ရှေးရှေးတုန်းက ယောကျ်ားတစ်ယောက်ကို သုံးနှစ်သုံးမိုးစောင့်ကြည့်ပြီးမှ ရွေးကြတယ်ဆိုတာ အိမ်ထောင်ရေးကို တစ်အိမ်ထောင်တည်းဖြစ်အောင် ကြိုတင်ကြံစည်ပြီးလုပ်ကြတာ။ သေချာတွေးကြည့်ရင် အဲဒီအလေ့ကောင်းတယ်။ ငါကခေတ်နောက်ကိုပြန်ဆွဲတာမဟုတ်ဘူး။ ငါတို့မြန်မာတွေမှာ တစ်လင်တစ်မယား အိုအောင်မင်းအောင်ပေါင်းတာ ဂုဏ်သိပ်ရှိတယ်။ သုံးနှစ်အတွင်းမှာ မကောင်းရင်လက်တွဲဖြုတ်၊ ကောင်းရင်ရှေ့ဆက်၊ ခုနေခါမှာ အတိုးကြီးအဘွားကြီးလင်မယားတွေတွေ့ရင် ဘယ်လောက်ကြည်နူးဖို့ကောင်းလဲ။ လင်မယားပြဿနာအသေးအမွှားတော့ သူတို့မှာရှိမှာပဲ။ ဒါပေမယ့် ဆိုးဆိုးရွားရွားနောင်တမျိုးရှိမှာမဟုတ်ဘူး။ လူတွေကပြောကြတယ်။ အခုခေတ်ကဒုံးပျံခေတ်၊ နင့်ကိုငါချစ်တယ်။ နင်ငါ့ကိုချစ်မလား။ အေးဆိုရင်ပွဲပြတ်ပြီတဲ့။ ဒါကြောင့်အကွဲအပြဲဇာတ်တွေပိုများလာတာပေါ့။ သုံးလင်ပြောင်းသောမိန်းမ၊ သုံးကျောင်းပြောင်းတဲ့ရှင်၊ ဘယ်လိုလုပ်ကောင်းမှာလဲ၊ လင်ယူတယ်ဆိုတာ မုန့်ဝယ်စားတာမဟုတ်ဘူး။ မုန့်က မကြိုက်ရင်လွှင့်ပစ်လို့ရတယ်။ ငါနင့်ကိုအားနာပါတယ်အမာ။ ဦးတိမ်ညိုကလေ နင်မကြိုက်လို့လွှင့်ပစ်ရမယ့်မုန့်နဲ့တူတယ် သိလား"



ကျွန်မခေါင်းကို ကုတ်ပြီးသူတို့တွေရဲ့မျက်နှာကို တောင်းပန်သလိုလိုက်ကြည့်မိတယ်။ သဲလ်မာကတော့ ချိုချိုစကားတွေအတွက် အားနာသလိုပြုံးပြရှာပါတယ်။

"တွဲကြည့်ဦးပေါ့အမာ...ဒီကြားထဲမှာ ဘာမှလွန်လွန်ကျူးကျူးမဖြစ်စေနဲ့နော်။ သဲလ်မာတို့က အမာ့အတွက်တွေးကြတာပါ။ သဲလ်မာလည်းရည်းစားထားတာပဲ။ ဒါပေမယ့် အနားမှာတစ်ယောက်မှမထားဘူး။ အနားကပ်နေတော့ ကိုယ့်အတွက်အန္တရာယ်ပေးနိုင်တယ်။ အဝေးမှာထားပြီး ချစ်ရတာက စိတ်ငြိမ်းတယ်။ ဒီလိုဆို မေးစရာရှိလာမယ်။ အနားကပ်ထားမှ အကြောင်းသိရမယ်လို့ အဝေးမှာထားလည်း သိနိုင်တဲ့နည်းတွေအများကြီးပါ။ ဘာလို့လဲဆိုတော့ သဲလ်မာကတစ်နှစ်လောက်နေမှ ပြန်ကြိုက်ခဲ့တာ။ အမာက ကလေးလိုပဲ။ မျက်နှာလေးကဖြူစင်တာ။ မဟုတ်မဟတ်တာ တစ်ခုခုဖြစ်ရင် အားလုံးမှာတာဝန်ရှိတယ်လေ။ အားလုံးကဂရုဏာဒေါသနှင့်ပြောကြတာကို စိတ်မဆိုးနဲ့၊ ငွေမယူနဲ့၊ ဒီကနေ့ကစပြီး ဆိုင်မှာအားလုံးပြန်တဲ့အချိန်ပြန်။ တစ်ယောက်တည်းမနေခဲ့နဲ့နော်။ ဝတီကလည်း မကြာခင်ဘဲ အလုပ်ဝင်တော့မှာ...အမာတစ်ယောက်တည်းဖြစ်သွားပြီ"

သဲလ်မာစကားသံတိတ်သွားပြီးတော့ အားလုံးအလျှိုလျှိုပြန်ရာဝင်ကုန်ကြတယ်။ ကျွန်မတစ်ယောက်တည်း လက်ဖက်သုပ်ပန်းကန်ကလေးနဲ့။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာအရှမ်းငယ်ရတယ်။ ကိုကို့ကိုချစ်မိတာ မုန်တိုင်းတစ်ခုကို လက်ခံရရှိသလိုပါပဲလေ။ ကျွန်မတစ်ယောက်တည်း ရှိုက်ပြီးတိုးတိုး လေးငိုမိတယ်။ ဘယ်လောက်ကြာကြာငိုနေမှန်းလည်းမသိပါဘူး။ ခေါင်းကို ခပ်ဖွဖွသပ်ပြီး ကျွန်မကိုသူ့ရင်ခွင်ထဲဆွဲသွင်းတဲ့တစ်ယောက် ရောက်လာမှ မော့ကြည့်မိတော့ဝတီ။ ဝတီကညင်ညင်သာသာပြုံးပြီး သူ့လက်ညှိုးလေးနှင့် မျက်ရည်သုတ်ပေးတယ်။ ဝတီသုတ်ပေးမှမျက် ရည်တွေကလည်း ပိုကျလာတယ်။

"မငိုပါနဲ့ကွယ်။ ယောကျ်ားတစ်ယောက်ကို ချစ်ကြည့်တာဟာ အမ့်အတွက် အရွယ်ရောက်လာပြီဆိုတဲ့ အဓိပ္ပါယ်ပဲ။ အဲဒီယောကျ်ား ကို လိမ္မာအောင်သွန်သင်ဖို့ကြိုးစားရင်းနဲ့ အမာရင့်ကျက်လာပါလိမ့် မယ်။ ဒါပေမယ့် အဲသလိုသွန်သင်ဖို့ကြိုးစားရင်းနဲ့ ကိုယ်ပဲချောက်ထဲ ကျတတ်တယ်ဆိုတာကိုတော့ ဝတီသတိပေးတယ်နော်"

"ဝတီ…အမာ မှားသွားပြီလားဟင်"

"ခုချိန်မှာ မှားတယ်၊ မှန်တယ်ဆိုတာ ပြောဖို့စောပါသေးတယ် အမာ၊ ဝတီတို့စောင့်ကြည့်ရမယ်။ စိတ်ရှည်ကြရမယ်။ ပြီးတော့အမာ ကိုယ်တိုင်ကလည်းလိမ္မာရမယ်"

"အမာလေ…ဘယ်သူ့ကိုမှမပြောပြတဲ့ကိစ္စတစ်ခုဝတီ့ကိုပြောပြမယ် နော်…အမာလေ…ကိုကို့ကိုတွေ့စကတည်းက…သဘောကျခဲ့တာ"



ဝတီခေါင်းညိတ်ပြပါတယ်။ ကျွန်မနဖူးပေါ်က ဆံပင်တွေကိုလေနဲ့ သာမှုတ်ထုတ်ရင်း….

"အဲဒါဝတီရိပ်မိခဲ့တာ ကြာခဲ့ပြီပဲအမာ" လို့ပြောတယ်။

ကျွန်မ ရှက်ရွံ့သွားခဲ့ရပါတယ်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

အို…အလင်းသည်
    ငါ့အချစ်ဖြစ်၏။
တိမ်တိုက်တိုင်းပေါ်တွင်
    အလင်းသည်
        ရွှေစအပြစ် ကြဲဖြန့်လိုက်၏။
    ကျောက်မျက်ရတနာတို့ကို ရက်ရောစွာဖြန့်ကြ၏။
အို….အချစ်
    ရွှင်မြူးခြင်းသည်
        သစ်ရွက်တစ်ရွက်မှ တစ်ရွက်သို့ကူး၏။
    ပျော်ရွှင်ခြင်းသည် အတိုင်းအဆမရှိဖြစ်၏။
        ကောင်းကင်မှ မြစ်သည်
    ကမ်းပါးသို့လျှံတက်ပြီးနောက်
        ပျော်ရွှင်မှုဒီရေသည်
    ကမ်းအနှံ့ပြန့်၏။
        ရွှင်လန်းမှုအပေါင်း၏
    တေးတံတျာသည်
        ငါ၏ နောက်ဆုံးတေးသီချင်းနှင့်
    ပေါင်းစည်းစေသတည်း

ရာဝိန္ဒြနတ်တဂိုး



ဆိုင်ထဲကလူတွေအကုန်လုံးက ကိုကိုနဲ့ကျွန်မရဲ့ကိစ္စကို သိတဲ့အချိန်မှာ ကျွန်မကိုအပြစ်မပြောသာပေမယ့် အပြစ်တင်တဲ့အကြည့်တွေနဲ့ နှိပ်စက်ကြတယ်။ ကိုတိုးကဆို

"ညီမလေးရယ်…နင်အူအူအတတနဲ့….."လို့ တဖွဖွညည်းတဲ့အထိပါပဲ။

ကျွန်မသိနေတာက အားလုံးကျွန်မကိုချစ်နေကြတယ်။ စေတနာထားကြတယ်။ ဒါပေမယ့် သူတို့က ကိုကို့ကိုအမြဲမကောင်းမြင်ချင်တဲ့သဘောနဲ့ဆုံးဖြတ်နေကြတာလို့ထင်တယ်။ ကျွန်မလက်ထဲကျမှ ကိုကိုကောင်းမသွားနိုင်ဘူးလို့ ဘယ်သူများအာမခံရဲမလဲ။

ကျွန်မကိုချစ်တဲ့စိတ်နဲ့ မိန်းမရှုပ်တဲ့သဘောပျောက်မသွားနိုင်ဘူးလား။ ကျွန်မနဲ့နှစ်ယောက်တည်းရှိတဲ့အချိန်တွေမှာတော့ ကိုကိုကကြင်

www.burmeseclassic.com

www.burmeseclassic.com



နာတတ်သူ။ ကျွန်မကို "မီးမီးသဲသဲလေး" လို့ ဘယ်သူမှမရှိရင် ကိုကိုကခေါ်တတ်တယ်။

"မီးမီးသဲသဲလေးရယ် ကိုကို့ကိုဒီကြော်ငြာလေးရိုက်ပေးဦးကွာ..."

"သူများတွေ ပြန်ကုန်ပြီကိုကို"

"ဘာဖြစ်လဲ...ဒါလေးရိုက်ပြီးရင် ကိုကိုပြန်ပို့ပေးမယ်"

ဆူးလေဘုရားပေါ်မှာ စပျစ်သီးလေးတွေဝစ်ပြီး ကိုကို့ပခုံးပေါ် ခေါင်းတင်။ ကျွန်မအိမ်အကြောင်းတွေပြောပြနေတဲ့အခါ...Central မှာလက်ဖက်ရည်ဝင်သောက်ပြီး ကိုကိုနဲ့ကျွန်မ လက်ချင်းတွဲသုံးဆယ့် တစ်လမ်းထဲအဝင် ကိုကို့သူငယ်ချင်းက ကားနဲ့ဝင်တိုးမိသလို စတော့ လက်ထဲကမုန့်တွေပြုတ်ကျ။ ကိုကိုက တဟားဟားနဲ့ အော်ရယ်။ စားမလား၊ ထုတ်မလားဟော့လို့အော်တတ်တဲ့ အသုတ်သည်အဒေါ်ကြီး ဆီမှာ မုန့်တီသုတ်စားတော့ ကိုကိုက အစပ်လုံးဝမစားနိုင်ဘူးလေ။ ကွမ်းစားတော့အချဉ်လည်းမစားနိုင်ဘူး။

ကျွန်မက မကျည်းမှဲ့ရည်တွေ အတင်းပန်ကန်ထဲထည့်တော့ ကိုကို စိတ်ဆိုးသွားရော။ စာအုပ်ဆိုင်တန်းမှာကလည်း အားလုံးခင် နေတာဆိုတော့ ဟိုလူကစ...ဒီလူကစ....။

ရန်မျိုးအောင်စာပေက...ဆိုရင် ကာတွန်းထုတ်သမျှ လက်ဆောင် ပေး၊ ကိုကိုကကျွန်မဖတ်ပြီးတာနဲ့ ပြန်ရောင်းစား၊ ရွှေပဒေသာက



ကလေးတစ်ယောက်အဖေ ကိုအောင်ခိုင်ကတော့ ကိုကို့ကိုတွေ့တိုင်း "ဘယ်တော့ယူမလဲဗျ" လို့စနေတတ်တယ်။

ကိုကိုက "မင်းကသားရှင်ဆိုတော့ ဒါပဲဂုဏ်ယူနေတာ..ငါ လည်းနီးပါပြီကွ" လို့ ပြန်ပြောတတ်တယ်။

စာအုပ်တန်းလေးက ကျဉ်းပေမယ့် အားလုံးခင်ဖို့ကောင်းလှပါ တယ်။ စာအုပ်စာပေနဲ့ အသက်မွေးတာ၊ အဖြူစင်ဆုံးအသက်မွေးမှု ပဲ မဟုတ်...လား။

သူဝ...စ်ပါးချေး၊ သွေး၊ စတေးရတာမဟုတ်ဘူး။ ကုန်ပစ္စည်းက စာအုပ်ဂျာ...လှဲလှယ်လိုက်တော့ ပိုက်ဆံတွေ....။ ကျက်သရေရှိပါ တယ်။

❖ ❖ ❖ ❖ ❖

ရည်းစားပေမယ့် ကျွန်မကြောင့်ပိုက်ဆံငါးထောင်ကျော်ကွာတဲ့ အခါ ကိုကိုကတော်တော် ဆူပါတယ်။ မီးမီးသဲသဲလေး ဆိုတာ ဘယ်ချောင်ကြားမှာထားခဲ့မှန်းတောင်မသိဘူး။

"နမော်နမဲ့သိပ်နိုင်တယ်။ ဘောင်ချာကိုဖျောက်အောင်လုပ်ပစ် တယ်။ ဘယ်လိုလုပ်အားကိုးရမလဲ"

ကျွန်မကိုဆူနေတုန်း ခေါင်းငုံ့နေရတယ်။ နမော်နမဲ့နိုင်တာမဟုတ် ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဘောင်ချာတွေကအများကြီး။ တောင်းပြီးတာတွေရော၊ မပြီးတာတွေရော...။ပိုက်ဆံအိတ်ထဲမှာ ညပ်သတ်နေတာ။ ကားခပေးရင်းပြုတ်ကျသွားတယ်ထင်ပါရဲ့။ ငါးထောင်ဆိုတာ အိမ်လခတစ်လစာရှိတယ်။ ကျွန်မလည်းနှမြောတာပေါ့။ ကိုကိုဆူမှာလည်းကြောက်တယ်။ တကယ်ဆူတော့လည်း ငိုရတယ်။

"ငိုမနေနဲ့..ပြောရင်ဒါပဲ..သွား..မျက်ရည်သုတ်။ ငါမင်းကိုစိတ်ပျက်လာပြီ။ ကြွေးတောင်းခိုင်းလိုက်ရင် အရာရာနဲ့အကြောင်းကြောင်း စာရိုက်ရင်လည်း အမှားမှားအယွင်းယွင်း ဘာမှအသုံးမကျဘူး"

"အဲဒီအသုံးမကျတဲ့ ကောင်မလေးရဲ့ လက်ရာမှန်ဟင်းကောင်းကောင်းကိုကျတော့ ကိုကိုခေါင်းမဖော်နိုင်အောင်စားတယ်လေ။

စနေ၊ တနင်္ဂနွေဆိုဈေးသွားပြီး ကျွန်မချက်တဲ့ ထမင်း၊ ဟင်းနဲ့ ကိုကိုကောင်းစားနေတာ။ အဲဒါကျတော့ထည့်မပြောဘူး။ ဆူလွှတ်လိုက်လို့ ကျွန်မစိတ်ကောက်ပြန်သွားတဲ့အခါ လိုက်မပို့ဘူး။ ငိုပြန်လာလို့ ကျွန်မကိုသူငယ်ချင်းတွေကဆီးမေးကြတယ်။

"ပိုက်ဆံငါးထောင်တန်တဲ့ ဘောင်ချာတစ်စောင်ငါပျောက်ပစ်လိုက်လို့"

"စေ့တဲ့နေရာမှာတော့ ပြောမနေနဲ့....နှင့်ကိုရည်းစားမို့လို့ဒီလောက်ဆူတာ။ ဘာမှမတော်ရင် လစာထဲကနုတ်တယ်။ နှင့်ကိစ္စက အရေးမကြီးဘူး..ချိုချိုပြဿနာတက်နေတယ်"



"ဘာဖြစ်လို့လဲ"

"ဒီလိုဟော့"

❖ ❖ ❖ ❖ ❖

ချိုချိုက ဒုတိယမြောက် ထုတ်ဝေသူရဲ့သွေးစုပ်တာကို မခံနိုင်တော့လို့ တစ်ခြားထုတ်ဝေသူတစ်ယောက်ကို ပေးထုတ်လိုက်တယ်။

အဲဒါကိုအရင်ထုတ်ဝေသူက စာချုပ်နဲ့တရားစွဲတာပါ။

"ဘယ်လောက်မိုက်ရိုင်းသလဲအမာ...စာချုပ်မှာအုပ်နှစ်ဆယ် ကို အုပ်လေးဆယ်လို့ လက်ရေးဖျက်ပြီး ပြန်ပြင်ထားတယ်။ ငါတရားပြန်စွဲမယ်"

"ကြည့်လဲ လုပ်ပါဦးချိုချို...အမာရင်တုန်လိုက်တာ"

"စာအုပ်ထုတ်ဝေသူဆိုတာ ကျောင်းဆရာလိုပဲကျင့်ရတယ်။ တစ်တန်းရောက်နေတဲ့ကျောင်းသားကို သူငယ်တန်းလိုသဘောမထားသင့်ဘူး။ စောင်ရေကနှစ်ထောင်ကျော်နေပြီ ခုထိငါ့စာမူခက နှစ်သောင်းခွဲပဲရသေးတယ်။

"အမှန်ဆို ဘယ်လောက်ရမှာလဲ"

"တစ်သိန်း..."

"ဒါကတော့ မတရားဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ငါရှေ့နေငှါးပြီး တရားပြန်စွဲမယ်ပြောတာပေါ့"

ချိုချိုတို့ဆွဲဟာ စာအုပ်လောကမှာ တော်တော်လေးစိတ်ဝင်စားစရာ ကောင်းလာတယ်။ ကိုကိုကတော့ ချိုချိုရေသူ့ထုတ်ဝေသူရော မှားတာလို့သုံးသပ်ပြတယ်။

"အောင်မြင်လာရင် စာရေးဆရာတွေက တိုက်ခုန်တော့တာပဲ။ အခုလည်းချိုချိုက တိုက်ခုန်တာလေ။ သူ့ပတ်ဝလစ်ရှာက ကိုယ့်ခြံစည်းရိုး ကိုယ်လုံအောင်မဖာတတ်ဘူး။ စာရေးဆရာဆိုတာ တိုက်ကမထွက်အောင်ပုံအောပြီး ရင်းနှီးသင့်ရင်းနှီးရတယ်။ အခုဟာကပတ်ဗလစ်ရှာကလည်း ကိုယ့်အတွက်ပဲကိုယ်ကြည့်တယ်။ ဒီတော့ချိုချိုက တိုက်ခုန်တယ်..."

"ချိုချို့ဘက်ကကြည့်ရင် အမှာကတော့မှန်တယ်ထင်တာပဲ။ သူဒီအခြေအနေရောက်ဖို့ တစ်ခါးတည်းကြိုးစားရတာမဟုတ်ဘူး။ နှစ်ကျော်ပြန့်ကြိုးစားရတာ။ ဒါသူ့ရဲ့ဖွဲ့ပဲ..ဖွဲ့ရဲ့အကျိုးကျေးဇူးကိုတော့ ခံစားသင့်တာပေါ့ကိုကို...ပြီးတော့ချိုချိုကသနားစရာလေး"

"ဟုတ်လား..."

"သူ့ညီမလေးက ဆိုက်ကိုချူရိုးဆစ်ဖြစ်နေတာ...အမေကလည်း ယောက်ျားပစ်သွားတဲ့ဒဏ်နဲ့ သူတို့ညီအစ်မနှစ်ယောက်ကိုနွားတွေလို ကြိမ်တို့ပြီး ပုံသွင်းခဲ့တာ...ချိုချိုကသူတို့မိသားစုရဲ့ ကျန်းမာရေး၊ စီးပွားရေးအကုန်တာဝန်ယူနေရတာကိုကို...သူကသူ့ညီမလေးကို



သိပ်ချစ်တာ..နိုင်ငံခြားမှာတောင် ဆေးသွားကုမယ်လို့ ရည်မှန်းထားတာ.."

"ဒါကတော့ ကံပဲလေ"

"ဘာပြောတယ်ကိုကို"

"လူတွေမှာ ကံအမျိုးမျိုးရှိတယ်အမာ...တစ်ချို့ကံက ပြုပြင်လို့ရတယ်...တစ်ချို့ကဖန်တီးလို့မရဘူး"

"လူကအဓိကပါကိုကိုရာ...ကံဆိုတာအလုပ်ပဲ"

"အလုပ်ကောင်းကောင်းလုပ်ပေမယ့် ကံပါမလာလို့မွဲနေတာ အမာဘယ်လိုပြောမလဲ...ဘယ်သူ့မှမကြည့်နှင့် ညည်းကိုညည်းကြည့် တစ်နေ့တစ်နေ့ခါးချိအောင် ရိုက်ရတာ စက်တစ်လုံးတောင်ပိုင်လို့လား"

ကျွန်မ ကိုကို့ကိုစူးစူးရဲရဲကြည့်မိတယ်။

"ဒါစော်ကားတာပဲ"

"ဟာ..အမြင်ပဲပြောတာလေကွာ"

"ငှက်ဆိုတာ ပျံရင်းနဲ့သေတာပါကိုကို..လူလည်းကြံရင်းနဲ့သေတာပေါ့..မသေခင်အကြံအောင်တော့လည်း ချမ်းသာမှာပေါ့"

"ဘာပဲဖြစ်ဖြစ်၊ ကြံရင်းနဲ့ပဲ မွဲကုန်ကြတာတွေအများကြီးပါ အမာရာ..."

"ကိုကို...ကျွန်မစိတ်တိုလာပြီ"

"တိုပစေပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ရှိခြင်းမရှိခြင်းကိစ္စတွေ၊ ပြီးမြောက်ခြင်း မပြီးမြောက်ခြင်းတွေ၊ ကျွန်မ ကိုကိုနဲ့ပြိုင်မပြောနိုင်ဘူး။ ကိုကိုက လက်ရှိအမြင့်၊ ကျွန်မက အနိမ့်၊ ကိုကိုက အသက်ကြီးတယ်..အတွေ့အကြုံများတယ်။ လူတွေ အကြောင်း နောကျေနေပြီ...

ကျွန်မက အသက်ငယ်တယ်...ခုမှ လူဖြစ်ခါစ..။ ဒီတော့တစ်ခါ တစ်လေ ကိုယ်ဖြစ်ချင်တာစွတ်စွတ်ပြောတတ်တယ်။ ငယ်သွေးနဲ့ မိုက်တယ်ကိုကို။ ဒါပေမယ့် အဲဒီအတွက် ထိန်းကျောင်းပေးဖို့ ကိုကို့မှာ တာဝန်ရှိတယ်။

❖ ❖ ❖ ❖ ❖

ချိုချို့ကိစ္စနဲ့ ကျွန်မတို့တွေ စိတ်ပူနေရပေမယ့် ဝတီကတော့ စိတ်မပူဘူး။

"စာနယ်ဇင်းတွေကို အကူအညီတောင်းထားတယ်။ ချိုချိုဒီပွဲမှာ နိုင်မှာပါ..စောင့်ကြည့်နေ...မနက်ဖြန်ဆို ငါတို့တိုက်ကဂျာနယ်သုံး စောင်လုံး ချိုချို့ရဲ့ဓါတ်ပုံနဲ့ ထုတ်ဝေသူအပြောင်းအလဲကိစ္စပါလာလိမ့် မယ်။"

ဂျာနယ်တွေမှာဖွရင်..တစ်ခါတစ်လေ ထင်မှတ်ထားတာတွေ အနုပညာသယ်တွေ ပိုစိတ်ဝင်စားခံရတယ်။ ချိုချိုလည်းပရိသတ်ခိုင်



တဲ့ စာရေးဆရာမတစ်ယောက်ပဲ၊ သူ့ကိုထိတာနဲ့ပရိသတ်ကနာချင် တယ်။ ဒီတော့ပေးစာလေးတွေရှိလာတယ်။

ဆရာမ..ရဲရင့်မိုးတိမ်သို့....

"ဆရာမရဲ့ အမာခံပရိသတ်အနေနဲ့ ဆရာမရေးတဲ့ စစ်မှန်တဲ့ရ သဝတ္ထုလေးတွေ ပုံမှန်ဖတ်ချင်ပါတယ်။ ပုံမှန်ထွက်နိုင်ဖို့ ထုတ်ဝေသူ ပြောင်းသင့်ရင်ပြောင်းပါ"

ဒီလိုမျိုးတွေကို ဝတီကတည်းဖြတ်ပြီး သတင်းအတိုအထွာမှာ ထည့်တယ်။ ချိုချို့ကိုမျက်မှန်ကြီးချွတ်ခိုင်းပြီး မလှတဲ့ရုပ်လှအောင် အဝတ်အစားရွေးပြီး ဓါတ်ပုံရိုက်၊ အဲဒီဓါတ်ပုံနဲ့ ချိုချိုတို့သတင်းဝတီဖွ လိုက်တာ။

ချိုချို့ဝတ္ထုတွေ အကုန်လုံးဗွီဒီယိုရောင်းထွက်သွားတော့တယ်။ ကျေးဇူးကြီးပါပေ့ မိဝတီ။

ချိုချိုကပိုက်ဆံထုတ်ပိုက်ပြီး တရားနိုင်ဖို့သာအလုပ်ရှုပ်နေတော့ တယ်။ နောက်ဆုံး ချိုချိုနိုင်တယ်။

ဘာကြောင့်လဲဆို ဟိုဘက်က စာချုပ်ကိုလက်ရေးနဲ့ပြင်လိုက်တာ ကိုး။ စာရေးဆရာမ ရဲရင့်မိုးတိမ်တော့ နေ့ချင်းညချင်းဘက်ဆဲလားစာ ရင်းဝင်သွားလိုက်တာ... ချိုချိုအမှုနိုင်တဲ့နေ့ကဆို ကျွန်မတို့ကိုဒက် ပြီးတော့ကိုင်တာ...။

ဝတီ့ကိုအတင်းရှိခိုးမယ်လုပ်နေတာ..။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ိုက-

"ဟဲ့..မလုပ်ပါနဲ့...ရှိသမျှမိုးကြိုးငါ့ကိုဆူးကုန်ပါ့မယ်.ချိုချို ဒါသူငယ်ချင်းတွေရဲ့ ဝတ္တရားပဲ.."

ဘာပဲဖြစ်ဖြစ် ချိုချိုအမူနိုင်တဲ့အတွက် ကျွန်မတို့မှာ ပိုပြီးအားရှိလာတယ်။ နယ်ကမိန်းကလေးတွေပေမယ့် ကျွန်မတို့မှာလည်း အစွမ်းရှိတယ်ဆိုတာ ပိုယုံကြည်လာတယ်။

ဒီအချိန်မှာ ပတ်ဝန်းကျင်နဲ့ ပြဿနာတက်တယ်။ ချိုချိုကိစ္စကြောင့်ပျော်ပြီး ညတစ်နာရီထိကာရာအိုကေတွေဆိုကြတော့ အမြင်ကတ်ပြီးတိုင်တာ။ ရပ်ကွက်ထဲမှာ အမြင်ကတ်ပုဒ်မက ကြောက်စရာအကောင်းဆုံး။

❖ ❖ ❖ ❖ ❖

"မိန်းကလေးတွေချည်း စုနေတယ်ဆိုပေမယ့် ကျွန်မတို့က ပညာတတ်တွေပါ။ သူဆိုရင် ဘက်ဆဲလားစာရေးဆရာမ ရဲရင့်မိုးတိမ်၊ ကျွန်မက အချစ်ဂျာနယ်။ ဟောဟိုတစ်ယောက်က အိမ်ရှင်မဂျာနယ်က ဒီတစ်ယောက်က 'သီချင်းဆိုတယ်။ သူက ကွန်ပျူတာရိုက်တယ်။ အကုန်လုံးတက္ကသိုလ်ကချည်းပဲ။ ကျွန်မတို့ဆီမှာ ယောက်ျားလေးညအိပ်ညနေမလာဘူး။ မရှိဘူး။ သူငယ်ချင်းတွေပျော်လို့ ညဘက်သီချင်းဆိုတာပဲရှိတယ်။ အဲဒါတောင်ဒီတစ်ညတည်း...ကျွန်မတို့မိကောင်းဖခင်သားသမီးတွေပါ...အတိုင်ခံရလောက်တဲ့အထိ...စာရိတ္တမစုတ်ပဲဘူး"



ရပ်ကွက်လူကြီးက နဖူးပြောင်ပြောင်ကိုကုတ်ကာ ခေါင်းညိတ်ပြတယ်။ ဝတ်ိုစကားဆုံးတော့ သဲလ်မာကထပ်ပြောတယ်။

" ဣန္ဒြေပျက်နေတဲ့ မိန်းကလေးဆိုတာ ရိုးရိုးသားသား မိန်းကလေးတွေနဲ့ တစ်ခြားစီပါ။ သိသာပါတယ်။ အန်ကယ်လ်တို့ဆီကိုတိုင်တဲ့လူက ဦးနှောက်ကောင်းမယ်မထင်ဘူး"

လီလီကလည်း-

"ဟုတ်တယ်။ ငါးယောက်လုံးရဲ့စာရိတ္တကို မှတ်ကျောက်တင်ခံရတယ့်အန်ကယ်လ်..ကျွန်မတို့ပုံစံတွေက ဘာပုံပေါက်နေလို့လဲ"

ချိုချိုကတော့ စာရေးဆရာမ မဟုတ်လား။

ပါဝါကြီးတဲ့သူ့မျက်မှန်ကို ဟန်ပါပါပင့်ပြီး ရပ်ကွက်လူကြီးရှေ့မှာ ဝင်ထိုင်တယ်။

"ကျွန်မတို့ကို တိုင်တဲ့သူသိချင်တယ် အန်ကယ်လ်"

"ဟို..ဒါတော့မဖြစ်နိုင်ပါဘူးကွယ်...အန်ကယ်လ်တို့လည်း တာဝန်နဲ့ဝတ္တရားအရပါ"

"ကျွန်မတို့က အသရေဖျက်မှုနဲ့ ပြန်တရားစွဲလို့ရတယ်နော်အန်ကယ်လ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ကွယ်..ဒါအန်ကယ်လ်တို့ဘက်ကလည်း တမင်ရည်ရွယ်တာမဟုတ်ပါဘူး"

ကျွန်မကလည်းခေါ်သွက်တာပေါ့။ ညကြီးမင်းကြီး အိမ်ထဲဝင်ရှာခဲ့ရတယ်။ တစ်ပြုံကြီးရပ်ကွက်ရုံးကိုသွားရတယ်။ ဒါဟာနစ်နာတယ်။

"ကျွန်မတို့ကို ပတ်ဝန်းကျင်က အခုမှယုံထင်ကြောင်ထင် ထင်ကုန်မှာ· အဲဒီတော့ မဟုတ်လားအန်ကယ်လ်..တိုင်တဲ့သူပြောပြပါ ကျွန်မတို့ရှင်းမယ်"

ရပ်ကွက်လူကြီးလည်း နဖူးကချွေးတွေစီးကျလာတယ်။

"ကဲ..သမီးတို့ရတယ် ဒီမှားယွင်းမှုအတွက် အန်ကယ်လ်က ပဲ ကြားထဲကတောင်းပန်ပါတယ်"

သွေးဆူလွယ်၊ စိတ်တိုလွယ်၊ ချက်ကျလက်ပြောဆိုနိုင်သောမိန်းကလေးများကြောင့် ရပ်ကွက်လူကြီးများမှာ အားနာ၍မျက်နှာပူနေရသည်။

နောက်ဆုံးချော့မော့ဖျောင်းဖျ၍လွှတ်လိုက်သည့်တိုင်အောင် တစ်ယောက်တစ်ခွန်းဆူညံပူညံဖြင့် ကျွန်မတို့ကောင်စီရုံးမှ ထွက်လာခဲ့ကြတယ်။ ကောင်းကင်မှာ လသေးသေးကွေးကွေးလေးကသာလို့။

❖ ❖ ❖ ❖ ❖



အဆောင်ပြန်ရောက်တော့ မောမောနဲ့ရေချိုးတဲ့သူကချိုး၊ အိပ်ရှင်းတဲ့သူကရှင်း၊ ကျွန်မကတော့ အားလုံးထမင်းစားဖို့ ပြင်ဆင်ရတယ်။

ဟင်းမရှိတော့ ကြက်သွန်ဖြူပါးပါးလှီးကာ ဆီချက်ချက်၊ ပြီးတော့ မန်ကျည်းဖျော်ပုစွန်ခြောက်ထောင်းပြီး ထမင်းသုတ်ဖို့လုပ်နေတုန်း ဧည့်ခန်းထဲက လီလီ့ခေါ်သံကြားရတယ်။

"အမာရေ.."

"ဟေ..ဘာတုန်း"

"ဖုန်းလာနေတယ်"

"ဘယ်သူလဲ"

"ကိုကို"

ကျွန်မလက်ထဲက အလုပ်တွေပစ်ချပြီး ဖုန်းရှိရာအပြေးအလွှားပေါ့။ စိတ်ကောက်ချင်ပေမယ့် အကြာကြီးမကောက်နိုင်ဘူးလေ။

"ဟဲလို.."

"မီးမီးသဲသဲလေးလား"

"ဟုတ်တယ်"

"ကိုကို့ကို စိတ်ဆိုးသွားလား"

"ဆိုးတာပေါ့..ကိုကိုကအတင်းအနိုင်ပြောနေတာကို"

"အခုချိုချို အမှုနိုင်တာ ဟိုးလေးတကြော်ကြော်ပဲ"

"ကောင်းတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အခုဘာလုပ်နေလဲ"

"ထမင်းသုတ်ဖို့ လုပ်နေတယ်"

"ဟာ..ခုပဲဆယ်နာရီခွဲပြီ"

"ဟုတ်တယ်..စောစောကမှ ကောင်စီရုံးကပြန်လာတာ။ အမာတို့အဆောင်က ဆူလို့တဲ့ အတိုင်ခံရတယ်လေ..အဲဒါသွားရှင်းကြတာ"

"ဟုတ်လား ဘာမှမဖြစ်ပါဘူးနော်"

"မဖြစ်ပါဘူး..ဒါပေမယ့် တိုင်တဲ့သူကိုသိအောင်ရှာမယ်"

"ဟာကွာ..ပြဿနာကို အရှည်ဆွဲဆန့်ပြန်ပြီ"

"မတရားအတိုင်ခံရတာကိုကိုရဲ့ ညကိုးနာရီခွဲလောက်မှာ လူကြီးတွေ ဝင်ချလာတာ အမာတို့ဆို မျက်လုံးကိုပြူးသွားတာပဲ..ရုံးလိုက်ခဲ့ပါဆိုတော့ လိုက်သွားကြတာပေါ့..ဟိုရောက်မှအကြောင်းစုံသိကြတယ် စိတ်ဆိုးပြီး တစ်ယောက်တစ်ခွန်းချကြတာပေါ့"

"အမာလည်း စွာသားပဲ"

"အံမယ် မဟုတ်တာကိုအဟုတ်ငြိမ်ခံနေရင် သူများချောက်တွန်းတိုင်းခံရမှာပေါ့ ကိုကိုရဲ့"

"အေးပါ..ညည်းတော့သူတွေလိုမြို့မှာ စွာတာကိစ္စမရှိဘူး။ တစ်ခုခုဖြစ်ရင်ကိုကိုပဲ စိတ်ပူရမယ်"

"ကိုကိုက စိတ်ပူတတ်သေးသကိုး"

"အမာကလည်း ရွဲ့ရန်ကိုး..ကဲ မနက်ကိုကိုစောစောလာကြို့မယ်"



"ဘာလုပ်ဖို့လဲ"

"အမှတ်တရမှာ လက်ဖက်ရည်သောက်မယ်လေကွာ..ပြီးတော့ ရွှေတိဂုံတက်ကြမယ်"

"ကိုကိုက အိပ်ရာနိုးလို့လား"

"ကိုယ့် ချစ်ချစ်ကလေးကိုချော့ဖို့ပဲ နိုးရမှာပေါ့"

ကိုကိုနဲ့ကျွန်မ စကားကောင်းတုန်း သဲလ်မာကနောက်ဖေးကကုန်းအော်တယ်။

"ထမင်းသုတ်မယ်အမာရေ..တကတည်း တစ်နေကုန်မတွေ့ရတာကျနေတာပဲ။"

"ဟော..သဲလ်မာပွန်နေပြီဒါပဲဒါပဲ"

"ဟင့်အင်း..ပြောချင်သေးတယ်"

"အိပ်ရာထဲဝင်မှ အမာထပ်ဆက်မယ်လေ..ကိုကိုဘီယာဆိုင်မသွားဘူးမို့လား"

"အခုပဲ ပြန်လာတာ"

"အမော့စကားကို တော်တော်နားထောင်တာပဲ"

"အဲဒါမှမသောက်ရင် ကိုကိုကတရားထိုင်နေရမှာလား..ပျင်းစရာကြီး အဖော်လည်းမရှိဘူး။ အမာကလည်း ညနေခြောက်နာရီခွဲငေါက်ကခနဲထပြန်တော့တာပဲ"

"မောင်တော့ ပတ်ဝန်းကျင်က အမာတို့ကို တစ်မျိုးထင်မှာစိုး

www.burmeseclassic.com

www.burmeseclassic.com



တယ်ကိုကို..ဒါကြောင့် ကိုယ်ဆင်ခြင်တာတောင် အကဲ့ရဲ့ကလွတ်တာ မဟုတ်ဘူးအမာ နာမည်ပျက်မခံနိုင်ဘူး..နာမည်ဆိုတာပျက်ချင်ရင် သာလွယ်တာ..အဖတ်ပြန်ဆယ်ဖို့ လွယ်တာမဟုတ်ဘူးကိုကို နာယ်က လာတာဆိုတော့ ပိုထိန်းသိမ်းရတယ်"

"ကဲပါဗျာ..ကဲ သွားတော့..ထမင်းသွားစားချေတော့..ကိုကို ပြန်ဆက်မယ်"

"ဟုတ်ကဲ့"

❖ ❖ ❖ ❖ ❖

ထမင်းသုတ်စားနေကြတုန်း လီလီကစကားစတယ်

" လီလီအမာ့ကို ပြောစရာရှိတယ်"

အားလုံးရဲ့မျက်လုံးက ကျွန်မဆီမှာလာစုတယ်။ လီလီကစကား စတယ်။

"အခုအတိုင်ခံရတဲ့ကိစ္စမှာ ဘယ်သူတိုင်သလဲဆိုတာ လီလီသံသ ယဝင်နေတဲ့သူရှိတယ်"

သဲလ်မာက ဝင်မေးတယ်

"အမာနဲ့ ဘာဆိုင်လို့လဲ လီလီ"

"နားထောင်ဦးလေ..လီလို့စကားမဆုံးသေးဘူး. လီလီတို့ဒီအိမ်



မှာနေတာ လေးနှစ်ကျော်ပြီ...ညဘက်ကာရာအိုကေ၊ သီချင်းနား ထောင်လုပ်ခဲ့တာ ဘယ်တုန်းကမျှား ရုံးရောက်ခဲ့ဘူးလို့လဲ.."

ချိုချိုက ခေါင်းညိတ်ပြီး "စဉ်းစားစရာပဲ"လို့ပြောတယ်။

ဝတီက "လီလီပြောတာမှန်ပါတယ်"

"အမာရောက်လာတာကို လီလီတို့အစကသိပ်သဘောမကျချင် ခဲ့ဘူးအမာ..ဒါအမှန်အတိုင်းပြောတာ ဝတီကအားလုံးကိုတောင်း တောင်းပန်ပန်နဲ့မို့ လက်ခံလိုက်တာ။ နောက်ပိုင်းအမာနေတတ်တော့ လီလီတို့ညီမလေးလိုပဲ ချစ်လာတယ်။ အဲ..အဲဒါ ဦးတိမ်ညိုနဲ့ မပတ် သက်ခင်အထိပေါ့လေ"

"လီလီဘာပြောချင်တာလဲ အမာနားမလည်ဘူး အမာ့ကြောင့် အတိုင်ခံရတာလို့ ထင်နေတာလား"

"နားထောင်ဦးအမာ မင်းစိတ်မလောနဲ့..ဒီမှာရှိနေတဲ့လူတွေ အကုန်မင်းထက်ကြီးတယ်။ မင်းထက်နားလည်တယ်။ အခုပြောပြနေ တာ ဆုံးပစေဦး..လီလီသံသယဝင်နေတာ လီလီတို့အောက်ထပ်ကအိမ် ပဲ..အဲဒီအိမ်ကလူက တတိုင်းမွေးရဲ့အစ်ကို တစ်ဝမ်းကွဲလေ။ အဲဒါကို လီလီ အခုမှစဉ်းစားမိတယ်။ လီလီက ဟုတ်တယ်လို့ ကျိန်းသေစွပ်စွဲ နေတာမဟုတ်ဘူး အမာ..ကွင်းဆက်ကလေးတွေရှာပြတာ။ ဦးတိမ်ညို အမာ့ကို လိုက်ပို့လိုက်ကြိုတာ သူတို့မြင်မှာပဲ..တတိုင်းမွေး ဘာကြောင့် သေရလဲဆိုတာ လီလီတို့ သိပြီးသားပဲလေ။ ဒီတော့ တတိုင်းမွေးရဲ့

www.burmeseclassic.com

www.burmeseclassic.com

အစ်ကို တစ်ယောက်အနေနဲ့ ဦးတိမ်ညိုတို့ သူ့ဓာတ်ရှန်ငြိုးမဖွဲ့နိုင်ဘူးလို့ ပြောနိုင်မလား..။ ဦးတိမ်ညိုနဲ့တွဲနေတဲ့ အမေ့ကိုရော..ကသိကအောက်ဖြစ်အောင် မလုပ်နိုင်ဘူးလား အားလုံးစဉ်းစား ကြည့်ကြစော်။ လီလီက ကွင်းဆက်တွေဆက်ပြတာပါ။

"အမာက ညတိုင်းယောက်ျားလေးတွေ လိုက်ပို့တာမှမဟုတ်ဘဲ လီလီ"

ကျွန်မရဲ့စကားဟာ လီလီရဲ့ လုပ်ငန်းကိုသွားထိခိုက်စေခဲ့ပြီ… လီလီမျက်နှာ မဲ့သွားတယ်။ ချိုချိုကလည်း မျက်မှန်အောက်ကနေ မနှစ်မြို့တဲ့မျက် လုံးတွေနဲ့လှမ်းကြည့်တယ်။ သဲလ်မာက တစ်ခုခု ဖြစ်မှာစိုးရိမ်နေပုံရတဲ့ မျက်ဝန်းတွေနဲ့ လီလီ့ကိုရော၊ ကျွန်မကိုရော တစ်လှည့်စီကြည့်နေတယ်။ ဝတီကတော့ ပွဲကြည့်ပရိသတ်ပုံစံ။

"မင်းဘာစကားပြောလိုက်တာလဲအမာ..မင်းလီလီ့ကိုပုတ်ခတ်နေတာလား"

"ဒါကတော့လီလီထင်ချင်သလိုထင်လေ..အမာကမယားငယ်ခံနေတာမဟုတ်ဘူး အမာရည်းစားထားတယ်။ အဲဒီရည်းစားက အမေ့ကိုလိုက်ပို့လိုက်ကြိုလုပ်တယ်။ အဲဒါကိုခုတုံးလုပ်အပြောခံရတာ တော့ရင်နာတယ်။ အမာနဲ့ကိုကို ဘယ်လောက်ရိုးသားသလဲဆိုတာ အကုန်သိနေတာပဲ"

လီလီကတစ်ခုခုပြောဖို့ ဟန်ပြင်ပေမယ့် ချိုချိုက လက်ကာပြတယ်။ ချိုချိုပဲ ဆက်ပြောတယ်



"မင်းနဲ့ ဦးတိမ်ညို မရိုးသားဘူးလို့ ဘယ်သူကပြောနေလို့လဲ မင်းတို့မရိုးသားတာရိုးသားတာ မင်းတို့အပိုင်းပဲ။ ချိုချိုတို့အပိုင်းမဟုတ်ဘူး။ မင်းကိုစေတနာနဲ့ ပြောနေတာ..မင်းတစ်ခုခုဖြစ်ရင် မင်းနားမှာ ဘယ်သူ့ရှိလို့လဲ..စေတနာကိုအထင်မလွဲပါနဲ့အမာ"

"လီလီ့ကိုမယားငယ်ခံနေတာလို့ မင်းစွပ်စွဲချင်တာလားအမာ၊ လီလီတို့က ဘယ်လိုမိန်းမလဲဆိုတာ ပတ်သက်တဲ့လူတိုင်းသိတယ်။ မင်းနားမလည်တာတော့ မအံ့သြတော့ပါဘူး။ လီလီ့မှာဝိုင်းနေတဲ့လူတွေထဲမှာ မိန်းမတွေဟောတစ်ယောက် ဟောတစ်ယောက်မယူဘဲ အတူနေပစ်ပြီး ညည်းငွေ့လို့စွန့်ခွါတတ်တဲ့လူမပါဘူး။ အားလုံးကလီလီ့ကို ထိုက်ထိုက်တန်တန် တင်တောင်းပြီးယူချင်ကြတဲ့လူတွေပဲ။ မုဆိုးဖို့ယူရတာက နှာမည်ခံလူပျိုကိုယူရတာထက် ပိုကောင်းပါတယ် အမာ..လီလီရန် ကုန်တက်လာတာ အိမ်အတွက်ပိုက်ဆံရှာဖို့။ အနီးဆုံးကိုင်းကိုမှီလိုက်မယ်လို့ စိတ်ကူးရှိရိုးမှန်ရင် မိလီလီတို့ သူဌေးကတော်ဖြစ်တာကြာလှပေါ့၊ မင်းရဲ့ကိုကိုတောင် လီလီ့ကိုခံစားခဲ့ဘူးသေးတာ မင်းပြန်မေးကြည့်လေ။ လီလီဘယ်လိုဖြေခဲ့သလဲလို့"

ကျွန်မက ရှုံးနိမ့်သွားခဲ့ရပြီ။ ကျွန်မကို သူတို့ဝိုင်းကြည့်နေခဲ့ကြတာ လှောင်ပြောင်လိုတဲ့အဓိပ္ပါယ်တွေများကြီးပဲ။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက သွေးနားထင်ရောက်ခဲ့ဖူးတဲ့ မိုက်မဲတဲ့မိန်းမတစ်ယောက်ပါ။ ကိုကိုနဲ့ပတ်သက်လို့

"ကိုကို ကျွန်မကိုမညာရဘူး"

"ဘာမေးမလို့လဲ"

"လီလီ့ကို ကြိုက်ခဲ့ဘူးသလား"

တကယ်တော့ မဟုတ်ဘူးဆိုတဲ့အဖြေကို တွက်ပြီးမေးခဲ့တာ။ ဒါပေမယ့် ကျွန်မထင်သလိုမဟုတ်ခဲ့ဘူး။ ကိုကိုကဝန်ခံခဲ့တယ်။ လိမ်နိုင်ရင်ကိုယ့်ဖို့ဆိုပေမယ့် ကိုကိုကဘာကြောင့်များ ဝန်ခံရဲတဲ့သတ္တိရှိနေခဲ့ရတာလဲ။ ကိုကိုဝန်ခံရဲပေမယ့် ကျွန်မကတော့ နားမထောင်ချင်ခဲ့ဘူး။

"ဟုတ်တယ် လီလီ့ကို ကိုယ်ကြိုးစားခဲ့ဖူးတယ်"

ကျွန်မအရှက်က ခုမှလူမသိရှင်မကြားထပ်ကွဲတာသေချာတယ်။ ကိုကို့မျက်နှာကို ကြည့်တော့လည်းသေချာမှုတွေ စွန်းထင်းနေတယ်။

"ကြိုးစားခဲ့ဖူးတယ်"

ကျွန်မက တိုးတိုးလေးသံယောင်လိုက်ကြည့်တော့ ကိုကိုကခေါင်းညိတ်ပြပြီး လက်ဖက်ရည်ခွက်ထဲက အငွေ့တွေကိုမှုတ်ထုတ်ပစ်တယ်။ ပြီးတော့တစ်ရှူးဗူးထဲက တစ်ရှူးတွေဖြဲဆုတ်ပြီး စားပွဲကိုသုတ်နေတယ်။ ကျွန်မစိတ်မရှည်တော့။

"ဒါ..ကိုကိုလုပ်ရမယ့်အလုပ်မဟုတ်ဘူး"



"ဟင်"

"စားပွဲခုံရှင်းရမှာ စားပွဲထိုးအလုပ်ပဲ..ကိုကိုကျွန်မမျက်နှာကိုကြည့်ပါဦး..ကျွန်မသိချင်တာတွေရှိသေးတယ်"

"ပြီးခဲ့ပြီပဲအမာ"

"ကိုကို့အတွက် ပြီးခဲ့ပေမယ့် ကျွန်မအတွက် မပြီးဘူး ကိုကိုဘာလို့အစကမပြောခဲ့တာလဲဟင်..တစ်အိမ်တည်းနေတဲ့ မိန်းကလေးနှစ်ယောက်မှာ ဒီလိုကိစ္စရှိခဲ့တာ တစ်ယောက်အတွက်နစ်နာလိမ့်မယ်လို့ကိုကိုမတွေးခဲ့ဘူးလားဟင်..အဲဒီတစ်ယောက်က အမာအိမ်ဖြစ်နေမှာကိုကိုကြိုသိခဲ့ရက်သားနဲ့။ ဘာကြောင့်ကျွန်မဆီက အချစ်ကိုရအောင်ယူခဲ့ရသလဲကိုကို..ကျွန်မကိုငဲ့ညှာစရာမလိုအပ်ဘူးပေါ့..အဲသလိုလား"

ကျွန်မသွေးရူးသွေးတန်းနဲ့ ကိုကို့လက်တစ်ဘက်ကို ဆုပ်ကိုင်ပြီးမေးမိတယ်။ ဒါပေမယ့် ဘာအဖြေမှပြန်မရခဲ့ဘူး။ ငိုချင်စိတ်ကို ကျွန်မရအောင်ထိန်းပြီး ခုံကနေမတ်တပ်ရပ်လိုက်တယ်။

"ကျွန်မရဲ့ဂုဏ်သိက္ခာအတွက် ကိုကို့ကိုစွန့်လွှတ်မှဖြစ်မယ်ကိုကို"

ဒါပေမယ့် ကျွန်မတော်တော်အသုံးမကျတဲ့မိန်းမပဲ။ ကျွန်မကိုကျွန်မ ခွင့်လွှတ်လို့မရနိုင်အောင် ကိုကို့ရဲ့အပြစ်တွေကို မျက်စိမှိတ်ချစ်နေနိုင်တုန်းပဲ"

ကျွန်မနေရာမှာ တစ်ခြားတစ်ယောက်ဆိုရင် ဒီဇာတ်လမ်းဟာဒီမှာပဲအဆုံးသတ်ခဲ့ပြီ။ ဘယ်လိုမိန်းကလေးမျိုးကမှ ဒုတိယနေရာမှာရှိ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ပထမလူမျက်နှာကို သတ္တိရှိရှိကြည့်ရဲမယ်မထင်ဘူး။

ခုဆို လီလီအနိုင်ရသွားပြီလေ။ လီလီပြောခဲ့တာ မှန်နေခဲ့ပြီလေ။ ကျွန်မကသာ လီလီ့ကိုစော်ကားခဲ့သူ။ လီလီ့ဂုဏ်သိက္ခာကိုရန်စခဲ့သူ။ ဒါကြောင့် ဘယ်သူမှဒီတစ်ကြိမ်မှာ ကျွန်မဘက်ကမရပ်တည်ခဲ့ကြတာ။

"ပြီးတော့ ကျွန်မကိုကို့ကို မတွေ့ချင်တော့ဘူး။ ကိုကို့မျက်နှာကိုမြင်နေရင် ကျွန်မရှုံးပြီးရင်းရှုံးရင်းပဲလို့ခံစားရတယ်။ အံ့ဩစရာပဲ။ လီလီရှိနေမှန်းသိရက်သားနဲ့ ကျွန်မကိုလိုက်ပို့လိုက်ကြိုလုပ်ခဲ့တာ။ လီလီကတဆင့် ဖုန်းခေါ်ခိုင်းခဲ့တာ..ကိုကို့မှာမျက်နှာပြောင်တိုက်ရဲတဲ့ သတ္တိရှိတာအံ့ဩစရာပဲ"

"အမာ...ယောကျ်ားလေးဆိုတာ ပန်းလှလှလေးတစ်ပွင့်မြင်ရင် လိုချင်တာပဲ။ ဒါထုံးစံပဲ. ဘယ်ယောကျ်ားမှ လှတဲ့မိန်းမကို မကြိုက်တာမရှိဘူး. လှတဲ့မိန်းမတိုင်းကိုတော့ချစ်ချင်ကြတာပဲ"

"ဒါဆိုလည်း အဲဒီပန်းလှလှလေးကိုပဲ ရအောင်ကြိုးစားပေါ့ကိုကို အဲဒီပန်းလှလှလေးနားမှာ ရှိနေတဲ့သစ်ရွက်စိမ်းလေးကိုတော့ ခြွေဖို့မသင့်ဘူး"

ကျွန်မဆိုင်ထဲကနေ ခပ်ဖြည်းဖြည်းလှည့်ထွက်ခဲ့တယ်။ ကိုကို နောက်ကအပြေးလေးလိုက်ခေါ်မယ်လို့ထင်ထားပေမယ့် ကျွန်မလှည့်ကြည့်တဲ့အချိန်မှာ ပိုက်ဆံရှင်းပြီး လဟာပြင်ဈေးဘက်ထွက်သွားတဲ့ ကိုကို့ကျောပြင်ကိုပဲ တွေ့ရတော့တယ်။



ကိုကိုက ကျွန်မကျောခိုင်းသွားလည်း ဝမ်းမနည်းခဲ့ပါလားကွယ်။ ကျွန်မကိုပြန်ကျောခိုင်းဖို့ ဘယ်တုန်းကမှ ကိုကိုတွန့်ဆုတ်မဲ့ဟန်လည်း မရှိဘူး။

❖ ❖ ❖ ❖ ❖

လီလီပြောတာမှန်တယ်။ ကျွန်မက ဝတီ့ကိုအဲသလိုပြောပြတဲ့အခါ ဝတီက-

"ငါသိပြီးသားပါ"

"ငါ့ကိုဘာလို့ အစကမပြောခဲ့တာလဲဝတီ"

"အမှန်တရားဆိုတာ ကိုယ်တိုင်ရှာမှသိနိုင်တယ်အမာ။ သချ်ာတစ်ပုဒ်တွက်သလိုပေါ့။ ကိုယ့်စာကိုယ်အဖြေထုတ်လို့ရတဲ့ဟာက ပိုသင့်တော်တယ်လေ"

"ငါလီလီ့ကို တောင်းပန်သင့်တယ်"

"မလိုပါဘူးအမာ"

"ဘာဖြစ်လို့လဲ"

"လီလီက နင့်ကိုခွင့်လွှတ်ပြီးသားပဲ။ ငါတို့တွေအားလုံးနင့်ကို မသိလို့ပြောတဲ့ အမိုက်အမဲမလေးလို့ သဘောထားခဲ့ကြတာ။ ဒါနဲ့ နင့် ဦးတိမ်ညိုကို ဘယ်လိုလုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမှမလုပ်ဘူး ဒီအတိုင်းထားလိုက်မယ်"

ညဘက်မှာတော့ လီလီကတရုတ်တန်းဘက်က ပတ်ပြန်ပြီးကျွန်မအတွက် အကျီဖြူဖြူဆွတ်ဆွတ်ကလေးတစ်ထည်ဝယ်လာပေးခဲ့တယ်။ ကျွန်မကိုပြန်ချော့တဲ့အမိပ္ပါယ်နဲ့ပါ။

"လီလီပြောတာတွေ လွန်ချင်လွန်သွားလိမ့်မယ်အမာ အဲဒီအတွက် စိတ်ထဲမှာ ဘာမှမထားနဲ့တော့။ လီလီတို့က ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နေကြတော့ ပတ်ဝန်းကျင်က အမြင်မစောင်းအောင် နေသင့်တယ်"

ကျန်တဲ့လူတွေက လီလီရဲ့သဘောထားကြီးပုံကို ချီးကျူးကြတယ်။ လီလီဟာသိပ်လှတယ်။ စိတ်ထားလည်းကောင်းတယ်။ ဒီလိုမိန်းကလေးမျိုးကို ကိုကိုချစ်ခဲ့မှာပဲဆိုတဲ့ အတွေးကဝင်လာတာနဲ့ မနာလိုစိတ်ဟာ ကျွန်မကိုအထိတ်တလန့်ဖြစ်စေခဲ့တယ်။

ကျွန်မလီလို့ကို လေးစားပါတယ်။ သူကောင်းခဲ့တာတွေကိုလည်း မမေ့ပါဘူး။ ဒါပေမယ့် ကိုကိုနဲ့ပတ်သက်လာရင်တော့ အမြင်မရှင်းတော့ဘူး။

ကျွန်မက ကိုယ်စားချင်တဲ့အသီးကို လူတိုင်းကြိုက်မယ်။ လုစားကြလိမ့်မယ်ဆိုတဲ့အတွေးနဲ့ ရူးသွပ်နေခဲ့မိပြန်ပြီ။

❖ ❖ ❖ ❖ ❖



ချစ်သူကို စွန့်ခွါလိုစိတ်မရှိဘဲ ပုံမှန်ဘဝမှာ ပုံမှန်အနေအထားနဲ့ပဲ ဆက်ဆံတဲ့ကျွန်မကို ကြာတော့ကိုကိုစိတ်တိုလာပုံရတယ်။ နေ့လည်ခင်းတစ်ခုမှာ ဘယ်သူမှမရှိတုန်း ကျွန်မလက်ကိုအတင်းဆွဲပြီးမေးတော့တာပဲ။

"ဘာဖြစ်နေတာလဲအမာ"

"ဘာမှမဖြစ်ပါဘူး ဦးတိမ်ညို ကျွန်မလက်ကိုလွှတ်ပါ"

"နေပါဦး မင်းနဲ့ကိုယ်နဲ့ကြားမှာ မဖြေရှင်းလို့ရတဲ့ ပြဿနာဘာရှိလို့လဲ။ ကဲ··ဒီလောက်တသီးတသန့်ကြီးဖြစ်နေရအောင်"

"လက်ကိုလွှတ်လို့ ပြောနေတယ်"

ကျွန်မအသံက ခပ်ကျယ်ကျယ်ဖြစ်သွားတာမို့ ဟိုဘက်ပုံနှိပ်စက်က လူတစ်ယောက် ခေါင်းပြူပြီး လာကြည့်တယ်။ ကိုကိုကလက်ကိုလွှတ်လိုက်ပေမယ့် ကျွန်မကိုရူးရူးစိုက်စိုက်ကြည့်နေတုန်းပဲ။

အဲဒီအခိုက်ထမင်းထွက်စားကြတဲ့လူတွေ ပြန်ဝင်လာတာမို့ ကိုကိုလည်းဒေါသမပြေသေးပေမယ့် လူတွေများနေလို့ အပြင်ထွက်သွားတယ်။ တစ်ညနေခင်းလုံးအရိပ်အယောင်တောင် မမြင်ရဘူး။ ကျွန်မနောက်ဆုံးကျန်ခဲ့ပြီး သော့ခတ်နေမှ ကိုကိုပြန်ရောက်လာတယ်"

"ကျွန်မပြန်တော့မယ်"

"နေဦး··"

"ကျွန်မတို့သူငယ်ချင်းတွေ ဘုရားသွားမလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းက ပိုအရေးကြီးလား"

"ကျွန်မပြန်မှဖြစ်မယ်"

"နေဦးလို့ ငါပြောနေတယ်"

"ပြန်မှဖြစ်မယ် ဖယ်ပါဦးတိမ်ညို"

ဒါပေမယ့် ကျွန်မကိုကို့ကို တွန်းလှန်လို့မရဘူးလေ။ ကိုကိုက ကျွန်မရှေ့ကပိတ်ရပ်လိုက်ပြီး တံခါးသော့ခတ်ပစ်လိုက်တယ်။

"ကိုကို အေးအေးဆေးဆေးစကားပြောချင်တယ်"

"ဘာပြောမှာလဲ"

"ကိုကိုနဲ့ မင်းအေးတိအေးစက်မနေသင့်ဘူး"

"အေးတိအေးစက်နေတာ အန္တရာယ်ကင်းတာပေါ့ကိုကို၊ ကျွန်မက အမျိုးမျိုးပြုပြုးပြီး ယောကျ်ားတွေကို ဆွဲဆောင်ဖြားယောင်း အိတ်ကပ်ထဲကပိုက်ဆံတွေကို ပန်းကုံးဖြစ်အောင်မလုပ်တတ်ဘူး"

"ကျွတ်...လီလီနဲ့ကိစ္စကအရှီးဆွေးနေပြီ"

"ကျွန်မက နေ့တိုင်းမျက်နှာချင်းဆိုင်နေရတယ်။ မမြင်ချင်လို့ မရဘူး။ မကြားချင်လို့မရဘူး။ သူဘယ်လောက်ကြီးပဲမှန်နေပစေ။ ကျွန်မအမှန်လို့ လက်ခံလို့မရဘူး..ကျွန်မရင်ထဲမှာလေ..နာနေတုန်းပဲ၊ ဘာကိုနာမှန်းလည်းမသိဘူး. ကိုယ့်ကိုကိုယ်ညံ့ဖျင်းတယ်လို့ထင်တယ်။ ကြိုမသိနိုင်ခဲ့တာဟာ ညံ့ဖျင်းမှုပဲပေါ့..ဟုတ်တယ်နော်ကိုကို"

"အမာရယ် အမာ့စိတ်ထဲမှာ အဲဒီလောက်ထိ ဖြစ်သွားမယ်လို့ ကိုကိုမထင်ခဲ့ဘူး မီးမီးသဲသဲလေးရယ်"



ကိုကိုကတတွတ်တွတ်နဲ့ အရူးလိုရေရွတ်ရင်း ကျွန်မကိုနမ်းတယ်။ ဟင့်အင်း ကျွန်မလက်မခံပါရစေနဲ့။ ကျွန်မ ကိုကို့ဆီကနေ လွတ်မြောက်ချင်ပြီ။

မုန်းလို့ထွက်ပြေးချင်တာမဟုတ်ဘူး။ ဒါပေမယ့်မိန်းမတွေမှာ အချစ်နှင့်ပတ်သက်ရင် အင်မတန်ကို ရူးနှမ်းကြတယ်။

"ကိုကို့ကိုခွင့်လွှတ်ပါအမာ..ကိုကို့မှာနောက်တစ်ယောက်ဆိုတာမရှိစေရတော့ဘူး..ကတိပေးတယ်"

ကျွန်မပါးပြင်က မျက်ရည်တွေက ကိုကို့ပါးပြင်ဆီကို ရောနှောကူးစက်ကာ စီးဆင်းသွားကြလေရဲ့။ သေးသေးသွယ်သွယ် မိုးစက်ကလေးတွေစုပေါင်းပြီး မိုးသီးမိုးပေါက်ကြီးတွေ ဖြစ်လာသလိုပဲပေါ့။

ပထမဆုံးမဟုတ်တောင် နောက်ဆုံးဆိုတဲ့ စကားကိုနှစ်သိမ့်နိုင်တဲ့မိန်းမ။ မာယာတွေကို လက်တစ်လုံးခြားသိုင်းကစားတတ်တဲ့လူရဲ့ ပွေ့ဖက်မှုမှာ သာယာနေခဲ့တဲ့မိန်းမ။

အထိအတွေ့နဲ့တင် မှားမှန်းသိရက်နဲ့ ကျွန်မအချစ်မှာ မျောပါသွားမိတယ်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

တစ်စုံတစ်ယောက်က ကိတ်မုန့်ကို စားပစ်လိုက်တာနဲ့ လက်ဝယ်ထားရှိချင်တာ နှစ်ခုစလုံးတစ်ပြိုင်တည်း မဖြစ်နိုင်ဘူး

(အမေရိကန်လူမည်းစာရေးဆရာ)



ယောက်ျားတစ်ယောက်ကို ချစ်ကြည့်လိုက်ရင် ကျွန်မရင့်ကျက်လာလိမ့်မယ်လို့ထင်ခဲ့တယ်။ တကယ်တော့ အဲဒီအထင်ဟာ အမှားပဲ။

အချစ်ဟာ ရင့်ကျက်မှုကို ဘယ်တော့မှမပေးနိုင်ဘူး။ အချစ်ဟာ ငယ်ရွယ်နုပျိုမှု၊ လတ်ဆတ်မှုနဲ့ မိုက်ရူးရဲဆန်မှုတို့ ပေါင်းစပ်ထားတဲ့ အမည်ခံသက်သက်ပဲ။

မိုက်ရူးရဲဆန်မှုဆိုတာ တစ်စက်မှကောင်းတဲ့အရာမဟုတ်ဘူး။ သူ့ကြောင့်ခါးသီးမှုတွေ နောက်ဆက်တွဲဖြစ်လာတတ်တယ်လေ။

အချစ်ကြောင့်လူတစ်ယောက် ပြောင်းလဲတယ်ဆိုရင် အဲဒါဟာ ခဏသာဖြစ်ပေါ်တတ်တဲ့ သက်တန့်နဲ့တူတယ်။ အခါအတော်များများမှာ ထင်ယောင်ထင်မှားဖြစ်မှုတွေသာလျှင် အချစ်နဲ့အတူမွေးဖွားသန္ဓေစင်လာကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတွေဟာ ကိုယ့်ကိုကိုယ်သိပ်အထင်ကြီးတတ်တယ်။ အချစ်နဲ့ပတ်သက်ရင်ပိုပြီးတော့လည်း မိုက်တတ်တယ်။ အဲဒါကိုပဲ ရဲရင့်တယ်လို့ ကြွေးကြော်ကြပြန်သေးတယ်။

ဒါပေမယ့် အဲဒီလိုခပ်မိုက်မိုက် မိန်းမတွေထဲမှာ အမာအိမ်ကထိပ်ဆုံးကပဲ။ တကယ်တော့မိုက်တယ်ဆိုတာ လွယ်ပါတယ်။

မမိုက်ဖို့သာခက်တာ။ အချစ်သူရဲကောင်းဆိုတာကလည်း ပထမပိုင်းသာရှေ့၊ စိန်၊ သရဖူကြီးဖြစ်ပြီး နောက်ပိုင်းမှာ အဲဒီသရဖူဟာ အကျိုးအပဲ့၊ အစစ်မဟုတ်တဲ့အတုတွေနဲ့ လုပ်ထားတဲ့အရာမျိုး၊ အဲသလိုပဲပေါ့ …ထင်ရှားလာတတ်တယ်။

❖ ❖ ❖ ❖ ❖

ပထမဆုံးအသိဝင်လာချိန်မှာ ကျွန်မဟာ ကိုကို့ရဲ့မယားဖြစ်နေခဲ့ပြီဆိုတာပဲ။ ဒါပေမယ့် ဘယ်သူ့ကိုမှမပြောရဲသေးဘူး။ သတ္တိလည်း မရှိဘူး။

စဉ်းစားရင်နဲ့ ထပ်တူကျတဲ့အဖြစ်အပျက်တွေဟာ ကိုးရက်တိုင်တိုင်ဖြစ်ပွားခဲ့တယ်။ မဖြစ်သင့်ဘူးလို့ ကျွန်မအကြိမ်ကြိမ်ငြင်းပယ်ခဲ့တယ်။

ကိုကိုက အချစ်နဲ့သာအနိုင်ယူခဲ့တယ်။ ပုံမှန်အချိန်ထက်စောစီး



မှာ တစ်နာရီလောက်ဆိုင်ပိတ်ပြီးတဲ့နောက်ပိုင်း အဆောင်မပြန်ခင်အထိ အချိန်တွေဟာ ကိုကို့ရင်ခွင်ထဲမှာပဲ ကုန်ခဲ့တယ်။

အဲဒါကိုပထမဆုံးရိပ်မိခဲ့တာဝတီပဲ။

တစ်ညမှာ ဝတီက ကျွန်မကိုမေးတယ်။

"နင်တို့ ဘယ်တော့ လက်ထပ်ဖို့ ဦးတိမ်ညိုပြောထားလဲ"

ကျွန်မ ဘာမှပြန်မဖြေနိုင်ဘူး။ ဝတီက ကျွန်မရဲ့လက်ကလေးတွေကို ငေးစိုက်ကြည့်ပြီး တိုးတိုးလေးပြောတယ်။

"နင် ငါ့ကိုတစ်ခုခုဖုံးကွယ်ထားတယ် အမာ"

"ဟင့်အင်း‥မဟုတ်ပါဘူးဝတီရဲ့"

"အမာ…အပျိုနဲ့အအိုလောက်တော့ ငါခွဲခြားတတ်ပါသေးတယ်။ ပြီးတော့ ကွင်းဆက်တွေပေါ့။ ကိုတိုးနဲ့ငါတစ်နေ့ညနေကတွေ့တယ်။ ညနေငါးနာရီဆိုတာနဲ့ ဦးတိမ်ညိုကအလုပ်တွေသိမ်းတော့တာပဲတဲ့။ ခုတစ်လော နေ့တိုင်းစောပြန်ရတယ်တဲ့။ ဒါပေမယ့် နင်အဆောင်ကို ပြန်လာတဲ့အချိန်ဟာ ညကိုးနာရီကျော်မှချည်းပဲ"

ဝတီ့မျက်နှာကို ဘယ်လိုမှ ရင်ဆိုင်မကြည့်ရဲတော့ဘဲ-

"အမာ ဘာလုပ်ရမှန်းမသိဘူး"လို့ပဲ ပြန်ဖြေမိတယ်။ ဝတီက ခုံးနှစ်ဘက်ကိုဆုပ်ကိုင်ပြီး…

"ငါထင်တဲ့အတိုင်း မှန်ပြီပေါ့အမာ"

"ဟင့်အင်း…ကိုကိုက အမာ့ကိုတကယ်ကြင်နာပါတယ်ဝတီ"

www.burmeseclassic.com

www.burmeseclassic.com



"လဲသေလိုက်…သိလား…လဲသေလိုက် နင်မရှက်ဘူးလားအမာ နင့်မှာ မိစုံဘစုံရှိတာမဟုတ်ဘူး။ မအေကနင့်ကိုစိတ်ချထားခဲ့တာ လောကမှာမိဘရဲ့ ယုံကြည်မှုကိုအလွဲသုံးစားလုပ်တဲ့ သားသမီးကတန် ဖိုးအမဲ့ဆုံးပဲအမာ။ ခုနေနင့်အမေကတော့ ငါ့သမီးလေး အလုပ်တစ် ဖက်၊ ကျောင်းတစ်ဘက်နဲ့၊ ပင်ပန်းနေရှာမယ်လို့တွေးနေမှာ။ နင်က တော့ အဆိပ်ကိုပျားရည်ထင်နေတယ်"

ကျွန်မကို ဂရုဏာဒေါသနဲ့ပြောနေတဲ့ ဝတီ့စကားတွေက အပ်ဖျား လေးနဲ့အသားကို ဆွနေသလိုပဲ။

"ယောက်ျားတွေ မိန်းမတွေကိုလက်ထပ်ရင် နှစ်ကိုယ်တူနေဖို့ ရယ်၊ လုပ်ကျွေးဖို့ရယ် ဒီအလုပ်နှစ်လုပ်ပဲလုပ်စရာရှိတယ်။ လက်မ ထပ်ခင် လုပ်မကျွေးချင်တာ၊ လုပ်မကျွေးနိုင်တာ သေချာရက်နဲ့ နင် ရေစုန်မျှောပစ်သင့်သလား…နင်အိမ်ထောင်မကျသေးဘူးအမာ။ ဒါပေ မယ့် နင်အမည်ခံအပျိုဘဝရောက်နေပြီ ဒါဘယ်လောက်ရှက်ဖို့ကောင်း လဲ"

"ကိုကိုက အမာ့ကိုလက်ထပ်မှာပါတဲ့"

"သေချာလား…"

"……."

"ငါလေ နင့်ကိုသတ်ချင်တယ်အမာ"

"ဝတီရယ် အမာ့ကိုစိတ်ဆိုးလည်း ဆိုးပါ။ ဒါပေမယ့် ကျွန်မတို့ လူတွေကိုတော့ အသိမပေးချင်ဘူး"



"ဒါအသိပေးဖို့ကောင်းတဲ့ကိစ္စမှမဟုတ်တာ…ငါသာစိုးရိမ်လို့ စောင့်ကြည့်နေခဲ့တာအမာ"

"ဝတီ…အမာဘာလုပ်ရမလဲဟင်"

"ဘာလုပ်ရမလဲ…လက်မှတ်ထိုးဖို့ပြောပေါ့…မယူချင်လို့မရ တော့ဘူးဘဲ၊ အူလည်ကြောင်လည်လုပ်ရင် ၃၇၅-နဲ့ တရားစွဲလို့ရ တယ်"

"၃၇၅-ဆိုတာ ဟို…ကာမလုယက်မှု"

"ဟုတ်တယ်။ ၃၇၅-မှာ ပါတဲ့အပိုဒ်တစ်ပိုဒ်က နင့်လိုမိန်းက လေးတွေသိသင့်တယ်။ မိန်းမကခွင့်ပြုသော်လည်း ယောက်ျားကမိမိ သည် ထိုမိန်းမလင်မဟုတ်ကြောင်းသိသည့်အပြင် ထိုမိန်းမကခွင့်ပြု ခြင်းမှာလည်း မိမိကိုဥပဒေနှင့်အညီ လက်ထပ်ထားသော သို့တည်း မဟုတ် ထိုသို့လက်ထပ်ထားသည်ဟု ယုံကြည်သော အခြားယောက်ျား ဖြစ်သည်ဟု ယုံကြည်၍သာခွင့်ပြုကြောင်းကို ထိုယောက်ျားက သိခြင်းတဲ့။ နင့်ဘက်ကလက်ထပ်မှာပဲ ဒါမှမဟုတ် နင်လက်ထပ်မယ့် ယောက်ျားလို့ထင်ပြီး လက်ခံခဲ့ပေမယ့် သူကနင့်ယုံကြည်မှုကို အလွဲ သုံးစားလုပ်ရင် ဒါယုံကြည်မှုကို ပုံမှားရိုက်တာပဲ၊ ၃၇၅-နဲ့အကျုံးဝင် တယ်"

"အဲသလောက်ထိတော့ မလိုအပ်ပါဘူးဝတီရယ်…ငါ အဘော တူ ခွင့်ပြုခဲ့လို့သာပါ။ မိန်းမတစ်ယောက် လူဖြေမျက်ယွင်းတဲ့ကိစ္စမှာ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စိတ်ဆန္ဒက ဘယ်လောက် အဓိကကျသလဲဆိုတာ ငါလက်တွေ့သိခဲ့ရပြီ။ ရုံးတွေဘာတွေထိ တက်ပြီးအရှက်ကွဲ မခံနိုင်ဘူး"

"ဒါဆိုရင် ကိုယ့်ကိုလက်ထပ်ဖို့ပဲ နားသွင်းရုံရှိတော့တာပေါ့။ အမော ..အမော..နင်တော်တော်သောက်သုံးမကျဘူး။ ငါလေဒေါသမထိန်းနိုင်ရင် နင့်ကိုလည်ပင်းတောင်ညှစ်မိမယ်။ ဘယ်လောက်ထိကိုယ့်ကိုကိုယ်ထိန်းသိမ်းနိုင်လဲလို့ကြည့်စမ်း...ငါကွယ်တာနဲ့ဖြစ်ချင်တိုင်းဖြစ်ကုန်ကြတာပဲ"

ကိုကိုက ကျွန်မကိုလက်ထပ်မှာပါ။ ကျွန်မက အဲသလိုယုံကြည်ထားတယ်။ ပြီးတော့ ကိုကိုကျွန်မကို လက်ထပ်မှာပါနော်လို့မေးပြီးခွင့်ပြုခဲ့တဲ့အချိန်တုန်းက ကိုကိုခေါင်းညိတ်ပြခဲ့တယ်။

သေချာပါတယ်။ ကိုကိုရမ္မက်ခိုးတွေဝေနေလို့ ပြီးပြီးရောခေါင်းညိတ်ပြခဲ့တာမဖြစ်နိုင်ပါဘူး။

❖ ❖ ❖ ❖ ❖

မိန်းကလေးက လက်ထပ်ဖို့တောင်းဆိုတဲ့အခြေအနေဟာ နှစ်မျိုးပဲရှိနိုင်တယ်။ တစ်မျိုးက ကိုယ့်မှာမပေါ့မပါးကိုယ်ဝန်ရှိနေလို့ နောက်တစ်မျိုးက မယူရင်မဖြစ်သင့်တော့တဲ့ ညီစွန်းတဲ့အခြေအနေမျိုးပေါ့။

ကျွန်မက ဒုတိယတစ်မျိုးမှာ ပါဝင်ခဲ့တယ်။ ဘာပဲဖြစ်ဖြစ်၊ ချစ်လို့



လိုက်လျောခဲ့တဲ့ မိန်းကလေးတစ်ယောက်ဟာ ချစ်တဲ့သူဆီက တရားဝင်ပိုင်ဆိုင်ခွင့်ကလေးကိုတော့ ရသင့်တာပေါ့။

"ကျွန်မ ကိုကို့ကို ပြောစရာရှိတယ်"

ကိုကိုက ကျွန်မတစ်ကိုယ်လုံးကို မြုပ်နေအောင်တင်းတင်းကျပ်ကျပ်ဖက်ထားရင်း "ဘာလဲ"လို့ ခပ်တိုးတိုးပြန်မေးတယ်။

"ဒီလိုပဲ နေသွားကြလို့မဖြစ်ဘူးကိုကို"

"ဘယ်သူဘာပြောလို့လဲကွာ..တော်ပြီ..အမော နှစ်ယောက်လွတ်လွတ်လပ်လပ်တွေ့တဲ့အချိန်မှာ ကိုကိုတောင်းဆိုချက်တွေမကြားချင်ဘူး"

ကျွန်မ ကိုကို့ကွယ်ရာမှာ စိတ်ညည်းညူစွာနဲ့ မျက်ရည်ကျတယ်။ ရေချိုးခန်းထဲမှာ တံခါးချက်ထိုးပြီး တစ်ယောက်တည်းကြိတ်ငိုရတယ်။ ရေချိုးခန်းနံရံကိုမှီပြီး ကိုကို့ကိုဆွဲခေါင်ဖို့နည်းလမ်းတစ်ခု ကျွန်မဘာကြောင့် မရှာနိုင်သလဲလို့လည်းတွေးမိပါတယ်။ ကိုကိုက ခြေချင်တာလား။

ပန်းလေးတွေတစ်ပွင့်ပြီးတစ်ပွင့် ကြွေသွားတာကို ကိုကိုက ကဗျာဆန်စွာစောင့်ကြည့်ချင်နေတဲ့သူလားဟင်။ ကျွန်မ နားမလည်နိုင်တော့ဘူး။ ကျွန်မနဲ့ကိုကို့အကြောင်းဟာ ဖုံးဖိထားလို့လွယ်ကူခဲ့တဲ့ကိစ္စမဟုတ်ဘူးလေ။ တော်တော်များများက ရိပ်ဖမ်းသံဖမ်းနဲ့ ကျွန်မနောက်ကွယ်မှာ မေးငေါ့ခဲ့ကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



သချာတာတစ်ခုက ခုချိန်မှာအားလုံးက ကျွန်မကိုဂရုဏာသက်တဲ့ အကြည့်နဲ့ကြည့်ပြီးတော့ တစ်ချို့ဆိုမိန်းမပျက်ကလေးတစ်ယောက်ကို လှောင်သလိုကြည့်တဲ့ အကြည့်မျိုးတွေနဲ့ ကြည့်နေခဲ့ကြပြီ။

ကြည့်စမ်း..ခြေလှမ်းတစ်လှမ်းဟာ ဘယ်လောက်မိန်းကလေးတစ်ယောက်ရဲ့ဘဝမှာ အရေးကြီးသလဲ။ တစ်လှမ်းမှားလိုက်တာနဲ့ နောက်ပြန်ဆုတ်လို့မရတော့ဘူး။ ပြီးတော့ ကိုကိုကစောစောစီးစီးက အဆောင်ပြန်ချင်ရင်တောင် ပြန်ခွင့်လုံးဝမပေးဘူး။ အကြောင်းပြချက်ကတော့ ကိုကိုတစ်နေ့မတွေ့ရရင် မနေနိုင်ဘူးတဲ့။

ကိုကို့အကြောင်းပြချက်ကို တစ်ရက်ပြီးတစ်ရက် တစ်ထစ်ချင်းတစ်ထစ်ခေါင်းညိတ်ခဲ့မိတဲ့ ကျွန်မဟာရုပ်သေးရုပ်ကလေးတစ်ရုပ်ပါ။

အဲဒီအရုပ်ကလေးဟာ ကိုယ်ပိုင်ခံစားချက်ကိုဖွင့်ပြောမယ်ကြံလို့ရှိရင်..အားနာတာရယ်၊ ဝိတ်ပင်ခံရတာရယ်၊ ပြီးတော့ တစ်နေ့နေ့လက်ထပ်ဖြစ်ကြမယ်ဆိုတဲ့ မျှော်လင့်ချက်ကလေးနဲ့ပေါ့...လူမသိအောင်ကြိတ်ရှိုက်တတ်ခဲ့ပြီ။

"ဟာ..ခုထိနင်ကြွေးသိမ်းနေရတုန်းပဲလား"လို့ ကိုတိုးကလက်လွှတ်စပယ်မေးမိတဲ့ မေးခွန်းတစ်ခုထဲနဲ့တင် ကျွန်မဂုဏ်သိက္ခာတွေဟာ ကိုကိုနဲ့ ပတ်သက်မှုအောက်မှာ တစ်စစီမွမွကြေခဲ့ပြီဆိုတာ သေချာခဲ့တယ်။

"ဝတီ..အမာဘယ်လိုပြောရမလဲဟင်"



"သူက လက်မခံဘူးလား"

"စကားကို အဟာမခံတာ"

"နောက်ပြန်ဆုတ်လို့ ရနိုင်သေးလားအမာ"

"ဘာကိုလဲဟင်"

"ဝတီဆိုလိုတာက အမာ့မှာ..အမာ့မှာလေ..နောက်ပြန်ငဲ့စရာဘာသံယောဇဉ်အကြွင်းအကျန်မှ၊ ဘာမှမရှိဘူးမဟုတ်လား။ ဒါဆိုရင်တော့ နောက်ပြန်ဆုတ်ပါအမာ..ရှေ့ဆက်ရင်အမာစုံးစုံးမြုပ်တော့မယ်။ ဝတီလည်း ဘာမှမကြံ့တတ်တော့ဘူး ဝတီ့ခေါင်းထဲမှာလည်း ထူပူနေပြီ...ဝတီချိုချိုတို့ကို ပြောပြလိုက်ရမလားဟင်..ညီမလေးရယ်နင်တော်တော်မိုက်ပါလားဟင်"

ဝတီကအံကြိတ်ရင်း ကျွန်မကိုရင်ခွင်ထဲ ဆွဲသွင်းတယ်။ ကျွန်မရဲ့ဘဝဟာ ခုတော့ပန်းကလေးတစ်ပွင့်မဟုတ်တော့ဘူး။ သစ်ရွက်ကလေးတစ်ရွက်အသွင်ပြောင်းခဲ့ပြီ။ ကံကြမ္မာဆိုတဲ့ လေတိုက်တဲ့ဘက်ကိုရွေ့ရတော့မယ့်သစ်ရွက်ကလေးပေါ့။

"ချိုချိုတို့သိရင် ငါ့ကိုဆူမှာပေါ့"

"သူတို့ဆူတာ ဘာဖြစ်လဲအမာ..သူတို့ဆီက ထွက်လာမယ့်အကြံကောင်းဉာဏ်ကောင်းတွေအတွက် နည်းနည်းတော့အဆူခံရမှာပေါ့။ ပြီးတော့ လီလီကငါတို့ထက် ဘဝအတွေ့အကြုံပိုရင့်ကျက်တယ်။ ချိုချိုကစာရေးဆရာမ ဒီတော့ငါတို့ခုလို နှစ်ယောက်တည်းကြိတ်ကြံ

www.burmeseclassic.com

www.burmeseclassic.com



နေတာထက် သူတို့ဝိုင်းပေးတဲ့အကြံက ပိုသင့်တော်မှာပေါ့"

❖ ❖ ❖ ❖ ❖

ကျွန်မကို အကုန်လုံးဝိုင်းကြည့်နေကြတယ်။ ဘာစကားမှမပြောကြဘူး။ ဝတီကလည်း ကျွန်မအကြောင်းကို ပြောပြပြီးတာနဲ့ ခေါင်းငုံ့ထားတယ်။ ချိုချိုက သူ့ခြင်ထောင်ထဲကနေ ခေါင်းထွက်နေပြီး ကျွန်မကို စူးစူးစိုက်စိုက်ကြည့်နေတယ်။ လီလီမျက်နှာကတော့ ခံရခက် မှုတွေနဲ့ နီရဲလာတယ်။ သဲလ်မာကခေါင်းကို လက်နှစ်ဘက်နဲ့အုပ်ကိုင် ပြီး ကြံရာမရခေါင်းခါနေတယ်။ ပထမဆုံးစကားပြောတာလီလီ။

"ဒါအမြတ်ထုတ်တာပဲ...မရင်းနှီးဘဲနဲ့အမြတ်ထုတ်တာ.ရှိုင်း ရှိုင်းပြောရရင် အချောင်လိုချင်တာ"

လီလို့စကားတွေက သံစူးချွန်လိုပဲ ထက်မြက်ပါးရှလှတယ်။ ကျွန်မနာကျင်ပေမယ့် အောင့်ခံနေရတယ်။ ဒီလိုအပြောခံရမယ်ဆိုတာ သိသားပဲ..

ချိုချိုက-

"သမီးနဲ့အမေများဆိုတဲ့ ရုပ်ရှင်ကားကိုသတိရတယ်။ အဲဒီကား မှာ သူငယ်ချင်းသုံးယောက် ဘယ်လောက်ထိဆုံးဖြတ်ချက်မှန်ကန်ခဲ့ သလဲ..တစ်ယောက်ရဲ့ဂုဏ်သိက္ခာကို နောက်နှစ်ယောက်စလုံးက ညီတူ



ညီမျှဝိုင်းဆယ်ပေးခဲ့ကြတာ...လီလီအခုအနေအထားမှာ အမှာ့ကိုအပြစ် မပြောချင်ဘူးကွယ်..ငါလည်းကြားကြားချင်း ဒေါသထွက်တာပဲ။ ဒါပေမယ့် ဒီအခြေအနေမှာ ချိုချိုတို့စိတ်အေးလက်အေးထားပြီး အကောင်းဆုံးအကြံထုတ်ရမယ်။ ကဲ..အမာ...အခုအမာဘယ်လိုဖြစ် ချင်လဲ"

"အမာကတော့ လက်ထပ်ချင်တာပေ့ါနော်..သိတဲ့လူတွေသိကုန် ကြပြီ"

"ငါတို့ ခုချက်ချင်း ဘာမှအပူတပြင်းလုပ်လို့မရသေးဘူး..အမာ ဒီတစ်ပါတ်တော့ ရန်ကုန်သလောက်ဖျောင်းဖျပြီးပြောပါ အရင်မိန်းကလေး တွေလိုမျိုး ငါတို့အပြစ်မခံနိုင်ဘူး။ ငါတို့ကမိကောင်းဖခင်သားသမီး တွေ ဒီလိုအဖြစ်အပျက်မျိုးကို ဥပဒေကလည်း ခွင့်ပြုမှာမဟုတ်ဘူး။ လူမှုပတ်ဝန်းကျင်ကလည်း ခွင့်ပြုမှာမဟုတ်ဘူး။ တစ်ပါတ်အတွင်း နင်ထပ်ကြိုးစားပါ...ပြီးမှဘာဆက်လုပ်ရမလဲဆိုတာ ငါဒီတစ်ညလုံး လီလီနဲ့တိုင်ပင်မယ်"

သဲလ်မာက ဘယ်သူ့မှမသိခင်တိုးတိုးလေးကပ်မေးတယ်။

"နင်မှန်မှန်ကော ဟိုဒင်းဖြစ်ရဲ့လားဟင်..ညှိုသည်လေ..ညှို့ သည်"

သဲလ်မာရဲ့မေးခွန်းဟာကျွန်မကို အကြီးအကျယ်တုန်လှုပ်ချောက် ခြားစေခဲ့တယ်။ ကျွန်မလုံးဝမေ့လျော့နေခဲ့တဲ့ကိစ္စပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ငါ....ကျော်သွားပြီထင်တယ်"

"ဒုက္ခတော့ ဖြစ်ကုန်ကြပြီထင်တယ် အမာရယ်"

သဲလ်မာကတော့ အဲသလိုညည်းပေမယ့် ကျွန်မကကိုယ့်ဗိုက်ကို ပြန်စမ်းမိတယ်။ ဟင့်အင်း ဘာမှမပူပါဘူး။ ဘုရား..ဘုရား..ကျွန်မ ဘာမှမဖြစ်နိုင်ပါဘူး...အရှက်တကွဲအကျိုးနည်းတဲ့ အဖြစ်မျိုးမဖြစ်နိုင်ပါဘူး။

"နင်ဘာမှ အကာအကွယ်ယူမထားဘူးလားအမာ"

"ငါဘာမှ နားမလည်ဘဲ"

"မြတ်စွာဘုရား..နင်တော့..."

ပြောရင်း သဲလ်မာက ရင်ဘတ်ဖိပြီး ငိုပါလေတော့တယ်။

ဒုက္ခရောက်မှ သူငယ်ချင်းတွေ ဘယ်လောက်ကိုယ့်ကိုစေတနာထားတယ်ဆိုတာ သိလာရတော့တယ်။ သဲလ်မာငိုတော့ လီလီတို့က

"ဘာဖြစ်တာလဲသဲလ်မာ" လို့မေးကြတယ်။

"ငါ..ငါအမာ့ကိုသနားလွန်းလို့ပါ"

"အဲဒါများ ဒီမှာခေါင်းရှုပ်ရတဲ့အထဲ"

သဲလ်မာဘာကြောင့် ငိုရသလဲဆိုတာ ကျွန်မနားလည်ပါတယ်။

❖ ❖ ❖ ❖ ❖



နောက်နေ့မှ သဲလ်မာနဲ့ ကျွန်မလမ်းထိပ်က ခင်နေတဲ့ဆရာဝန်မနဲ့ ပြဖို့မနက်စောစောထွက်လာခဲ့ကြတယ်။ ဆရာဝန်မက ဗိုက်ကိုစမ်းကြည့်တယ်။ ပြီးတော့လိုအပ်တဲ့ စစ်ဆေးမှုလုပ်ဖို့ကျွန်မဆီးကိုယူတယ်။ HCG စစ်တာလို့ထင်ပါတယ်။ ဆီးထဲကိုနှစ်လိုက်တဲ့ အဖြူရောင်ပလပ်စတစ်ပြားလေးပေါ်မှာ ပန်းရောင်အချောင်းလေးနှစ်ချောင်းပြိုင်ပြီးပေါ်လာတယ်။

"ညီမလေးရေ..ရှိတာတော့သေချာပြီကွဲ့"

ကျွန်မနားထဲမှာ ဗုံးတစ်လုံးပေါက်ကွဲသွားတော့တယ်။

"နောက်ဆုံးရာသီလာတဲ့ ပထမဆုံးရက်ကို မှတ်မိလား"

"ရှင်.."

ကျွန်မ မမှတ်မိဘူး။ ဆရာဝန်မက

"ဘယ်တော့ လက်ထပ်ကြမှာလဲဟင်..ညနေတိုင်းလိုက်ပို့တဲ့တစ်ယောက်နဲ့လေ...ကြည့်ရတာ..သုံးလကျော်လောက်ပြီကွဲ့။ မြန်မြန်လက်ထပ်ကြတော့"

ကျွန်မ ဘာပြန်ဖြေရမှာပါလိမ့်..သဲလ်မာက

"ရက်ရွေးနေကြတုန်းပဲအစ်မ" လို့ ဝင်ဖြေပေးပါတယ်။

"တို့ကိုဖိတ်ဖို့လည်း မမေ့နဲ့ဦးနော်"

ကျွန်မနဲ့သဲလ်မာ အပြန်လမ်းမှာတိတ်နေတယ်။ ဘာမှလည်းသေချာမမြင်ရတော့ဘဲ မျက်ရည်တွေဝေနေတဲ့ ကျွန်မကိုသဲလ်မာက ငိုမဲ့မဲ့နဲ့ကြည့်လိုက်၊ ခေါင်းကုတ်လိုက်နဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ငါ တစ်ခြားသူတွေကို ပြောပြလိုက်မယ်နော်အမာ"

"ငါဘာလုပ်ရမှန်းမသိတော့ဘူး သဲလ်မာရယ်"

ထင်တဲ့အတိုင်းပဲ လီလီကဝုန်းဒိုင်းကြဲတော့တာပဲ။

"ငါသွားရှင်းမယ်"

လီလီလက်ကို ချိုချိုက ဆွဲထားတယ်။

"နေဦးလီလီ..ဒီပြဿနာက အမာကိုယ်တိုင်ရှင်းမှဖြစ်မယ်။ ငါတို့ကြားဝင်လို့မရဘူး..အမာ..ကဲ..ဒီတစ်ခါတော့ နင်သတ္တိရှိတော့ ဒီကလေးဟာအဖေရှိတယ်။ အဲဒီအဖေဟာ နင့်ယောကျ်ားဖြစ်ကိုဖြစ်ဖို့နင်ကြိုးစားရမယ်"

"သူငယ်ချင်း ငိုမနေနဲ့ ပြဿနာဆိုတာ တည့်တည့်ရင်ဆိုင်ရတယ်။ မရှောင်နဲ့။ ငါတို့ဝင်ကူလို့ရတဲ့ အနေအထားကကျော်သွားခဲ့ပြီအမာ..နင့်ကိုသူတကယ်မချစ်ရင်တောင်သူ့ကလေးအတွက် သူဘာလုပ်ရမယ်ဆိုတာ ဦးတိမ်ညိုသိပါတယ်"

"နေဦး..သဲလ်မာပြောချင်တာရှိတယ်"

အားလုံးက သဲလ်မာကိုလှမ်းကြည့်လိုက်တယ်။

"တကယ်လို့ပေါ့လေ...ဦးတိမ်ညိုဘက်က သဲလ်မာတို့မျှော်လင့်ထားသလိုဖြစ်လာရင်လည်း အမာစိတ်မလျှော့ပါနဲ့။ သဲလ်မာရဲ့ရည်းစားသင်္ဘောသားက ဒီလကုန်ရင် သင်္ဘောပြန်နားမယ်။ သူ့ကိုသဲလ်မာ လက်ထပ်လိုက်မယ်လေ။ ပြီးတော့နယ်မြို့လေးတစ်မြို့မှာ



သဲလ်မာတို့သွားနေကြမယ်။ အမာအဲဒီမှာ ကလေးမွေး၊ ပြီးတော့ဒီကို ပြန်လာကြမယ်။ အဲဒီအခါ ဒီကလေးဟာ သဲလ်မာတို့ကလေးပေါ့..ဒီကြားထဲမှာ အမာ့အိမ်ကိုငွေပုံမှန်ပို့ဖို့ ချိုချိုကတာဝန်ယူပေါ့"

ချိုချိုကအံ့အားသင့်ဟန်နှင့် ဒါပေမယ့် ခေါင်းညိတ်ပြတယ်။

"ရတယ်..ငါ့စာမူခက နှစ်သိန်းကျော်ပြီပဲ...အမာ့အိမ်ကို တစ်လနှစ်သောင်းပို့ဖို့ ဘာဝန်လေးစရာရှိလဲ"

"ကောင်းတယ်..လီလီတို့ ဘယ်လိုမှဆက်လုပ်လို့မရရင် သဲလ်မာအကြံကို လက်ခံလိုက်ကြတာပေါ့"

"ဝတီကတော့ အမာ့ကိုစောင့်ကြည့်ဦးမယ်...နောက်ဆုံးအခြေအနေဆိုတာ ကြုံလာမှ သဲလ်မာအကြံအတိုင်း လုပ်ကြတာပေါ့"

❖ ❖ ❖ ❖ ❖

ကျွန်မဆိုင်ထဲကိုဝင်လိုက်တယ်ဆိုရင်ပဲ..အပေါ်ထပ်ကနေ မိန်းမတစ်ယောက်ရဲ့ ရယ်သံသဲ့သဲ့က အောက်ထပ်ကိုလွင့်လာတယ်။

ရင်ထဲမှာ ဝမ်းနည်းမှုဟာ ဘာနဲ့မှဖော်ပြလို့မရအောင် အတိုင်းအဆကြီးမားလှတယ်။ အပေါ်ထပ်လှေကားထစ်တွေကို တစ်ထစ်ချင်းနင်းတက်နေတဲ့အချိန်မှာပဲ ကျွန်မရဲ့မျှော်လင့်ချက်တွေ တစ်ထစ်ပြီးတစ်ထစ် အားလျှော့ခဲ့တာ သေချာခဲ့ပြီလေကွယ်...။

www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းထဲမှာ ကိုကိုနဲ့ မိန်းမတစ်ယောက်က တော်တော်နီးကပ်နေတဲ့အနေအထားမှာထိုင်လို့။ တစ်စုံတစ်ရာကို ရယ်မောစွာပြောဆိုနေကြတယ်။ ကျွန်မတက်လာတာမြင်တော့ ကိုကိုကအရယ်ရပ်သွားတယ်။ ကိုကို့နားကမိန်းမကို ကျွန်မအာရုံထဲမှာ မြင်ဖူးနေသလိုပဲ သြော်...သိပြီ။

ကျွန်မ ဆိုင်မှာအလုပ်ဝင်တုန်းက မနက်စောစော ကြုံခဲ့ဖူးတဲ့မိန်းမတစ်ယောက်ပဲ။

"ကိုကို"

"အမာ..ဘာကိစ္စရှိလို့လဲ"

"မောင့် အလုပ်သမားလားဟင်"

အဲဒီမိန်းမက ကျွန်မကိုသုံးတဲ့နာမ်စားဟာ ကျွန်မလည်ချောင်းထဲမှာတင်ပြေမဲ့စကားတွေ တစ်ဆို့သွားစေတယ်။ ဆန္ဒတွေအရည်ပျော်သွားခဲ့ရပြီး ကျွန်မခေါင်းခါပြလိုက်ပြီး လက်ထဲက HCG စစ်ထားတဲ့ စာရွက်ကလေးကိုပဲ ကမ်းပေးခဲ့တယ်။ နောက် အောက်ထပ်ကို ဘယ်လိုရောက်လာမှန်းမသိဘူး။ ဆိုင်ထဲကအထွက်မှာ ဝတီတို့အကုန်လုံး လိုက်လာတာနဲ့တိုးသွားတယ်။ ဝတီက ကျွန်မကိုမေးတယ်။

"ဦးတိမ်ညိုရှိလား"

"အင်း"

"နင်ပြန်နှင့်...သဲလ်မာ..နင်အမာနဲ့ပြန်လိုက်သွား..ငါတို့ ခဏနေပြန်လိုက်လာခဲ့မယ်"



လီလီ၊ ချိုချိုနဲ့ ဝတီက အပေါ်ထပ်ကိုတက်သွားတယ်။ သူတို့ရဲ့ ဒေါသနဲ့ ကိုကိုတော့တွေ့တော့မယ်။

အဆောင်ရောက်တော့ သဲလ်မာက ကွေကာအုပ်တစ်ခွက်ဖျော်ပေးတယ်။

"သောက်လိုက်ဦးအမာ သြော် စောစောကတင် ငါ့ရည်းစားဆီက ဖုန်းလာသေးတယ်။ သူကုန်းပေါ်တက်မှာ သေချာပြီတဲ့...နောက်တစ်ပတ်ထဲမှာ ရောက်မယ်တဲ့...ငါ့ကိုလက်ထပ်ဖို့မေးတယ်။ ငါတစ်ဝက်တစ်ပျက်တော့ဖြေထားတယ်။ ကိုမျှော်လင့်ထားတာကို ပြန်လာတဲ့ရက်မှာ အတိအကျဖြေမယ်။ ပျော်စရာဖြစ်မှာပါလို့..ဘာမှစိတ်အားမငယ်နဲ့အမာ နင့်မှာသူငယ်ချင်းတွေရှိတယ် တစ်ခုတော့ရှိတာပေါ့ဟာ..သူငယ်ချင်းဆိုတာတော့ ကာယကံရှင်လောက် နင့်ကိုကူညီနိုင်မှာမဟုတ်ဘူး။

"သူတို့ ဘာတွေဖြစ်နေကြလည်း မသိဘူး"

"ချိုချိုက စကားပြောတတ်ပါတယ်။ လီလီကတော့ အရမ်းဒေါသထွက်နေတယ်။ ဝတီကတော့ တတ်နိုင်သလောက် နင့်ကိုလက်ထပ်ချင်အောင် ပြောမယ်တဲ့"

ကွေကာအုပ်ထဲမှာ အိပ်ဆေးတစ်ပြားထည့်တိုက်လိုက်တာမသိတဲ့ ကျွန်မဟာ တခဏလေးနဲ့ အိပ်ပျော်သွားခဲ့တယ်။

သောက ကင်းကုင်းနဲ့ပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအိပ်ရာက နိုးလာတော့ လီလီကပြုံးပြုံးရွှင်ရွှင် သတင်းလာပေးတယ်။

''ဦးတိမ်ညိုကနင့်ကို လက်ထပ်ပါ့မယ်တဲ့..သန်ဘက်ခါလက်မှတ်ထိုးမယ်''

❖ ❖ ❖ ❖ ❖

ကျွန်မစိတ်ထဲမှာ အေးချမ်းသွားတာ မပြောပါနဲ့တော့။

ကျွန်မကို ကိုကိုကလက်ထပ်မယ်တဲ့လား. ဒါဆိုရင်တော့ ကျွန်မက တတိုင်းမွေးလောက် ကံမဆိုးဘူးပေါ့။

ကျွန်မ မေမေဖြစ်တော့မယ်လေ...ကိုကိုကဗိုက်ထဲက ကလေးကို ချစ်မှာပါနော်...ကိုကိုနဲ့တူရင် ကလေးကဆိုးမှာ။

ညဘက်မှာ ကိုကိုကဖုန်းဆက်တယ်။

''အမာ ... မနက်က ဘာလို့ ဘာမှမပြောသွားတာလဲ''

''ဟို...ကိုကို စိတ်ဆိုးမှာကြောက်လို့ပါ''

''အခုဘာလုပ်နေလဲ''

''ကိုကိုနဲ့ ဖုန်းပြောနေတယ်လေ''

''ကိုယ်..မင်းနဲ့တွေ့ချင်တယ်''

''အမာလာခဲ့ရမလား''



''အင်း..''

ချိုချိုက ''သွားလိုက်ပါ နင်တို့ပြောစရာတွေရှိမှာ'' ဒီလိုနဲ့ ကျွန်မ ထွက်လာခဲ့တယ်။ ခြေလှမ်းတွေပေါ့ပါးသွက်လက်လို့။

ကိုကိုက တောင်းဆိုတယ်လို့ထင်မှာ မဟုတ်ပါဘူးနော်..ကျွန်မ ကိုကို့ကို ခုချိန်ထိ ခွင့်လွှတ်နေခဲ့တာပဲလေ။

ဒါပေမယ့် ကြိုမသိနိုင်ခဲ့တာ တစ်ခုရှိတယ်။ အဲဒါဟာ ကျွန်မရဲ့ ကံကြမ္မာပဲ။

ကျွန်မကံကြမ္မာက အဲသလောက်ထိ ဆိုးရွားမှာ မဟုတ်ပါဘူးနော်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

မတည်မြဲသော တိမ်တိုက်
လှည့်ဖြားသော အလင်းရောင်နှင့် အရိပ်များဟူသည့်
ကစားစရာများကြားတွင်
နတ်သူငယ်သည် ပြုံးနေချေသည်တကား

ရာဇဝိမ္မြာနတ်တာဂိုး



သူ့ရှေ့ရှိ စီးကရက်ခွက်ထဲတွင် စီးကရက်အတိုအပိုင်းအစများသည် ထိုးထိုးထောင်ထောင် ဖြစ်နေသည်။ သူ့ထံကိုမနက်က ကောင်မလေးသူငယ်ချင်းတွေ လာသွားခဲ့ကြသည်။ ခုချိန်ထိ စကားသံတွေက သူ့နားထဲမှမထွက်။

လီလီသည် မိန်းမလှလေးတစ်ယောက်ဖြစ်သည်။ သူ့ကိုနှုတ်ခမ်းပါးပါးလေးဖြင့် ကောင်းကောင်းထိုးနှက်ခဲ့သည်။

ချိုချိုသည် သူထင်မှတ်ထားသည်ထက်ပို၍ စကားပြောကျွမ်းကျင်သောမိန်းမတစ်ယောက်ဖြစ်သည်။ အင်းလေ··စာရေးဆရာမပေပဲ၊ ဒီလောက်တော့ ကျွမ်းကျင်လိမ္မာမှုရှိမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်အောက်မှာ သူ့အမိန့်ကိုနာခံ၍ အလုပ်လုပ်ခဲ့ဖူးသောဝတီသည် ယခုတော့ သူ့ကိုအကြံပေးသူအဖြစ် ရောက်ရှိခဲ့ပြီ။

သူတို့လာချိန်တုန်းက သူနဲ့မမမော်တို့ စကားပြောနေချိန်။ မမမော်သည် သူ့ကိုချစ်သော မိန်းမများထဲကတစ်ယောက်ဖြစ်သည်။ သူ့ထံမှ လက်ထပ်ခြင်းကို မတောင်းခံခဲ့ဘဲ သူလိုအပ်သည့်အချိန်တိုင်းအနားမှာ ရှိခဲ့သော မိန်းမတစ်ယောက်ဖြစ်သည်။

သူတို့ အုပ်စုရောက်လာချိန်တွင် ချိုချိုကစတင်၍ဆိုသည်။

"ကျွန်မတို့ ဦးတိမ်ညိုနဲ့ ဆွေးနွေးစရာရှိလို့ပါ"

မမမော်က အလိုက်တသိဖြင့်

"မောင်…မမမော်ပြန်ဦးမယ်လေကွယ်။ မှုဆယ်ကိုသန်ဘက်ခါမှ ပြန်တက်ဖြစ်မယ်။ ဒီကြားထဲ ဖုန်းထပ်ဆက်ပါ့မယ်" ဆိုကာ ထပြန်သွားလေသည်။

"ကဲ..ထိုင်ကြပါ"

ယခင်ကချိုချိုသည် သူ့အလုပ်သမား။ ယခုတော့ ဘက်ဆဲလားစာရေးဆရာမတစ်ယောက်မို့ သူစကားပြောတာကအစ နှုတ်သိပ်မသွက်၊ လူတစ်ယောက်ရဲ့ အခြေအနေကိုလိုက်၍ လေးစားသမှုလည်း ပြောင်းလဲသွားသည်။ လီလီက-

"ကျွန်မတို့ ခုလာတာ အမှာကိစ္စပဲ"



"ဟုတ်ကဲ့…"

"လီလီကတော့ ဘွင်းဘွင်းပဲပြောတတ်တယ် ဦးတိမ်ညို ဒါရှင်သိပြီးသားပါ"

သူသည်တစ်ခါက လီလီ့ထံမှ ချစ်ခွင့်ကိုတောင်းခဲ့ဖူးပြီး ငြင်းပယ်ခံရသူလည်းဖြစ်သောကြောင့် လီလီ့သဘောထား မာကျောကြောင်း သိခဲ့ပြီးဖြစ်သည်။

"အမှာမှာ ကိုယ်ဝန်ရှိနေပြီ ဦးတိမ်ညို"

လီလီက စကားကိုတိုတို ဖြတ်ချလိုက်သည်။ သူ့ရှေ့က မိန်းကလေးသုံးယောက်ကို မျက်နှာချင်းဆိုင်ရန် ရှက်တာရက်ခက်ခဲသွားသည်။

ချိုချိုက စကားဆက်သည်။

"ဦးတိမ်ညိုက ကျွန်မတို့ရဲ့ အလုပ်ရှင်လည်းဖြစ်ခဲ့ဘူးတယ်။ ပြီးတော့ စိတ်ပါတ်ပိုင်းဆိုင်ရာအရ ဦးတိမ်ညိုဆီကနေ ကျွန်မတို့ နမူနာပြုစရာ၊ အတုယူစရာတော့ ရှိခဲ့တယ်ပေါ့နော်"

သူ့ကို အချွန်ဖြင့် မနေပြီ…။

"ဒီလိုပဲ…ခုတစ်ခါလည်း ဦးတိမ်ညိုရဲ့ လူဆန်တဲ့ဆုံးဖြတ်ချက်ကို မျှော်လင့်ပြီး ကျွန်မတို့လာခဲ့ကြတာပါ"

"နေပါဦး မင်းတို့အမိကပြောချင်တာက….."

"အမှာကိုလက်ထပ်ဖို့ပဲ‥ဒီကိစ္စကိုရှောင်လွှဲနေဖို့ ဝတီတို့ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ကို လာတောင်းပန်ကြတဲ့ သဘောပါဆရာ..အမာခုချိန်မှာ စိတ်အား ငယ်နေတယ်။ ဝတီတို့ကို သူဖွင့်ပြောတဲ့အချိန်ဟာ စိုးရိမ်ရေမှတ်ကျော် နေခဲ့ပြီဆရာ။ ပြီးတော့ အမာကဆရာ့ကို..နားနဲ့မနာဖဝါးနဲ့နာပါဆရာ ဒီကိစ္စနဲ့ အကျပ်ကိုင်ဖို့ သူမကြိုးစားရက်ဘူး"

"ချိုချိုပြောချင်တာ ဦးတိမ်ညိုကို ဒီလောက်ထိအောက်ကျခံချစ် မြတ်နိုးတဲ့ မိန်းကလေးတစ်ယောက်ကို မျက်နှာလွှဲခဲပစ်လုပ်ဖို့ ဦးတိမ်ညိုမှာ သတ္တိမရှိလောက်ပါဘူးနော်"

ပါးစပ်ကပြောတော့သာ..တောင်းပန်တာ။ တကယ်တော့သူ့ကို လျှာတစ်ချောင်းဖြင့် ဝိုင်းဝန်းထိုးနှက်နေခဲ့ကြခြင်းသက်သက်။

"အမာစောစောကပေးခဲ့တဲ့ ဆေးစစ်ချက်ဟာ ဒီနေ့မနက်မှရခဲ့ တာပါဆရာ။ ဝတီတို့ အမာ့ကိုတစ်ယောက်တည်းလွှတ်လိုက်ရပေမယ့် အမာဘာမှပြောဖြစ်မယ်မထင်ဘူး။ ဒါကြောင့်လိုက်လာခဲ့ကြတာ"

"လီလီတို့ထက်အမာက အသက်လည်းငယ်တယ်လေ လူတွေ အကြောင်းကို သူသိပ်မသိသေးဘူး။ ရန်ကုန်ရောက်တာ နှစ်နှစ်ပဲရှိ သေးတယ်။ လီလီတို့လောက် လူရည်မလည်ဘူး။ အထူးသဖြင့် ဦးတိမ်ညိုအကြောင်းကိုပေါ့"

"မင်းစကားပြောရင် မစော်ကားနဲ့လီလီ...ကိုယ့်ကိုမင်းစော် ကားစရာမလိုဘူး"



"ရယ်စရာပဲ...ပြဿနာဆိုတာက ဘယ်သူစရှာခဲ့တာလဲ ဦးတိမ်ညို။ ဘဲဥအစရှာမရတဲ့ကိစ္စမဟုတ်ဘူး.."

"လီလီ..ဒေါသကိုထိန်း"

ချိုချိုက-

"စိတ်မရှိပါနဲ့ ဦးတိမ်ညို။ ဘာပဲဖြစ်ဖြစ် ဦးတိမ်ညိုရင်ထဲမှာ လည်း မအေချင်းကိုယ်ချင်းစာတတ်မယ်လို့ ကျွန်မထင်ပါတယ်။ လူတိုင်းမှာ အမေရှိတယ်လေဦးတိမ်ညို။ ကိုယ့်အမေကို ထိရင်တော့ နာကြတာပဲလေ..အခုအမာ့ဗိုက်ထဲက ကလေးက သူ့အဖေဖြစ်တဲ့ ဦးတိမ်ညိုကို စိတ်နာချင်မှာမဟုတ်ပါဘူး။ ဘာကိုပဲ ဆုံးဖြတ်ဆုံးဖြတ် တရားမျှတဖို့လိုပါလိမ့်မယ်ဦးတိမ်ညို။ ကိုယ့်ကြောင့်တစ်ဖက်သား မိန်းကလေး ဒုက္ခအကြီးအကျယ်ရောက်မှာ ကျွန်မတို့လိုပဲ ဦးတိမ်ညို လည်း ကြည့်ရက်မယ်မထင်ပါဘူးနော်"

"ဝတီတို့ဆရာ့ကို တောင်းပန်နေတာပါ"

"လီလီကတော့ ရှင့်ကိုလူကြီးလူကောင်းဆန်စေချင်တယ်"

သူ့နားထဲမှာ လူဆန်မှု၊ ဒုက္ခ၊ ရင်သွေး ဟူသောစကားသုံးလုံး လျှံထွက်နေလေသည်။ သူအမာ့ကိုချစ်ပါသည်။

ထို့အတူပဲ သူနှင့်ပတ်သက်ခဲ့သော မိန်းမတိုင်းကိုသူချစ်သည်။ သို့သော်လည်း မိန်းမတွေနဲ့ပတ်သက်၍ အမုန်းတရားကြီးတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးကျယ်ကျယ် ရှိခဲ့ဘူးသည်။

"ကောင်းပြီလေ...ငါမင်းတို့ပြောတာ လက်ခံပါတယ်။ ငါ အမှာကို လက်ထပ်ပါ့မယ်"

"ဘယ်တော့လဲဆရာ ဝတီတို့အတိအကျသိပါရစေ"

"သန်ဘက်ခါ"

"ကျေးဇူးတင်ပါတယ်ဆရာ ချိုချိုဆရာ့ကို ဒီတစ်ခါလေးစားပါတယ်"

❖ ❖ ❖ ❖ ❖

သူ့ထံကို ကောင်မလေး ရောက်ရှိလာခဲ့ပုံသည် သမရိုးကျသည်။ ဒီလိုပါပဲလေ။ မိန်းမတော်တော်များများဟာ ခါးမှာဆဲလ်လူလာချိတ်နိုင်ရင် လမ်းဖြတ်သွားတာတောင် အနည်းဆုံးငဲ့ကြည့်ကြတာ။

ကားမောင်းနိုင်ရင်တော့ ပိုလို့တောင်ကောင်းသေး။ အဲဒါ သူ့ဘဝနှင့်ရင်း၍သိခဲ့ခြင်းဖြစ်သည်။

သူသည် အသက်နှစ်ဆယ့်ငါးနှစ်အရွယ်တွင် ဘဝနှင့်ရင်း၍ မိန်းမတစ်ယောက်ကိုချစ်ခဲ့ဖူးသည်။ ထိုမိန်းမနာမည်သည် အိန်ဂျယ်လ်မိုးဖြစ်သည်။ အိန်ဂျယ်လ့်မှာ ချစ်စရာကောင်းသောအရာတွေများစွာရှိသည်။



အရပ်မြင့်မြင့်၊ ပိန်ပိန်သွယ်သွယ်၊ အသားဝါညိုစိမ့်စိမ့်၊ ကြိုးသိုင်းဖိနပ်မြင့်မြင့်ကလေးတွေ စီးတတ်သည်။ အိန်ဂျယ့်လ်မျက်လုံးများသည် ကောင်ဖီမစ်အရောင်ကဲ့သို့ပင် အညိုဘက်သန်းသည်။ ဆံပင်က ပခုံးကျော်ရုံဖြောင့်စင်းနေတာ အဝေးမှကြည့်လိုက်လျှင် အိန်ဂျယ်လ်သည် ဆွဲဆောင်မှု အင်မတန်ရှိသည်။ သူ့နားထဲတွင် ကျွမ်းကျင်သော ဂစ်တာလက်ခတ်သံကို ခပ်သဲ့သဲ့ကြားလာရသည်။ အိန်ဂျယ်လ်သည် ဂစ်တာတီးကျွမ်းကျင်ကာ အိုင်းရစ်မာဒိုးကိုသဘောကျပြီး ဟယ်ရစ်ဆင်ဖို့ဒ်ကိုအကြိုက်ဆုံး ကောင်မလေးဖြစ်သည်။ အိန်ဂျယ်လ်သည် သူ့ထက် ငါးနှစ်ခွဲတိတိငယ်လေသည်။ ဂစ်တာသံသည် ခပ်သဲ့သဲ့အနေအထားမှ တစ်ဖြည်းဖြည်းပိုကျယ်ကာ ပိုသဲကွဲလာသည်။

ရော့ခ်အင်ရိုးကို ရူးသွပ်သောအိန်ဂျယ်လ်သည် ရော့ခ်အင်ရိုးဂီတသမိုင်းတွင် အအောင်မြင်ဆုံးမိန်းမများထဲမှ ကယ်ရီကင်းကိုအားကျခဲ့သူဖြစ်သည်။ အိန်ဂျယ်လ်ရဲ့ ထူးခြားချက်မှာ ကယ်ရီကင်းနှင့်အိန်ဂျယ်လ်သည် လုံးဝထပ်တူ မျက်နှာပေါက်၊ အသံကအစ တူညီနေခဲ့ခြင်းဖြစ်သည်။ ဆံညိုခွေခွေနွယ်နွယ်များကြားမှ ဝါဝင်းသောအိန်ဂျယ်လ်မျက်နှာသည် The story of Rock _ 'N' _Roll စာအုပ်ထဲတွင် ပါဝင်သော ကယ်ရီးကင်း၏မျက်နှာပေါက်နှင့်တစ်ထပ်တည်းဖြစ်နေခဲ့တာ။ သူသည် အိန်ဂျယ်လ့်ကို ဘဝနှင့်ရင်း၍ချစ်ခဲ့သည်။ သူသည်

www.burmeseclassic.com

www.burmeseclassic.com



ဘဝကိုစွန့်ရလောက်သည်အထိ သူ့အချစ်နတ်သမီး အိန်ဂျယ်လ်ကိုလည်း မုန်းတီးခဲ့ဖူးလေသည်။

❖ ❖ ❖ ❖ ❖

သူနှင့်သူ့အမေသည် လောကကြီးတွင် အရင်းနှီးဆုံးသော လူသားများဖြစ်သည်။ သူ့အမေက ဦးလေးအိမ်တွင် မနက်လေးနာရီမှ ညရှစ်နာရီခွဲအထိ အိမ်အလုပ်များကို တစ်ယောက်တည်း ဒိုင်ခံကြိုးလုပ်လေ့ရှိသည်။

သူကတော့ ဦးလေးနှင့်အတူလိုက်၍ စာအုပ်ဆိုင်မှာ ကူညီရသည်။ သူသည် ဆယ်တန်းစာမေးပွဲကိုပင် ဝင်ဖြေခဲ့သူမဟုတ်။ အချိန်လည်းမရှိ။ သူ့မှာ မနက်မိုးလင်းလျှင် ဆိုင်သွားမည်။

ဈေးဝယ်တွေကို သူ့ဆိုင်မှလွှဲ၍ တစ်ခြားဆိုင်မှာ မဝယ်နိုင်တော့သည်အထိ အာဝဇ္ဇန်းရွှင်ရွှင်ဖြင့်စည်းရုံးမည်။ စာတိုက်ကြီးသို့သွား၍ စာအုပ်ပို့မည်။ သူ့ရဲ့ပုံမှန်နေ့ရက်များသည် သူနဲ့အမေရဲ့ နှစ်နှပ်စာထမင်းနှင့် မမျှတ။ တစ်နေ့ မိုးခပ်ဖွဲဖွဲကျသောနေ့။

သူသည် နယ်ပို့ရန်စာအုပ်စည်းများကို ခေါင်းငုံ့ပြီး သေသပ်စွာစည်းနှောင်နေချိန် သူ့မျက်စိထဲ၌လှပသော ခြေထောက်တစ်စုံကိုတွေ့လိုက်ရသည်။



ကြိုးသိုင်းဖိနပ်အနက်ရောင်၊ ကြိုးပါးပါးကလေးတွေ ရှုပ်ယှက်ခပ်ပြီးတော့ ငွေရောင်ဆိုးဆေးဆိုးထားသော ခြေထောက်လေးတွေမှာ ပြည့်ဖြိုးသောခြေဖမိုးလေးတွေရှိသည်။ ဝါဝင်းကာလုံးဝအနာရွတ်မရှိ။ ခြေသဲများသည် ကနုတ်ပန်းကွက်ဖော်ထားသလိုပင် ငွေရောင်ဆိုးဆေးဖြင့် လှပနေသည်။ သူမော့ကြည့်လိုက်တော့ ကောင်မလေးကပြုံးပြသည်။

"ဇော်ဝင်းထွဋ်အကြောင်းရေးထားတဲ့ အသံသစ်ပြတိုက်ရှိလားဟင်"

မြန်မာရှော့ခ်ကာရဲ့ စာအုပ်ကိုတစ်ကူးတစ်ကမေးဝယ်တဲ့ မိန်းကလေးမို့ သူအံ့သြသွားရသည်။

"အဲဒါက လိုင်းစာအုပ်တွေ..ဒီလမ်းထဲမှာမရှိဘူး..ဒီဆိုင်မှာလည်းမရှိဘူး"

"ဘယ်မှာဝယ်လို့ရလဲဟင်"

"ပန်းဆိုးတန်းဘက်သွားဝယ်လေ..အဲဒီကဆိုင်တွေမှာ ရနိုင်တယ်"

"ဪ"

သူမပြန်လှည့်သွားသည်။ ဆံပင်ညိုညိုခွေခွေကလေးတွေကဆတ်ကော့လတ်ကော့ခါပြီး သူမနောက်ပါသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုံစံကလုံးဝမှေ့ရက်စရာမရှိ။ သူမဖြတ်သွားရာလမ်းတစ်လျှောက် လှူတိုင်းသည် သူမကိုမသိမသာဖြင့် ငေးမောလှည့်ကြည့်ကြလေသည်။

❖ ❖ ❖ ❖ ❖

သူသည်အမေ့ထံသို့ ညနေပိုင်းမျက်နှာတစ်ချက်ပြပြီး သူ့သူငယ်ချင်းငှါးထားသော တိုက်ခန်းမှာ လာနေခဲ့တာတစ်လကြာခဲ့ပြီ။ ညီညီက ဆေးကုမ္ပဏီမှာလုပ်သူမို့ လစာက တိုက်ခန်းတစ်ခန်းကောင်းကောင်း ငှါးနေနိုင်သည်။ သူကတော့ ဦးလေးနဲ့တူလုပ်၍ ဦးလေးသဒ္ဒါသမျှ ငွေကိုခြစ်ခြုတ်သုံးနေရသူဖြစ်သည်။

ဦးလေးသားတွေနဲ့သူသည်လည်း မျက်နှာကြောမတည့်။ ညီညီက နားလည်ပေးသည်။

"သီးခံပေါ့ကွာ... လူ့ဘဝကအမြဲမနိမ့်ပါဘူးကွ..မင်းမြင့်တဲ့ အချိန်ဆိုတာ ရှိလာအုံးမှာပဲ"

သူ့မှာချစ်သူထားရန် ငွေကြေးလုံလုံလောက်လောက်ပင် မရှိခဲ့ချေ။ ဆေးလိပ်ဖိုး၊ ကွမ်းဖိုးနဲ့ အနည်းငယ်မျှသော သဒ္ဒါကြေးဖြင့် သူသည်အမေ့မျက်နှာကြောင့် ဦးလေးဆိုင်ဖြစ်လင့်ကစား ကျွန်တစ်ယောက်သဖွယ် ဆင်းရဲပင်ပန်းခံခဲ့သည်။



တစ်ညမှာ သူနေသောတိုက်ခန်းအပေါ်ထပ်မှာ ဂစ်တာသံသဲ့သဲ့ကိုကြားရလေသည်။ ဂစ်တာသံချည်းကြားနေစဉ်ကသူသည် ဂစ်တာတီးသူအား မိန်းကလေးတစ်ယောက် ဖြစ်နေလိမ့်မည်ဟု ထင်မထားခဲ့ချေ။

သီချင်းဆိုသံ ရုတ်တရက်ကြားရမှ အသံရှဲကောင်းခြင်းနှင့်ပြည့်စုံသော ထိုမိန်းမလေးရဲ့ပါရမီကို အံ့သြချီးကျူးရသည်။

သူမဆိုနေခဲ့သောသီချင်းမှာ Will You love me tomorrow (မနက်ဖြန်မင်းငါ့ကိုချစ်မှာလား)သီချင်း။ ထို့နောက်တီးကွက်ပြောင်းသွားပြန်သည်။ Blue ဂီတကိုတော်တော်နားလည်သော ညီညီက

"အပေါ်ထပ်ကို ကောင်မလေးနှစ်ယောက်ပြောင်းလာကြတယ် မင်းတိမ်...တစ်ယောက်က တော်တော်လေးဖြောင့်တယ်..ဂစ်တာနေ့တိုင်းတီးပြီး သီချင်းဆိုတယ်...ခရစ်ယာန်မလေးထင်တယ်"

"ငါတော့ ဒီနေ့မှဂစ်တာသံကြားဖူးတယ်"

"ခါတိုင်း..ညဉ့်နက်မှတီးတာ...ဒီနေ့စောတယ်. မင်းကမောမောနဲ့ အိပ်ပျော်သွားတာကိုးကွ။ မင်းမနက်စောစော နိုးအောင်လုပ်ပြီး စောင့်ကြည့်စမ်းမင်းတိမ်။ အဲဒီတစ်ယောက်ပုံစံက သာမန်မိန်းကလေးတွေနဲ့ကိုမတူတာ။ မျက်နှာမှာဘာမှမလိမ်းဘူး။ အသားကညိုမလိုနဲ့ဝါနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ညွှန်းလှချည်လား"

"မိန်းမတစ်ယောက်ရဲ့အလှကိုခံစားတာ သုခမပဲကွ"

❖ ❖ ❖ ❖ ❖

သူသည် ညီညီထောက်ခံမှုဖြင့် နောက်တစ်နေ့မနက်စောစော နိုးနေခဲ့ပြီး အခန်းတံခါးကို အတော်အသင့်ဟထားကာ အပေါ်ထပ်မှ ဆင်းလာသော ထိုကောင်မလေးကို မသိမသာစောင့်ကြည့်နေခဲ့သည်။ ရှစ်နာရီခန့်တွင် ပထမဆုံးသူမြင်ရသည်မှာ မနေ့ကမြင်ခဲ့သော ဖိနပ်ကလေးနှင့် ခြေထောက်ကလေးကိုဖြစ်သည်။

သူမ -- ဟုတ်ပါပြီ။ ဆံညိုခွေနွယ်နွယ်ကလေးတွေကြားမှ ပေါ်နေသော မျက်နှာဝါဝါကလေး။ မျက်ခုံးကနက်နေသည်။ နှုတ်ခမ်းက အနည်းငယ်ပါးလျားကျယ်ပြန့်သည်။ ညီညီကလက်ကုတ်သည်။

"အဲဒါလေးပေါ့ ဂစ်တာတီးတာ"

သူတို့အခန်းရှေ့ကအဖြတ်မှာ သူမသည်ဦးခေါင်းကိုမော့ကာ ဆံပင်ခွေနွယ်နွယ်များကို တစ်ချက်လက်ဖြင့် သပ်တင်လိုက်လေသည်။ သူမရင်ညွှန့်မှ လက်ဝါးကပ်တိုင်ရွှေရောင်သည် လက်ခနဲဖြစ်သွားသည်။ သူမပျောက်သွားသည်အထိ သူရင်တွေခုန်နေတုန်းပါပဲ။



"ငါသိတယ်ညီညီ"

"ဟုတ်လား...ဘယ်တုန်းကလဲ"

"ဟင့်အင်း...မနေ့ကဆိုင်မှာ အသံသစ်ပြတိုက်စာအုပ်လာမေးတာ"

"ဪ..ကြည့်ရတာ ဂစ်တာကိုခရေစီဖြစ်တဲ့ပုံပဲ"

"ဂစ်တာတီးတတ်တဲ့ ကောင်မလေးတွေ သိပ်မရှိဘူး။ ဂစ်တာကို သူ့လိုကျွမ်းကျွမ်းကျင်ကျင် တီးနိုင်ဖို့ဆိုတာတော်တော် မလွယ်တဲ့ကိစ္စပဲ"

"အနုပညာစိတ်ရှိတဲ့ မိန်းမတွေရဲ့ရုပ်က မာကျောတယ်ကွ....။ သူ့ရုပ်ကိုကြည့်ပါလား သွေးအေးတဲ့ပုံစံမျိုး"

"ငါသဘောကျတယ်"

ညီညီက သူ့ကိုအံ့သြသလိုကြည့်သည်။

❖ ❖ ❖ ❖ ❖

သူ့ဘဝတွင် ပထမဆုံးတပ်မက်မှုဖြင့် ချစ်ခင်စွဲလမ်းခဲ့သောမိန်းမသည် အိန်ဂျယ်လ်ဖြစ်သည်။ ညတိုင်းသူမက ဝရန်တာတွင်ဂစ်တာ ထွက်တီးလေ့ရှိကာ အများဆုံး ဆယ်ပုဒ်ထိဆိုတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘီးတဲလ်ခ်၊ အီးဂဲလ်အဖွဲ့တွေရဲ့ သီချင်းတွေ၊ အယ်လ်တန်ဂျွန်၊ အရဏ်ခရစ်ပတန်အဲရစ်ဂျနစ်စသော တကယ့်ပညာရှင်တွေရဲ့ သီဆိုဟန်ကို သူမသည် အကုန်မှီအောင် သီဆိုနိုင်သည်။ သူမကိုဂီတပါရမီရှင်တစ်ဦးဟုတောင် ဆိုနိုင်လေသည်။

တစ်ခုသောစနေနေ့နံနက်တွင် သူနှင့် သူမ အတက်အဆင်းတွင် မျက်နှာချင်းဆိုင် တိုက်မိရာကနေ ခင်မင်မှုစခဲ့သည်။

သူမ၏နှုတ်ခမ်းသည် ရယ်လိုက်လျှင်ပိုပြူသွားပြီး သွားစွယ်အချွန်များက မညီမညာပေါ်လာလေ့ရှိသည်။ သူမရယ်လျှင် မလှပါ။

တနင်္ဂနွေနေ့လည်မိုးတွင် သူမကသူ့ထံလာလည်ကာ သူချက်ထားသော ဟင်းများကိုယူပြီးအပေါ်ထပ်ကိုပြန်လေ့ရှိသည်။

"ကိုမင်းတိမ်က ကောင်မလေးနဲ့တူတယ်။ တို့ကဟင်းချက်မတတ်ဘူး..သိလား။ ဟင်းချက်တတ်တဲ့ကောင်လေးတွေဆို သဘောကျတယ်"

သူသည် မျက်နှာမထားတတ်သလို ဖြန်းခနဲရှက်ရွံ့သွားရလေသည်။

"ယူတို့ကိုရှက်နေတာလား..ဘုရားရေ..တို့ကယူ့ထက်ငယ်ပါတယ်နော်..ဒါပေမဲ့လေ..လူမျိုးသိုးကြီးဆိုတော့လည်း"

သူမရဲ့အသံသည် အနည်းငယ်မျှသာ မိန်းမဆန်သည်။ သူမလက်



ချောင်းရဲ့ ထိပ်ဖျားကတော့ ဘုရားစူး မိန်းမတစ်ယောက်ဟု ကျိန်ပြောရမလောက်အောင် မာကျောကြမ်းတမ်းလှပါသည်။

❖ ❖ ❖ ❖ ❖

"ဂီတပုံစံတွေက အမျိုးမျိုးပဲ။ ရစ်သမ်၊ ဘလူးစ်၊ ကျေးလက်၊ အနောက်ဟန်၊ ဂျပ်၊ ရော့ခ်အင်ရိုး...အဲဒီထဲမှာ ရော့ခ်အင်ရိုးဂီတကိုတို့ဘာကြောင့် ခရေစီဖြစ်ခဲ့လဲ သိလား။ လူလက်ခံဖို့ တိုက်တိုက်တွန်းတွန်းကြိုးစားခဲ့တဲ့ ဂီတအမျိုးအစားဖြစ်နေလို့ပဲ။ ရော့ခ်အင်ရိုးဂီတရဲ့မြစ်ဖျားက လူမည်းတွေဆီက စခဲ့တာ။ ရော့ခ်အင်ရိုးကို ဆန့်သစ်ထားတဲ့ အသွင်ကွဲပုံစံကတော့ ဂျပ်ဖ်ဂီတပေါ့လေ...အမေရိကန်ပြည်ထောင်စုက စက်ကင်းဝါး(ဒုတိယကမ္ဘာစစ်)ဒဏ်မခံရဘူး။ အဲဒီမှာ သူတို့တိုင်းပြည်က တဟုန်ထိုး တိုးတက်လာတာပဲ။ အမေရိကန် ဆယ်ကျော်သက်တွေက အရင်တုန်းကရှိခဲ့တဲ့ စတိုင်လ်တွေအစား ဝတ်ပုံစားပုံ၊ စကားပြောပုံ၊ ဆံပင်ဒီဇိုင်း၊ အက၊ အားလုံးဂီတကိုဖောင်းပေးပြီး ပြောင်းလဲပစ်ခဲ့ကြတယ်။ အဲဒီဖောင်းပေးခဲ့တဲ့ ဂီတကရော့ခ်အင်ရိုးပဲ။ နယူးယောက်က WCBS ဓါတ်ပြားကုမ္ပဏီကဆိုရင် ရော့ခ်အင်ရိုးဟာကလေးတွေရဲ့ဘဝ၊ အတွေးအခေါ်တွေကို ထိကပါးရိကပါး လျော့ရဲ

www.burmeseclassic.com

www.burmeseclassic.com



စေနိုင်တဲ့ ဆိုးဝါးစုတ်ပြတ်တဲ့ဂီတလို့တောင် အပုပ်ချခဲ့တာ။ မြန်မာပြည်မှာ သရုပ်ပျက်လို့ခေါ်သလိုပေါ့။ ဂီတလို့ပြောရမှာတောင် အားနာတယ်တဲ့။ ကလေးတွေအတွက် ရစ်သမ်နဲ့ဘလူးဂီတအားလုံးဟာ ဆိုးဝါးနိမ့်ကျတဲ့အသံသွင်းထားမှုတွေသာဖြစ်တယ်လို့ အဲဒီကုမ္ပဏီက ဆော့ဟိုင်းမ်ကပြောခဲ့တာ။ ရော့ခ်အင်ရိုးဂီတကို တစ်ချိန့်ချိန်မှာ အဆုံးသတ်သွားမယ်။ ဘယ်လိုအဆုံးသတ်မလဲနဲ့တောင် အဆိုးကိုပဲမျှော်လင့်ခဲ့ကြတာ။ ဒါပေမယ့် ရော့ခ်အင်ရိုးက လူငယ်တွေသွေးသားထဲထိ စိမ့်ဝင်ခဲ့တယ်။ သူ့ရေစီးကြောင်းဟာ မျိုးဆက်တစ်ဆက်ကနေ တစ်ဆက်စီးဆင်းခဲ့တာပဲရှိတယ်။ ပျက်မသွားဘူး။ အဲဒါရော့ခ်အင်ရိုးသမိုင်းကြောင်းပဲ"

သူမကပေါက်ကွဲလွယ်သော ဂီတကိုကြိုက်နှစ်သက်ပြီး သူမပုံစံကမူရေခဲတုန်းတစ်တုန်းလို အေးစက်နေတတ်ခဲ့သည်။

သူမမှာ ရည်ရွယ်ချက်ဟူ၍ ကြီးကြီးမားမားမရှိချေ။

"အိန္ဒိယလ် ဂစ်တာတီးတာ အဆိုတော်ဖြစ်ချင်လို့လား"

"ဟင့်အင်း‥တို့ကဂီတကိုမွေ့လျော်သူသက်သက်ပဲ။ စီးပွားရှာဖို့ တို့စိတ်ကူးကိုလမ်းမခင်းဘူး။ ဒါပေမယ့် တို့တစ်ခုစဥ်းစားထားတာတော့ရှိတယ်။ တို့ကိုအရမ်းချစ်တဲ့လူတစ်ယောက်ကိုတော့ တို့ပြန်ချစ်မိမယ်။ ပြီးတော့ တို့နဲ့သူအတူတူနေကြမယ်။ ဒါပဲပေါ့"



"ဟင်‥ဒါပဲလား"

"တို့ပြောတာ‥အချစ်နဲ့တို့တွေ ပျော်မွေ့ကြမယ် ဒါပဲလေ"

"ကလေးတွေဘာတွေ မမွေးတော့ဘူးလား"

"ဘာလို့မွေးရမှာလဲ။ ကလေးမွေးတယ်ဆိုတာ အပြစ်သားတစ်ယောက်မွေးတာပဲ။ တို့တောင်သီလရှင်ကျောင်းမှာ စွန့်ပစ်ခံရတာ။ တို့မှာ မိဘဘယ်သူမှန်းသိတာမဟုတ်ဘူး။ ကဲ‥တို့လို မိဘမရှိပေမယ့် တစ်ကောင်ကြွက်တစ်ကောင်ကို ဘယ်လိုလူမျိုးက တန်ဖိုးထားမလဲယူ။ တို့မှာ ဂစ်တာတစ်လက်ရယ်၊ ရော့ခ်ကာတွေရဲ့ ပုံတွေရယ်၊ ဂီတနုတ်စ်တွေရယ်၊ စန္ဒယားတီးတတ်တဲ့အရည်အချင်းရယ်၊ ရှစ်တန်းအောင်ထားတယ်ဆိုတာရယ်ပဲရှိတယ်။ တို့မှာတန်ဖိုးရှိတဲ့ ပိုင်ဆိုင်မှုဘာမှမရှိဘူး လူတွေက အိမ်၊ ကား၊ ဇိမ်ခံပစ္စည်း၊ ဘွဲ့တွေနဲ့ လူ့တန်ဖိုးကိုဖြတ်ကြတယ်။ အဲဒီဟာတွေပိုင်ဆိုင်မှုအပေါ်မှာ ကြွားဝါကြတယ်။ အပြောတစ်မျိုး၊ အလုပ်တစ်မျိုးလုပ်ကြမယ်။ ဒါတွေချည်းပဲ။ တို့လိုအတွေးခေါင်တဲ့ မိန်းမကို ဘယ်သူကမှစွန့်စားပြီးချစ်မှာမဟုတ်ဘူး"

သူသည် သူမကိုချစ်ဖို့ အတော်ပင်စွန့်စားယူခဲ့ရသည်။ သီလရှင်ကျောင်း၏ တင်းကျပ်သော စည်းကမ်းများအောက်တွင် မပျော်မွေ့ဘဲ အသက်ဆယ့်ရှစ်နှစ်တိုင်အောင် နေခဲ့ရသောသူမသည် ယခုသူမကို မွေးစားသောသူမထက် ငါးနှစ်မျှသာကြီးမည့် ကောင်မလေးနဲ့နေချိန်

www.burmeseclassic.com

www.burmeseclassic.com



အထိ အပြင်လောကမှလူတွေနှင့် ထိတွေ့ရမှာကြောက်သောကြောင့် သူမကိုသာမန်မှ သွေဖယ်သော မိန်းကလေးတစ်ယောက်မှန်း သူနား လည်ထားခဲ့သည်။

"မင်းငယ်ငယ်တုန်းက နေခဲ့ရတဲ့ကျောင်းက ကျယ်လား"

"အင်း ကျယ်တယ်…ကလေးပိစိကွေးလေးတစ်ယောက်အတွက် တော့ အကျယ်ကြီးပဲ ယူရဲ့"

"ဘယ်လို…"

"အစအဲ့ဆုံးပြောပြမယ်လေ‥ဗင်ကားခပ်စုပ်စုပ်တစ်စီးမောင်း ရရုံလောက်ကို မာန်တက်လှတဲ့ မိန်းမတစ်ယောက်ဟာ တစ်နေ့မှာ အနီးနှင့်ပိုက်ထွေးထားတဲ့ အထုပ်တစ်ထုပ်ကိုယူပြီး သီလရှင်ကျောင်း ဝမှာပစ်ချထားခဲ့တယ်။ အဲဒီအချိန် သီလရှင်တစ်ပါးက ဈေးဝယ်က အပြန်မှာ အဲဒီအထုပ်လှုပ်နေတာတွေ့လို့ ကောက်ယူလိုက်တော့ ကလေးလေးဖြစ်နေတယ်တဲ့။ အဲဒီအချိန်မှာ ဟိုစောစောကမိန်းမက တော့ ကားနဲ့ထွက်သွားပြီး ကလေးလေးရဲ့ ရင်ဘတ်ပေါ်မှာ လက်ဝါး ကပ်တိုင် ရွှေဆွဲကြိုးလေးတစ်ကုံးတော့ တင်ထားခဲ့တယ်။ အဲဒီကလေး ဟာ တို့ပဲ…ယူ…"

မိဘမဲ့မဟုတ်ဘဲ မိဘမဲ့ကျောင်းမှာ ကြီးပြင်းခဲ့သောသူမသည် တစ်ခြား မိန်းကလေးများ လက်မှုပညာသင်ချိန်တွင် သူမတို့ကိုကြိုး



ကြပ်သော အဆောင်မှူးအခန်းထဲရှိ ကက်ဆက်ထဲတွင် နည်းအမျိုး မျိုးဖြင့်ရရှိထားသော ခွေများကိုခိုးထည့်၍ နားထောင်ခဲ့သည်။

ဆန်းဒေးစကူးမှာ သူမသည်ပင်တိုင်ဓမ္မတေးသီဆိုသူ။ သူမရဲ့ ထူးခြားသော မွေးရာပါဗီဇသည် ဂီတဖြစ်ကြောင်း ကျောင်းအုပ်မာ သာကြီးက သိသွားခဲ့ရခြင်းမှာ သူမနဲ့သူငယ်ချင်းတစ်ယောက် ရန်ဖြစ် ရာမှစခဲ့သည်။

"တို့ကို မိဘမဲ့မဟုတ်ဘူးလို့ အဲဒီတစ်ယောက်က စွပ်စွဲတယ်။ တို့က ငါ့မိဘတွေဆုံးပြီလို့ ပြန်အော်ခဲ့တယ်။ နောက် တို့နှစ်ယောက် Unwanted baby ဆိုတဲ့စကားကြောင့် ရန်ဖြစ်ကြတော့တာပဲ။ မာသာကြီး ရုံးခန်းထဲမှာ အဲဒီအချိန်က အယ်စသာရောက်နေခဲ့တယ် လေ။ အယ်စသာက တို့နေခဲ့တဲ့ကျောင်းက လုပ်ရသော ဟာင်းပဲ။ အခုတော့ ဝိုင်းတစ်ခုမှာ ပင်တိုင်အဆိုတော်ဖြစ်နေပြီ၍ ညီမ်စသာက တို့အသံကိုသိပ်သဘောကျသွားတယ်လို့ဆိုတယ်။ အခုတို့နဲ့အတူနေတဲ့ မမက အယ်စသာသူငယ်ချင်းလေ"

"ဒါဆိုမင်းလည်း တစ်နေ့တီးဝိုင်းတစ်ခုမှာ အဆိုတော်ဖြစ်ဦး မှာပေါ့"

"သူတို့က တို့ကိုအဲသလိုဖြစ်စေချင်ကြတယ်။ ဒါပေမယ့် တို့က လွတ်လပ်ချင်တယ်ယူ… တို့ချုပ်တည်းမှုတွေကိုသဘောမကျဘူး

www.burmeseclassic.com

www.burmeseclassic.com



လွတ်လွတ်လပ်လပ်နေပြီးရင် စီးရီးထုတ်ဖို့ကိစ္စ သဘောတူမယ်လို့”

“မင်းပဲ မကျော်ကြားချင်ဘူးဆို”

“ဟုတ်တယ်။ တို့ကသာမန် မိန်းမတစ်ယောက်ပဲဖြစ်ချင်တာပါ။ ဒါပေမယ့် တစ်ခါတစ်လေကျရင် သာမန်ထက်ထူးချွန်တဲ့ ပါရမီပါလာတော့ သာမန်ဘဝကိုကျော်ခိုင်းရတာတွေရှိတာပေါ့ယူ။ အောင်မြင်မှုဆိုတာကတော့ တွန်းအားရှိရင်ဖြစ်ပါတယ်”

သူမရဲ့အခန်းသို့ ပထမဆုံးရောက်ဖူးစဥ်က ကယ်ရီကင်းရဲ့ပုံကို နံရံမှာကပ်ထားရာ သူကမေးမိသည်။

“ဒါ မင်းပုံလား”

“တူလို့လား”

“တူခဲ့တယ် ထင်တယ်”

“အဲဒီ ကိုယ်တိုင်ရေး..ကိုယ်တိုင်ဆိုတဲ့ ဂီတဆရာမပေါ့။ ကယ်ရီကင်းလေ။ တို့နဲ့သိပ်တူသလားဟင်”

“တူတာပေါ့”

“တော်တော်များများပေါ့လေ။ အိမ်လာတဲ့လူတိုင်းက ပြောကြတယ်။ တို့ပုံလားတဲ့..တို့ယူကလွဲပြီး ဘယ်သူ့ကိုမှ အမှန်မပြောဘူး။ ပြီးတော့ တို့ကအဲသလောက်လှမယ်မထင်ဘူး”

“လှတာပေါ့..မင်းကကယ်ရီကင်းထက် ဆံပင်ပိုပျော့တယ်”



“ယူက တို့ကိုဘယ်အချိန်ကတည်းက ကြည့်ထားလဲ”

“စကြိုက်ကတည်းက”

“အို...”

❖ ❖ ❖ ❖ ❖

သူမက သူ့ကိုချစ်သူအဖြစ် တစ်ပတ်အကြာမှာပင် အဖြေပေးခဲ့သည်။

“ယူ့အမေကို တွေ့ချင်တယ်”

သူများအိမ်နောက်ဖေးတွင် တကုပ်ကုပ်လုပ်ရသော အမေနှင့် သူပေးတွေ့ချင်ပါ။ အမေနဲ့သူ့မှာ အားကိုးစရာဟူ၍ ဦးလေးတစ်ယောက်(အမေ့အစ်ကို)သာရှိသော်လည်း ထိုဦးလေးက သူနဲ့အမေ့ကို နိုင်းဖက်အဖြစ်သဘောထားတာကို သူမမြင်စေလို။

“အချိန်ကျရင်ပေးတွေ့မှာပေါ့ယူ..အဲသလိုလား”

“အင်း..”

“တို့က ယူ့အမေကိုတွေ့ရင် ငိုမိမယ်ထင်တယ်”

“ဘာလို့လဲ”

www.burmeseclassic.com

www.burmeseclassic.com



"တို့မှာ အမေမရှိဘူးလေ"

သူမရဲ့ ကွေ့ပတ်သွယ်ဝိုက်ခြင်းကြောင့် အမေနှင့်တွေ့ပေးရန် ကြိုးစားအားထုတ်ခဲ့သည်။ အမေက ထိုအချိန်မှာပဲ နေမကောင်း။

တစ်ဟွတ်ဟွတ်နဲ့ ချောင်းဆိုးနေသောအမေ။ အဝတ်တွေတစ်ပုံကြီးလျှော်နေချိန်မှာ သူကစာအုပ်စည်းတွေကို ချွေးပြိုက်ပြိုက်ကျအောင် ထမ်းခဲ့ရသည်။ သူမကတော့ အအေးခန်းထဲမှာ အသံသွင်းနေခဲ့သည်။

"သားရယ်··အမေခုတလော နေလို့တော်တော်မကောင်းဘူး"

ဆေးခန်းသွားဖို့ ဦးလေးဆီက ပိုက်ဆံတောင်းသောအခါ-

"ငါ့ဆိုင်ဝင်သမျှ မင်းတို့သုံးကောင်းပေါ့" ဟု ရွဲ့ပြောကာထုတ်ပေးသည်။

ဆိုင့်ရှဲ့ဝင်ငွေသည် သူ့ကြောင့်တရိပ်ရိပ်တက်ခဲ့တာ သူမသိမဟုတ်။ တုန်ယင်သောလက်ဖြင့် မသထာရေစာပိုက်ဆံကို ယူပြီးဆေးခန်းပြပြီး ပြန်အလာမှာ မော်ဒယ်လ်မြင့်ကားတစ်စီးနှင့် ဝင်တိုးမိသည်။ ကားမောင်းသူသည် ထိပ်ပြောင်ပြောင်။ ဘေးမှတစ်ယောက်သည် သူမ။

❖ ❖ ❖ ❖ ❖



သူမသည် မျက်ရည်မကျဘဲနဲ့ အလွမ်းမင်းသမီးဇာတ်ကို ကနိုင်ခဲ့သူဖြစ်သည်။ ကားပေါ်မှာတုန်းက ရှိနေခဲ့သောမျက်နှာထားသည်။ မသိသလိုလို။ သူ့ရှေ့ရောက်တော့ နှုတ်ခမ်းသိမ်မွေ့သွားတတ်ပြန်သည်။ ကားနဲ့လူကို ဘယ်သူဟု ထုတ်မမေးခဲ့ပါ။ သူမကလည်း မသိလိုက်ဖာသာနေခဲ့သည်။

ထို့နောက် သူ့ဘဝသည် တစ်ရှိန်ထိုး နိမ့်ဆင်းသွားသည်။

သူ့အမေဆုံးသည်။ သူဆိုင်မှ နှင်အထုတ်ခံရသည်။ ညီညီက ဆေးကုမ္ပဏီမှ သင်တန်းတက်ရန်ရွေးချယ်မှုကြောင့်တိုက်ခန်းပြန်ပေးပြီး စင်္ကာပူသို့တစ်နှစ်ခန့်သွားရသည်။

သူ့တွင်လုပ်ငန်းနတ္ထိ၊ နေစရာဗလာ၊ သို့သော် ယောက်ျားမာနရှိ၏။ သူငယ်ချင်းတစ်ဦး၏ ပုံနှိပ်စက်အထပ်ခိုးတွင် သူနေ၏။ လမ်းဘေးပလက်ဖောင်းတွင် စားပွဲတစ်လုံးချကာ ဘောင်ချာတစ်အုပ်ဖြင့် သူစာအုပ်ရောင်းခဲ့၏။ တိုက်ကြီးနှစ်တိုက်မှ သူ့ကိုအကြွေးချပေးခဲ့၏။ ထိုယုံကြည်မှုဖြင့်သူသည် သိပ်ကြာကြာမကြိုးစားလိုက်ရဘဲ ခြောက်လအတွင်းမှာ ဆိုင်ခန်းတစ်ခန်း ငှါးဖွင့်နိုင်ခဲ့၏။

သူ့ဖောက်သည်များသည် သူ့ဆိုင်သို့ဝိုင်းအုံလာသောအခါ သူ့ကိုနှင်ထုတ်ခဲ့သော ဦးလေးသည်ငုတ်တုတ်မေ့မတတ်။

ပုံနှိပ်စက်အပေါ်ထပ်မှာနေ၍ ညဘက်မှာတော့ တဂျုံးဂျုံးကြား

www.burmeseclassic.com

www.burmeseclassic.com



နေရတတ်သောသူသည် ဂစ်တာသံတိုးတိုးသဲ့သဲ့နှင့် ရယ်သံတစ်ချို့ အေးစက်သောဟန်ပန်တို့ကို အလွမ်းကြီးလွမ်းနေပေမယ့် ဘဝကိုရင်ဆိုင်နေရချိန်မှာ သူမကိုအဆက်အသွယ်ဖြတ်ထားခဲ့၏။ သူမက စာအုပ်တန်းထဲမှာလာရှာတိုင်း သူနဲ့တစ်ခါလွဲ၏။ အဲဒီအတွက်လည်း သိပ်နောင်တမရမိ။

ပုနှိပ်စက်ပိုင်ရှင် သူငယ်ချင်းက "ကောင်မလေးဆီသွားတွေ့ဦး"ဟု ပြောသည့်တိုင် သူက သူမ၏သစ္စာတရားကို အပြည့်အဝယုံကြည်စိတ်ချထားခဲ့သည်။

မိုးခပ်သဲသဲရွာသော တစ်နေ့တွင်မူ ပလပ်စတစ်အကြည်ရောင်ထီးလေးဆောင်းပြီး သူမရောက်လာခဲ့သည်။ သူနေရသောနေရာကို ကြည့်၍ မေးသည်။

"ယူ အသက်ရှူဝရဲ့လား"

"ဒီလိုပဲပေါ့"

"တို့ ဘာလို့လာတာလဲ သိလား"

"ပြောမှ သိမှာပေါ့"

"ယူ ဘာလို့အဆက်အသွယ် မလုပ်တာလဲ။ ယူဘာတွေဖြစ်နေသလဲဆိုတာ တို့သိသင့်တယ်။ တို့ကယူ့ချစ်သူပဲ"

"ကိုယ်ကြိုးစားနေတယ် အိန်ဂျယ်လ်...ကိုယ်လောကဓံနှင့်တိုက်



ခိုက်နေတယ်။ မင်းဆီလာဖို့ထက် ကိုယ့်ကိုစိန်ခေါ်တဲ့လူတွေကို ပြန်ချနေရတယ်"

"ယူ့အတွက် တို့ကအကြံလေးတစ်ခုတောင် မပေးနိုင်ဘူးလား"

"ဂစ်တာကော့ဒ်လောက်ပဲသိတဲ့ မင်းဆီက စီးပွားရေးကိုဘယ်လောက်ကျွမ်းကျင်မှာမို့လဲ။ စာအုပ်တွေအကြောင်း မင်း..ကိုယ့်လောက်မသိဘူး။ စာအုပ်ဖြန့်ချိရေးကို မင်းနားမလည်ဘူးလေ"

"ဘာပဲဖြစ်ဖြစ်..ယူ့နားမှာရှိနေချင်တာပေါ့"

သူမသည် ပြန်ခါနီးတွင် သူ့ပါးကိုတစ်ချက်နမ်းသွားသည်။ ရည်းစားဘဝတွင် သူမကိုနမ်းဖို့ သူဘယ်တော့မှမကြိုးစားခဲ့။ မေ့လည်းမေ့နေခဲ့သည်။

အရိပ်တကြည့်ကြည့်ဖြင့် သူကတန်ဖိုးထားခဲ့သူဖြစ်သည်။ မိဘမဲ့မိန်းမသား ကလေးကျောင်းမှာကြီးပြင်းခဲ့ရသော မိန်းကလေးတစ်ယောက်အပေါ် ဘယ်လိုစောင့်စည်းမှုမျိုးဖြင့် သူတန်ဖိုးထားခဲ့သည်ကို လက်ထပ်တဲ့နေ့ကျမှ သူမသိစေရမည်။ နောက်နေ့မှစ၍ အလုပ်ထဲမှ ရသမျှပိုက်ဆံကို စနစ်တကျခွဲဝေ၍ သူအိုးခွက်ပစ္စည်းတွေဝယ်သည်။ နောက် ခြောက်လဆိုရင်တော့ နှစ်ချပ်နဲ့ အိမ်ခန်းတစ်ခန်းငှါးနိုင်တော့မည်။ အဲဒီအခါ ဖြည်းဖြည်းချင်း ဝယ်စုထားသောပစ္စည်းတွေနဲ့ အိမ်ခန်းကလေးသည် နေချင်စရာကောင်းနေရမည်။ Beatles အဖွဲ့ရဲ့ဝေါ်ရှိခပ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးတစ်ခု၊ ပရက်စလေရဲ့သီဆိုဟန်၊ ပြီးတော့ကြယ်ပွင့်တွေနောက်ခံနဲ့ အယ်လ်တန်ဂျွန်၊ ဟဲဗီးမက်တယ်လ်ဖခင်များအဖွဲ့ဖြစ်သော Led zeppelin အီးဂဲလ်အဖွဲ့သားတွေ လေယာဉ်အမြီးအောက်မှာထိုင်နေတဲ့ပုံတွေ၊ The allman brothers Bard, The Police, Santana, The Doors အဖွဲ့တွေရဲ့ပုံတွေကို ဝယ်၍သူစုထားခဲ့သည်။

◆ ◆ ◆ ◆ ◆

"ကိုယ်တို့လက်ထပ်တဲ့အခါကျရင် မင်းကိုယ့်ကိုသားလေးတစ်ယောက်မွေးပေးရမယ်"

"ဗိုက်နာမှာပေါ့"

"ဗိုက်နာတာ သိပ်ကြောက်စရာကောင်းပါဘူး။ ကိုယ့်ကိုချစ်တယ်ဆို"

အဲဒီအခါ သူမကခပ်ကျယ်ကျယ်ပါးစပ်ပြဲနဲ့ အသံမထွက်ဘဲရယ်ရင်း သူ့ရင်ခွင်ထဲ တိုးဝင်လာတတ်တယ်။

"အချစ်ဟာ လုံခြုံမှုကိုပေးတယ်နော်ယူ…တို့တစ်သက်လုံးအဲသလို လုံခြုံပါ့မလားဟင်"

"ကိုယ်ရှိရင် မင်းအတွက် ဘာမဆိုဖြစ်မှာပေါ့ အိန်ဂျယ်လ်"



"တို့လေ ယူ့ကိုပိုပိုချစ်လာသလိုပဲ။ တို့နှစ်ယောက်ဟာ တစ်ခါတစ်လေကျရင် အဝေးကြီးဝေးပြီး တစ်ခါတစ်လေကျရင် သိပ်နီးကပ်နေသလိုပဲနော်.."

"ကိုယ်တို့ချစ်သူ့သက်တမ်း တစ်နှစ်ပြည့်တဲ့နေ့မှာ မင်းကိုကိုယ်လက်ဆောင်ပေးစရာရှိတယ်။ ယူ့မှာလား.."

"အင်း.."

"ပြီးတော့မင်းကလည်း ပြန်ပေးရမယ်"

"အင်း..တို့က တတ်နိုင်သလောက် ယူ့ကိုပေးချင်ပါတယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့"

"အင်း"

သူသည် ချစ်မြတ်နိုးစိတ်ကို ထိန်းသိမ်းမရစွာ သူမရဲ့ဆံညိုတွေကို အငမ်းမရ နမ်းမိသည်။ ခေါင်းမငုံ့တငုံ့မျက်လွှာချ၍ ဂစ်တာကြိုးများအပေါ်တွင် အာရုံပူး၍ တီးခတ်နေသော သူမရုပ်ပုံသည် သူ့အမြင်လွှာမှတဆင့် ဟိုး..သွေးကြောနံရံသေးသေးလေးတွေအထိ ဝင်ရောက်ခဲ့ပြီဖြစ်သည်။ သူသည် သူမအတွက်ဆိုသော ခေါင်းစဉ်ဖြင့် နှစ်ဆအလုပ်ပိုလုပ်နေသည်။ လက်ဖက်ရည်မသောက်၊ စီးကရက်မသောက်၊ ကွမ်းမစားဘဲ ရသမျှကို အိမ်ခန်းအတွက်လိုအပ်သည့် ပရိဘောဂများ ဝယ်သည်။ သို့သော်ထိုအကြောင်းကို သူအရိပ်အမြွက်တောင် မဟခဲ့။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားကျောင်းမှာ ပျော်ရွှင်ပွဲတွေရှိတယ်ယူ . . ပြီးတော့ဆင်းရဲနွမ်းပါးတဲ့သူတွေကို ပစ္စည်းတွေဝေပေးမှာ လာခဲ့ပါလား"

သူမတို့ဘုရားကျောင်းသည် နှစ်စဉ်ဒီဇင်ဘာ သုံးဆယ့်တစ်ရက်နေ့မနက်တွင် သူဆင်းရဲများအား ပစ္စည်းများစွန့်ကြဲတတ်ကြောင်းသူသိပြီးဖြစ်သည်။ သို့သော် သူမသွားဖြစ်ခဲ့ပေ။ ထိုနေ့မှာ စာအုပ်ရှင်းတမ်းတွေဖိစီး၍ သူဘယ်လိုမှအလုပ်စားပွဲမှ ခွါမရ။

သူရောက်သွားချိန်တွင် ဘုရားကျောင်းမှာ သူမမရှိတော့။ အိမ်ပြန်သွားပြီ။ အိမ်လိုက်သွားတော့လည်း သော့ခတ်ထားသည်။ စိတ်ပျက်လက်ပျက်နှင့်သူသည် ဆိုင်ခန်းသေးသေးလေးဆီ ပြန်လှည့်လာတော့ ဆိုင်ရှေ့မှာ ငုတ်တုတ်ထိုင်စောင့်နေသော သူမကိုလည်းတဆန့်ဆန့်ဖြင့်ဟိုမျှော်ဒီမျှော်ကြည့်နေတာတွေ့လေသည်။

"ဟာကွာ . . ကိုယ်မင်းကိုရှာတာ ခေါင်းတောက်နေတာပဲ"

သူမကသူ့ကိုပြုံးပြသည်။ အဖြူရောင်ဇာအင်္ကျီခါးရှည်ကိုယ်ကျပ်လက်ဇကဝတ်ထားသောသူမသည် ထိုနေ့ကသိပ်လှနေခဲ့သည်။

"တို့က ယူမလာလို့ဒီကိုလိုက်လာတာ"

"ကြာပြီလား စောင့်နေတာ"

"တစ်နာရီလောက်ရှိပြီ"

သူမက လက်ညှိုးတစ်ချောင်း ချစ်စဖွယ်ထောင်ပြလေသည်။



"ဒီနေ့အားလားဟင်"

"အခုတော့အားပြီ"

"တို့အခန်းလိုက်ခဲ့ . . . ယူ့ကိုကျွေးစရာရှိလို့" သူမအခန်းကိုရောက်သွားတော့ ခဏနော်ဆိုကာ အမှောင်ထဲဝင်သွားသည်။ ခဏအကြာမှာ တစ်အိမ်လုံး မီးတွေလင်းထိန်ပြီး ဧည့်ခန်းတွင်စားပွဲတစ်လုံးအပေါ်မှာ ကိတ်မုန့်လှလှလေးတစ်လုံး၊ လိမ္မော်ရည်တစ်ပုလင်းကို ဖန်ခွက်ပိစိလေးနှစ်လုံးနှင့်ယှဉ်ချထားတာတွေ့ရသည်။

"ဒီနေ့ တို့မွေးနေ့လေ"

"ဟာ . . ကိုယ်မသိဘူး"

"တကယ်တော့ ဒီနေ့ကို တို့မွေးနေ့လို့ပြောတာပါ။ တို့လည်း ကိုယ့်မွေးနေ့ကိုယ် အတိအကျမသိဘူး . ဒီနေ့လိုမျိုးနေ့တစ်နေ့မှာ ကိုယ်ကွန်ဗင့်ကျောင်းကိုရောက်ခဲ့တယ်။ မာသာကြီးက ကိုယ့်မွေးနေ့လို့သတ်မှတ်ပေးခဲ့တယ် . ဒါပါပဲ"

သူတော်တော်စိတ်မကောင်းဖြစ်သွားသည်။ သူမလက်ကို ညင်သာစွာဆွဲယူရင်း

"ကိုယ်မင်းအတွက်အမြဲရှိမှာပါအိန်ဂျယ်လ် . . . အဲဒီအခါသတ်မှတ်ချက် တွေလိုသေးလို့လားဟင်"

"ဟင့်အင်း . . . ဟုတ်တယ်။ ယူရှိရင် တို့အတွက်မလိုဘူး။ တို့ကို

www.burmeseclassic.com

www.burmeseclassic.com



ယှသိပ်ချစ်တာပါနော်"

သူမပြောရင်း မျက်ရည်ကျလာသည်။ ဘာကြောင့်ငိုသလဲသူမ မေးခဲ့ပါ။ သူမက ကိတ်မုန့်လှီးပြီး ခွဲကျွေးခဲ့သည်။

"မမရော"

အတူနေသူကို သတိရ၍မေးမိတော့…

"မမအလုပ်တွေရှုပ်နေတယ်"ဟု သူမကဖြေသည်။ သူမမွေးနေ့သည် ခြောက်ကပ်စွာဖြင့်ပင် ပြီးဆုံးသွားသည်။ ပြီးတော့သူမကသူ့ကို သီချင်းတစ်ပုဒ်ဆိုပြသည်။

Slow Rock အမျိုးအစား။

"ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ်၊ တို့ကိုမမုန်းပါနဲ့နော်ယု…"

"ကိုယ်က ဘာလို့မင်းကိုမုန်းရမှာလဲ။ ကိုယ်မင်းကို လေးလေးနက်နက်မြတ်နိုးတာ အချိန်ဂျယ်လ် ကိုယ့်အတွက်၊ မင်းမိဘ နောက်ခံ ပိုင်ဆိုင်မှု၊ ငွေကြေးဘာမှမလိုဘူးသိရဲ့လား ကောင်မလေးရဲ့"

သူက သူမနဖူးကို မနာအောင်တိုက်ရင်းပြောတော့ သူမကပြုံးသည်။

❖ ❖ ❖ ❖ ❖



## အခန်း (၁၀)

အထီးကျန် သစ်ကိုင်းခြောက်ကြီးကို သနားလို့ထင်ပါရဲ့။
နှင်းဦးဟာ
အထီးကျန် သစ်ရွက်ထဲမှာ
တဖျတ်ဖျတ်လှုပ်နေတဲ့
အနမ်းတစ်ခုကို ထားပစ်ခဲ့တယ်

ရာဇိမြနတ်တရိုး

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

ခေါ်သံကြောင့် သူ့အာရုံတွေ ဖျတ်ခနဲနိုးသွားသည်။ သူ့ရှေ့မှာ အမာ··အင်္ကျီဖြူဖြူပွပွလေးနဲ့ ဗိုက်နေရာကိုလှမ်းကြည့်တော့ မသိမသာ ပူနေသည်။

"မင်းရောက်လာပြီလား··ငါတို့သွားကြရအောင်"

"ဘယ်ကိုလဲ"

"သေရွာမဟုတ်ဘူး"

အမာ့မျက်နှာ တစ်ချက်ညှိုးသွားသည်။ မကြာခင်ကမှဝယ်ထား သော ဆန်နီပစ်ကပ်အဖြူရောင်ကားနှင့် သူတို့ထွက်ခဲ့ကြသည်။ ညနေ ရောင်များသည် တရိပ်ရိပ်ကားနောက်တွင် ကျန်ခဲ့သည်။



ငွေကြေးအဆင်ပြေချိန်တွင် သူသည်ထိုတိုက်ခန်းကို အပိုင်ဝယ် သိမ်းခဲ့ပြီး သူကိုယ်ပိုင်နားနေခန်းအဖြစ် ရံဖန်ရံခါလာတတ်သည်။ ခုတစ်လော မရောက်တာတော့ကြာပြီ။

အိမ်ခန်းသော့ဖွင့်ပြီး အတွင်းနံရံမှ မီးတင်လိုက်သည်။ ဖန်မီး ချောင်းအဝါဖျော့ဖျော့၏ အလင်းရောင်များသည် နေရာငါးခုမှလင်းလာ ကြသည်။ အညိုရောင်ဖျော့ဖျော့ ဆိုဖာများအပေါ်တွင် လူသေကောင် တွေငုတ်တုတ်ထိုင်နေသလိုတောင်ထင်ရသည်။

"အစတွေလှန်လိုက်အမာ"

"ဟုတ်ကဲ့ ကိုကို"

ကောင်မလေးသည် သွက်သွက်လက်လက် အစများဖယ်ရှား သည်။ သူခြေပစ်လက်ပစ် ထိုင်သည်အထိ မတ်တပ်ရပ်နေတုန်း။

"ထိုင်လေ"

"ဟုတ်ကဲ့"

အိမ်တွင်းနံရံများမှပုံတွေကို အမာကတအံ့တသြနဲ့ လိုက်ငေးကြည့် နေသည်။ ကယ်ရီကင်းရဲ့ပုံကတော့ သူ့ကိုတစ္ဆေအခြောက်ဆုံးပုံပင်ဖြစ် သည်။

"ဒီပုံတွေက ဘယ်သူတွေလဲဟင်"

"ဒါအဆိုတော် ပုံတွေပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အမှာသည် ငယ်ရွယ်သူမို့ Pop အဆိုကျော် ဘရစ်တနီစပီးယားစ် ခရစ်တီးနာအဂွီလာ၊ ဝပ်စ်လိုက်စ်၊ ဘွိုင်းဇုံ၊ ဘီအက်စ်ဘီ၊ စပိုက်ဂဲလ်ဂျနီ ဖာလိုပက်စ်၊ ဘွန်ဂျိုဘီ၊ မာရီလင်မန်ဆန်၊ အမ်တူးအမ်တို့လောက်သာ သိပေမည်။ မာရီယာကာရေး၊ ဂျက်ဆီးကာဂျေးတို့တောင် နားထောင် ဖူးချင်မှ ထောင်ဖူးမည်။ လက်ရှိကတော့ $M_2M$, Westlifeနဲ့ Britney တို့ကခေတ်စားနေတာ။ သို့သော် သူနားထောင်လို့မရ။

စီလင်းဒီယွန်တော့သိပ်မဆိုး။ ဝှစ်တနီဟူစတန်တောင် အသံပျက် ချင်နေပြီ။

"ဒီအခန်းကို ကိုကိုဝယ်ထားတာလား"

"အင်း...ငါမိန်းမတစ်ယောက်ကို လက်ထပ်ပြီးရင် နေဖို့ဝယ် ထားတာ။ ဒါပေမယ့် အဲဒီမိန်းမက ငါ့ဒီအိမ်ကို ဒီလိုပြင်ဆင်ထားတာ သိတောင်မသိရှာဘူး..ခုတော့ သေသွားတာ အရိုးတောင်ဆွေးရှာပြီ"

"ရှင်..."

"အဲဒီမိန်းမက မင်းတော့မဟုတ်ဘူး....ဟောဟိုက စန္ဒယား တီးနေတဲ့ တစ်ယောက်တွေလား...အိန်ဂျယ်လ်မိုးတဲ့။ အပြင်မှာလည်း အဲသလိုပဲ ဆွဲဆောင်မှုရှိတယ်။ ငါ့အသည်းနှလုံးကို ဖြုတ်ယူသွားခဲ့ တဲ့မိန်းမပေါ့။ အခုတော့ သူမဟုတ်သလိုပဲ"

"ကိုကို"



"မင်းကို ငါယူမှာပါအမှာ..ငါ့ကိုချည်နှောင်ချင်လို့ မင်းဒီ လောက်ထိ ရင်းနှီးထားခဲ့ပြီပဲ။ ငါဒီစာတ်ကိုသိမ်းမှာပါ။ မင်းစခဲ့ပေ မယ့် ငါစာတ်သိမ်းပေးပါ့မယ်။ ဒါပေမယ့် ငါလက်မထပ်ချင်ဘူး အမှာ တစ်ခါတုန်းက ငါကြိုးစားခဲ့ဖူးတယ်။ ရှိရှိသမျှငါ့ခွန်အားတွေကို မိန်းမတစ်ယောက်ယူဖို့အတွက် စိုက်ထုတ်အသုံးချပြီး ဒီအခန်းကိုငါ ပြင်ဆင်ခဲ့ရတယ်။ အရင်တုန်းကငါကခုလို ပိုက်ဆံမချမ်းသာဘူး။ မနက်စာတစ်နပ်ပဲစားနိုင်တယ်။ ညနေစာကို ငှက်ပျောကြော်နှစ်ခုနဲ့ ရေသောက်ဗိုက်မှောက်ပြီး နေခဲ့ရဖူးတယ်။ အဲဒီတုန်းက ငါ့အချစ်တွေ ရှာရသမျှ ငွေတွေနဲ့ ရင်းနှီးပြီးအိမ်ထောင်ပြုဖို့ ငါကြိုးစားခဲ့တယ်။ ငါ့ရူးပဲ..မိန်းမတွေဟာ အလွန်ငွေမက်တယ်အမှာ...ငွေမက်တာအမြစ် မဟုတ်ဘူး။ ဒါပေမယ့် တွဲလက်စရည်းစားကို ဖြုတ်ချပြီးငွေရှိတဲ့ နောက်လိုက်သွားတာမျိုး ငါခွင့်မလွှတ်နိုင်ဘူး။ မင်းရော.. ဟင်.. ငါ့ခါးမှာ ဟောဒီလိုဖုန်းတစ်လုံးမရှိရင် ငါ့ခါးမှာဟောဒီလိုကားသော့ မထိုးထားနိုင်ရင် ငါ့ဆီမှာမင်းတိမ်ညိုဆိုတဲ့ လုပ်ငန်းတစ်ခုမရှိခဲ့ရင် မင်းငါ့ကိုယူရဲပါ့မလား..မင်းမဖြေနိုင်တော့ဘူးမို့လား။ လမ်းဘေးမှာ ဆိုက်ကားနင်းစားနေရတဲ့ မင်းတိမ်ညိုဆိုရင် မင်းခုလိုလှပလင့် တကူ ငါ့သဘောကို လိုက်ပါ့မလားဟင်။ ရတဲ့နည်းနဲ့ ရှောင်ပြေးမှာ ပဲ။ ဘယ်မှာလဲ အချစ်..ဘယ်မှာလဲ သစ္စာ၊ ငါ့အချစ်ကို မိန်းမတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်က သစ္စာဖောက်ခဲ့တယ်။ ငါ့အချစ်ကို လမ်းခုလတ်မှာ ရေခဲရေဝင်သောက်သလိုပဲ လုပ်သွားခဲ့တယ်။ ငါပိုက်ဆံရှိတဲ့အခါ မိန်းမတွေဟာ သူတို့ရဲ့ခန္ဓာကိုယ်တောင် မနှမြောကြတော့ဘူး။ နည်းနည်းချွဲတာနဲ့ ပျော်ကြ..ပျော်ကြ..ဟား..ဟား...ဟား။

မင်းတို့လိုချင်တာ မင်းတိမ်ညိုမှ မဟုတ်တာ။ မင်းတိမ်ညိုဆိုတဲ့ လူတစ်ယောက်ရဲ့ခါးမှာ ချိတ်ထားတဲ့ဖုန်း၊ ကားသော့၊ အိမ်၊ လုပ်ငန်းဒါတွေပဲလေ။ ဒါတွေရဖို့ ငါမင်းပင်ပန်းပန်းကြိုးစားခဲ့တယ်။ မိန်းမတစ်ယောက်ကို မုန်းတီးလွန်းလို့ ငါဒီလိုဖြစ်အောင်ဖန်တီးခဲ့တယ်။ အခုတော့ မိန်းမတစ်ယောက်လက်ထဲမှာပဲ ငါကျဆုံးရတော့မယ်...

ဆရာဦးသုခပြောသလိုပဲ..မိန်းမကိုဖျက်ဆီးတာ မိန်းမ၊ ယောက်ျားကိုဖျက်ဆီးတာ မိန်းမ ဟုတ်တယ်..မိန်းမကပဲ တရားခံ"

"ကိုကို အရက်သောက်ထားလားဟင်"

"ဘာလဲ မင်းက ငါမူးနေတယ်ထင်လို့လား"

"......"

"ဟုတ်တယ် ငါမူးနေတယ်။ ဒါပေမယ့် အရက်မူးတာမဟုတ်ဘူး။ အသည်းမူးတာ။ မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက် ချစ်ကြည့်လို့ မူးတာ။ မင်းငါ့ကို ဘာလို့လက်ထပ်ချင်တာလဲ အမာ။ ဟင်..မင်းကငါ့ကို ကြိုးနဲ့ချည်ချင်တာလား။ တတိုင်းမွေးလိုမျိုးပဲ-



အရတွက်ထားတာလား...ဗိုက်ထဲကကလေးက ငါ့ကလေးဆိုတာရော သေချာရဲ့လားအမာ"

"ကိုကို...ရှင်သိပ်စော်ကားလွန်းပြီ"

"စော်ကားခံရတာ ငါပါကွ...ချမ်းသာအောင်လုပ်တဲ့ ယောက်ျားတွေဟာ ငါ့လိုပဲစော်ကားခံရမှာပဲ။ လူကိုမချစ်ဘဲ...ပစ္စည်းကိုချစ်တဲ့ မိန်းမတွေ လာပတ်သက်သာ ယောက်ျားတွေစော်ကားခံရတာနဲ့အတူတူပဲ။ မင်းတို့တွေက ကြိုက်တော့ ရှယ်တူ။ ယူတော့ ဘူတာကြီးတွေ။ အဆင်သင့်ကြိုက်တဲ့ မိန်းမတွေပဲ။ လက်တွဲဖို့ မစဉ်းစားဘူး။ ကားစီးချင်တော့ ကားပါတဲ့လူမှန်းကြတယ်။ ရတဲ့နည်းနဲ့ ရင်းနှီးကြတယ်။ ဒီမယ်အမာ..ငါလူဆန့်တော့မယ်။ ငါမင်းကိုလက်ထပ်တော့မယ်..သိလား။ ဒါပေမယ့် ငါလက်ထပ်တာကို လုံးဝမလုပ်ချင်ဘူး။ ငါ့သဘောအရ လုံးဝပဲကွာ"

သူသည် အတိတ်ကို အကြီးအကျယ်မုန်းတီးလျှက်ရှိကာ တစ်ချိန်တုန်းက ဒီအခန်းထဲမှာ ဒီလိုပဲ သွေးရူးသွေးတန်းပေါက်ကွဲခဲ့သည်များကို ပြန်လည်မြင်ယောင်လျှက်ရှိသည်။

အဲဒီတုန်းက သူ့သူငယ်ချင်းတစ်ယောက်သည် မန္တလေးမှ ညကြီးမင်းကြီးဖုန်းဆက်၍ သူ့ကိုကြိုသတင်းပေးခဲ့သည်။

"မင်းတိမ် ကိုယ်မန္တလေးမှာ သတင်းရတယ်။ မင်းကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



ကမ်းနားလမ်းတရားရုံးမှာ မနက်ဖြန်လမ်းတံတား အင်ဂျင်နီယာတစ်ယောက်နဲ့ လက်မှတ်ထိုးလိမ့်မယ်။ စာအုပ်သမားမို့ မန္တလေးမှာသူ့လုပ်ငန်းနှင့်ပတ်သက်၍ စိတ်ချရသောမိတ်ဆွေများရှိနေခဲ့ပြီး အိန္ဒိရဂျယ်လ်ကို သူချစ်သူအနေနှင့် စာအုပ်တန်းက သိပြီးသား။

"ကိုထွန်းဦး ခင်ဗျားနောက်နေတာလား အိန္ဒိရဂျယ်လ်က ရန်ကုန်မှာပဲရှိနေတာ"

"မောင်ရင် တော်တော်ညံ့သေးတာပဲ။ မောင်ရင့်ကောင်မလေး မန္တလေးကိုရောက်နေတာ တစ်ပတ်လောက်ရှိပြီ။ ညဘက်ကားနဲ့ ရန်ကုန်ပြန်ဆင်းသွားပြီကွ‥မနက်ရန်ကုန်မှာ လက်မှတ်ထိုးမယ်။ အဲဒါသတင်းအတိအကျပဲ။ သူလက်မှတ်ထိုးပြီးယူမယ့်လူက မန္တလေးသားတစ်ယောက်ပဲ‥ကိုယ့်ဖနီးရဲ့သူငယ်ချင်းဆိုပါတော့"

သူ့နားသည် မယုံကြည်နိုင်မှုဖြင့် တုန်ခါနေသောအသံတစ်မျိုးဖြစ်နေကာဆူညံနေသည်။

"မောင်ရင်သေသေချာချာစုံစမ်းလိုက်‥‥ကိုယ့်က‌တော့သတင်းပေးတာပါ"

ဖုန်းချသွားသည်အထိသူ့အိမ်မက် မက်နေတုန်း။ ညတွင်းချင်းသူငယ်ချင်းတစ်ယောက်ကို ပြေးသတိရသည်။ အဲဒီကောင်က ကမ်းနားလမ်းတရားရုံးမှ တရားသူကြီးတစ်ယောက်ရဲ့တူဖြစ်သည်။ ညတွင်း



ချင်းသွားလို့မဖြစ်သေး။ သူငယ်ချင်းက အိမ်ထောင်ကျတာသိပ်မကြာသေးတာ သူသတိရသည်။ ကျန်တဲ့အချိန်တွေကို စီးကရက်သောက်ရင်း မိုးလင်းအောင် ဖြန့်းတီးပစ်ရလေသည်။

မနက်မိုးလင်းခါနီးမှာ အိပ်ပျော်သွားတာ‥သူနိုးလာတော့ မနက်ဆယ်နာရီ။ ဆယ်နာရီဆို ရုံးဖွင့်ပြီ။ သူမျက်နှာကို ပြီးစလွယ်သစ်ကာသွားပင်မတိုက်နိုင်။

"ငါ့ကောင်မလေး ဒီမနက်လမ်းတံတားအင်ဂျင်နီယာတစ်ယောက်နဲ့ လက်မှတ်ထိုးမယ်လို့ သတင်းရတယ်"

ထိုသူငယ်ချင်းက သူ့ကိုရူးများနေလားဆိုသောအကြည့်နဲ့ကြည့်သည်။

"မယုံမရှိပါနဲ့ကွာ‥ငါသေချာလားသိရအောင် ရုံးသွားကြည့်ချင်တယ်။ မင်းလိုက်ခဲ့ပေးပါ"

ရုံးရောက်တော့ အဝင်ဝမှာပင် လက်မှတ်ထိုးပြီးဆင်းလာပုံရသောအိန္ဒိရဂျယ်လ်နဲ့ တစ်ခါက သူကားပေါ်မှာ မြင်ဖူးခဲ့သောထိပ်ပြောင်ပြောင်နှင့် လူ။ အိန္ဒိရဂျယ်လ်သည် သူသိခဲ့သောအေးစက်စက်မိန်းမတစ်ယောက် ရယ်မောခြင်းမျိုးမဟုတ်ဘဲ သတို့သမီးတစ်ယောက်ရဲ့ဟက်ဟက်ပက်ပက်ရယ်မောခြင်းမျိုးဖြင့် ကားနှင့်လူ၏လက်ကိုတွဲကာဆင်းလာသည်။ သူ့ကိုမြင်လိုက်ချိန်တွင် သူထင်ထားသလို သွေးပျက်

www.burmeseclassic.com

www.burmeseclassic.com



သွားပုံလည်းမရ။ မသိမသာခဏတည်သွားပြီး သူ့ကိုကျော်ဖြတ်ကာ ရပ်နားနေရာတွင်ရှိသော ကားတစ်စီးပေါ်သို့တက်သွားလေသည်။

"အပေါ်မတက်တော့ဘူးလား မင်းတိမ်"

"မလိုတော့ပါဘူးကွာ...အဲဒီတစ်ယောက်က ငါ့ကိုသစ္စာဖောက်သွားတဲ့ ချစ်သူပဲ"

❖ ❖ ❖ ❖ ❖

"တို့ ယူကိုတောင်းပန်ပါတယ်"

သူ့ဘာစကားပြေရမှန်းမသိ။ တောသူမတစ်ယောက်ကဲ့သို့ လက်နှစ်ဘက်စလုံးတွင် ရွှေလက်ကောက်တွေအပြည့်၊ လက်ချောင်းမှာလည်း ရှုံ့စရာကောင်းလောက်အောင် ရွှေလက်စွပ်တွေဝတ်ထားလေသည်။ ခါတိုင်းဘာမှမလိမ်းသောမျက်နှာသည် ယခုမူ ဆေးဆိုးပန်းရိုက်နှင့် ရှုံ့စရာအတိ။

"တို့အနေနှင့် ဒီလိုဆုံးဖြတ်ရတာ မိန်းမတွေရဲ့သဘာဝအရပါယူ၊ တို့ဘဝအတွက် အာမခံချက်ပေးနိုင်မယ့်လူကိုပဲ တို့ရွေးချယ်ခဲ့တာ"

"မင်းမျက်နှာကို ငါမကြည့်ချင်ဘူး"

သူ့မျက်လုံးထဲတွင် ခါးခါးသီးသီးမြင်နေရတာ။ တပင်တပန်းသူ



မြှင်ဆင်ခဲ့ရသော အိမ်ခန်းကလေးကိုဖြစ်သည်။ ချစ်သူ့ရိပ်မြုံဟု ခေါင်းစဉ်တပ်ထားသည့်အိမ်။ သူမငိုလေသည်၊ သူကျောခိုင်းလိုက်သည်။

သူ့ဘဝသည် မိန်းမတစ်ယောက်ကြောင့် ခဏအတွင်း အရုပ်ဆိုးမွန်းပဲ့သွားခဲ့ပြီ။ အဲဒါကို ပြန်အစားထိုး၍ ချောမွေ့အောင် ဘယ်လိုမှ မတတ်နိုင်တော့။ မာယာတွေ မွန်းတီးစွာသူ့ကို ကျဆုံးစေခဲ့သည့်အချစ်။ စီးပွားရေးကျလျှင် နာလံထဖို့လွယ်သေးသည်။

အချစ်ကိစ္စမှာ အလဲထိုးခံရလျှင် အရုပ်ကြိုးပြတ်။

"ဒါပေမယ့် ကျွန်မကိုကို့ကို သိပ်ချစ်ပါတယ်"

သူ့မျက်လုံးထဲတွင် ယခုမှကြည်လင်စွာပြန်ပေါ်လာသည်မှာ အမှာ့ရုပ်သွင်

"ငါယုံဖို့မကြိုးစားချင်ဘူး..မကြိုးစားချင်တော့ဘူး"

သူတိတ်ဆိတ်စွာ ရင်ကွဲခဲ့ရသကဲ့သို့ အမှာ့မှာလည်း ချစ်သူကောင်လေးတစ်ယောက် ရှိချင်ရှိမှာ။

သူသည်သံသယဖြင့် ပူလောင်လာပြန်လေသည်။ မျက်လုံးကိုစုံမှိတ်ထားလိုက်ပြီး ခေါင်းကိုတွင်တွင်ခါယမ်းကာ အော်ဟစ်လိုက်သည်။

"ငါ မင်းကိုမုန်းတယ်"

သူပြောသည် မင်းသည် မိန်းမတစ်ယောက်ဖြစ်သည်။ ငွေကြေးချမ်းသာလျှင် စာချုပ်တစ်ခုနှင့် ဘဝကိုလဲလှယ်ဖို့ ဝန်မလေးတဲ့မိန်းမ။

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမသည် ငွေမက်သောမိန်းမတိုင်းလည်းဖြစ်နိုင်သေးတာပဲ။

လက်ထပ်စာချုပ်ဆိုတာ ဘာများတန်ဖိုးရှိလို့လဲ။ ငွေမက်တဲ့မိန်းမကို အပိုင်ဝယ်လိုက်တဲ့ အသိသက်သေပဲ။

သူသည် အိန်ဂျယ်လ်ယူလိုက်သော ယောက်ျားကဲ့သို့ထပ်ခါထပ်ခါ လက်မှတ်မထိုးချင်ပါ။ သူသည် အရက်မသောက်ခဲ့ဘဲ ဆေးလိပ်ခိုးဖြင့် အသည်းကွဲဒဏ်ကို လူးလိမ့်နေအောင် ခံစားခဲ့ရသောရက်များအနက် တစ်ရက်မှာသူမထပ်ရောက်ရှိလာခဲ့ပြန်သည်။

"ဒီတစ်ခါတော့ မောင်းမထုတ်ပါနဲ့ယူ..တို့လာပြောတာ အချစ်ကိုစော်ကားတဲ့လူဟာ အချစ်ကပေးတဲ့ဥပဒေနဲ့ဒဏ်ခတ်ခံရတာ မဆန်းပါဘူး"

"မင်းပြောတာတွေယုံဖို့ ငါအရင်ကမင်းတိမ်မဟုတ်ဘူး"

"တို့ လက်မှတ်ထိုးခဲ့တဲ့လူဟာ အရင်တုန်းကလည်း တို့လိုပဲ မိန်းမတစ်ယောက်ကို လက်မှတ်ထိုးခဲ့ဖူးတယ်ယူ...အခုကလေးတောင် သုံးယောက်ရှိနေပြီ"

သူနားလည်လိုက်သည် သူမကဆုံးဖြတ်ချက်အမှားကို ချဖူးသူဖြစ်ကြောင်း လာဝန်ခံခဲ့ရုံပါပဲလား။

"တို့ကို ယူဘယ်တော့မှ မလွမ်းနဲ့တော့နော်။ တို့ကယူလွမ်းဖို့ကောင်းလောက်အောင်လည်း တန်ဘိုးမရှိပါဘူးယူ"



သူမသည် သူ့ဘဝထဲမှတင်မကဘဲ လောကကြီးထဲမှာပါ နောက်နှစ်ပါတ်အကြာတွင် ပျောက်ကွယ်သွားခဲ့သည်။

သူမသည် မိဘရှိရက်သားနဲ့ မိဘမဲ့ဘဝရောက်ခဲ့သကဲ့သို့--မေတ္တာရှိရက်သားနဲ့ မေတ္တာမဲ့ဘဝကို ရောက်ခဲ့ရသည်။ သူမျက်လုံးကို နောက်တစ်ကြိမ်ဖွင့်ကြည့်လိုက်သောအခါ အမာရှိမနေတော့။ ကောင်မလေးတစ်နေရာရာကို ထွက်သွားတာမဖြစ်နိုင်ပါ။ သွားရင်လည်း အဆောင်ပဲဖြစ်မှာပါ။ ဒီကောင်မလေးကိုတော့ သူ ချစ်ခင်ပါသည်။ သူ့ဘဝထဲသို့ အပြီးဆွဲခေါ်ရန် သူဆုံးဖြတ်ထားသောဒုတိယမြောက် အချစ်သည် အမာအိမ်ပဲဖြစ်သည်။ သို့သော် ဘေးလူတွေဝင်၍ သူ့ကို ဆရာလုပ်ကြသောအခါ သူ့ဒေါသသည် ဓါတ်ဆီလောင်းလိုက်သောမီးနှယ်။

တတိုင်းမွေးတုန်းက သူ့ကိုတရားခံရှာခဲ့တာမို့ သူကိုယ်လွတ်ရုန်းထွက်ခဲ့ရတာ။ အမာ့ကိုတော့ သူလက်ထပ်စာချုပ်မချုပ်ဘဲ ပုဆိုးတန်းတင်အကြင်လင်မယားအဖြစ် သတ်မှတ်ထားခဲ့ပြီးသား။

သူနားကျည်းရသည်မှာ သူ့အပေါ်တွင် ထိုမိန်းကလေးတွေသုံးခဲ့သော လူဆန်မှုဟူသောစကားလုံး။

သူက လူမဆန်ရအောင် ဘာများကျူးလွန်ခဲ့လို့လဲ။ သူလက်ထပ်စာချုပ်ပေါ်မှာ လက်မှတ်မထိုးချင်တာ အပြစ်လား။ လက်ထပ်စာချုပ်

www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်လောက်ထိ ယုံကြည်လို့ရလဲ။

သစ္စာမဲ့ချင်ရင် ယောကျ်ားတစ်ယောက်က နောက်မိန်းမတစ်ယောက်ကို အချိန်မရွေးလက်မှတ်ထိုးယူနိုင်သည့် လက်ထပ်စာချုပ်ဟာ ဘယ်လောက်ထိအားကိုးနိုင်လို့လဲ"

သူသိသလောက်လူတွေရဲ့ ဖောက်ပြန်မှုကို လက်ထပ်စာချုပ်က မတားဆီးနိုင်ပါ။

❖ ❖ ❖ ❖ ❖

သူ့ခါးမှ ဖုန်းမြည်သံသည် သူ့အတွေးများစွာ နောက်ယှက်လျှက်ရှိသည်။

"ဟဲလို..ဦးမင်းတိမ်ညိုပါလား"

အသံသည် သူတစ်ခါမှ မကြားခဲ့ဘူးသော ယောကျ်ားသံ။

"ဟုတ်ကဲ့"

"အခုဆက်တာ အရေးပေါ်ဌာနကပါခင်ဗျား..ခင်ဗျားဇနီးဒေါ်အမာအိမ် ကားအက်ဆီးဒင့်နဲ့ လွန်ခဲ့တဲ့နာရီဝက်က ရောက်လာလို့ပါ"

"ခင်ဗျာ..ဟုတ်ကဲ့..ကျွန်တော်ခုချက်ချင်းလိုက်ခဲ့ပါ့မယ်"

❖ ❖ ❖ ❖ ❖



"အိုတီဝင်ရမယ် လူနာတစ်ကိုယ်လုံးမှာ ဒဏ်ရာတွေချည်းပဲ။ ကလေးရှိတယ်လို့ပြောတယ်။ ကလေးတော့ ရှင်မှာမဟုတ်ဘူး"

အမာ့ရဲ့ လင်ယောကျ်ားအနေနှင့် ခွဲခန်းဝင်ဖို့ သူလက်မှတ်ထိုးပေးလိုက်ရသည်။ ခုတင်ပေါ်တွင် သွေးတွေလူးနေသော ဒဏ်ရာဗလပွနှင့် အမာသည် လွန်စွာသနားစဖွယ်ပင်။ သတိရတစ်ချက်။ မရတစ်ချက်။

"ကိုကို.."

သူ့ရဲ့တင်နှားကပ်ကာ အမာ့လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။ သူ့လက်ကို ပြန်လည်ဆုပ်ကိုင်သော အမာ့လက်သည် သေအံ့မူးမူး လူတစ်ယောက်၏လက်တွေလိုပင် အင်အားမရှိလှ။

"အမာ ဘာမှမဖြစ်နိုင်ပါဘူးနော်..ကိုကို့ဆီအမာပြန်လာခဲ့နော် မီးမီးသဲသဲလေး"

သူ့နှုတ်မှစကားတို့သည် တိုးလျစွာဖြင့် ကြားမကြားမသေချာ။ ခွဲခန်းထဲသို့ ဝင်သွားသောအမာ့ကို နောက်ဆုံးကြည့်ရင်း သူဘယ်သူ့ဆီ ဖုန်းဆက်ရမလဲ စဉ်းစားသည်။

"ဘယ်သူလဲ ဟင်ဦးတိမ်ညို"

"ဟုတ်တယ်..အမာခုလေးတင် ခွဲခန်းဝင်သွားတယ်။ အဲဒါမင်းတို့.."

"လာမယ်..လာမယ် ဘယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"YGH"

❖ ❖ ❖ ❖ ❖

နာရီသံသည် ဆေးရုံကော်ရစ်ဒါတစ်လျှောက်မှာ ကြီးစိုးနေလေသည်။ လူငါးယောက်စလုံး ဘယ်သူမှ စကားမပြောကြ။ သဲလ်မာကတော့ တိုးတိုးငိုရှိုက်နေလေသည်။

"ဦးတိမ်ညို ···· အမာဘာမှမဖြစ်လောက်ပါဘူးနော်"

"ကိုယ် ဘယ်သိနိုင်မလဲ လီလီ··ဒါပေမယ့် ကိုယ့်ကလေးလေးကတော့ မရှိရှာတော့ဘူး··ကိုယ်အမာ့ကို ဘာမှမဖြစ်စေချင်ဘူး"

မဖြစ်စေချင်၍ ဖြစ်တတ်သောကိစ္စတွေသည် လောကကြီး၌ အများအပြားရှိပါ၏။ ခွဲခန်းထဲဝင်ပြီး နာရီဝက်ကျော်မှာပင် ခွဲစိပ်ဆရာဝန်သည် သူတို့ရှေ့မှာလာရပ်သည်။ သူတို့အားလုံး မတ်တပ်ထရပ်လိုက်ကြသည်။

ဆရာဝန်ကြီးက ခေါင်းကိုဖြည်းညှင်းစွာ ခါပြသည်။

"ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားကြတာပါပဲခင်ဗျာ၊ ဒါပေမယ့် လူနာက တိုက်ခံရပြီးပစ်ထားခံခဲ့ရတာ··ကြာသွားတော့သွေးထွက်လွန်ပြီးရှော့ခ်ရသွားပါတယ်။"



"ဟုတ်ကဲ့ဆရာ"

ထိုစကားအပြင် သူဘာများပြောရမည်နည်း။ သဲလ်မာက ငိုရင်းမေ့လဲသွားသည်။ မိန်းကလေးများသည် ခပ်တိုးတိုးရှိုက်ငင်လျှက်ငိုကြသည်။ သူ့မြင်ကွင်းတွေဝေဝါးသွားသည်။ နှင်းတွေဖွဲဖွဲကျသလိုပင်။

ဩော် သူငိုနေရှာသည်ပဲ။

"ဆရာမ အဲဒီစာရွက်လေး"

လူနာရဲ့ ရာဇဝင်ယူသောစာရွက်ကလေးကို သူတောင်းတော့နာစ်က "ဘာလုပ်ဖို့လဲ" ဟုပြန်မေးသည်။

"ကျွန်တော်ယူသွားမလို့ပါ"

"မရဘူးရှင့်···ဒါသေစာရင်းတင်ရမှာ"

"ခဏလေးပါဆရာမရယ်··ဒါဖြင့်ကျွန်တော်မိတ္တူကူးပြီးတာနဲ့ပြန်ပေးပါ့မယ်။

❖ ❖ ❖ ❖ ❖

သူ့မျက်စေ့ရှေ့မှာ ရောဂါရာဇဝင်ယူသော စာရွက်လေးသည်လေတိုးမှုကြောင့် ခပ်ဖြည်းဖြည်းလှုပ်နေလေသည်။

အမည်····အမာအိမ်။

www.burmeseclassic.com

www.burmeseclassic.com



အသက်....နှစ်ဆယ်....။

ခင်ပွန်း...ဦးမင်းတိမ်ညို။

သူ့ကို လက်ထပ်ချင်ခဲ့သော အမာသည် ရောဂါရာဇဝင်ယူသည့် စာရွက်မှာသာ ခင်ပွန်းနာမည်၌ သူ့ကိုပိုင်ဆိုင်ခွင့်ရသွားခဲ့သည်။

❖ ❖ ❖ ❖ ❖

အမာ့မျက်နှာသည် မသေခင်နာကျင်မှုဒဏ်ကို အသဲအသန်ခံစား သွားရကြောင်း သိသာလှသည်။ နားထင်မှာ မျက်ရည်စနှင့်သွေးစသွေး နတွေ ရောကာဆံပင်နှင့်ကပ်၍ ခြောက်နေလေသည်။

အသုဘဖိတ်စာသည် ဝမ်းနည်းဖွယ်ကောင်းအောင် သူ့အတွက် အမာ့ကို အကောင်းဆုံးလုပ်ပေးနိုင်ခဲ့မှုဖြစ်ပါသည်။ (၃၁)လမ်းအထက် အမှတ် (    )နေ၊ ဦးမင်းတိမ်ညို(မင်းတိမ်ညိုစာပေ)၏ ဇနီးဖြစ်သူ အသက် နှစ်ဆယ်အရွယ်ရှိ  အမာအိမ်သည် ရန်ကုန်ဆေးရုံကြီး ( ) နေ့တွင် မမျှော်လင့်ဘဲ ကွယ်လွန်သွားပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာဒ်ကိုရေဝေးသို့ (        )နေ့တွင် ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသား



"ကိုယ့်ရဲ့ဇနီးအဖြစ် လူတွေအားလုံးကို ကြေငြာပေးခဲ့တာ လူဆန်ချင်တာကြောင့် မဟုတ်ဘူးအမာ။ ကိုယ်မင်းကို တကယ်ချစ်ခဲ့ ပါတယ်ကလေးရယ် အဲဒါကြောင့်ပါ"

အသုဘစင်ပေါ်တွင် ပြင်ဆင်ထားသော အမာ့အလောင်းသည် သတို့သမီးဝတ်စုံကို ဆင်မြန်းထားလေသည်။ ရေခဲတိုက်ဝန်ထမ်းများ အား ဤဝတ်စုံကို ချွတ်မပစ်ရန် ကြိုတင်မှာကြားထားပြီးဖြစ်သည်။

ရေအိုးကိုချခွဲချိန်တွင် သူ့ရင်သည် ပေါက်ကွဲထွက်သွားတော့ မတတ် တုန်လှုပ်ခါယမ်းနေလေသည်။

နေ့စဉ် သူ့ရှေ့မှာ ကွန်ဖျူတာထိုင်ရိုက်နေတတ်သောမိန်းကလေး။ စာအုပ်တန်းတစ်လျှောက် အကြွေးလိုက်သိမ်းတတ်သော မိန်းကလေး။

ဤမိန်းကလေးသည် ယခုသူ့မျက်စေ့ရှေ့မှောက်မှ ထာဝရထွက် ခွါသွားတော့မည်။

မီးသင်္ဂြိုဟ်စက်ထဲ သွင်းလိုက်သောအချိန်တွင် သူ့နားထဲ၌ "ကိုကို..."ဟု ခေါ်သံသဲ့သဲ့ကိုကြားလိုက်ရသလို ရှိသည်။

❖ ❖ ❖ ❖ ❖

"မင်းနဲ့ကောင်မလေး ဘယ်တုန်းကယူထားကြသလဲ"ဟူသော

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းကို သူသည်ရောဂါရာဇဝင်စာရွက်ကလေးပြ၍ အမြဲအဖြေပေးခဲ့သည်။

သူ့အတွက်လက်ထပ်စာချုပ်ထက် ထိုစာရွက်ကလေးသည် အများကြီး တန်ဖိုးရှိပါသည်။

❖ ❖ ❖ ❖ ❖

ကျွန်မက အံ့သြစရာကောင်းလောက်အောင် ကိုကို့ကိုချစ်ခဲ့တယ်။ အစစအရာရာစွန့်လွှတ်ပြီးတော့ပေါ့။ ပြီးတော့လွတ်လပ်စွာ ကောင်းကင်သစ်တစ်ခုတည်ဆောက်ချင်ခဲ့သေးတယ်။ ကိုကိုလည်း တူတူရှိနေရမယ်ဆိုတဲ့ အသိကလေးနဲ့ပေါ့။

ခုတော့ ကျွန်မက ကောင်းကင်ထဲပြေးထွက်ခဲ့သူ။ ထွန်းလင်းတောက်ပပါကိုကို··။

ကျွန်မရဲ့ ကောင်းကင်ဟာ မည်းနက်လို့ မဟူရာရောင်တောက်တောက်နှုတ်ခမ်းဆိုးဆေး ဆိုးထားတယ်။

တစ်ချိန်လုံး ကိုကို့ကို ကြယ်ကလေးတစ်ပွင့်အဖြစ် ကျွန်မမျှော်လင့်ခဲ့ဖူးတယ်။ ကိုကိုရောက်တော့လာခဲ့တယ်။

ဒါပေမယ့် ကြယ်ကလေးတစ်ပွင့်အနေနဲ့ မဟုတ်ခဲ့ဘူး။ အညိုရင့်



ရောင် တိမ်တိုက်တွေအနေနဲ့··ပြီးတော့ ကျွန်မကိုဖုံးလွှမ်းပစ်ခဲ့တယ်။ ကံမကောင်းခဲ့တာက ကျွန်မရဲ့လွတ်မြောက်ခြင်းဟာ ကိုကို့ခြေရင်းမှာ သေဆုံးခဲ့ပြီပဲ။

ကျွန်မ မရှိတဲ့နောက် ပြုံးပါ၊ ရယ်ပါ၊ အလုပ်လုပ်ပါ ကိုကို။ မငိုနဲ့နော်

အို··ကျွန်မအတွက် မငိုရဘူးလေ။

ကျွန်မက သတို့သမီးအကျီဝတ်ချင်ခဲ့တာ မဟုတ်ပါဘူးကိုကိုရယ်။ အထင်မလွဲပါနဲ့။ ဒါပေမယ့် ကိုကို့ရဲ့ သတို့သမီး ဖြစ်ချင်ခဲ့တယ်။ ဖြစ်ခဲ့တာက ကိုကို့ရဲ့ အချစ်သင်္ချိုင်း။ ကမ္ဘာဆုံးသည်အထိ ကျေနပ်စွာ အခိုးအငွေ့အဖြစ် ကိုကို့ဘေးနားမှာ ရှိနေဦးမှာပါ။ အရာအားလုံးအတွက် ကျေးဇူးပါပဲကိုကို။

အမာအိမ်

၃၀·၁၁·၂၀၀၂

ည(၇)နာရီတွင် ပြီး၏

www.burmeseclassic.com